www.burmeseclassic.com



# မင်းလူ

# ခိုးခိုးခစ်ခစ်

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၀၂၀၃၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၉၃၀၃၀၉

□

ပုံနှိပ်ခြင်း
ပထမအကြိမ် - မတ်လ၊ ၂၀၀၉ ခုနှစ်။
အုပ်ရေ - (၅၀၀)

□

**မျက်နှာဖုံး**
**Sky** ပုံနှိပ်တိုက်
အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

□

**မျက်နှာဖုံးပန်းချီ**
ဇော်မောင်

□

**တန်ဖိုး**
၁၈၀၀ ကျပ်

မင်းလူ ၈၉၅.၈၃
ခိုးခိုးခစ်ခစ်/မင်းလူ။ -ရန်ကုန်။
ချိုတေးသံစာပေ၊ မတ်လ၊ ၂၀၀၉ ခုနှစ်။
စာမျက်နှာ-၂၆၈၊ ၁၅×၁၈ စင်တီမီတာ။
(၁) ခိုးခိုးခစ်ခစ်


# အမှာစာ

ကျွန်တော်သည် တောမကျ မြို့မကျ ရပ်ကွက်တစ်ခုအတွင်းမှ ခွကျကျဖြစ်ရပ်များကို ဟာသနှောရှ၍ ဝတ္ထုတိုများ ရေးသားခဲ့ပါသည်။ သင့်တော်သော ပုဒ်ရေ ရရှိသောအခါ စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေခဲ့ဖူးပါသည်။ ကျွန်တော့်၏ အကျင့်အတိုင်း တစ်ပုဒ် ရေးပြီး ဟိုယောင်ဒီယောင် လုပ်နေခဲ့သဖြင့် လေး ငါး ခြောက်လ နေမှ နောက်တစ်ပုဒ်ရေးဖြစ်သည်။ ထိုအခါ စာအုပ်တစ်အုပ်စာ ရဖို့ တမေ့တမော ကြာသွားရလေတော့သည်။

ထို့ကြောင့် ပင်တိုင် ဇာတ်ဆောင်များ ပါဝင်၍ လုံးချင်းဝတ္ထုအဖြစ် တစ်ခါတည်း ရေးလိုက်လျှင် ပိုမြန်လိမ့်မည်ဟု ယူဆပြီး ဤစာအုပ်ကို ရေးပါသည်။ တကယ်တမ်းကျတော့ ထင်သလို မဟုတ်ပါ။ များပြားလှသော ဇာတ်ဆောင်တို့၏ ကိုယ်ပိုင်စရိုက် သဘာဝများကို သီးခြားစီ ရှိနေသော အဖြစ်အပျက်များကို လိုက်လျောညီထွေရှိအောင် ပေါင်းစည်းချိတ်ဆက်ရတာ မလွယ်ကူလှပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့်ပဲ ထုံးစံအတိုင်း နှောင့်နှေးကြန့်ကြာသွားခဲ့ရပြန်ပါသည်။ တချို့နေရာများတွင် ဇာတ်ကောင်စရိုက်ကို ပိုမိုပီပြင်စေရန် ဝတ္ထုတိုများထဲမှ အချက်အလက် တစ်ကွက်တလေကို ပြန်လည်အသုံးပြုခဲ့ရပါသည်။

စာအုပ်တစ်အုပ် ရေးလို့ ပြီးသွားခြင်းသည် ခရီးပန်းတိုင်ကို ရောက်သွားခြင်း မဟုတ်။ ခရီးတစ်ခု စတင်ဖို့ ကြိုတင်ပြင်ဆင်ခြင်းသာ ဖြစ်သည်ဟု ထင်၏။ ထိုခရီးကို ကျေးဇူးရှင် စာဖတ်ပရိသတ်နှင့်အတူ ဆက်လက် ချီတက်ရဦးမည် ဖြစ်ပါသည်။

ရိုသေလေးစားလျက်..

မင်းလူ



တ ကယ်ဆိုလျှင် ဆရာဝန်တစ်ယောက်၏ ဆေးခန်းအတွင်းမှာ စူးရှသော အရက်ပြန်နံ့၊ မွှန်ထူသော ဘားပလက်ထိုးဆေးနံ့၊ စိမ်းရွှေရွှေ ကာဘော်လစ်ဆီ ပိုးသတ်ဆေးနံ့များသာ ကြိုင်လှိုင်ဖုံးလွှမ်းနေသင့်သည်။ ခုတော့ ဒီလို မဟုတ်။ ဆေးခန်းနှင့် ဘယ်လိုမှ မပတ်သက်သော ခဲညှော်နံ့များသာ ပျံ့လွင့်ထွက်ပေါ်လာနေလေသည်။

"ဒါဆိုရင်တော့ ဒေါက်တာတုတ်ခိုင် ဆေးခန်းကို ပြောတာဖြစ်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အကြောင်းသိတွေက ရိပ်မိကြပါလိမ့်မည်။

ဒီဆရာဝန်က တော်တော်ထူးဆန်းသည်။ ထူးဆန်းတယ်ဆိုလို့ ဂမ္ဘီရဝတ္ထုတစ်ပုဒ်တော့ ဖတ်ရတော့မယ် ဆိုပြီး အားတက်မသွားကြပါနဲ့။ တခြားဆရာဝန်တွေနဲ့ မတူခြင်းကိုသာ ဆိုလိုခြင်းဖြစ်၏။

ဆရာဝန် ဆိုပြီး သားသားနားနားလည်း မရှိ။ ဖြူဖြူသွယ်သွယ် ရွှေကိုင်း၊ သတ္တုကိုင်းမျက်မှန်လေး တဝင့်ဝင့်နဲ့လို့ ထင်လျှင်မှားမည်။ နာမည်နဲ့ လိုက်ဖက်ညီစွာ တုတ်တုတ်ခိုင်ခိုင် ဂင်တိုတိုဖြစ်၏။ ကုန်ကားဒရိုင်ဘာလိုလို၊ မြန်မာ့ရိုးရာ လက်ဝှေ့သမားလိုလိုဂိုက်မျိုး။

သူ ဆွဲလာတဲ့ ဆေးအိတ်ကလည်း ဆရာဝန် ဖြစ်ခါစကတည်းက သုံးလာခဲ့ဟန် တူသည်။ ခုနေခါမှာ ရေပိုက်ပြင်တဲ့လူတွေတောင် မသုံးတော့တဲ့ ပတ္တူသားနှင့် ချုပ်ထားသော အိတ်ကြီးဖြစ်၏။ အနားသားတွေကလည်း ဖွာနေပြီ။

ဆေးခန်းကို ရောက်ပြီဆိုလျှင် ရှပ်အင်္ကျီကို ချွတ်ပြီး စွပ်ကျယ်အင်္ကျီ လက်စကနှင့်သာ နေလေ့ရှိ၏။ တကယ်တော့ ရှပ်အင်္ကျီဝတ်ထားလျှင်လည်း ထူးပြီး သားနားလာမှာ မဟုတ်။ သူ့အင်္ကျီကရွှေတောင် တက်ထရွန်သား၊ လည်ကတုံး၊ လက်တိုသာ ဖြစ်၏။ အရောင်အဆင်းကလည်း နဂိုက အဖြူရောင် ဖြစ်ခဲ့ကြောင်း သိသာရုံလောက်သာ ရှိတော့သည်။



"အင်္ကျီကောင်းကောင်းလေး ဝတ်ပါလား ဆရာရယ်"

ဟု ပြောကြလျှင်...

"အမယ်... ဒီအင်္ကျီက ပေါ့သေးသေး မဟုတ်ဘူး၊ ဟိုအရင် ဂျီအီးစီခေတ်တုန်းက ဈေးပွဲတော်မှာ အထူးလျှော့ဈေး လေးရာ့ငါးဆယ်နဲ့ ရောင်းတုန်းက ဝယ်ထားတာ၊ ငါးထည် ဝယ်ရင် တစ်ထည်လက်ဆောင် ရသေးတယ်"

"ဒါနဲ့များ ဆရာရယ်၊ အားလုံးပေါင်း ၆ ထည်တောင်ရှိတဲ့ ဟာပဲ၊ အလဲအလှယ် ဝတ်ရင် ဒီလောက် မဖြစ်နိုင်ပါဘူး"

"ဝယ်တာက ကျွန်တော် မဟုတ်ဘူးဗျ၊ ကျွန်တော့်သူငယ်ချင်း ဒေါက်တာစိုးကျော် ဝယ်တာ၊ အပိုရတဲ့ လက်ဆောင်တစ်ထည်ကို ကျွန်တော့်ကို ပေးလိုက်တာ"

အူကြောင်ကြောင် လုပ်တတ်သော ကျော်ကွန့်က ဝင်မေးပြန်သည်။

"ဒါဆို ဆရာ ဝယ်ထားတဲ့ ပုဆိုးကလည်း ဂျီအီးစီကပဲလား"

"မဟုတ်ဘူးဗျ၊ ဒါပေမဲ့ ဒီပုဆိုးကလည်း ရာဇဝင် ရှိတယ်"

သူသည် အသည်းအသန် ဖြစ်နေသော အဘိုးကြီးတစ်ယောက်ကို ဆေးကုပေးခဲ့ဖူးသည်။ မိသားစုက သိပ်အဆင်မပြေသဖြင့် ဆေးဖိုးဝါးခ မတောင်းနိုင်။ သူက ငွေစကား မပြောဘဲ ကုသ

www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ အဘိုးကြီးမှာ ရောဂါကျွမ်းနေပြီ ဖြစ်သောကြောင့် ဆုံး သွားခဲ့ရသည်။ ဖြစ်ချင်တော့ ထိုအဘိုးကြီးရဲ့ ကျန်ရစ်တဲ့ အဝတ် အစားတွေထဲမှာ ပုဆိုးအသစ် နှစ်ထည် ပါသည်။ မိသားစုက မိန်းကလေးတွေချည်း ဖြစ်၏။ ထို့ကြောင့် ပုဆိုးနှစ်ထည်ကို ဒေါက်တာတုတ်ခိုင်အား ကန်တော့လိုက်သည်။

"တော်သေးတာပေါ့ဗျာ၊ လူနာက အဘိုးကြီး ဖြစ်နေလို့၊ အဘွားကြီးသာဆိုရင် ကျုပ်တော့ ထဘီတွေပဲ ရမှာဗျ"

"ဒါနဲ့ အဲဒါ ဖြစ်ခဲ့တာ ဘယ်လောက် ကြာပြီလဲ ဆရာ"

ဟု မေးတော့-

"သုံး လေးနှစ်လောက်တော့ ရှိပြီဗျ"

ဆိုသဖြင့် သူ့ပုဆိုးသက်တမ်းကို သိလိုက်ရပြန်သည်။ ဒေါက်တာတုတ်ခိုင်က အဲဒီလို ဆရာဝန်မျိုး။ ဒီရပ်ကွက်ကလည်း ဒီလို ဆရာဝန်နဲ့မှ လိုက်ဖက်တာ။ ဒီက လူများမှာ လက်လုပ်လက် စားတွေသာ များသည်။ ဆေးဖိုးဝါးခ သိပ်အကုန်အကျ ခံနိုင်ကြတာ မဟုတ်။ အကြွေးထားတန် ထားရသည်။ တော်ရုံတန်ရုံ အဆုံးခံသင့် ခံရသည်။

ဆေးခန်း စဖွင့်ခါစတုန်းက ဒေါက်ဆွဲသုပ်သည် မပွေး လာ ပြသည်။ ပြန်ခါနီးကျတော့-

"ဆရာရယ်၊ ဝမ်းတွေ ကိုက်ပြီး မနေနိုင်လွန်းလို့ လာပြရ တာပါ၊ ဟိုဒင်း. . . ဆေးဖိုးတော့ မပါလာသေးဘူး၊ အဲဒါ. . .



ဟောဒီ ဟာလေး ခဏ ယူထားလိုက်ပါ၊ လေး ငါးရက်နေရင် လာရွေးပါ့မယ်"

ဆိုပြီး စတီးချိုင့်တစ်လုံးကို ပေးသည်။

"ဒါ. . . အပေါင်ဆိုင် မဟုတ်ဘူးဗျ၊ ပိုက်ဆံမရှိရင်လည်း နောက် အဆင်ပြေမှ ပေး"

ဟု ပြောလွှတ်လိုက်ရသည်။

ဒေါက်တာတုတ်ခိုင်သည် ကားဂိတ်ကနေ ဆေးခန်းသို့ အသွားအပြန် ခရီးကို ဒေဝါနန်း၏ ဆိုက်ကားကို စီးသည်။ ပုံမှန် ၂၀၀ လမ်း ဖြစ်သော်လည်း ဒေဝါနန်းက အသွား အပြန် ၃၀၀ ပဲ ယူသည်။ ဒေဝါနန်း နေထိုင်မကောင်း ဖြစ်လျှင် ဒေါက်တာတုတ်ခိုင် က အခမဲ့ ဆေးကုပေးသည်။

ပတေးကျတော့ တစ်မျိုး။ ဒေါက်တာတုတ်ခိုင်က နေ့လယ် ဆိုလျှင် သူ့ဆိုင်မှာ လက်ဖက်ရည် သောက်လေ့ရှိ၏။ အကြွေ မအမ်း နိုင်တဲ့ ပြဿနာက ခဏခဏ ဖြစ်သည်။ ဒေါက်တာတုတ်ခိုင်က ဆေးလိပ် မသောက်၊ သကြားလုံးလည်း မစားတတ်သဖြင့် ဒါတွေ အစားထိုး အမ်းလို့ မရ။ ထို့ကြောင့် ပတေးက-

"မထူးပါဘူး ဆရာရယ်၊ စာရင်းမှတ်ထားပြီး လကုန်မှပဲ ပေါင်းရှင်းလိုက်ပါတော့"

ဟု ပြောသည်။ ဒီကြားထဲမှာ ပတေးတို့ ဘာနူးတို့ နေထိုင် မကောင်းလို့ ဆေးခန်း သွားပြလျှင်လည်း ဒေါက်တာတုတ်ခိုင်က

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားရသည်။ လကုန်ပြီဆိုမှ ပိုတာ လိုတာ စာရင်းရှင်းကြသည်။ အရေးထဲမှာ ဘာနူးက–

“ပတေးဘိုင်… ဆရာ လက်ဖက်ရည် သောက်ထားတဲ့ စာရင်းက တော်တော်များနေပြီ၊ အဲဒါ အကြွေးတစ်လုံးလောက် သွားပြန်သွင်းလိုက်ရင် ကောင်းမယ် ထင်တယ်”

ဆိုပြီး ဆေးဖိုးနဲ့ ခုနှိမ်ဖို့ ကြံစည်ခဲ့သေးသည်။

လှထုံနှင့်ကျမှပဲ ဒေါက်တာတုတ်နိုင်လည်း အူလည်လည် ဖြစ်ရတော့သည်။ တစ်ရက်မှာ လှထုံသည် သူ့သား မော်ကျော်လှကို ဆေးခန်း လာပြသည်။ ပြီးတော့–

“ကျွန်မမှာ ပိုက်ဆံပြတ်နေလို့ ဆရာ၊ အဲဒါ နောက်တစ်ခါမှပဲ ပေါင်းပြီး ယူပါတော့”

ဟု ပြောသည်။ သူ့ ပြောတာက ရိုးရိုးသားသားပဲ။ ဘာမှ အမှား မပါ။ ဆေးခန်းဆိုတာက တစ်ခါ လာပြီးရင် တစ်သက်လုံး ပြန်လာစရာ မလိုသော နေရာမျိုး မဟုတ်။ တစ်နေ့ မဟုတ် တစ်နေ့တော့ နေထိုင်မကောင်း ဖြစ်ရင် ပြန်လာရမှာပဲ။ လှထုံ ပြောတာ သဘာဝကျသည်။ သို့ရာတွင် သေသေချာချာ စဉ်းစားကြည့်ရင်တော့ တစ်မျိုးကြီးပဲ။ မုန့်ဟင်းခါးဆိုင်မှာလို နောက်နေ့မှ ပေါင်းပေးမယ်လို့ ပြောသင့်တာမျိုး မဟုတ်။ ဒေါက်တာတုတ်နိုင်အနေနဲ့လည်း ‘နောက်တစ်ကြိမ် ပြန်ဖျားပါစေ…’ လို့ပဲ ဆုတောင်းနေရမလား။ ‘သိပ်



မကြာစေနဲ့နော်…’ လို့ပဲ မှာလိုက်ရမလား။ နောင် လမ်းမှာ ဆုံတဲ့အခါ–

‘ဘယ်လိုလဲ… ဟဲ ဟဲ… မောင်ကျော်လှ နေကောင်းရဲ့လား၊ ကြည့်ရတာ အားနည်းနေသလိုပဲ’

ဆိုပြီးတော့ပဲ မသိမသာ သတိပေးရမလား။ အတော်ခက်ခဲသော ကိစ္စပင် ဖြစ်၏။

ဒီလိုရပ်ကွက်မျိုးနဲ့ ဒီလို ဆရာဝန်မျိုးကတော့ အံကိုက်ပဲ။

ဒေါက်တာတုတ်နိုင်မှာ ဆရာဝန် ဆိုပေမယ့် ဆေးကုတာအပြင် ဟိုစပ်စပ် ဒီစပ်စပ်လည်း ဝါသနာပါသေးသည်။ လျှပ်စစ်ပစ္စည်းတွေ ပြင်တာ၊ ရေဒီယို ကလိတာ၊ နာရီ ဖြုတ်ဆေးတာတို့ လုပ်တတ်သေးသည်။

ဒီအတွက်တော့ သူ့ကို အပြစ်မတင်သင့်ပါ။ တခြား ဆရာဝန်တွေတောင် စာရေးတဲ့လူက ရေး၊ ပန်းချီဆွဲတဲ့လူက ဆွဲ၊ သီချင်းဆိုတဲ့ လူက ဆို၊ မင်းသားလုပ်တဲ့လူက လုပ်၊ ကုမ္ပဏီထောင်တဲ့လူက ထောင်။ သူ့သူငယ်ချင်း စိုးကျော် ဆိုလျှင် ဆေးကျောင်းတက်နေရင်းက ပေဖူးလွှာမဂ္ဂဇင်းမှာ ကာတွန်းတောင် ဝင်ဆွဲလိုက်သေးသည်။ ဒီတော့ ဒေါက်တာတုတ်နိုင် ရေဒီယို ပြင်တယ်ဆိုတာ ဘာမှ မထူးဆန်းဟု ဆိုချင် ဆိုနိုင်၏။

ခုလည်း သူသည် ရေဒီယိုတစ်လုံးကို စစ်ဆေးနေသည်။ ရာအိမ်မှူး ကိုရှိန်၏ ပစ္စည်း ဖြစ်၏။ ဓာတ်ခဲ အသေးမှစ်လုံး ထည့်ရ

www.burmeseclassic.com

www.burmeseclassic.com



သော ရေဒီယို အသေးစား။ ခလုတ်ဖွင့်ကြည့်သောအခါ အသံသဲ့သဲ့တော့ ထွက်လာသည်။ ဒါဆို စပီကာကြိုး ပြတ်တာ မဖြစ်နိုင်။ ဓာတ်ခဲ အားနည်းနေတာလား။ ကိုရှိန်ကတော့ လဲထားတာ မကြာသေးဘူး ပြောတာပဲ။ စိတ်ချရအောင် သူ့အားသွင်း လက်နှိပ်ဓာတ်မီးက ဘက်ထရီနှင့် ချိတ်ဆက်ပြီး ဖွင့်ကြည့်သည်။ ဘာမှ မထူး။ ဘက်ထရီအပြစ် မဟုတ်တာတော့ သေချာပြီ။ အိုင်စီတွေ ဘာတွေ မကောင်းတာ ဆိုလျှင်တော့ သူလည်း မလုပ်တတ်။ ဆိုင်ပို့ရုံပဲ ရှိတော့သည်။

ဆိုင်မှာ သွားပြင်လျှင် ပစ္စည်းဖိုးနဲ့ လက်ခက ရေဒီယိုတန်ဖိုးရဲ့ တစ်ဝက်လောက် ကျသွားနိုင်သည်။ ထို့ကြောင့် သူ့ဆီ အရင်ရောက်လာခြင်း ဖြစ်၏။

အံဆွဲထဲက သားရေအိတ် အမည်းလေးကို ထုတ်လိုက်၏။ ဒီအိတ်မျိုးက တခြားဆရာဝန်တွေ ခြေကြွရာမှာ ဟိတ်လုပ်ပြီး ကိုင်တတ်ကြသည်။ သူကတော့ ဝက်အူလှည့်၊ ပလာယာ၊ ဓာဂနာ စသော ပစ္စည်းကိရိယာတွေ ထည့်သော ‘တူလ်စ်ဘက်’ အဖြစ် သုံးခြင်း ဖြစ်၏။

အထဲက အိတ်ပြားလေးတစ်ခုကို ထုတ်ပြန်သည်။ ဒါကလည်း အသေးစား ခွဲစိတ်မှုမှာ သုံးတဲ့ ကတ်ကြေးတို့ ဓားတို့ ထည့်သော အိတ်မျိုး ဖြစ်၏။ အကန့်ကလေးတွေ ဖြစ်အောင် ချုပ်ထား



သည်။ သူသည် အကန့်တစ်ကန့်ထဲက စတားဝက်အူလှည့် အသေးစား ထိပ်ဖူးကို ဆွဲထုတ်သည်။ လက်ကိုင်အရိုးမှာ စွပ်သည်။ ထို့နောက် ရေဒီယို နောက်ဖုံးမှ ဝက်အူများကို လှည့်ဖြုတ်လိုက်၏။

ဖွင့်ကြည့်လိုက်တော့ သူ ခန့်မှန်းထားတဲ့အတိုင်း ဖြစ်နေ၏။ ထူးထူးခြားခြား ပျက်တာ မဟုတ်။ အင်တင်နာနှင့် ဆက်သော ကြိုးပြုတ်နေခြင်းသာ ဖြစ်၏။ ရေဒီယိုခလုတ် ဖွင့်ပြီး ကြိုးထိပ်စကို ဆားကစ်ပေါ်က ခဲစမှာ တို့ကြည့်၏။ အသံကောင်းကောင်း ထွက်လာသည်။ အဖြေကို လွယ်လွယ် တွေ့သဖြင့် ကျေနပ်သွားသည်။

လျှပ်စစ်ပစ္စည်းတွေ ပြင်ရတာ လူနာကို စမ်းသပ်စစ်ဆေးပြီး ရောဂါရှာရသလိုပဲဟု သူ ထင်သည်။ လူနာတစ်ယောက် ဘာဖြစ်နေတယ် ဆိုတာ တစ်ခါတလေကျတော့ မြင်လိုက်တာနဲ့ သိသည်။ မျက်လုံးနီနေတာ၊ နှာရည် တရွဲရွဲ ကျနေတာ၊ နှုတ်ခမ်းတွေ ဖြူဖပ်ဖြူရော် ဖြစ်နေတာ ကြည့်ပြီး ခန့်မှန်းလျှင် လွဲခဲသည်။ တစ်ခါတလေကျတော့ သေသေချာချာ စမ်းသပ်ကြည့်မှ သိရသည်။ ရောဂါကမှုရာမာယာများနေပြီ ဆိုလျှင်တော့ အတော် ဦးနှောက်စားရ၏။ တချို့ရောဂါလက္ခဏာတွေက ဆင်ဆင်လေးနဲ့ ကွဲတတ်သည်။ ဟို ဟာလား၊ ဒီဟာလား ကြီးကြီးကျယ်ကျယ်တွေ လျှောက်စဉ်းစားပြီးမှ ဒဲပရိကလေး ဖြစ်ချင်လည်း ဖြစ်နေတတ်သည်။ သာမန် ဗိုက်ကလေးအိုးတိုးအောင့်တောင့် ဖြစ်ရုံလောက်ပဲ ထင်ပြီးမှ မခွဲလျှင် မဖြစ်လောက်အောင် ကြီးကျယ်သွားတာမျိုးလည်း ရှိသည်။

www.burmeseclassic.com



လျှပ်စစ်ပစ္စည်း ပြင်ရတာလည်း ဒီလိုပဲ။ တစ်ခါက ရေဒီယို ကက်ဆက်တစ်လုံးကို တစ်စစီ ဖြုတ်စစ်ဆေးတာ ဘာချို့ယွင်းချက်မှ ရှာမရသဖြင့် ချွေးပြန်နေမှပြီးမှ ပလပ်ခေါင်းမှာ ဝါယာတစ်စ လွတ်နေတာလေး ဖြစ်နေသည်။

ခုဟာကတော့ အပြစ်ကို ချက်ချင်း တွေ့သည်။ လုပ်ရတာကလည်း လွယ်လွယ်လေး။ ခဲပြန်တို့လိုက်ရုံပဲ ဖြစ်၏။ သူသည် ဂဟေ ဆော်သော 'ဂေါက်' ကို ယူ၍ ပလပ်ထိုးထားလိုက်သည်။ ခဲချောကို အဆင်သင့် ပြင်သည်။ ထင်းရှူးဆီ ဘူးကလေးကို ဖွင့်သည်။

ခဏကြာတော့ ဂေါက်ရဲ့ ထိပ်ဖျားက သံချွန်ကို တံတွေး လက်မှာ ဆွတ်ပြီး တို့ကြည့်သည်။ ရှဲခနဲ မြည်သွား၏။ လိုအပ်တဲ့ အပူချိန် ရပြီ။ ဂေါက်ဖျားကို ထင်းရှူးဆီခဲမှာ တစ်ချက် နှစ်လိုက်ပြီးနောက် ခဲချောင်းကို အရည်ဖျော်ရင်း အင်တင်နာကြိုးကို ပြန်ဆက်သည်။ ခဲငွေ့နံ့တွေ ထောင်းခနဲ ထွက်ပေါ်လာ၏။

ထိုဂဟေဆော်သော ဂေါက်ကြောင့်ပဲ သူ နာမည်ပျက်မလို ဖြစ်ခဲ့ရဖူးသေးသည်။ ဒီရပ်ကွက်မှာ ဆေးခန်းဖွင့်ခါစ အချိန်တုန်းက ဖြစ်၏။ အစပိုင်းဆိုတော့ လူနာက ပါးသည်။ (ခုလည်း သိပ်များလှတာတော့ မဟုတ်။)

ဆေးခန်းမှာ တစ်ယောက်တည်း ထိုင်နေရတာ ပျင်းစရာကောင်းလှသည်။ ရပ်ကွက်နဲ့လည်း စိမ်းနေသေးသဖြင့် စကားစမြည်



လာပြောမယ့်လူ မရှိ။ ဂျာနယ်လေး၊ မဂ္ဂဇင်းလေး ဖတ်လိုက်၊ ဟိုတွေးဒီငေး လုပ်လိုက်နဲ့ပဲ အချိန်ကုန်သည်။ ထို့ကြောင့် ပစ္စည်းကိရိယာတွေ ယူလာပြီး သူ့ ဝါသနာအတိုင်း ဟိုဟာပြင် ဒီဟာတွင် လုပ်နေရသည်။

တစ်ရက်မှာ ဘက်ထရီမီးအိမ်လေး တစ်လုံးကို ပြင်ဆင်နေသည်။ ခဲဆော်စရာ ရှိသဖြင့် ဂေါက်ကို ထုတ်ပြီး ခဲတို့နေတုန်း မပွေးတို့ သားအမိ ရောက်လာသည်။ သူ့သား အငယ်ကောင် သန့်ထိုးနေလို့ လာပြခြင်း ဖြစ်၏။

သူတို့ ဆေးခန်းထဲ ဝင်အလာ ခဲဂဟေဆော်တဲ့ ဂေါက်တံကြီး တယမ်းယမ်း လုပ်နေသော ဒေါက်တာတုတ်နိုင်ကို မြင်သောအခါ မပွေး၏ သားမှာ မျက်လုံးပြူးသွားသည်။ အလိုလိုကမှ ဆေးထိုးခံရမှာ ကြောက်လို့ တွန့်ဆုတ်တွန့်ဆုတ်နဲ့ ပါလာတာ။ အရေးထဲမှာ ဒေါက်တာတုတ်နိုင်က ဂေါက်ကြီးကို ထင်းရှူးဆီခဲထဲ နှစ်လိုက်သဖြင့် ရှဲခနဲ မြည်ပြီး မီးခိုးတွေ အူထွက်လာသောအခါ–

"အမယ်လေး… အမေရေ… ဆေးထိုးအပ်ကြီးက အကြီးကြီးဗျ"

ဟု အလန့်တကြား အော်ပြီး ထွက်ပြေးသဖြင့် မနည်းလိုက်ဖမ်းရသည်။ သူ ကြောက်မယ်ဆိုလည်း ကြောက်စရာပဲ။ မပွေး၏ သားက ဆေးထိုးအပ်ဟု ထင်သွားသော ဂေါက်ကြီးမှာ အရှည်

www.burmeseclassic.com

www.burmeseclassic.com



က တစ်ပေနီးပါး ရှိသည်။ ထိပ်ဖျားက သံချွန်ကြီးက ၃ လက်မ အိမ်ရိုက်သံလောက် ရှိတာကိုး။

ထိုစဉ်က ကလေးတွေကြားမှာ ဒေါက်တာတုတ်ခိုင်ရဲ့ 'ဆေးထိုးအပ်ကြီး' ဆိုတာ အတော် နာမည်ကြီးသွားသည်။ လူကြီးတွေကလည်း ဒီကိစ္စကို အသုံးချကြသည်။ ကလေးတွေ နေပူ မိုးရွာထဲ အဆော့လွန်ပြီး ခေါ်လို့ မရလျှင်–

"အေး··· ပြောလို့ မရဘူးနော်၊ တော်ကြာ အပူရုပ်ပြီး ဖျားလို့ကတော့ ဒေါက်တာတုတ်ခိုင်ရဲ့ ဆေးထိုးအပ်ကြီးနဲ့ တွေ့မယ်"

ဟု ခြောက်လိုက်လျှင် ချက်ချင်း ပြေးလာကြတာပဲ။

ဒီလုန့်လုံးက ဘယ်သောက်ထိ တာသွားသလဲ ဆိုတော့ ကလေးတွေ ကစားနေကြတုန်း ဒေါက်တာတုတ်ခိုင် လျှောက်လာတာ မြင်လျှင်–

"ဟာ··· ဆရာ လာပြီဟေ့"

ဆိုပြီး အိမ်ပေါ် ပြေးတက် ပုန်းကုန်ကြခြင်းပင် ဖြစ်၏။

"ခင်ဗျားတို့ကလည်းဗျာ··· ကလေးတွေကို အဲဒီလို မခြောက်စမ်းပါနဲ့၊ အလိုလိုကမှ ဆရာဝန်ဆို လန့်နေရတဲ့ ကြားထဲ၊ ခင်ဗျားတို့ လုပ်တာနဲ့ ကျုပ်ကို ဘီလူး သရဲလို ကြောက်နေကြပြီ"

ဟု ဒေါက်တာတုတ်ခိုင်က ဟန့်တားထားရသည်။ ကလေးတွေကလည်း ဆေးခန်း ရောက်တာနဲ့–



"ဆေးမထိုးဘူးနော် ဆရာ"

ဟု မျက်လုံးကလေးတွေ ဝိုင်းပြီး ငိုမဲ့မဲ့ ပြောကြသည်။

"အေး··· ဒီတစ်ခါတော့ မထိုးပါဘူးကွာ၊ ဒါပေမဲ့ သန့်ကောင်တွေ သိပ်များလာရင်တော့ ဆေးထိုးသင့် ထိုးရမှာပဲ၊ ဒီတော့ ထမင်း စားခါနီးတိုင်း လက်ကို စင်အောင် ဆေးရမယ်၊ ကြားလား"

ဟု အခွင့်သာခိုက် ကျန်းမာရေး ပညာပေး လုပ်တန် လုပ်ရသေးသည်။

□

www.burmeseclassic.com

www.burmeseclassic.com

၃ နာရီထိုးပြီ။ လက်ဖက်ရည်သောက် ဖွက်ရင်းက ဦးကုလားတို့ အိမ်ကို ဝင်မည်ဟု ဒေါက်တာတုတ်ခိုင် အစီအစဉ် ချ လိုက်သည်။ ဆေးခန်းကို တံခါးပိတ် သော့ခတ်သည်။ လူနာတွေ ရောက်လာလျှင်လည်း သိပ်တော့ ပြဿနာ မရှိ။

'ဦးကုလား အိမ် သို့မဟုတ် လက်ဖက်ရည်ဆိုင်'

ဟု စာရေးပြီး ချိတ်ထားခဲ့သည်။ အရေးကြီးလျှင် လိုက်ခေါ် လိမ့်မည်။ လူနာကိုယ်တိုင် လိုက်လာစရာ မလို။ ကလေးတစ်ယောက် ဖြစ်ဖြစ်၊ လမ်းကြုံတဲ့ လူတစ်ယောက်ဖြစ်ဖြစ် မှာလိုက်ရုံပဲ။

ဦးကုလား အိမ် သွားရတာက အကြောင်း နှစ်ခု ရှိသည်။ တစ်ခုက ပုံမှန် လုပ်နေကျအတိုင်း ဦးကုလားကတော် ဒေါ်ခင်တီကို သွေးပေါင်ချိန်ပေးဖို့ ဖြစ်၏။ နောက်တစ်ခုကတော့ ဦးကုလားတို့ အိမ်က စလောင်းမှာ လိုင်းတွေ ပျောက်နေသဖြင့် ပြန်ရှာထည့်ပေး ဖို့ ဖြစ်၏။



အမှန်တော့ စလောင်းချိန်ဖို့ကသာ အဓိကဖြစ်ပြီး သွေးချိန် တာက ခရီးသွားဟန်လွှဲ သဘောသာ ဖြစ်၏။ ဦးကုလားက ပေး သော ငွေမှာလည်း ခြေကြွခလား၊ စလောင်းချိန်ခလား ခွဲခြားရ ခက်ပေလိမ့်မည်။

"ဘယ်လိုလဲ ဦးလေး၊ ဓာတ်ခဲလက်ချက်မှ ဟုတ်ရဲ့လား"

ဟု ဒေါက်တာတုတ်ခိုင်က ရောက်ရောက်ချင်း မေးသည်။ ဦးကုလားက-

"ထုံးစံအတိုင်းပေါ့ ဆရာရယ်၊ ဘယ်သူက မြှောက်ပေးလိုက် လဲ မသိပါဘူး၊ အိမ်က စလောင်းနဲ့ပဲ ဖိုက်မူဗီလိုင်းကို ကြည့်လို့ရတဲ့ နည်း ရှိတယ် ဆိုပြီး လျှောက်ကလိလိုက်တာ၊ ရှိတဲ့ လိုင်းတွေပါ ပျောက်ကုန်တော့တာပဲ"

"ဒီကောင်ကတော့ ဖြစ်ရမယ်"

ဦးကုလားတို့ရဲ့ သား ဓာတ်ခဲကတော့ အဲဒီအတိုင်းပဲ။ ဟို ဟာ ကလိ၊ ဒီဟာ ကလိ လုပ်တတ်သည်။ ပျက်သွားရင် ထားပစ် ခဲ့ရော။

"ပြီးရင် ကြည့်လိုက်ပါမယ်"

ဟု ပြောပြီး ဒေါ်ခင်တီကို သွေးပေါင် အရင်ချိန်ပေးလိုက် သည်။ သွေးက နည်းနည်းလေး တက်ချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ အဒေါ်ကြီး၊ တည်င်းသီး အုန်းနို့ဆမ်းတွေ စားပြန်ပြီ ထင်တယ်"

ဟု မေးလိုက်သည်။

"အဲဒါ မဟုတ်ပါဘူး၊ ဟိုဒင်းပါ"

"တောသည်တွေဆီက ငါးခြောက်ကလေး ကောင်းလို့ပေါ့ လေ"

"ငါးသလောက်ဥပါ… ဆရာရဲ့"

"တော်ရုံတန်ရုံ စားရင်တော့ သိပ်ပြဿနာ မရှိပါဘူး"

"သိပ်တော့ မများပါဘူး၊ နှစ်မြှောင်းလောက်ပါပဲ"

ဟု ဦးကုလားက ငေါ့တော့တော့ လေသံဖြင့် ဝင်ပြောသည်။

"ရှင်လည်း စားတာပဲ မဟုတ်လား"

"ဟ… ငါက ချင့်ချိန်ပြီး စားတာ၊ ပြီးတော့ မင်းလို ဆေးသောက် မပျင်းဘူး၊ အဆီအဆိမ့် စားမိပြီးရင် ဓာတ်ဝက် အစာ ဖျက် ဆေးလေး သောက်လိုက်တာပဲ"

"ငါးသလောက်ဥကလည်း ရခဲတိချင်းကိုး၊ ဟိုတုန်းကတော့ ပေါလိုက်တာ၊ ခုဖြင့် အိတ်စပို့ မခွဲမှဘဲ ရတော့တယ် ဆိုပါလား၊ ဒီမနက်တော့ ရှားရှားပါးပါး ရတုန်းရခိုက် ဆိုပြီး…"

ဒေါ်ခင်တီက အယူခံ ဝင်နေသည်။ ဒါတော့ ဦးကုလားက လည်း ထောက်ခံသည်။



"အေးကွာ၊ ပုစွန်ထုပ်ကြီးတွေဆိုလည်း ဒီအတိုင်းပဲ၊ ငါတို့ ငယ်ငယ်က ရွာမှာဆိုရင် ခပ်လတ်လတ် အကောင်မျိုးကတော့ ကလေးတွေ အပျော်သဘောနဲ့ မီးဖုတ်စားကြတာပဲ၊ ခုများတော့ မမြင်ဖူးတာတောင် ကြာပြီ၊ မြို့ထဲက ထမင်းဆိုင်ကြီးတွေမှာ ပုစွန်ထုပ် နဲ့ စားရင် ခုနစ်ထောင် ရှစ်ထောင် ကျတယ် ဆိုလားပဲ"

ဒေါက်တာတုတ်ခိုင်သည်လည်း ဦးကုလား ပြောသလောက် မဟုတ်တောင် လက်ညှိုးလောက် အကောင်တွေ အမေက မီးဖုတ် ကျွေးခဲ့တာ စားဖူးပါသည်၊ (ငယ်ငယ်တုန်းက)။ ခုတောင် ပုစွန်မီးဖုတ် နဲ့ သင်းသင်းကလေးကို သတိရလာမိသေးသည်။ သူသည် တံတွေး ကို မသိမသာ မျိုချလိုက်ပြီးမှ–

"ကဲပါလေ… ပုစွန်ဆီ ဆိုတာကလည်း များများစားရင် မကောင်းဘူး၊ ဒါကြောင့် ကျန်းမာရေးအရ ရှောင်ထားတယ်လို့ပဲ သဘောထားလိုက်ပေါ့၊ ပေါပေါများများ ရှိရင် စားမိနေဦးမယ်၊ အခေါ်အနေနဲ့လည်း ငါးသလောက်တွေ နိုင်ငံခြားက များများ ဝယ် ပါစေလို့ ဆုတောင်းပေးပေါ့ ဟုတ်လား"

တကယ်တော့ ဒေါ်ခင်တီ သွေးတက်နေတယ် ဆိုတာက လည်း သိပ်စိုးရိမ်စရာတော့ မရှိ။ အစားလေး ရှောင်လိုက်၊ သွေးကျ ဆေးလေး သောက်လိုက်ရင် ကောင်းသွားမှာပါ။ သောက်ရမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဆေးတွေ ပေးပြီးနောက် အဓိကတာဝန် ဖြစ်သော စလောင်းလိုင်း ဖမ်းတဲ့ အလုပ်ကို စလုပ်သည်။

ထိုအချိန်မှာပင် ဧည့်သည်တွေ ရောက်ရှိလာသည်။ ရပ်ကွက်ဥက္ကဋ္ဌနှင့်တကွ ဘုရားဂေါပကအဖွဲ့ဝင်များ ပါသည်။ ရာအိမ်မှူးကိုရှိန်လည်း ပါလာသဖြင့် ရေဒီယို ပြင်လို့ပြီးပြီ ဖြစ်ကြောင်း သတင်းပေးလိုက်ရသေးသည်။

ဒေါက်တာတုတ်ခိုင်သည် လိုင်းချိန်နေရင်းက ဦးကုလားနှင့် ဧည့်သည်များ စကားပြောနေကြတာကို ကြားနေရ၏။ အကြောင်းအရာကတော့ ဦးကုလားသည် ဂေါပကအဖွဲ့ဝင်အဖြစ်မှ အနားယူတော့မည့် ကိစ္စပင် ဖြစ်၏။

"စဉ်းစားပါဦး ဦးလေးရယ်၊ ဦးလေးလို ပုဂ္ဂိုလ်မျိုး တစ်ယောက်ကတော့ ဂေါပကအဖွဲ့ထဲမှာ ရှိနေသင့်ပါတယ်"

ဟု ရပ်ကွက်ဥက္ကဋ္ဌက စတင်ပြီး မေတ္တာရပ်ခံသည်။

"ဂေါပကအဖွဲ့က ထွက်မယ် ဆိုပေမယ့် အလှူငွေကိုတော့ ခါတိုင်းလိုပဲ ထည့်မှာပါဗျ"

ဟု ဦးကုလားက တဲ့ကြီး ပြောချလိုက်ရာ အဖွဲ့ဝင် လူကြီးများ ပျာသွားသည်။ ဦးကုလား ပြောတာလည်း ဟုတ်တုတ်တုတ်ပဲ။ သူ့ကို ဂေါပကအဖွဲ့ထဲ ဆွဲထည့်ထားတဲ့ အကြောင်းရင်းတွေထဲမှာ ငွေရေးကြေးရေး လက်မနှေးတတ်တဲ့ အချက်ကလည်း အရေးပါပေတာကိုး။



"အလှူငွေကိစ္စကြောင့် ပြောတာ မဟုတ်ပါဘူးလေ၊ ဦးကုလား ရှိနေရင် လုပ်ရ ကိုင်ရတာ အဆင်ပြေလို့ပါ၊ ပြီးတော့ အင်း..."

အဖွဲ့ဝင် လူကြီးတစ်ယောက်က ပြောရင်း တခြားတစ်ယောက်ကို အကူအညီ တောင်းသလို ကြည့်လိုက်သည်။ ထိုလူကြီးက-

"ဒီလို ရှိပါတယ်၊ လာမယ့်နှစ်အတွက် ဂေါပကအဖွဲ့ကို ပြန်လည်ဖွဲ့စည်းတဲ့အခါ ဦးကုလားကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ဖို့ လျာထားတဲ့ ကိစ္စကလည်း ရှိနေတော့ကာ. . ."

ဒေါက်တာတုတ်ခိုင်သည် ပြုံးလိုက်မိမလို ဖြစ်သွား၏။ ဦးကုလားကို ရာထူးနဲ့ မက်လုံး ပေးနေကြတာကိုး။ သို့ရာတွင် ဦးကုလားက-

"ဟား... ဟား... ဥက္ကဋ္ဌလုပ်ချင်တဲ့ လူတွေ အများကြီး ရှိပါ့ဗျာ"

ဟု ပြောလိုက်သည်။ ဦးဖိုးမြှော့ကို ဆိုလိုကြောင်း အားလုံး သိသည်။ သူက စကားဆက်လိုက်သေးသည်။

"အလုပ်တစ်ခု လုပ်တယ် ဆိုတာ အားလုံး ညီညီညွတ်ညွတ် ရှိမှ ကောင်းတာဗျ၊ အမြဲတမ်း ငြင်းခုန်ပြီး ကန့်လန့်တိုက်နေရင် ဘာအဓိပ္ပာယ် ရှိမှာလဲ၊ ဒါကြောင့် ကျုပ်က ထွက်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတုတ်ခိုင်လည်း စလောင်းလိုင်း ဖမ်းလို့ ပြီးသွားပြီ။ ထို့ကြောင့် ဦးကုလားနှင့်တကွ ဧည့်သည်တွေကိုပါ နှုတ်ဆက်ပြီး ထွက်လာခဲ့၏။ ပတေးတို့ လက်ဖက်ရည်ဆိုင်မှာ ထိုင်သည်။ စမူဆာတစ်ခု စား၊ လက်ဖက်ရည်ကို ဇိမ်ခံသောက်ရင်း နိုင်တိမ်နစ် အားကစားဂျာနယ်ကို ယူဖတ်နေလိုက်သည်။ စိရော်နယ်ဒိုတစ်ယောက် မန်ယူအသင်းကနေ ထွက်၊ မထွက် ခန့်မှန်းချက် ဆောင်းပါးကို ဖတ်နေတုန်း ရာအိမ်မှူး ကိုရှိန် ရောက်လာသည်။

"အတော်ပဲဗျာ… ကိုရှိန်၊ ပြီးရင် ဆေးခန်းကို တစ်ခါတည်း လိုက်ခဲ့၊ ခင်ဗျား ရေဒီယို ယူသွားလို့ ရပြီ"

ဟု ဒေါက်တာတုတ်ခိုင်က ခရီးဦးကြို ပြုရင်း ပြောသည်။ ကိုရှိန်က ဝင်ထိုင်ပြီး ကော်ဖီမစ် မှာသည်။ ဒေါက်တာတုတ်ခိုင် သောက်ထားသော လက်ဖက်ရည်ဖိုးကိုလည်း သူပဲ ရှင်းမှ ကောင်းမည်ဟု တွေးလိုက်သည်။ ရေဒီယို ပြင်ခ သဘောပေါ့။

"ဆရာ့ကို အကူအညီ တောင်းစရာ ရှိလို့ ဆရာရဲ့"

ဟု ကိုရှိန်က စကား စသည်။ ဒေါက်တာတုတ်ခိုင်က-

"ဘာလဲ… အားဆေး တောင်းမလို့လား၊ နကိုရှိမှ နကိုင်း ထွက်တာလို့ ကျွန်တော် ပြောထားပြီးပြီနော်၊ ကိုယ်ထူကိုယ်ထပဲ ကောင်းပါတယ်ဗျာ၊ ပြည်ပအားကိုး မလုပ်ချင်စမ်းပါနဲ့"

"ဟာ… မဟုတ်ပါဘူး၊ ကျွန်တော့်ကို ဆရာက ကိုကြီးထွန်း လိုများ အောက်မေ့နေလို့လား"



"ခင်ဗျားတို့တွေ သိပ်မထူးပါဘူးဗျာ၊ ကဲ ကဲ… ပြောစမ်းပါဦး၊ ခင်ဗျား တောင်းမယ်ဆိုတဲ့ အကူအညီ"

"ကျွန်တော်က တောင်းတာ မဟုတ်ပါဘူး"

ကိုရှိန် စကားပြောလျှင် ဒီအတိုင်းပဲ။ ဗလုံးဗထွေးနဲ့။ သူ့စကားကိုသာ လိုက်ထောက်နေလျှင် လည်ထွက်ကုန်ပြီး လိုရင်းကို ရောက်မှာ မဟုတ်တော့။ ထို့ကြောင့် သူ့ဘာသာ ဆက်ပြောမှာကိုပဲ စောင့်နေလိုက်ရသည်။

"ဒီလို ဆရာရဲ့၊ ဂေါပကအဖွဲ့က လူကြီးတွေက ဆရာ ပြောရင် ရတယ် ဆိုတာကို ပြောခိုင်းလိုက်လို့"

စကားကို အကြောင်းအရာရဲ့ အလယ်က ဖောက်ပြီး စပြောသည်။

"ကျွန်တော်က ဘာပြောရမှာလဲ"

ဟု စကားထောက်ပေးလိုက်မှ-

"စောစောတုန်းက ပြောနေကြတာ ဆရာလည်း ကြားသားပဲ၊ ဦးကုလားက ဘုရားဂေါပကအဖွဲ့က ထွက်မယ် ဆိုတာလေ၊ အဲဒါ မထွက်ဖို့ ပြောတာ၊ ဘယ်လိုမှ တောင်းပန်လို့ မရဘူး၊ ဦးကုလား မရှိလို့ တခြားလူ ဝင်လာမှာကိုလည်း စိုးရိမ်နေကြတယ်၊ အဲဒါ ဆရာက မထွက်ဖို့ ပြောမယ် ဆိုရင်တော့ ရနိုင်တယ် ဆိုပြီး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဦးကုလားကို မထွက်ဖို့ ပြောပေးရမယ် ပေါ့"

"ဟုတ်တယ်၊ ဆရာ့စကား ဆိုရင်တော့ ဦးကုလားက လက်ခံမှာပါ"

"ဟာဗျာ… ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ၊ ဒါက ခင်ဗျားတို့ ရပ်ရေးရွာရေး ကိစ္စပဲ၊ ပြီးတော့ ဦးကုလားက သူ့ဆုံးဖြတ်ချက်နဲ့ သူ ထွက်တာ၊ ကျွန်တော်က ဘာပြောစရာ လိုသလဲ၊ သူနဲ့ မတည့်တဲ့ အစားအသောက်တွေ နင်းကန်စားနေတယ် ဆိုရင်တော့ တားသင့် တားရမှာပေါ့ဗျာ၊ ခုကိစ္စကတော့ ကျွန်တော်လည်း ပြောမပေးနိုင်ဘူး"

"ဒါဆိုရင်တော့ ဆရာ့တာဝန်ပဲ…"

ဒေါက်တာတုတ်နိုင် တင်းခနဲ ဖြစ်သွားသည်။ ဘာလဲ… လာပြီး အကျပ်ကိုင် ခြိမ်းခြောက်နေတာလား။ ဒါတော့ မဖြစ်နိုင်။ ကိုရှိန်သည် မီးဘေးကာကွယ်ရေးတို့ ဘာတို့အတွက် ရပ်ကွက်ထဲမှာ လော်စပီကာနဲ့ လိုက်အော်နေကျ ဖြစ်သောကြောင့် 'မိမိတို့ တာဝန်သာ ဖြစ်ပါကြောင်း' ဆိုတာမျိုးကို အကျင့်ပါနေတာပဲ ဖြစ်မည်။ ထို့ကြောင့်–

"ဘာတာဝန်လဲဗျ"

ဟု ရှဲသာ ရှင်းအောင် မေးလိုက်ရသည်။

"လူကြီးတွေ ပြောနေတာ ကြားခဲ့တာပဲ ဆရာရဲ့၊ တကယ် လို့ ဦးကုလားက မလုပ်တော့ဘူး ဆိုရင် ဂေါပကအဖွဲ့ထဲက လစ်လပ် သွားတဲ့ နေရာမှာ ဆရာ့ကို အစားထိုးပြီး ထည့်ရင် ကောင်းမယ်တဲ့"



"ဗျာ… ဘာ ဘာ…"

ဒေါက်တာတုတ်နိုင် တအံ့တဩ ရေရွတ်လိုက်သည်။

"ဟုတ်တယ် ဆရာ၊ ကျွန်တော်လည်း ထောက်ခံခဲ့တယ်"

"ဟာဗျာ… ကျွန်တော်က ဆရာဝန်ပဲဟာ၊ ပြီးတော့ ကျွန်တော်က ဘုရားဝေယျာဝစ္စတွေ ဘာတွေ သိပ်နားလည်တာ မဟုတ်ဘူး၊ သမ္မာ့ဒွေတောင် ဌာန်ကရိုဏ်းကျအောင် မရွတ်တတ်ဘူး"

"ဘယ်သူက ရွတ်နိုင်းမှာမို့လို့လဲ၊ ဆရာ့ကို ဆိုရင် အားလုံး က လက်ခံကြမှာပဲဟာ"

ဒေါက်တာတုတ်နိုင်မှာ အကျပ်ရိုက်နေ၏။ ဒီလူတွေက တကယ်လုပ်မယ့် လူတွေ။ တခြားလူတွေလို ဆရာဝန် စာရေးဆရာ၊ ဆရာဝန် အဆိုတော်၊ ဆရာဝန်လုပ်ငန်းရှင် ဆိုတာမျိုး ဖြစ်ရင်လည်း ဟုတ်တုတ်တုတ် ရှိသေး။ ဆရာဝန်ဂေါပက ဆိုတာကတော့ တစ်မျိုး ကြီးပဲ။ သူတို့လို ချမ်းသာကြွယ်ဝမယ့် ကိန်းမျိုးလည်း မဟုတ်။ ထို့ကြောင့်–

"မဖြစ်ပါဘူးဗျာ၊ ဂေါပကဆိုတာ သက်ကြီးဝါကြီး ဖြစ်မှ လူ လေးစားမှာဗျ၊ ပြီးတော့ ကျွန်တော်က ဒီရပ်ကွက်မှာ နေတာ လည်း မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဆရာက ဒီရပ်ကွက်သားလို ဖြစ်နေပြီပဲဟာ"

ထိုစကားကြောင့် ဒေါက်တာတုတ်ခိုင် အကြံတစ်ခု ဖျတ်ခနဲ ရလာသဖြင့်–

"အဲဒါ ပြောတာပေါ့ဗျ၊ ဒီရပ်ကွက်က ဖြစ်နေတဲ့အတွက် ဟိုဘက်ရပ်ကွက်က ဘယ်ကျေနပ်ပါ့မလဲ။ ဒီမှာ နေတာ မဟုတ်ဘူး ဆိုပြီး ထောက်ပြ ကန့်ကွက်စရာ ဖြစ်လာရင် မကောင်းဘူး"

"မကန့်ကွက်ရဲပါဘူး ဆရာရယ်၊ သူတို့လည်း အရေးအကြောင်းဆို ဆရာ့ဆေးခန်းကိုပဲ ပြေးလာရတာ မဟုတ်လား၊ သူတို့ ပြဿနာရှာခဲ့ရင်လည်း နောက်တစ်ခါ သူတို့ လာပင့်တဲ့အခါ မလိုက်ဘဲ ပညာပေးထားလိုက်ပေါ့"

"ဟာဗျာ... ဆရာဝန်တို့၊ ကြက်ခြေနီတို့ ဆိုတာ ရန်သူရယ်၊ မိတ်ဆွေရယ်လို့ မရှိဘူး၊ ကိုယ့်ရပ်ကွက်က မဟုတ်လို့၊ ကိုယ်နဲ့ မတည့်လို့၊ အချိုးမပြေလို့၊ အမြင်ကတ်လို့ ကုမပေးဘူး ဆိုတာမျိုး မလုပ်ရဘူးဗျ၊ ဆရာဝန်ပဋိညာဉ်ကို ဖောက်ဖျက်ရာ ကျတယ်"

"သြော်... ဆရာဝန်တွေမှာလည်း အာပတ်သင့်တာမျိုး ရှိသကိုး"

"အဲဒီသဘောပေါ့ဗျာ... ဘုန်းကြီးတွေကမှ မသန့်ရှင်းတဲ့ အလှူမျိုးဆိုရင် မလက်မခံဘဲ နေလို့ ရသေးတယ်၊ ကျွန်တော်တို့ ဆရာဝန်တွေကတော့ သူခိုး ဓားပြပဲ ဖြစ်ဖြစ်၊ လူလိမ်လူကောက်ပဲ ဖြစ်ဖြစ် ဘယ်သူမဆို ကုသပေးရတာပဲ"

"ဟုတ်လား... ဒါဆိုရင်"

ဟု ကိုရှိန်က စကား စလိုက်သည်။ ဆရာ့ကိုဆိုရင် ဟိုဘက်ရပ်ကွက်ကလည်း လက်ခံမှာပါဟု ဆက်ပြောဖို့ ပြင်ဆင်လိုက်ခြင်း ဖြစ်၏။ ဒါကို ရိပ်မိသော ဒေါက်တာတုတ်ခိုင်က–

"အေးဗျာ... ကျွန်တော်လည်း ဦးကုလားကို ပြောကြည့်ပါဦးမယ်၊ ကျွန်တော့်ကိုတော့ လုံးဝ ထည့်မစဉ်းစားနဲ့နော်၊ ဆေးခန်း ပိတ်ပြီး ထွက်ပြေးမှာဗျ"

ဟု အရင်ဦးအောင် စကားပိတ်ပြောလိုက်ရသည်။

လက်ဖက်ရည်ဆိုင်ပိုင်ရှင် ပတေး၏ မိန်းမ ဘာနူးသည် ကိုရှိန့်အတွက် ပလိန်းတစ်ခွက် လာချပေးရင်း သူတို့ ပြောနေသော စကားကို တစ်စွန်းတစ်စ ကြားသွားသည်။ ထိုအခါ ဘာနူးလည်း အနီးအနားက စားပွဲတွေ သန့်ရှင်းရေး လုပ်သလိုလို၊ ရေနွေးကြမ်း ရှိ မရှိ လာကြည့်ပေးသလိုလို လုပ်ရင်း နားစွင့်နေလိုက်သည်။ ဒီလိုနဲ့ သူသည် သတင်းထူး တစ်ခုကို သူများတွေထက် အရင်ဦးအောင် ကြားသိလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တနယ်ဖင်းလောကမှာလိုပေါ့။ စကု(ပ) ခေါ် သတင်းထူးက သိပ်အရေးကြီးသည်။ ထိုသတင်းထူးကိုလည်း သူများတွေထက် အရင် ဦးဦးဖျားဖျား ဖော်ပြနိုင်မှ တန်ဖိုး ရှိသည်။

အခုလည်း ဘာနူးသည် စကု(ပ) သတင်းတစ်ခုကို ရရှိပြီ။ တစ်ခု ရှိတာက ကိုရှိန်သည် သူ့မိန်းမ မပွေးကိုလည်း ဒီအကြောင်း ပြောပြမှာ သေချာသည်။ မပွေးကလည်း ကြားကြားချင်း လျှောက်ပြောတော့မှာပဲ။ ဒီတော့ ကိုယ်က ဦးအောင် သတင်းထုတ်ပြန်ရမည်။

ဒီလိုနဲ့…

"ဘုရားဂေါပကအဖွဲ့မှ ဦးကုလား နုတ်ထွက်ပြီ၊ ခေါက်တာတုတ်ခိုင်ကို အစားထိုးလိုသော်လည်း ၄င်းက ငြင်းဆန်၊ ထို့ကြောင့် အသစ် ထပ်မံ ရွေးချယ်ရဖွယ်ရှိ၊ ဖြစ်နိုင်ခြေ ရှိသူများမှာ…"

စသော သတင်းအချက်အလက်များကို 'ဘာနူးဒေါ့ကွန်း' မှတစ်ဆင့် သတင်းကွန်ရက်အတွင်း လွှင့်တင်လိုက်လေသည်။ မပွေးကလည်း အားကျမခံဘဲ 'ဗီအိုပီ' ခေါ် 'မပွေးအသံ' မှ သတင်းထုတ်လွှင့်ပေးသည်။ ပဲပြုတ်သည် ဒေါ်မိုန်၏ 'ဒုအက်ဖ်အမ်' ကလည်း ဒိုးတူဒိုး စနစ်ဖြင့် အိမ်တိုင်ရာရောက် သတင်းပို့ပေး၏။ ဒေဝါနန်းက 'မိုဘိုင်းဆိုက်ကား' (ဆိုက်ဘာ မဟုတ်) ဖြင့် ကြူညီကြေညာပြန်သည်။ ပွဲကြီး၏ 'ပွဝတီ' မှလည်း တိုက်ရိုက်ထုတ်လွှင့်ပေးလေသည်။



ထို့ကြောင့် အထက်အဆိုပါ သတင်းထူးကြီးသည် '၃' ရပ်ကွက်အတွင်း၌ နေ့မကူးမီ အချိန်နှင့်တစ်ပြေးညီ ပျံ့နှံ့သွားလေတော့သည်။

(မီဒီယာ၏ အစွမ်းကား အထူးပင် ထိရောက်ထက်မြက်လှေစွတကား…)

□ □ □

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဂေါပကအဖွဲ့ဝင် ဆိုသော ရာထူးမှာ ဂုဏ်ထူးဆောင်သက်သက်မျှသာ ဖြစ်၏။ လူအများစုအတွက်တော့ သိပ်ပြီးမက်မောလောက်စရာ မရှိ။ လခလည်း ရတာ မဟုတ်။ ထောက်ပံ့ကြေးတော့ ရသည်။ ဒါကလည်း များများစားစား မဟုတ်။ ဟိုးအရင်က သတ်မှတ်ထားတဲ့အတိုင်း တစ်လမှ ၅၀၀ သာ ဖြစ်၏။ ဒီငွေကိုလည်း ဘယ်သူကမှ ထုတ်ယူကြတာ မဟုတ်။ ရန်ပုံငွေက နည်းနည်းလာသဖြင့် ဘုရားကို ပြန်လှူတယ်လို့ ဆုံးဖြတ်ထားကြရတာလေ။



အလုပ်ကလည်း သိပ်များများစားစား မရှိ။ လပြည့်လကွယ်နေ့တိုင်း ဘုရားဝင်းထဲက မန္တာရုံကလေးမှာ စုပြီး အစည်းအဝေး ထိုင်ကြတာ တစ်ခုပဲ။ အစည်းအဝေး ဆိုတာကလည်း ဆယ့်ငါးမိနစ်လောက် ဆွေးနွေးလိုက်ရင် ပြီးပြီ။

'အလှူငွေ ပိုမိုရရှိရေး အလေးပေး ဆောင်ရွက်ရန်၊ ရန်ပုံငွေကို စနစ်တကျ စိစစ် သုံးစွဲရန်၊ ဘုရားပွဲ ပြန်လည်ကျင်းပနိုင်ရေး တွန်းအားပေးရန်၊ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူနိုင်ရေးနှင့် ထီးတော်သစ် တင်လှူနိုင်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်ရန်။'

အစည်းအဝေးတိုင်းမှာ အထက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်ကြသည်။ တခြားလည်း ပြောစရာ မရှိ။ အမှန်က အစည်းအဝေးတောင် လုပ်နေစရာ မလို။ အထက်ပါ စာသားကို မိတ္တူကူးပြီး အပတ်စဉ် လိုက်ဝေလိုက်ရုံဖြင့် လုံလောက်သည်။

အစည်းအဝေး ဆိုပြီး မိနစ်ပိုင်းလောက်နဲ့ ပြီးသွားတယ်ဆိုရင်လည်း အလုပ် မလုပ်ရာကျမည်။ များသောအားဖြင့်တော့ အာလာပသလ္လာပ ပြော၊ တရားလေး ဘာလေး ဆွေးနွေးကြတာပါပဲ။ အစည်းအဝေး ရှိတဲ့အခါတိုင်းမှာ ဦးကုလားက ရေနွေးကြမ်းနဲ့ လက်ဖက်၊ ဘူးသီးကြော်၊ ပဲခြမ်းသုပ် စသည်ဖြင့် တာဝန်ယူ ကျွေးမွေးတတ်သောကြောင့် အားလုံး မပျက်မကွက်တော့ တက်ရောက်တတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စေတီမှာ ရုပ်ဘုရား ရှာဘုရားသာ ဖြစ်၏။ ဥဏှာတော် လည်း သိပ်မမြင့်လှ။ အမည်နာမတော်တောင် သတ်သတ်မှတ်မှတ် ရှိခဲ့တာ မဟုတ်။ ရှာဦးစေတီလို့သာ လွယ်လွယ်ကူကူ ခေါ်ခဲ့ကြတာ။ ဒီနေရာတွေဟာ အရင်တုန်းက ရွာကြီး တစ်ရွာကိုး။ တဖြည်းဖြည်း ဖွံ့ဖြိုးပြီး ရုပ်ကွက်အဆင့်ကို ရောက်လာတော့ ‘ရွာ’ ဆိုသော စကားလုံးကို မသုံးချင်တော့။ တောကျတယ် ထင်လာသည်။ ထို့ ကြောင့် ရပ်ကွက်အမည်ကို အစွဲပြုပြီး ‘ဌ-ဘုရား’ ဟူ၍သာ ခေါ် ကြသည်။

ဟိုအရင် ဆက်သွယ်ရေး ခက်ခဲတဲ့ အချိန်တုန်းက ဆိုလျှင် ရွှေတိဂုံဘုရားကြီးဆီ တစ်ခေါက် သွားဖို့ဆိုတာ သိပ်မလွယ်လှ။ ထို့ကြောင့် အခါကြီး ရက်ကြီးဆိုလျှင် အနီးအနားက ဘုရားတွေကို သာ လှည့်ပြီး ဖူးကြရသည်။ ဒီထဲမှာ ‘ဌ-ဘုရား’ကလည်း တစ်ဆူ အဖြစ် ပါဝင်တာပေါ့။

ထိုစဉ်က သူ့အရပ်နှင့် သူ အတော်စည်စည်ကားကား ရှိခဲ့ သည်။ နှစ်စဉ် တပို့တွဲလ ရောက်လျှင် ဘုရားပွဲ ကျင်းပနိုင်သည်။ ဇာတ်ပွဲတွေ၊ အငြိမ့်တွေနဲ့ စည်စည်ကားကားပေါ့။ သူတို့ဆီမှာတော့ စိန်မဟာသဘင်ကို လူကြိုက်များသည်။ အငြိမ့်ဆိုလျှင် လူရွှင်တော် ပေါက်ခေါ်နှင့် ငွေမောင်း ဦးစီးသော ပွင့်ဦးအငြိမ့်က နှစ်တိုင်းလို



ဝင်ရသည်။ ရန်ပုံငွေကလည်း တောင့်တောင့်တင်းတင်း၊ ဘုရားက လည်း ခေါင်းလောင်းတော် အောက်ခြေအထိ ရွှေရောင် တဝင်းဝင်း။

မြို့ပြက ကျယ်ပြန့်လာသည်။ သူတို့ ရပ်ကွက်ကလေးက နေရာ ရွှေ့သွားတာတော့ မဟုတ်။ မြို့ကြီးကသာ သူတို့ဘက်ကို တိုးကပ်လာခြင်း ဖြစ်၏။ ဟိုအရင်က ရန်ကုန်မြို့ထဲ တစ်ခေါက် လောက် သွားဖို့ ဆိုတာ တော်တော် အချိန်ယူရသည်။ ခုတော့ သွားရေးလာရေး အထိုက်အလျောက် အဆင်ပြေလာ၏။

ဒီတော့လည်း လူတွေက နာမည်ကြီး ဘုရားစေတီတွေ ဘက် ဝိုပြီး ခြေဦးလှည့်လာကြတာပေါ့။ သူတို့ ဘုရားလေးမှာ တဖြည်းဖြည်း ခြောက်သွေ့မှေးမှိန်လာသည်။ ဘုရားဖူးပရိသတ် နည်းပါးလာသည်။ ထို့အတူ အလှူငွေလည်း လျော့နည်းလာသည်။

တဖြည်းဖြည်း ပါးလျား ကွာကျလာသော ရွှေသင်္ကန်းတွေ ကို အစားထိုး ကပ်လှူဖို့ အခက်အခဲ ရှိလာသည်။ အစပိုင်းမှာ ငှက်ပျောဖူးလောက်အထိ ရွှေအသစ် ချနိုင်သေးသည်။ နောက်တော့ ငှက်ပျောဖူးပါ ကွက်တိကွက်ကျား ဖြစ်လာသည်။ ရွှေစင်အစား ဒစ်စကိုရွှေကို အစားထိုးလာရသည်။ ဒါလည်း ကြာကြာမတတ်နိုင်။ ဒီတော့ ရွှေရောင်သုတ်ဆေးကို ပြောင်းသုံးပေါ့။ ဒါတောင် နှစ်စဉ် ပြန်မသုတ်နိုင်။ တစ်နှစ်ခြား၊ နှစ်နှစ်ခြားလာသည်။ ဘုရားပွဲ ကျင်းပ ဖို့ ကိစ္စလား၊ မစဉ်းစားနိုင်တာ သုံးနှစ်လောက် ရှိပြီ။

www.burmeseclassic.com



လူတွေရဲ့ စိတ်ဆန္ဒကလည်း တော်တော်ဆန်းကြယ်သည်။ မြတ်စွာဘုရား ဆိုတာ တစ်ဆူတည်း၊ တစ်ပါးတည်း ရှိတာ။ စေတီ ဆိုတာကလည်း ထိုတစ်ဆူတည်းသော ဘုရားကိုသာ ကိုယ်စားပြု တည်ထားခြင်းသာ ဖြစ်၏။ ထို့ကြောင့် စေတီဖြစ်စေ၊ ဆင်းတုတော် ဖြစ်စေ အားလုံး အတူတူပဲ။

သို့ရာတွင် လူတွေကတော့ ဘုရားကြီးကြီးကို ကိုးကွယ်မှ ကုသိုလ်များများ ရတယ် ထင်သည်။ ရွှေများလေ… တန်ခိုးကြီးလေ ဟု စွဲလမ်းယုံကြည်နေကြသည်။ ဘုရား သေးသေးလေးတွေမှာ မျက်နှာငယ်ရရှာသည်။

ထိုအခါ ဂေါပက သေးသေးလေးတွေကလည်း ကိုယ့်ဘုရား လူစည်ကားအောင် နည်းလမ်း ရှာကြံကြရရှာသည်။ တချို့က ဘုရား ဘွဲ့နာမည်ရှေ့မှာ 'ဆုတောင်းပြည့်' ဆိုသော စကားလုံးကို ဖြည့် ထည့်လိုက်သည်။ ဒီအတိုင်းဆိုလျှင် တခြား ဘုရားတွေကတော့ ဆုတောင်းမပြည့်သလို ဖြစ်နေသည်။ ဆုတောင်းပြည့်တဲ့ ဘုရားနဲ့ ဆုတောင်းမပြည့်တဲ့ ဘုရားရယ်လို့ ခွဲခြားသတ်မှတ်ထားတာ ရှိ လို့လားဟု ထောက်ပြစရာ ဖြစ်လာ၏။

တချို့ကတော့ ဘုရားဝင်းထဲမှာ ရှိသော ဘိုးတော်၊ မယ်တော် ရုပ်တုတွေက အစွမ်းထက်တယ်၊ ဆုတောင်းပြည့်တယ်၊ စီးပွားတက်စေတယ်၊ အိမ်မက်ဂဏန်း ပေးတယ် စသည်ဖြင့် သတင်း



လွှင့်ပြီး ခွဲဆောင်စည်းရုံးကြသည်။ ဘုရားကပဲ ဒါတွေကို ပြန်ပြီး အားကိုးရမယ့် သဘောမျိုး ဖြစ်နေ၏။

ဘုန်းကြီးကျောင်းမှ ဆရာတော်ကတော့ ဒါမျိုးတွေ သိပ် မကြိုက်။ ဆုတောင်းပြည့်တယ် ဆိုသော ကိစ္စနှင့် ပတ်သက်ပြီးတော့ လည်း ခုလို အမိန့်ရှိသည်။

"အစတုန်းကတော့ ဘုရားနဲ့ မတိုင်ပင်ဘဲ လုပ်ချင်တာတွေ လျှောက်လုပ်ပြီး ပြဿနာပေါ်တော့မှ ဘုရားကို သတိရတယ် ဆိုတာကတော့ မဟုတ်သေးဘူး ထင်တယ်၊ ကျန်းမာရေး၊ ပညာရေး၊ အကျပ်အတည်း အနှောင်အဖွဲ့က လွတ်မြောက်ရေးအတွက် ဆိုရင် တော့ ဆုတောင်းပြည့်နိုင်ပါတယ်၊ ရာထူးမြဲဖို့၊ ရာထူးတိုးဖို့ ဆိုရင် တော့ သိပ်မဆိုင်ဘူး ထင်တယ်၊ ဘာကြောင့်လဲ သိကြသလား"

ဘယ်သူမှ မဖြေနိုင်ဘဲ ခပ်မဆိတ် လုပ်နေကြသည်။

"တင်ပါ၊ အမိန့်ရှိပါ ဘုရား"

ဟု ပတေးကပဲ တရားထောက် ဝင်လုပ်လိုက်တော့မှ ဆရာတော်က စကားဆက်သည်။

"သိဒ္ဓတ္ထမင်းသားဟာ ရှင်ဘုရင် မလုပ်ချင်လို့ တောထွက် ခဲ့တာ မဟုတ်လား၊ မြတ်စွာဘုရားကိုယ်တော်တိုင်က ကြွဝတေးမင်း စည်းစိမ်ကိုတောင် မမက်မောလို့ စွန့်လွှတ်ခဲ့တာပဲ၊ ဒီလို ပုဂ္ဂိုလ်မြတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုမှာ ရာထူးမြဲဖို့၊ ရာထူးတိုးဖို့ ဆုတောင်းတယ်၊ ယတြာချေကြတယ် ဆိုတော့… အိမ်း… ကြည့်လည်း လုပ်ကြပါဦးကွယ်တို့''

□



ဂေါပကအဖွဲ့ဝင်သစ် ဘယ်သူ ဖြစ်လာမလဲ ဆိုသော ကိစ္စမှာ ဒီနှစ် အကယ်ဒမီ ဘယ်သူ ရမလဲ။ ချန်ပီယံလိဂ် ဘယ်သူ ဗိုလ်စွဲမလဲ ဆိုသော ကိစ္စတွေလောက် စိတ်ဝင်စားစရာ ကောင်းတာတော့ မဟုတ်။ သို့တိုင်အောင် ခုတစ်လော သူတို့ရပ်ကွက်ထဲမှာ သတင်းထူး သတင်းဦး ရှားပါးနေသည်။ မင်းသား၊ မင်းသမီးတွေ၊ အဆိုတော်တွေရဲ့ အချစ်ရေး သတင်းကလည်း ပြတ်လပ်နေသည်။ သူတို့ရဲ့ အိမ်ထောင်ရေး အခြေအနေကလည်း ဒီအတောအတွင်းမှာ အပြောင်းအလဲ မရှိ။ ဒီလင် ဒီမယားတွေ မြဲနေကြတုန်းပဲကိုး။

ဒီတော့ လောလောဆယ်မှာ ဂေါပကကိစ္စက ဦးစားပေး ပြောစရာ ဖြစ်နေလေသည်။

ဦးကုလားကို နုတ်ထွက်ခြင်း မပြုဖို့ ဝိုင်းဝန်းဖျောင်းဖျကြသော်လည်း မအောင်မြင်။ ဂေါပကအဖွဲ့ထဲမှာ အတိုက်အခံ လုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေ ရှိသည်။ အမြဲတမ်း ကန့်လန့်တိုက်ချင်သည်။ ဒီလိုလူတွေနဲ့ တွဲပြီး အလုပ် မလုပ်ချင်တော့ဘူး၊ စိတ်ကုန်ပြီဟု အကြောင်းပြသည်။

ဦးကုလားက ဦးဖိုးမြော့ကို ညွှန်းဆိုခြင်း ဖြစ်၏။ သူတို့နှစ်ယောက်သည် တရားဆွေးနွေးရင်းက မကြာခဏ ဆိုသလို ငြင်းကြခုံကြရသော ပြိုင်ဘက်တွေ ဖြစ်၏။ ထိုကိစ္စက ဂေါပကအစည်းအဝေးထဲအထိ ရိုက်ခတ်လာပြီး တစ်ယောက်က အကြံဉာဏ်တစ်ခုတင်ပြလျှင် တစ်ယောက်က ဝင်ထောက်တာမျိုး ဖြစ်လာသည်။

အခု သူ ဆိုလိုတာကလည်း ဦးဖိုးမြော့နဲ့ တွဲပြီး မလုပ်နိုင်။ သူ့ကို ဆက်လုပ်စေချင်လျှင် ဦးဖိုးမြော့ကို ထုတ်ပစ်ရမလို ဖြစ်နေ၏။ ထို့ကြောင့် ဦးကုလားကို အတင်းတိုက်တွန်းဖို့ ခက်သွားလေသည်။ ဒီတော့ ဂေါပကအဖွဲ့ဝင်သစ် ရွေးချယ်တင်မြှောက်ဖို့သာ ရှိတော့သည်။

ဘယ်သူများ ဖြစ်နိုင်သလဲ။

ဖြစ်နိုင်ခြေရှိသော သက်ကြီးပိုင်းတွေက ရှောင်ဖယ်ဖယ်လုပ်နေကြသည်။ တချို့ကလည်း 'ကျန်းမာရေးက သိပ်ကောင်းတာမဟုတ်ဘူး' ဟု လေသံပစ်ပြီး ငြင်းဖို့ ကြိုကာထားကြသည်။

ရပ်ကွက်ထဲမှ လူတွေကလည်း ထုံးစံအတိုင်း ဟိုလူ ဖြစ်နိုင်တယ်၊ ဒီလိုဆိုရင် သင့်တော်တယ် စသည်ဖြင့် ထင်ကြေးပေးနေကြ



သည်။ ပွဲကြီးနဲ့ ဖိုးနီကတော့ ခပ်နောက်နောက်ကောင်တွေ ဖြစ်တဲ့အတိုင်း ဦးကုလား တကယ် ထွက်၊ မထွက် ဆိုသော ကိစ္စကို ဘီအီးတစ်လုံးကြေး အလောင်းအစား လုပ်ထားကြသည်။

ဒီကြားထဲမှာ ခွကျကျလေးတွေလည်း မပါမဖြစ် ပါလာရသေးတာပါပဲ။ ဒါမှ 'ဥ' ရပ်ကွက် ပီသမှာကိုး။

ဘာနုးက ပတေးကို ဂေါပကအဖွဲ့ထဲ ဝင်လုပ်ဖို့ တိုက်တွန်းသည်။ ပတေးက–

"ဟာ… နင် တော်တော် ပေါက်ပေါက်ရှာရှာ ပြောတယ်၊ စဉ်းစားကြည့်စမ်းပါဦး၊ ငါက ဗုဒ္ဓဘာသာမှ မဟုတ်ဘဲ"

ဘာနုးက လက်မလျှော့ဘဲ–

"ဘာဖြစ်သလဲ၊ ဘာသာမတူပေမယ့် ရပ်ရေးရွာရေး ဆိုရင် ပတေးဘိုင်က တက်တက်ကြွကြွ ပါဝင်လှုပ်ရှားတာပဲ မဟုတ်လား၊ ပြီးတော့ ဘုန်းကြီးကျောင်းမှာ အလှူလုပ်တဲ့ အခါတိုင်း အစားအသောက်ကိစ္စကတော့ ဒကာပတေးကိုပဲ အားကိုးရမှာပဲလို့ ဆရာတော်က အမြဲ ပြောတာပဲ၊ ပတေးဘိုင်သာ လုပ်မယ်ဆိုရင် ဆရာတော်ကလည်း ကန့်ကွက်မှာ မဟုတ်ပါဘူး"

ဘာနုး ပြောတာလည်း မှားတော့ မမှား။ ကျောင်းမှာ အလှူရှိတဲ့အခါ အကျွေးအမွေးနဲ့ ပတ်သက်ပြီး ပတေးကသာ ကြီးကြပ်ရလေ့ ရှိသည်။ ဘာနုးကလည်း ဟင်းချက်ကောင်းသဖြင့် အိုးသူကြီး

www.burmeseclassic.com

www.burmeseclassic.com



လို ဖြစ်နေ၏။ ဒါတွင်မက အိမ်မှာ အမဲသားနှပ်တို့ ဆိတ်ခေါင်းဟင်းတို့ ချက်တဲ့အခါ ဘုန်းကြီးကျောင်းကို သွားပို့တတ်သေးသည်။ သံဃာတော်တွေနဲ့ ဆက်ဆံပြောဆိုရာမှာလည်း ပြေပြစ်သည်။ 'ဝိကာလဘောဇနေ၊ နဝက်သီလံ' စသော ဝေါဟာရများကိုလည်း တော်ရုံလူတွေထက် ပိုပြီးကျွမ်းကျွမ်းကျင်ကျင် ပြောဆို သုံးနှုန်းတတ်သည်။

"မဟုတ်ဘူးလားလို့"

ဟု ဘာနူးက အထွန့်တက်နေပြန်သဖြင့်-

"တော်စမ်းပါဟာ၊ မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့၊ အလိုလိုကမှ ဟိုဘက်ရပ်ကွက်က အပြစ်ရှာချင်နေရတဲ့ ကြားထဲ..."

ဟု နိုင်လုံသော အကြောင်းပြချက် ပေးလိုက်ရသည်။

ရွှေကြည်ကလည်း အားကျမခံဘဲ သူ့ရည်းစား မောင်ဝကို ဂေါပက လုပ်နိုင်းနေပြန်သည်။ မောင်ဝက-

"နင် ရူးနေသလား၊ ငါ့လို ရေစည်လှည်း တွန်းတဲ့ကောင်ကို ဘယ်သူက လက်ခံမှာလဲ၊ ပြီးတော့ ငါက သမ္မာဒေွတောင် အစီအစဉ်ကျအောင် ရွတ်တတ်တာ မဟုတ်ဘူး"

ဟု ပိတ်ပြောလိုက်ပြီးမှ-

"ဒါနဲ့ နေစမ်းပါဦး၊ နင့်ကို ဘယ်သူက မြှောက်ပေးလို့ ဒီစကား လာပြောရတာလဲ"

"ဟို... လှထုံက အကြံပေးလို့ပါ"



မောင်ဝမှာ စိတ်တိုနေတဲ့ကြားထဲက ရယ်ချင်သွားမိ၏။ ရွှေကြည်ကိုလည်း သနားသွားသည်။

"ရွှေကြည်ရယ်၊ ဖြစ်မှ ဖြစ်ရလေ၊ လှထုံရဲ့ စကားကိုတောင် ယုံတယ်ဆိုတော့ နင်က ပိုပြီးထုံတဲ့ အ,တဲ့လူ ဖြစ်နေပြီပေါ့"

ထိုကိစ္စနှင့် ပတ်သက်ပြီး မောင်ဝက ကျော်ကွန့်ကို ပြောပြသည်။ ကျော်ကွန့်က သူ့မိန်းမ လှထုံကို ပြန်မေးတော့-

"ဟုတ်တယ်လေ... ကျွန်မက စေတနာနဲ့ ပြောတာ၊ မောင်ဝသာ ဂေါပကအဖွဲ့ထဲ ပါလာရင် အလှူငွေ ပိုရမှာပဲ၊ ဟုတ်ဘူးလား"

လှထုံသည် ထုံတယ်၊ အ,တယ် ဆိုသော်လည်း တစ်ချက်တစ်ချက်မှာတော့ ဆန်းသစ်သော အိုင်ဒီယာတွေ ထွက်လာတတ်သည်။

မောင်ဝသည် မဟုတ်မခံ စိတ်ရှိသူ၊ လူဖြောင့်စိတ်တို ဖြစ်၏။ အရင်ကဆိုလျှင် ထစ်ခနဲရှိ လက်ပါချင်တတ်သည်။ ထို့ကြောင့် ဆရာတော်ကြီးက လက်သီး အလှူခံထားရလေသည်။ ဒါတောင် တစ်ခါ တစ်ခါ ဘယ်ဘက်လက်ကို သုံးချင်သေးသည်။ ဒီလိုလူမျိုးကို ဘုရားဂေါပက လုပ်နိုင်းမယ်ဆိုတော့. . .

လှထုံရဲ့ အကြောင်းပြချက်က-

"မောင်ဝဆိုရင် လူတွေက လန့်ကြတယ်လေ၊ သူသာ အလှူငွေ လိုက်ကောက်ရင် မထည့်ဘဲ နေရဲကြမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့လည်း ဟုတ်သည်။ သာရေးနာရေးကိစ္စတွေအတွက် ရပ်ကွက်ထဲမှာ အလှူခံထွက်တဲ့အခါ မောင်ဝ ပါသွားလျှင် ငွေပိုရတတ်သည်။ လက်ပေါက်ကပ်တဲ့ လူမျိုးနဲ့ တွေ့တဲ့အခါ မောင်ဝက-

"ဘာလဲ... ခင်ဗျားတို့က နှစ်လုံး သုံးလုံး ထိုးဖို့ဆိုရင် ငွေ လေး ငါးရာလောက်ကို ပက်ခနဲ သုံးဖို့ ဝန်မလေးဘူး၊ ရပ်ရေးရွာရေးကျတော့ တစ်ရာတန်တောင် စုတ်တာ နွမ်းတာမှ ရွေးပေးတယ်၊ ဘာအချိုးလဲ"

ဟု ပိတ်ပေါက်ပစ်တတ်သည်။ များသောအားဖြင့်တော့ သူ့မျက်နှာကို မြင်လိုက်တာနဲ့ ဖျာဖျာသလဲ ဖြစ်သွားကြတာပါပဲ။

"တစ်ခုတော့ ရှိတယ်ဗျာ၊ အတင်းအကျပ် ခြိမ်းခြောက်ပြီးတော့ပဲဖြစ်ဖြစ်၊ အပေးအယူ လုပ်ပြီးတော့ပဲဖြစ်ဖြစ် အလှူခံတာမျိုး မလုပ်ကောင်းဘူး၊ ပြီးတော့ ကြောက်လို့ဖြစ်စေ၊ အကျိုးမျှော်ကိုးပြီးတော့ ဖြစ်စေ လှူရတဲ့ လူမှာလည်း ကုသိုလ် အပြည့်အဝ မရနိုင်ဘူးလို့ ဆရာတော် မိန့်တာ ကြားဖူးတယ်"

ဟု ကျော်ကြွန့်က လှထုံကို တတ်သလောက် မှတ်သလောက် ရှင်းပြရလေသည်။

□ □ □





ကိုကြီးငွေကတော့ အေးအေးဆေးဆေးပဲ။ သူက အခြေအနေတွေ အားလုံး တွက်ဆကြည့်ပြီးသား။ အသက်က ၄၆ နှစ်ဆိုတော့ မငယ်လွန်း၊ မကြီးလွန်း။ အတွေ့အကြုံ ရင့်ကျက်ပြီးဖြစ်သလို သွက်သွက်လက်လက် လှုပ်ရှားသွားလာနိုင်သေးသည်။ ဗဟုသုတနဲ့ ပြည့်စုံတဲ့ နေရာမှာလည်း မိမိထက် သာတဲ့လူ ခပ်ရှားရှားပဲ (ဟု သူ့ဘာသာ သတ်မှတ်ထားသည်)။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လစ်လပ်နေတဲ့ ဂေါပကအဖွဲ့ဝင် နေရာအတွက် ကိုကြီးငွေမှတစ်ပါး အခြားသူ မရှိ။ ရပ်ကွက်ထဲက လူအတော်များများကလည်း ဒီအတိုင်းပဲ သုံးသပ်ကြသည်။ စိတ်ဝင်စားသူ မရှိသလောက် ရှားပါးသော အလုပ် ဖြစ်သောကြောင့် တစ်ကြောင်း၊ ကိုကြီးငွေရဲ့ ဝါသနာကို သိထားကြသောကြောင့် တစ်ကြောင်း ဖြစ်လေ၏။

သူသည် ရပ်ကွက်ထဲမှာ ဟိုစပ်စပ် ဒီစပ်စပ် ပါလေ့ရှိ၏။ နေရာတကာမှာ ဆရာ လုပ်ချင်သည်။ သူသိ သူတတ် လုပ်ချင်သည်။ တကယ်တမ်း ခြေခြေမြစ်မြစ် သိတာတော့ မဟုတ်။ သို့တိုင်အောင် ရပ်ကွက်ထဲက လူအများစုမှာ သူ့လောက် မသိကြသဖြင့် ကိုကြီးငွေအဖို့ ဆရာကြီးဂိုက် ဖမ်းရန် အခွင့်သာနေလေသည်။

ထို့ကြောင့် ရပ်ကွက်ဘောလုံးအသင်းမှာ နည်းပြ ဖြစ်နေသည်။ မီးကင်းစောင့်တဲ့ ကိစ္စမှာလည်း သူပဲ ဝင်ပြီး ကြီးကြပ်စစ်ဆေးရသည်။ သင်္ကြန်တွင်း မုန့်လုံးရေပေါ် လုပ်တဲ့အခါမှာတောင် သူက နည်းစနစ်မျိုးအဖြစ် တာဝန်ယူရလေသည်။

ဒီတော့ ခုကိစ္စမှာလည်း သူ့အတွက် သေချာသလောက် ဖြစ်နေပြီ။ ကျွန်တော် လုပ်ချင်ပါတယ်လို့တော့ သူက စပြီး ဖွင့်မပြောဘူးပေါ့။ သူ့ကို သတိပြုမိအောင် လူကြီးတွေ အိမ်သွားလည်ပြီး လူလုံးပြတာ၊ လက်ဖက်ရည်ဆိုင် ထိုင်တဲ့အခါ ဘုရားစကား တရားစကားတွေ ပြောပြီး ဟန်ရေးပြတာတို့တော့ ရှိသည်။ ဘုန်းကြီးကျောင်းကိုလည်း အရောက်အပေါက် များလာသည်။



ကိုကြီးငွေ၏ ရှေ့တက်လမ်းကား ဖြောင့်ဖြူး၍နေလေပြီ ဟု ဆိုလျှင် 'ဒါဆို မသီးကို ဘယ်သွားထားမလဲ' ဟု ထောက်မေးမေးရပေလိမ့်မည်။

တကယ်တော့ ကိုကြီးငွေမှာ အလုပ်အကိုင်ဟူ၍ မည်မည်ရရ ရှိသူ မဟုတ်။ သူ့မိန်းမ မသီးကို မှီခိုနေရသူသာ ဖြစ်၏။ သားသမီးကလည်း မရှိတော့ ကိုကြီးငွေမှာ တာဝန်ပေါ့သည်။

မသီးက ငွေရှာတာတော့ အတော်ကျွမ်းသည်။ သူက ပစ္စည်းတွေ အပေါင်ခံတဲ့ အလုပ်ကို လုပ်သည်။ ဈေးချောင်ချောင်နဲ့ ရတဲ့အခါလည်း ဝယ်သည်။ ဘယ်ပစ္စည်းကို ဘယ်ဈေးနဲ့ ဖြတ်ပြီး ဝယ်ထားလျှင် အမြတ်အစွန်း ဘယ်လောက် ရနိုင်တယ် ဆိုတာ တွက်တတ်သည်။ ဒါတွင်မက ဈေးထဲက စိတ်ချရသော ပွဲကျဈေးသည်တွေကို နေ့ပြန်တိုးပေးသေးသည်။

ကိုကြီးငွေကတော့ နောက်က မေးလိုက်သူသာ ဖြစ်၏။ မသီး ခိုင်းသမျှ တောက်တိုမည်ရတွေ လုပ်ပေးရသည်။ သူတို့ လင်မယားမှာ မသီးကသာ ဦးဆောင်သူ ဖြစ်၏။ ဒီတော့ ကိုကြီးငွေသည် မသီး၏ ဩဇာကို နာခံရသည်။ ဒီကြားထဲကတောင် တစ်ချက်တစ်ချက် စိတ်ကူးတည့်ရာတွေ ထထလုပ်တတ်သည်။ လုပ်လိုက်ခိုင်

www.burmeseclassic.com

www.burmeseclassic.com

လည်း တလွဲတချော်တွေ၊ ငွေကုန်ပေါက်တွေ ဖြစ်သောကြောင့် မသီးက သူ့ယောက်ျားကို ဘယ်တော့မှ စိတ်မချ။

ကိုကြီးငွေသည် ဟိုစပ်စပ် ဒီစပ်စပ် လုပ်ချင်တတ်သော ဝါသနာ ရှိကြောင်းကိုလည်း နောကျေအောင် သိထားသည်။ မသီးက ကွက်ကျော် မြင်တတ်သူလည်း ဖြစ်သောကြောင့် ကိုကြီးငွေသာ ဂေါပကအဖွဲ့ထဲ ရောက်သွားလျှင် ဘယ်လိုနေမလဲ ဆိုတာ ခန့်မှန်းမိနေသည်။

ကိုကြီးငွေမှာ မသီး ပြောနေကျ စကားနဲ့ ဥပမာပေးရလျှင် 'အလုပ်က လွဲရင် ဘာမဆို လုပ်ချင်တယ်' ဆိုသူမျိုး ဖြစ်၏။ သူကိုယ်သူတော့ မိမိကိုယ်ကျိုးစီးပွားကို စွန့်လွှတ်ပြီး ရပ်ရေးရွာရေး ဆောင်ရွက်နေသူဟု အထင်ရောက်နေသည်။

သူသာ ဂေါပကအဖွဲ့ထဲ ရောက်သွားလို့ကတော့ အိမ်အလုပ်တွေ ဘာမှ နိုင်းလို့ရတော့မှာ မဟုတ်။ အပေါင်ဆုံးပစ္စည်းတွေ အဟောင်းဆိုင် သွားသွင်းနိုင်းတဲ့အခါ၊ ရပ်ကွက်ထဲမှာ အကြွေးလိုက်တောင်းနိုင်းတဲ့အခါ၊ ဈေးမှာ နေ့ပြန်တိုး သွားသိမ်းနိုင်းတဲ့အခါ-

"ဟာ… ငါ့လို ပုဂ္ဂိုလ်က ဒါမျိုးတွေ လျှောက်လုပ်ရင် သိက္ခာကျမှာပေါ့ကွ"

ဆိုပြီး အင်တင်တင် လုပ်လာနိုင်သည်။



ပြီးတော့-

"အဝတ်အစား သပ်သပ်ရပ်ရပ်ကလေးတော့ ဝတ်မှဖြစ်မယ်"

ဆိုပြီး တောင်းဆိုလာနိုင်သေးသည်။

ကိုကြီးငွေသည် ဝတ်ကောင်းစားလှလေးတွေကို ခုံမင်တတ်သူ ဖြစ်၏။ သို့ရာတွင် သူ့ခမျာ အဝတ်အစား အသစ်တွေကို ဘယ်တော့မှ ဝတ်ခွင့် မရခဲ့။ အပေါင်ဆုံး အထည်တွေထဲက သင့်တော်ရာကိုသာ မသီးက ရွေးပြီး စွန့်ကြဲလေ့ရှိ၏။

အသစ်တွေဆိုလျှင် ပြန်ရောင်းတဲ့အခါ ဈေးကောင်းရသဖြင့် ဝတ်ခွင့် မရှိ။ အပြင်သွားရင် ဝတ်ဖို့က ခပ်လတ်လတ်၊ အိမ်နေရင်းအတွက် ခပ်နွမ်းနွမ်းတွေသာ ခွဲဝေပေးတတ်သည်။ ထို့ကြောင့် ရပ်ကွက်ထဲမှ လူတွေက ကိုကြီးငွေကို 'မောင့်တစ်ပတ်နွမ်း' ဟု ခေါ်ကြသည်။ သူ့ရှေ့မှာ ဒါမျိုး ခေါ်မိလျှင် မျက်နှာ ရဲခနဲ ဖြစ်သွားတတ်၏။

တကယ်ဆိုတော့ သူတို့အိမ်မှာ သုံးနေသော ပစ္စည်းမှန်သမျှ အသစ် ဝယ်တာ တစ်ခုမှ မရှိ။ လျှပ်စစ်မီးပူ၊ တိုင်ကပ်နာရီ၊ ဒန်အိုး၊ စတီးဇလုံ၊ ထီးက အစ အပေါင်ဆုံးပစ္စည်းတွေသာ ဖြစ်၏။ သူကိုယ်တိုင်တောင်မှ အပေါင်ဆုံး ပစ္စည်းတစ်ခုများ ဖြစ်နေလေသလားဟု ကိုကြီးငွေ တစ်ခါ တစ်ခါ တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



မသီးအတွက်ကျတော့ကော ကိုကြီးငွေသည် ကိုယ့်အတွက်လည်း အသုံးမဝင်၊ ပြန်ရောင်းလို့လည်း မထွက်နိုင်သော ပစ္စည်းကြီးတစ်ခုလို ဖြစ်နေပေလိမ့်မည်။

ကိုကြီးငွေသည် အပေါင်ခံထားသော တိုက်ပုံအင်္ကျီတစ်ထည်ကို ဟိုတစ်ရက်က ယူကြည့်နေတာ တွေ့ရ၏။ မသီး အိမ်မှာ မရှိနိုက် တော်ခဲ မတော် ဝတ်ကြည့်မှာ သေချာသည်။

တိုက်ပုံက ကြက်ဥနှစ်ရောင်။ ကိုကြီးငွေ ကြိုက်တတ်သော အရောင်မျိုး။ သူက နုလည်း နုချင်သေးတာကိုး။ ထိုတိုက်ပုံသည် အပေါင်ဆုံးခါနီးပြီ ဖြစ်၏။ နောက် ၁၅ ရက်နေလို့မှ ပြန်မရွေးလျှင် ဆုံးပြီဟု ဝမ်နင်ပေးထားပြီး ဖြစ်သည်။ ဒီအကြောင်းကို (မသီး ခိုင်းလို့ ကိုယ်တိုင် သွားပြောရခြင်း ဖြစ်သောကြောင့်) ကိုကြီးငွေလည်း သိနေသည်။ အင်္ကျီက တော်တော်လေးလည်း လတ်နေသေးသဖြင့် ဝေါပကလောင်းကြီးက မျက်စိကျနေကြောင်း မသီးက ရိပ်မိသည်။

ကိုကြီးငွေကတော့ သူ့ အရွေးခံရမှာ 'ရှူးဝါးပဲ' ဟု တွက်ထားသည်။ တကယ်လည်း ဖြစ်နိုင်သည်။ မသီးကလည်း 'မဖြစ်ဘူး၊ ရအောင် တားရမယ်' ဟု တွေးသည်။ ကိုကြီးငွေကို တိုက်ရိုက်ဖွင့်ပြောပြီး ဟန့်တားလို့ မရ။ ခုဟာက ဘယ်သူကမှ တရားဝင် ထုတ်ပြောသေးတာ မဟုတ်။ ကိုယ့်အထင်နဲ့ ကိုယ် ခန့်မှန်းနေကြဆဲ ရှိသေးသည်။



တကယ်တမ်း လျှာထားလိုက်ပြီ ဆိုလျှင်လည်း ကန့်ကွက်ဖို့ အချိန်မီမှာ မဟုတ်တော့။ သင့်လည်း မသင့်တော်။ ကုသိုလ်ရတဲ့ အလုပ်လုပ်မှာကို ပိတ်ပင်လို့ မဖြစ်။ အလိုလိုကမှ မသီး ဆိုလျှင် လူတွေက အကောင်းပြောချင်ကြတာ မဟုတ်။ ပြီးတော့ လူကြီးတွေ ချမှတ်စီစဉ်တာကို ဆန့်ကျင်ဖို့ ခက်သည်။ ဘယ့်နှယ် လုပ်ရပါ့မလဲ။

မသီးက ဒါမျိုး ဆိုလျှင်တော့ အကြံက ထွက်လာတတ်သည်။ အညာကို ကိုင်တတ်ဖို့ အရေးကြီးကြောင်းကိုလည်း ကောင်းကောင်း သိသည်။ ဒီကိစ္စမှာ အဓိကကျသူက ဦးကုလားပင် ဖြစ်၏။ တကယ်လို့ ဦးကုလားကသာ ဂေါပကအဖွဲ့ဝင်အဖြစ်မှ နုတ်မထွက်တော့ဘူးဆိုလျှင် . . . ဒါမှမဟုတ် ကိုကြီးငွေအပေါ် ထောက်ခံချက် မပေးဘူး ဆိုလျှင် . . .

www.burmeseclassic.com

အပေါင်ဆုံးထားသော ပုဆိုးတွေထဲမှာ အသစ် တစ်ထည် ပါသည်။ ရှားစေးရောင် အကွက်ကျဲ ဖြစ်သောကြောင့် လူကြီးနှဲ့လည်း လိုက်ဖက်သည်။ နမြောစရာတော့ ကောင်းသား။ သို့ရာတွင် ရင်း သင့်တာကိုတော့ ရင်းရတော့မှာပဲ။ ပြီးတော့ ကိုကြီးငွေကလည်း ဒီပုဆိုးကို မျက်စောင်းထိုးနေခဲ့သေးတာကော။

"ဟော… မသီးပါလား၊ မလာစဖူး အလာထူးလှချေလား"

ဟု ရုပ်ရှင်တွေထဲကလို ပြောမနေတော့ဘဲ-

"ဘာကိစ္စလဲဟေ့"

လို့သာ ဦးကုလားက တိုက်ရိုက် မေးလိုက်သည်။ မသီးဟာ ကိစ္စတစ်ခုခု မရှိဘဲ လာလေ့မရှိ။ ကိစ္စဆိုရာမှာလည်း သူ့အကျိုး အတွက်သာ ဖြစ်ဖို့များကြောင်း သိပြီးသား။

မသီးက ခပ်ယို့ယို့ ဝင်ထိုင်လိုက်ရင်း-



"ဦးလေးကို လာကန်တော့တာပါ"

ဟု ပြောလိုက်သည်။ ဦးကုလား မျက်ခုံးအနည်းငယ် ပင့် သွားသည်။ ဒါမှ တကယ် အလာထူးတာပဲ။

ဦးကုလားသည် ခပ်တုံးတုံး မဟုတ်။ မသီး တစ်ခုခု လိုချင်လို့ လာခြင်း ဖြစ်ကြောင်း တပ်အပ် သိသည်။ ဘာကိစ္စဖြစ်မလဲ။ ငွေချေးဖို့တော့ မဖြစ်နိုင်။ လောလောဆယ် တွေးလို့ရတာကတော့ ကိုကြီးငွေ ကိစ္စပဲ ဖြစ်ရမည်။

ဒီနေရာမှာ နားမလည်နိုင်စရာ အချက်ကလေးတွေ ရှိလာသည်။ ဂေါပကအဖွဲ့ဝင် ဆိုတာက ဘာအကျိုးအမြတ်မှ ရှိသော အလုပ် မဟုတ်။ အခန့်မသင့်ရင် ကိုယ့်အိတ်ထဲကတောင် စိုက်ရသော စေတနာ့ဝန်ထမ်းသက်သက် အလုပ်သာ ဖြစ်၏။ မသီးလို ကိုယ့်အတွက် မကျန်လျှင် ဘာမှမလုပ်ချင်တတ်သူမျိုးအတွက် မက်မောလောက်စရာ မရှိ။ ပြီးတော့ ဒီနေရာကို ကိုကြီးငွေ ရဖို့ အခွင့်အရေးက သေချာသလောက်နီးပါး ရှိနေသည်။ လိုက်ပြီး စည်းရုံးနေစရာ၊ ချဉ်းကပ်နေစရာ မလို။ မသီးမှာ ဘာအကြံအစည်များ ရှိနေသလဲ။

ဦးကုလား မျက်ခုံး ပင့်လိုက်ပုံ၊ တစ်စုံတစ်ခု စဉ်းစားရင်း တွေသွားပုံကို မသီးကလည်း ရိပ်မိသည်။ ဘာပစ္စည်းနဲ့ လာကန်တော့ တယ်ဆိုတာ မြင်သာအောင် ကြွပ်ကြွပ်အိတ်ထဲက ပုဆိုးကို ထုတ်ပြီး စားပွဲပေါ် တင်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း လာမယ် လာမယ်နဲ့ဟာ၊ ကိစ္စတွေက ပေါ် ပေါ်လာလို့ ဟိုတစ်ညကတော့ ဦးလေးကို အိပ်မက် မက်တော့မှ ဦးလေးဆီ မရောက်ဖြစ်တာ ကြာပါပကောလား ဆိုပြီး လာခဲ့တာ"

လူကြီး လုပ်တဲ့လူ ဆိုတာ အကင်းပါးရသည်။ ကန်တော့တဲ့ လက်ဆောင်ပစ္စည်း အမျိုးအစား၊ တန်ဖိုးပေါ် မူတည်ပြီး တောင်းလာမယ့် အကူအညီရဲ့ အတိမ်အနက်ကို ခန့်မှန်းတတ်ရသည်။ ဦးကုလားသည် မသီး ယူလာသော ပုဆိုးကို အကဲခတ်ကြည့်လိုက်၏။

တံဆိပ်ကတော့ သိပ်နာမည်ကြီးထဲက မဟုတ်။ အသားနှင့် အဆင်အသွေးကတော့ မဆိုးလှ။ မသီး ယူလာတယ် ဆိုကတည်းက အပေါင်ဆုံးပစ္စည်း ဖြစ်နိုင်သည်။ ဒီအချက်ကို သက်သေခံနေတာကတော့ ပုဆိုး ထည့်ထားသော ပလတ်စတစ်အိတ်က အသစ်လို ပြောင်မနေဘဲ နည်းနည်းကျေပြီး မှုန်မှိုင်းမှိုင်း ဖြစ်နေခြင်းနှင့် သိမ်းထားတာ ကြာလို့ ပုဆိုးပေါ်က ကော်သား တစ်နေရာမှာ မှိုစွဲနေသော အကွက်တစ်ကွက်ကို မြင်ရခြင်းတို့ ဖြစ်၏။

'ဒါကတော့ သိပ်အရေးမကြီးပါဘူး၊ နေပူလှန်းပြီး မီးပူကောင်းကောင်းထိုးလိုက်ရင် ရတာပဲ'

ဟု တွေးနေရာက-

'ဟယ် . . . ကြည့်စမ်း၊ စိတ်ကို နည်းနည်းလေး လွှတ်လိုက်တာနဲ့ လိုချင်တပ်မက်တဲ့ လောဘ သဏ္ဍာယဒိဋ္ဌိက အလျှင်အမြန်



ဝင်ရောက်စွဲကပ်လာတော့တာပဲကိုး... အင်း... အသိ သတိ၊ အသိ သတိ...'

ဆိုပြီး စိတ်ကို ပြန်ထိန်းလိုက်ရသည်။ ဒီအကြောင်း ဦးဖိုးဖြော့သာ သိသွားလျှင် ခနဲ့ပေဦးတော့မည်။ ထို့ကြောင့် ပုဆိုးပေါ်မှ အကြည့်ကို လွှဲဖယ်လိုက်ပြီး-

"ဒါနဲ့ ကြီးငွေတစ်ယောက်လည်း ပါမလာပါလား"

ဟု မေးလိုက်သည်။ မသီးမှာ အကွက်ဝင်လာသဖြင့်-

"သူ့အကြောင်းတော့ မပြောချင်ပါဘူး ဦးလေးရယ်"

ဟု စကား စ, လိုက်သည်။

"ဟော... ဘာဖြစ်လို့လဲ"

"ဦးလေးတူက ငယ်ကျင့်တွေ ပြန်ပေါ်ချင်နေပြီလေ"

"ဘာဖြစ်လို့လဲဟ၊ ဒီကောင် ရှုပ်ရှုပ်ယှက်ယှက်တော့ လုပ်မယ် မထင်ပါဘူး"

"အဲဒီလို ရှုပ်တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူက နုတစ်လော သိပ်ရှိုးထုတ်တာပဲ၊ ဝတ်ကောင်းစားလှ ဝတ်ပြီး ဈေးဘက်ကို အကြောင်းမရှိ အကြောင်းရှာ လမ်းသလားတတ်တယ်၊ ဟိုမိန်းမကလည်း မုဆိုးမသာ ဆိုတယ်၊ မြင်တတ် ဆင်တတ်တော့ ရုပ်ထွက်တာပေါ့၊ ကိုကြီးငွေကို ပြန်ဖမ်းချင်နေလား မသိဘူး"

ဈေးထဲက ငါးပိသည် အမျိုးသမီးမှာ ကိုကြီးငွေ ငယ်ငယ်က ကိုစာကလေးနှင့် ပြိုင်ပြီး ချဉ်းကပ်ကြိုးစားခဲ့ဖူးသူ ဖြစ်၏။ နောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ နှစ်ယောက်စလုံးနှင့် မငြိဘဲ တခြား တစ်ယောက်နှင့် လိုက်ပြေးသွားခဲ့သည်။ ခုတော့ သူ့ယောက်ျား ဆုံးသွားတာ သုံး လေးနှစ်ရှိပြီ။

"ဒီကောင် ဒီလောက် မမိုက်ပါဘူးဟ"

ဦးကုလားက ဖြေပြော ပြောတော့-

"ဒါတင်မကသေးဘူး ဦးလေးရဲ့၊ ငယ်ကျွင်တွေဆိုတဲ့ နေရာမှာ ကြက်တိုက်တာလည်း ပါတယ်"

"ဟော... ကြက်ဝိုင်းတွေက ရှိသေးလို့လား"

"ကျိတ်ဝိုင်းလေးတွေတော့ ရှိမှာပေါ့၊ အဲဒါ ဦးလေး သိထားရအောင် ပြောတာပါ"

ဦးကုလားသည် ရည်ရွယ်ချက်ကို အကဲဖမ်းဖို့ ကြိုးစားနေစဉ် မသီးက စကားဆက်သည်။

"ဒါနဲ့ ဦးလေးလည်း ဂေါပကအဖွဲ့က ထွက်တော့မလို့ဆို"

"အေး... ဟုတ်တယ်"

"စဉ်းစားပါဦး ဦးလေးရယ်... ဂေါပကအဖွဲ့ထဲမှာ ဦးလေးလို ပုဂ္ဂိုလ်မျိုး တစ်ယောက် ရှိမှ ဖြစ်မှာပေါ့"

"မလုပ်ချင်တော့ပါဘူးကွယ်၊ ဒါကြောင့် ငါ့နေရာမှာ တစ်ယောက် အစားထိုးဖို့..."

မသီးက စကားကို အတင်းဖြတ်ပြီး ဝင်ပြောသည်။



"ဦးလေး နေရာမှာ တော်ရုံလူ အစားထိုးလို့ ဘယ်ဖြစ်မလဲ၊ အသောက်အစား လောင်းကစားလည်း ကင်းပါဦးမှ၊ လက်ကြောမတင်းဘဲ လတ်လျားလတ်လျား လုပ်တတ်တဲ့လူ ဆိုရင်လည်း မဖြစ်ဘူး၊ ကျွန်မတော့ ဦးလေး နေရာကို ဝင်ဖို့ တန်တဲ့လူ မမြင်ပေါင်"

ဦးကုလားသည် ခပ်တုံးတုံး မဟုတ်သောကြောင့် မသီး၏ ရှေ့စကား နောက်စကားတွေကို ဆက်စပ်ကြည့်ပြီး သဘောပေါက်သွား၏။ လက်စသတ်တော့ ကိုကြီးဌေးကို ဂေါပကအဖွဲ့ထဲမှာ မထည့်ဖို့ လာပြီး ကန့်ကွက်နေတာပါလား။

ဒါမျိုး တစ်ခါမှ မကြားဖူးသေး။ အလုပ်ခန့်ဖို့၊ ရာထူးတိုးပေးဖို့ ချဉ်းကပ်တယ် ဆိုတာသာ ရှိသည်။ ရာထူးမှာ ခန့်အပ်ခြင်း မပြုဘဲ ငြင်းပယ်လိုက်ဖို့ လာပြီး လာဘ်ထိုးတယ် ဆိုတာကတော့ အတော် ထူးဆန်းပေတာပဲ။

□

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်နဲ့ စိတ်ချလို့ မရသေး။ ထို့ကြောင့် မသီးသည် ဦးကုလားကို ပြောခဲ့သော စကားကို သက်သေထူဖို့ စီစဉ်သည်။ တစ်ရက်မှာ သူက ကိုကြီးငွေကို ပြောသည်။

"ဒီမှာ ကိုကြီးငွေ… ညနေတုန်းက ကျွန်မ ရှင့်ဈာတာကို သွားစစ်ကြည့်တယ်၊ ခုရက်ပိုင်း နည်းနည်း ညံ့နေတယ်တဲ့၊ အဲဒါ ယတြာချေရမယ်၊ ဒီတော့ ရှင် ဈေးထဲက ခါလစ်တို့ ဆိုင်ကို သွားပြီး ကြက်အရှင်တစ်ကောင် ငှားခဲ့"

"ဟင်… ငှားရမယ်"

"ဟုတ်တယ်၊ ကျုပ် ပြောထားပြီးပြီ၊ ကိစ္စပြီးရင် ပြန်ပေးမယ်လို့၊ ကြက်ဖနော်၊ အမွေးအတောင် လှလှကို ရွေးယူခဲ့"

"အဲဒါကို ဘာလုပ်ရမှာတုံး"



"အဲဒီကြက်ဖကို ပိုက်ပြီးတော့ ညောင်ပင်လမ်းခွဲကနေ ဘုရားအထိ အသွား အပြန် သုံးခေါက်၊ မနက် တစ်ခါ၊ နေ့လယ် တစ်ခါ၊ ညနေ တစ်ခါ၊ စုစုပေါင်း ကိုးခေါက်တိတိ လျှောက်ရမယ်"

"ဟာကွာ… နင်ကလည်း ဦးဖိုးမြော နိုင်းတိုင်း လျှောက်လုပ်ရသလား၊ ပေါက်ကရတွေ"

"ဦးဖိုးမြော နိုင်းတာလို့ ရှင့်ကို ဘယ်သူက ပြောလဲ၊ သူလို ပါချီပါချက် မဟုတ်ဘူး၊ သရက်တောက ဆရာထွန်းကိုယ်တိုင် ပေးထားတဲ့ ယတြာ၊ ဘာမှတ်သလဲ"

အမှန်ကတော့ ဒါတွေဟာ မသီးရဲ ဆင်လုံးသက်သက်သာ ဖြစ်၏။ နာမည်ကြီး ဗေဒင်ပညာရှင် ဆရာထွန်းမှာ အသုံးချခံလိုက်ရခြင်းမျှသာ။

မသီး၏ အကြံအစည်မှာ ကိုကြီးငွေ ကြက်ကြီး ပိုက်ပြီး ရပ်ကွက်ထဲ လျှောက်သွားနေတာကို လူတွေ မြင်တွေ့သွားစေလိုခြင်း ဖြစ်၏။ ညောင်ပင်ကနေ ဘုရားထိ သွားခိုင်းရတဲ့ အကြောင်းက ထိုလမ်းကြောင်းပေါ်မှာ ဦးကုလား အိမ် ရှိသောကြောင့် ဖြစ်၏။ ခေါက်တုံ့ခေါက်ပြန် သုံးကြိမ် သုံးခေါက်စီ လျှောက်ခိုင်းရတာကလည်း ဦးကုလား မမြင်မိဘဲ ရှိမှာ စိုးသောကြောင့် သေချာအောင် လုပ်ခဲ့ခြင်း ဖြစ်၏။ ဒါမှလည်း ကိုကြီးငွေ ကြက်တိုက်တဲ့ အလုပ် ပြန်လုပ်

www.burmeseclassic.com



နေပြီဟု ဦးကုလားအား ပြောခဲ့သော စကားကို သက်သေပြရ ရောက်မယ် မဟုတ်လား။

ကိုကြီးငွေဘက်က ကြည့်ပြန်တော့လည်း ယတြာချေလိုက်လျှင် ညှံ့နေတာတွေ ပပျောက်ပြီး လူအများ၏ ရိုသေလေးစားခြင်း ခံရသူတစ်ယောက် ဖြစ်လာလိမ့်မည် ဆိုသော အချက်မှာ မက်လောက်စရာပင် ဖြစ်၏။ ပြီးတော့ မသီး နိုင်းတဲ့ကိစ္စ ဆိုလျှင် ငြင်းဆန်ဖို့ မလွယ်တာကလည်း တစ်ကြောင်းကြောင့် . . .

ကိုကြီးငွေ ကြက်ကြီး ပိုက်ပြီး လျှောက်သွားနေတာကို မြင်တော့-

“ဘယ်လို ဖြစ်တာလဲ ကိုကြီးငွေ၊ အဲဒီကြက်ကြီးက…”

ဟု တချို့က မေးကြသည်။ ကိုကြီးငွေမှာ အမှန်အတိုင်း ပြောပြဖို့ ခက်နေသည်။ ယတြာချေတာတွေ ဘာတွေဟာ အလကားပါ၊ သိပ္ပံနည်းမကျပါဘူး၊ ဘာညာနဲ့ လေလုံးထွားခဲ့ဖူးသဖြင့် သူကိုယ်တိုင် ဒါမျိုးတွေ လုပ်နေကြောင်း လူသိမှာ ရှက်သည်။ ထို့ကြောင့်-

“ဒီလိုပါပဲ… ဟဲ ဟဲ”

ဟု မရေမရာ ပြောတော့ မသင်္ကာစရာ ဖြစ်လာသည်၊ အမှန်အတိုင်း ပြောမယ် ဆိုရင်တောင် လူတကာကို လိုက်ရှင်းပြလို့ ရတာ မဟုတ်။



‘ဒီကြက်ကြီးက ယတြာချေတာပါဗျို့’

လို့ လျှောက်အော်ရင်လည်း ငပေါကြီး ဖြစ်ရုံသာ ရှိမည်။ ဦးကုလားကလည်း ကိုကြီးငွေကို မြင်သွားပြီး မသီး ပြောတာ ဟုတ်နေပြီ ထင်တယ်ဟု ဧဝေဇဝါ ဖြစ်သွားလေသည်။

ဒီလောက်နဲ့ ကျေနပ်နေလို့ မဖြစ်သေး။ နောက်တစ်မျိုး ထပ်ပြီး ကြံစည်ရပြန်သည်။ ပွကြီး၏ ထန်းရည်တဲကို သွားပြီး-

“ပွကြီးရေ… နင့်ဆီမှာ တောအရက်ကောင်းကောင်းလေး များ မရှိဘူးလား”

ဟု မေးသည်။ ပွကြီးက-

“ဟာ၊ ကျွန်တော်က ထန်းရည်သန့်သန့်လေးပဲ ရောင်းတာပါဗျ၊ အပြင်း ရောင်းလို့ ဘယ်ရမလဲ၊ လိုင်စင်မှ မရှိတာ”

“အေးပါ၊ ငါ သိပါတယ်၊ နင်က ထန်းရည် ရောင်းနေတာ ဆိုတော့ အဆက်အသွယ်များ ရှိမလားလို့”

“နေစမ်းပါဦး၊ အစ်မက တောအရက် ဘာလုပ်ဖို့လဲ”

အစတုန်းကတော့ ကိုကြီးငွေအတွက် လာဝယ်တာလို့ ပြောမယ် စိတ်ကူးမိသေးသည်။ ပွကြီးက ယုံချင်မှ ယုံမည်။ သူတို့က ကိုကြီးငွေနှင့် ပေါင်းနေသော အတွင်းသိတွေ။ ကိုကြီးငွေက တစ်ခါတစ်ရံ တစ်ခွက် တစ်ဖလားလောက် မြည်းရုံကလွဲပြီး အရက်သောက်တတ်သူ မဟုတ်။ ပဲတေးတို့ ဝိုင်းဖွဲ့တဲ့အခါ သူက အမြည်းဝင်စား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပတေး မိန်းမ ဘာနူး ချက်တဲ့ ဆိတ်ခေါင်းဟင်းကလည်း တော်တော်ကောင်းတာကိုး။ ပတေးတို့က–

"ဆိတ်ခေါင်းက အရက်နဲ့ မြည်းဖို့ ချက်ထားတာဗျ၊ ကိုကြီးငွေက အမြည်းတွေချည်း စွတ်နှိုက်စားနေတာကိုး၊ ခင်ဗျားတစ်ယောက်တည်းနဲ့ အိုးတစ်ဝက်လောက် ကုန်နေပြီ၊ ဒီတော့ ကျွေးရတာ တန်အောင် တစ်ခွက်လောက်တော့ သောက်ဗျာ"

ဟု အကျပ်ကိုင်တတ်သည်။ ကိုကြီးငွေမှာ ဘာနူး ကိုယ်တိုင် ကြိတ်ထားတဲ့ မဆလာနံ့ သင်းနေသော ဆိတ်ခေါင်းဟင်း၏ ဖြားယောင်းမှုကြောင့် ဘီအီး အကြမ်းပန်းကန် တစ်ဝက်စာလောက်ကို ရှုံ့ရှုံ့မဲ့မဲ့ ကြိတ်မှိတ် မျိုချလိုက်ရသည်။ ထူပူပြီး မျက်လုံးထဲက ဝင်းခနဲ လက်သွားသည် ထင်ရ၏။ ခဏအကြာမှာပင် ဦးခေါင်းတစ်ခုလုံး ထုံကျဉ်ပြီး ကိုယ်တွေ လက်တွေ လေးလံထိုင်းမှိုင်းလာသည်။

ကိုကြီးငွေမှာ ဆိတ်ခေါင်းဟင်းကိုတောင် ကုန်အောင် မမျိုနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားသည်။ ဘယ်လိုမှ ပြန်နိုးလို့မရတော့သဖြင့် မောင်ဝက ထမ်းပြီး အိမ်ပြန်ပို့ပေးလိုက်ရ၏။ နောက်နေ့မနက်ကျတော့ အရေပြားပေါ်မှာ အနီဖုတွေ ထွက်လာပြီး တစ်ကိုယ်လုံး မနေနိုင်အောင် ယားယံနေသည်။ ကိုကြီးငွေ၏ သွေးက အယ်လ်ကိုဟောနှင့် မတည့်တဲ့ သဘော။ ထိုအခါမှစပြီး ကိုကြီးငွေသည် အရက် မသောက်ရဲတော့။



ဒီအကြောင်းတွေကို ပွကြီး ကောင်းကောင်းသိသည်။ ထို့ကြောင့် မသီးက ကိုကြီးငွေအတွက်ဟု မပြောဘဲ–

"ငါ ညည ခြေထောက်တွေ ကိုက်ကိုက်နေလို့ဟ၊ အဲဒါ မီးတောက်အရက်ထဲကို ဆင်တုံးမနွယ် စိမ်ပြီး လိမ်းရတယ်ဆိုလို့ နင့်ဆီ ရှိမလား လာမေးတာ"

"ကျွန်တော့်ဆီမှာတော့ မရှိဘူး၊ ဒီလိုလုပ်လေ၊ မနက်ကျရင် ရွာမှာ အမဲခြောက် သွားယူစရာ ရှိတယ်၊ မီးတောက် တောအရက် တစ်လုံး ဆွဲခဲ့ပေးမယ်၊ နက်ဖြန် ညနေ လာပို့ပေးမယ်"

"လာမပို့ပါနဲ့ဟယ်၊ တကူးတကကြီး၊ ကိုကြီးငွေကို ယူခိုင်းလိုက်ပါ့မယ်"

နောက်တစ်နေ့ကျတော့ ကိုကြီးငွေသည် အရက်ပုလင်းကြီး ကိုင်ပြီး ရပ်ကွက်ထဲ လျှောက်အလာ လမ်းမှာ တွေ့တဲ့ လူတွေက–

"ဘာပုလင်းကြီးလဲဗျ"

ဟု မေးကြသည်။

"အရက်ပုလင်းကွ၊ မသီးအတွက် လိမ်းဆေးဖော်ဖို့"

ကိုကြီးငွေမှာ လူတိုင်းကိုတော့ အပြည့်အစုံ မရှင်းပြနိုင်။ တချို့ကိုကျတော့ 'အရက်ပုလင်းပါကွာ' ဟူ၍သာ ပြောနိုင်သည်။ ဒါမျိုးက မမေးဘဲနဲ့ လျှောက်ကြေညာလို့ ရတာလည်း မဟုတ်။ ထို့ကြောင့် ကိုကြီးငွေတစ်ယောက် အရက်ပုလင်းဟု ယူဆရသော

www.burmeseclassic.com



အရာကို ကိုင်လျက် လျှောက်သွားသည် ဆိုသော အချက်ကသာ ယေဘုယျအားဖြင့် ပေါ်လွင်ထင်ရှားလေသည်။

ဒီလောက်နဲ့ မကျေနပ်သေးဘဲ ပိုပြီးခိုင်လုံအောင် မသီးက ထပ်ပြီး အကွက်ဆင်သေးသည်။ မနက် စောစောမှာ ပဲပြုတ်သည်ကြီး ဒေါ်မှိန်၏ အော်သံ လှမ်းကြားရတာနဲ့ အချိန်ကိုက်ပြီး အိမ်ရှေ့ရေစည်ဘေးမှာ သွားထိုင်နေလိုက်သည်။ အိမ်ရှေ့ကို ဒေါ်မှိန် ဖြတ်လျှောက်လာနိုက်တွင် အဆင်သင့် ရေစိမ်ထားသော ကိုကြီးငွေ၏ အင်္ကျီနှင့် ပုဆိုးကို လျှော်ဖွပ်ဟန် ပြုနေသည်။

"ဟဲ့ မသီး… စောစောစီးစီး အဝတ်တွေ လျှော်နေပါလား"

မသီးက နှာခေါင်းကို တမင်ရှုံ့ထားရင်းက-

"ဟုတ်တယ် ဒေါ်မှိန်ရေ၊ ညက ကိုကြီးငွေ အန်ထားတာလေး၊ အင်္ကျီတွေရော၊ ပုဆိုးတွေရော အကုန်လုံး ပေပွန်းစော်နေတာပဲ"

"ဟင်… ဘာဖြစ်တာလဲ၊ အစားမှားလို့ အထက်လှန် အောက်လျှော ဖြစ်တာလား၊ အင်း… ဒီကောင်ကလည်း အစားက သောင်းကျန်းသကိုး"

"အစားမှားတာ မဟုတ်ဘူး၊ ဒါ ဒါ…"

မသီးက လက်မကို ထောင်၊ ပါးစပ်နား တေ့ပြီး ပုလင်းမော့ဟန် လုပ်ပြသည်။ ဒေါ်မှိန်က-



"ကြီးငွေ သောက်တတ် စားတတ်တယ်လို့လည်း မကြားမိပါဘူး"

"ဒေါ်မှိန့်တို့က ဘယ်သိမလဲ၊ သူက လူမြင်သူမြင် သောက်တာ မဟုတ်ဘူး၊ ခွက်ပုန်းလေ"

ဒေါ်မှိန် ခဏ တွေနေသည်။ ထို့နောက် ခေါင်းတညိတ်ညိတ် လုပ်ရင်း ထွက်သွားသည်။ သူ၏ ခြေလှမ်းများမှာ ပုံမှန်ထက် ပို၍ သွက်လက်နေကြောင်း သတိပြုမိသဖြင့် မသီး ကျေနပ်စွာ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဒီ မိန်းမ တော်တော်အကျင့်ယုတ်တယ်’

ဟု ကိုကြီးငွေ အသံတိတ် ရေရွတ်မိ၏။ မသီး ဘယ်အချိုးချိုးတယ် ဆိုတာ မသိဘဲ နေပါ့မလား။ လင်မယားချင်းပဲဥစ္စာ။ မိမိကို တမင်သက်သက် နာမည်ပျက်အောင် လုပ်နေတာဟာ ‘ဟိုက်ကိစ္စ’ အလုပ်မဖြစ်အောင် ကြားကာဝင်ပြီး ကဖျက်ယဖျက် လုပ်တာပဲ နေမှာပဲ။



ဒီတော့ကာ ကိုယ်ကလည်း ပညာခန်းလေးတွေ ပြန်ပြလိုက်ရဦးမှာပေါ့။

ဒီလိုနဲ့...

တစ်ရက်မှာ ကိုကြီးငွေ မရှိတဲ့အခိုက် သူတို့ အိမ်သို့ လူတစ်ယောက် ရောက်လာသည်။

“ဒါ... ဦးကြီးငွေတို့ အိမ်ပါလား ခင်ဗျာ”

“ဟုတ်ပါတယ်၊ ဘာကိစ္စများ ရှိလို့ပါလဲ”

“မေးစရာလေး တစ်ခု ရှိလို့ပါ”

“မေးစရာရှိလို့”

ဟု ဆိုသဖြင့် မသီး ထိတ်ခနဲ ဖြစ်သွားသေးသည်။ ပြီးမှ–

“သြော်... ဟုတ်ကဲ့၊ ဝင်ပါ၊ ထိုင်ပါဦး”

ဟု အိမ်ထဲကို ဖိတ်ခေါ်လိုက်ရသည်။ လူပုံကိုလည်း အကဲခတ်ကြည့်လိုက်သည်။ လူလတ်ပိုင်းအရွယ် ဖြစ်၏။ ပဝေးတို့လို ကပြားပုံပေါက်သည်။ သပ်သပ်ရပ်ရပ် ဝတ်စားထားသည်။ သားရေအိတ် အလတ်စား တစ်လုံးကို ကိုင်ထားသည်။ ခါးမှာ ခပ်သေးသေး၊ ရှည်မျောမျော အိတ်တစ်လုံးကို ချိတ်ထားသည်။ ပုံစံကတော့ သားသားနားနားပဲဟု မှတ်ချက်ပြုမိ၏။

“ဘာများ မေးစရာ ရှိလို့ပါလဲ”

မသီးက မရဲတရဲ ထပ်မေးလိုက်သည်။ ညွှသည်က–

www.burmeseclassic.com

www.burmeseclassic.com



"သြော်… ဒီလိုပါ၊ အစ်မကြီးတို့ဆီမှာ ဟန်းဖုန်းတစ်လုံး ရောင်းစရာ ရှိတယ် ကြားလို့"

"ရှင်…"

"အဲ အဲ… လက်ကိုင်ဖုန်းလေ၊ ဂျီအက်စ်အမ်ဖုန်းကို ပြောတာ"

မသီး အူကြောင်ကြောင် ဖြစ်သွားပြီး-

"ဟာ… မဟုတ်ပါဘူး၊ ကျွန်မတို့မှာ ဖုန်းမှ မရှိဘဲ"

"ကျွန်တော် စကားပြော လောကြီးသွားလို့ပါ၊ ကျွန်တော် ဆိုလိုတာက ဖုန်းပါမစ် ကိစ္စ"

"ဖုန်းပါမစ်"

မသီး ဇဝေဇဝါ ဖြစ်လာသည်။ အတွေးတွေလည်း ယောက်ယက်ခတ်သွား၏။ တစ်ခုခုပဲ မှားယွင်းနေသလား။ ဒါမှမဟုတ် အတည်ပေါက်နဲ့ လာလိမ်နေတာလား၊ ဒါမှမဟုတ်…

"ဒါ… ဒါ… ဒါနဲ့ နေစမ်းပါဦး၊ ဖုန်းပါမစ်ကိစ္စနဲ့ ကျွန်မတို့က ဘယ်လို ပတ်သက်နေလို့လဲ၊ အိမ်များ မှားပြီး…"

"မမှားပါဘူး၊ ဒါ ဦးကြီးငွေ ဒေါ်သီးတို့အိမ် မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့…"

ညို့သည်က လက်ကိုင်ဖုန်း ထည့်ထားဟန် တူသော ခါးမှာ ချိတ်ထားသည့် သားရေအိတ်ရှည်ကလေးကို ပွတ်နေပြီးမှ-



"အင်း… ကျွန်တော်တို့အနေနဲ့ အလုပ်သဘောအရ အသိအကျွမ်း ရှာထားရတယ်လေ၊ ဆက်သွယ်ရေးဌာနမှာ ရှိတဲ့ အပေါင်းအသင်း တစ်ယောက်ဆီက အတွင်းသတင်းလေး ရထားလို့"

"အတွင်းသတင်း…"

မသီး အသံက နည်းနည်းကျယ်သွားသည်။ သူများတွေ ကြားသွားမလားလို့ ဟိုဟိုဒီဒီ ယောင်ပြီး ကြည့်မိသေးသည်။ ညို့သည်က-

"ဟုတ်ပါတယ်၊ ဘုရားဒေါ်ပကာအဖွဲ့ဝင်တွေကို ဂျီအက်စ်အမ် ဖုန်းတွေ ချပေးမယ်ဆိုတဲ့ သတင်းပါ"

"ဟင် ဟုတ်လား၊ အဲ… ဒါပေမဲ့ ကိုကြီးငွေက ဟိုဒင်း… အဲဒီအဖွဲ့ထဲမှာမှ မပါသေးဘဲ"

"ဒါပေမဲ့ လျှာထားပြီးသား မဟုတ်လား၊ ဒါကြောင့် ကြိုကြိုတင်တင် လာပြောထားတာပါ"

"နေပါဦး၊ မင်း… အဲ… မောင်လေး… မဟုတ်ပါဘူး၊ ဆရာလေးက ကိုကြီးငွေအကြောင်း ဘယ်လို သိသလဲ၊ ဒီကို ဘယ်သူက ညွှန်လိုက်တာလဲ"

ညို့သည်က ပြောရခက်ဟန် ခေါင်းကုတ်နေပြီးမှ-

"ကျွန်တော်တို့ အရောင်းအဝယ်သမား ဆိုတာက ဒီလိုပါပဲ အစ်မကြီးရာ၊ အလုပ်ဖြစ်မယ် ထင်ရင် မရ ရအောင် လိုက်စုံစမ်းရ

www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ၊ တစ်ခါတလေ ချောင်ကြိုချောင်ကြားက ရွာလေးတွေထိ ဟိုမေး ဒီစမ်းနဲ့ လိုက်ရတဲ့အခါမျိုးတောင် ရှိတယ်''

ထို့နောက် ညွှန့်သည်က အိတ်ထဲက ကတ်ပြားလေးတစ်ခု ကို ထုတ်ပေးသည်။

''ဒါ ကျွန်တော့် လိပ်စာကတ်ပါ၊ အကြောင်းထူးရင် ဆက်သွယ်လိုက်ပါ၊ ကျွန်တော် ဈေးမှန်အတိုင်း ပေးပါ့မယ်၊ ကဲ… ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဪ… အစ်မကြီးရဲ့ အမျိုးသားကိုလည်း သေသေချာချာ ရှင်းပြထားပေးပါနော်၊ ကျွန်တော်လည်း အခြေအနေ ထပ်သိရရင် လာခဲ့ပါဦးမယ်''

ဟု နှုတ်ဆက်ပြီး ထွက်သွားသည်။ သူ ပေးခဲ့သော ကတ်ပြားလေးကို ကြည့်လိုက်သောအခါ-

ငွေသိန်း (ခ) ဖိုင်စယ်

(အီလက်ထရွန်နစ်ပစ္စည်း ရောင်းဝယ်ရေး)

ယုနေပလာဇာ

ဖုန်း- ၁၆၁၇၄၉၅

□

ငွေသိန်းသည် မသီး အိမ်မှ ထွက်လာပြီးနောက် ဈေးရှေ့ရှိ လက်ဖက်ရည်ဆိုင်သို့ လာခဲ့သည်။ ဆိုင်မှာ ကိုကြီးငွေက စောင့်နေ၏။

''ဘယ်လိုလဲကွ''

ငွေသိန်းက ဝင်ထိုင်ရင်း-

''ကျွန်တော်ကတော့ တတ်နိုင်သမျှ ပီပီရိရိ ဖြစ်အောင် ပြောခဲ့တာပဲ၊ ဖဝေဖဝါ ဖြစ်သွားပုံတော့ ရတယ်၊ ခင်ဗျား တော်တော် ရှုပ်တဲ့ လူပဲ ကိုကြီးငွေရာ၊ ကျွန်တော်ဖြင့် ဟိုက ရိပ်မိသွားမှာစိုးလို့ ချွေးတောင်ပြန်တယ်''

''ဒါတော့ အတွဲ့အလှည့်ပေါ့ကွာ၊ မင်း မျက်မှန်ဆိုင် စ,ဖွင့်ခါစ,တုန်းကလည်း မျက်မှန် လာအပ်မယ့်လူ မရှိလို့ ငါကပဲ မျက်စိစမ်းချင်ယောင်ဆောင်ပြီး ဒလန် လာလုပ်ပေးရသေးတာပဲ၊ ငါ့အောင်

www.burmeseclassic.com

www.burmeseclassic.com



မကာဘူး၊ ပွဲကြီးတို့၊ ဖိုးနီတို့ ပြီးတော့ မင်းအစ်ကိုဝမ်းကွဲ ပဒေါးတောင် ပါသေးတယ်လေ''

''မသီးက ကျွန်တော့်ကို မမြင်ဖူးလို့ တော်သေးတာပေါ့ဗျာ၊ ဒါနဲ့ နေပါဦး၊ တကယ်လို့ မသီးက ဟိုကတ်ပြားထဲက ဖုန်းနံပါတ်အတိုင်း ဆက်ကြည့်ရင် ဘယ်လိုလုပ်မလဲ''

''သူ ဆက်ရဲမှာ မဟုတ်ပါဘူးကွာ၊ ဆက်လို့လည်း ရမှာ မဟုတ်ဘူး၊ ငါက တွေ့ကရာ ဂဏန်း ခုနစ်လုံး ရေးထည့်ပေးလိုက်တာ''

''ဖုန်းဆက်လို့ မရရင် မသင်္ကာ ဖြစ်မှာပေါ့၊ တစ်ယောက်ယောက်ကို သွားမေးရင်ကော၊ အင်ကြီးဆိုတာ သိမသွားနိုင်ဘူးလား''

''မသီးအကြောင်း ငါ သိတယ်ကွ၊ သူက ဒီကိစ္စကို လူသိမခံဘဲ ကျိတ်လုပ်လိမ့်မယ်၊ ငါ့ကိုတောင် အသိပေးမှာ မဟုတ်ဘူး၊ ဖုန်းနံပါတ်ကိစ္စ တစ်ယောက်ယောက်ကို သွားမေးရင်လည်း လိပ်စာကတ် ရိုက်တုန်းက မှားသွားတာလို့ ထင်မှာပဲ၊ လိပ်စာကိုလည်း အတိအကျ မထည့်ဘဲ ယုဇနပလာဇာလို့ပဲ ထည့်ထားတယ်လေ၊ ဒီတော့ လူကိုယ်တိုင် သွားရှာလို့လည်း ဘယ်ရမလဲ''

''ဒါဆိုလည်း ပြီးတာပဲ၊ အဲ အဲ… ခုမှ သတိရတယ်၊ လိပ်စာကတ် ရိုက်တုန်းက ကျွန်တော် စိုက်ထားတဲ့ ပိုက်ဆံလည်း မရသေးဘူး''



''မင်းကလည်းကွာ… ဒီလောက် ငွေကလေးကို''

''အံမယ်… ကွန်ပျူတာဆိုင်က မသင်္ကာ ဖြစ်မှာစိုးလို့ တစ်ကတ်တည်း မရိုက်ဘဲ A4 တစ်မျက်နှာစာ အပြည့်ရိုက်ခဲ့ရတာ၊ ၃၅၀ ပေးခဲ့ရတယ်''

''အေးပါကွာ၊ ခုတော့ လက်ဖက်ရည်ဖိုးပဲ ပါလာတယ်၊ နောက်ရက်ကျတော့ မင်း မျက်မှန်ဆိုင်ကို ငါ လာပေးပါ့မယ်''

''ခင်ဗျားကတော့ တော်တော်ရှုပ်တာပဲ''

ဟု ငွေသိန်းက ပြောရင်း ခါးမှာ ချိတ်ထားသော သားရေအိတ်ရှည်လေးထဲက နေကာမျက်မှန်ကို ထုတ်တပ်လိုက်၏။

□

www.burmeseclassic.com

www.burmeseclassic.com

မသီးသည် ခပ်တုံးတုံး ခပ်အအတော့ မဟုတ်။ ပန်းချည်း အပေါင်ခံတဲ့အလုပ်၊ နေ့ပြန်တိုးပေးတဲ့ အလုပ် လုပ်နေတဲ့ လူပဲဟာ၊ ဘယ်ခေပါ့မလဲ။ သူတို့ရပ်ကွက် အတိုင်းအတာနဲ့ဆိုလျှင် လူလည်ကျ တတ်သူလို့တောင် ဆိုနိုင်၏။

သူ့ဆီမှာ ပန်းချည်းလာပေါင်တဲ့အခါ လူ့အခြေအနေကို အကဲခတ်ကြည့်သည်။ ပြန်ရွေးနိုင်လောက်တဲ့လူဆိုလျှင် ငွေပိုပေးသည်။ ဒါမှ အတိုးငွေ ပိုရမှာ မဟုတ်လား။ ပြန်ရွေးနိုင်လောက်တဲ့ အခြေအနေ မရှိတဲ့လူဆိုလျှင် ပန်းချည်းတန်ဖိုးကို အတော်များများ လျှော့ဖြတ်ပစ်လိုက်သည်။ အပေါင်ဆုံးမယ့် ကာလကိုလည်း လျှော့ပြီး သတ်မှတ်လိုက်သည်။ ဒီလိုနည်းနဲ့ ပန်းချည်းတချို့ကို အနိမ့်ဆုံးဈေးနဲ့ ရသည်။ အဟောင်းဆိုင်မှာ ပြန်သွင်းတော့ အမြတ်များများ ပိုရတာပေါ့။



ဒီတော့ မသီးလို လူမျိုးကို တော်ရုံတန်ရုံလောက်နဲ့ လှည့်စားလို့ မရနိုင်။ သို့ရာတွင် လူတွေမှာ လောဘစိတ်ကလေး ဝင်လာရင် ဆင်ခြင်တုံတရား ဆိုတာ ဝေဝါးသွားတတ်ကြတာပဲ။ ဒါကြောင့်လည်း ဟိုး… ရှေးပဝေသဏီ ချီပါသားနှင့် ပခန်းသားတို့ လက်ထက်ကတည်းက ရှိခဲ့တဲ့ လိမ်လည်လှည့်ဖြားနည်းတွေဟာ ခုထိ အသုံးတည့်နေသေးတာပေါ့။

ဒီအတိုင်းပါပဲ။ ကက်ဆက်တို့၊ မီးပူတို့လောက်ကို ပန်းချည်းကောင်းလို့ သဘောထားနေရသော၊ ငါးရာ တစ်ထောင်လောက် အတိုးအမြတ် ရတာကို ကောက်သင်းကောက် လိုက်နေရသော မသီးအဖို့ ‘ဂျီအက်စ်အမ်’ ဆိုသော စကားလုံးလေး သုံးလုံးသည် မက်မောစရာ ကောင်းလောက်အောင် ဖြားယောင်းသွေးဆောင်နေတော့သည်။

ကိုကြီးငွေကို ဖွင့်မေးကြည့်ရ ကောင်းမလား စဉ်းစားသည်။ တယ်လီဖုန်းအကြောင်း ကိုကြီးငွေ သိ မသိ မသေချာသေး။ ဒါတွင် မက ကိုကြီးငွေ ဓါပကအဖွဲ့ထဲ အရွေးခံရမယ် ဆိုတာလည်း သေချာသလောက် ရှိနေပေမယ့် တစ်ယောက်ကို တစ်ယောက် တရားဝင် မပြောရသေး။ အခု မေးလိုက်တော့မှ ကိုကြီးငွေက သိသွားပြီး ရပ်ကွက်ထဲ ယောင်ဖွာပောင်ဖွာ လျှောက်လုပ်နေလျှင် ခက်မည်။

အချက် တစ်ချက်ကို သွားသတိရ၏။ ပါမစ်ရောင်းမလားလာမေးသူက ပတေးတို့ လူမျိုး ထင်ရ၏။ နာမည်ကလည်း ငွေသိန်း

www.burmeseclassic.com



ခေါ် ဗိုင်ဖယ် ဆိုတော့ ပတေးနဲ့ အမျိုးတော်ချင် တော်မည်။ ပတေးကတစ်ဆင့် လမ်းညွှန်လိုက်တာတောင် ဖြစ်နိုင်၏။ ထို့ကြောင့် ပတေးတို့ဆီမှာ စနည်းနာကြည့်ရင် ကောင်းမယ်ဟု တွက်လိုက်သည်။

သူက လက်ဖက်ရည်ဆိုင် ထိုင်ဖူးသူ မဟုတ်။ ကိုကြီးငွေ လက်ဖက်ရည်ဆိုင် ထိုင်တာကိုတောင် အားပေးချင်သူ မဟုတ်။ ငွေလည်းကုန်၊ အချိန်လည်းကုန်၊ ဘာမဟုတ်တဲ့ လက်ဖက်ရည်လေး နှစ်ငုံ သုံးသုံ့စာလောက်အတွက် ၂၀၀ ပေးရသေး၊ ရှယ်ဆိုရင် ၃၀၀ တောင်၊ ကိုယ့်အိမ်မှာဆို လက်ဖက်ခြောက် ၁၀ ဖိုးလောက်နဲ့ ရေနွေးကြမ်း တစ်အိုးလောက်တောင် ရတယ်ဟု ယူဆထားသူ ဖြစ်၏။

"အစ်မ ခေါ်သီးက ထူးထူးဆန်းဆန်း ဆိုင်လာထိုင်လို့ပါကလား၊ ဘာသောက်မလဲ"

ဟု ဘာနူးက ခရီးဦးကြိုပြုသည်။ အစကတော့ ဘာမှမသောက်ဘဲ စကားရောဖောရော လုပ်ရင်း မေးစမ်းကြည့်မလို့ဘဲ။ အခု ဘာနူးက ဘာသောက်မလဲဟု ဆီးမေးလိုက်တာက တစ်ကြောင်း၊ ပတေးကလည်း နည်းနည်းအလုပ်ရှုပ်နေပုံ ရတာက တစ်ကြောင်း…။

"အဲ… ခေါင်းနည်းနည်းနောက်နေလို့၊ အင်း… ကော်ဖီလေး တစ်ခွက်လောက်"

"ပလိန်းလား"

"ဟင့်အင်း… ပလိန်းကိတ်တော့ မစားတော့ပါဘူး"



ဘာနူးက ပြုံးလိုက်ပြီး-

"ကော်ဖီမစ်ရိုးရိုးကို ပြောတာ၊ နို့ဆီ ထပ်ထည့်ရင် မစ်ရှယ်"

"အင်း အင်း… အဲဒီပလိန်းပဲ ပေးပါ"

ဘာနူးက ကော်ဖီမစ်အထုပ်နှင့် ရေနွေးပန်းကန်ကို လာချပေးသည်။ သူလည်း ခွေးခြေလေး တစ်လုံးကို ယူထိုင်လိုက်ပြီး-

"ဘာဖြစ်လို့ ခေါင်းနောက်တာလဲ၊ ကိုကြီးငွေကိစ္စ ထင်တယ်"

ဟု မေးလိုက်၏။

"အာ… ကိုကြီးငွေ ကိစ္စ၊ ဟို… ပါမစ်၊ အဲ… မဟုတ်ပါဘူး၊ ဘာကို ပြောတာလဲ ဟိုဒင်း…"

မသီးမှာ သူ့စိတ်ကူးနဲ့သူမို့ ရုတ်တရက် အယောင်ယောင်အမှားမှား ဖြစ်သွားသည်။ ဘာနူးက-

"ဟိုဟာလေ၊ ကိုကြီးငွေက အိမ်မှာ ကျိတ်ပြီး ခွက်ပုန်းလုပ်နေတယ် ဆိုလားလို့"

"အင်း… ဟာ မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ဘယ်သူပြောလဲ"

"ပဲပြုတ်သည် ခေါ်မှိန်ကြီး ပြောတာပဲ"

"မဟုတ်ကဟုတ်ကအေ… ဒီမိန်းမကြီးဟာ အဲဒီအတိုင်းပဲ၊ ငါ ကိုယ်တွေ လက်တွေ ကိုက်လို့ လိမ်းဆေးဖော်ဖို့ မီးတောက်

www.burmeseclassic.com



အရက် ဝယ်တာ မြင်လို့ အမှနာပ လျှောက်ပြောတာပါ၊ ကိုကြီးငွေဟာ အရက်ဆိုရင် လျှာဖျားပေါ်တောင် အတင်မခံတာ လူတိုင်းသိပါတယ်၊ ဟုတ်တယ် မဟုတ်လား ပတေး"

ဟု ပတေးကိုပါ စကားဝိုင်းထဲ ဝင်လာအောင် လှမ်းချိတ်လိုက်သည်။ ပတေးက သူတို့နားကို လျှောက်လာရင်း-

"ဘာလဲဗျ"

ဟု မေးသည်။ ကိုကြီးငွေ အရက်သောက်လေ့ ရှိသူ မဟုတ်ဘူး ဆိုတာ သိတယ် မဟုတ်လားဟု ထပ်ပြောတော့-

"ဟာ... ဒါက ပြောနေစရာတောင် မလိုဘူး၊ ကျွန်တော်အသိဆုံးပေါ့၊ သူက ပါးစပ်ထဲ အတင်းလောင်းထည့်တာတောင် ထွေးထုတ်ပစ်တဲ့ လူမျိုးပဲ"

မသီးက ကျေနပ်သွားပြီး 'သိပြီ မဟုတ်လား' ဆိုသော အကြည့်မျိုးဖြင့် ဘာနူးကို ကြည့်လိုက်ပြီးနောက်-

"ဘယ်လောက် ကျလဲ"

"၂၀၀..."

မသီးက ၂၀၀ တန်တစ်ရွက် ထုတ်ပေးသည်။ သွားတော့ မယ့်ပုံမျိုးနဲ့ ထရပ်လိုက်ပြီးမှ တစ်စုံတစ်ခု သတိရသွားဟန်ဖြင့်-

"သြော်... ဒါနဲ့ ပတေးရေ၊ နင့်အသိထဲမှာ ဟန်းဖုန်းအရောင်းအဝယ် လုပ်တဲ့လူများ ရှိသလား"



"ကျွန်တော့်ညီဝမ်းကွဲ တစ်ယောက်တော့ ရှိတယ်၊ ဟိုတစ်ရက်ကတောင် လာသွားသေးတယ်၊ ဘာလဲ... မသီးက ဟန်းဖုန်း ဝယ်ကိုင်တော့မလို့လား"

"ပေါက်ပေါက်ရှာရှာဟယ်... ငါက ဝယ်နိုင်ပါ့မလား၊ အသိ တစ်ယောက်က စုံစမ်းခိုင်းလို့ပါ"

"သြော်... ဖုန်းအခွဲဈေး သိချင်တာလား"

ဟု ဘာနူးက ဝင်မေးသည်။ မသီးများ ဖုန်းအခွဲသတ်သတ်တစ်လုံးကို အပေါင်ခံမလို့များလားဟု ထင်သွားခြင်း ဖြစ်၏။ ထို့ကြောင့်-

"သတိလည်း ထားဦးနော်၊ တော်ကြာ ကောက်ရထားတာတို့၊ ဘာတို့ ဖြစ်နေရင် ပြဿနာတက်နေဦးမယ်"

ဟု ဆက်ပြောလိုက်၏။ မသီးက ဒါမျိုး ဖြစ်ဖူးသည်။ တစ်ခါက ခဏငှားပတ်တဲ့ လက်ပတ်နာရီ လာပေါင်တာကို လက်ခံမိရာက ရပ်ကွက်ရုံးမှာ သွားရှင်းခဲ့ရဖူးသည်။ ဒါကို ရည်ညွှန်းလိုက်သလို ဖြစ်သွားသဖြင့် မသီး နည်းနည်းတင်းသွား၏။ သို့ရာတွင် ကိုယ့်ကိစ္စက ရှိနေသောကြောင့် မျိုသိပ်ထားလိုက်ရသည်။ တစ်နေ့နေ့ သင်း ပစ္စည်း လာပေါင်တာမျိုး ကြုံဦးမှာပေါ့။ အဲဒီအခါကျမှ 'ပစ္စည်းက အစစ်မှ ဟုတ်ရဲ့လား၊ ပြီးတော့ ဟော်တော့်တောင် ယောင်းနေပြီ' ဆိုပြီး ရစ်ပစ်လိုက်မယ်ဟု တေးထားလိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မဟုတ်ပါဘူး၊ ပါမစ်ပေါက်ဈေး သိချင်လို့"

ဟု ဆိုပြီးမှ '...တဲ့' ဆိုသော စကားလုံးကို အလျှင်အမြန် ထပ်ဖြည့်ပြောလိုက်သည်။

ပတေးက-

"ခုတစ်လော ဖုန်းပါမစ်တွေ အတော်များများ ချပေးလိုက်လို့ ဈေးကတော့ နည်းနည်းကျတယ်၊ ဘာပဲဖြစ်ဖြစ် ငါးပုံး ခြောက်ပုံးလောက်တော့ ခိုင်ပါတယ်"

ငါးသိန်း၊ ခြောက်သိန်းဟု ဆိုလိုခြင်း ဖြစ်၏။ နည်းဘူးပဲဟု မသီး တွေးလိုက်သည်။

"အကူအညီ လိုလည်း ပြောပေါ့၊ ကျွန်တော့် ညီဝမ်းကွဲကို မေးပေးမယ်၊ အလုပ်ဖြစ်ရင် ကျွန်တော်လည်း ဝမ်းရှယ်ယာပေါ့၊ ဟဲ ဟဲ..."

အရေးထဲမှာ ဝင်ခုတ်ချင်နေသေးတယ်... ဟု တွေးသော်လည်း မျက်နှာကတော့ ပြုံးထားလိုက်ပြီး-

"ဘာရယ် မဟုတ်ပါဘူး၊ ဟိုကလည်း မသေချာသေးပါဘူး"

ဟု မရေမရာ ရောချလိုက်ရင်း-

"သွားလိုက်ဦးမယ်"



ပြောပြီး ထွက်လာခဲ့သည်။ ခပ်လှမ်းလှမ်း အရောက်မှာ ပတေးက လှမ်းအော်ပြောလိုက်သော အသံကို ကြားလိုက်ရ၏။

"ကျွန်တော်သာဆိုရင်တော့ ချက်ချင်း မရောင်းသေးဘူး၊ ကိုင်ဖူးတယ် ရှိအောင် တစ်လ နှစ်လလောက်တော့ သုံးကြည့်လိုက်မှာပဲ"

မသီး ခြေလှမ်းတစ်ချက် တုံ့သွား၏။

□

www.burmeseclassic.com

www.burmeseclassic.com

မသီးသည် သူ ချည်ခဲ့သော ကြိုးကို သူ့ဘာသာသူ ပြန်ဖြေနေရသည်။ ဦးကုလားဆီ သွားပြီး ကိုကြီးငွေကို သိက္ခာချခဲ့မိတာကို ပြန်ဆည်ရမည်။ နောက်တစ်ကြိမ် ထပ်ကန်တော့ဖို့တော့ မဖြစ်နိုင်။ ပုဆိုးလည်း ထပ်အကုန်မခံနိုင်။ အိမ်ကို သွားလျှင် မုန့်လေးဖြစ်ဖြစ် ပါမှ ကောင်းမည်။

ထို့ကြောင့် လမ်းမှာ အမှတ်တမဲ့ ဆုံမိသလိုမျိုး ဖြစ်အောင် လုပ်ရမည်။ ဦးကုလား ဂေါပကအဖွဲ့ အစည်းအဝေး သွားမည့် လကွယ်နေ့ ညနေပိုင်းမှာ မယောင်မလည် လုပ်ရင်း စောင့်သည်။ အိမ်က ထွက်လာတာ မြင်မှ မျက်နှာချင်းဆိုင် လျှောက်လာလိုက်၏။ လူချင်း ဆုံတော့မှ-

"ဦးလေး… နေကောင်းလား"

ဟု နှုတ်ဆက်လိုက်သည်။



"အေး… ကောင်းတယ်၊ ဒါနဲ့ ကြီးငွေတစ်ကောင်ကော"

"အဲဒါ ပြောမလို့ ဦးလေးရေ၊ ဦးလေးတူတော့ ခုတစ်လော တော်တော်လေးကို ပြောင်းလဲလာတာပဲ၊ ဘုရား တရားဘက် လိုက်စားလာနေပြီလေ၊ ဥပုသ်လည်း စောင့်တယ်၊ ဘုန်းကြီးကျောင်း လည်း မကြာခဏ သွားတယ်။ အိမ်မှာလည်း တရားခွေတွေ ဖွင့်ပြီး နားထောင်တယ်၊ အခုလည်း ပရိတ်ကြီး ၁၁ သုတ်ကို ဌာန်ကရိုဏ်း ကျကျ ရွတ်နိုင်အောင် လေ့ကျင့်နေလေရဲ့"

"အေး… ကောင်းတယ်၊ ကောင်းတယ်၊ အတော်ပဲ"

ဟု ဦးကုလားက သဘောကျဟန်ဖြင့် ပြောသည်။ မသီး ကျေနပ်သွား၏။

နောက်တစ်ယောက် ကျန်သေးသည်။ ဦးဖိုးဖြော့ပင် ဖြစ်၏။ သူက ရပ်ကွက်ထဲမှာ ဦးရှင်ကြီး တင်ပေးသော အလုပ်ကို လုပ်သည်။ ဝါဝင် ဝါထွက် မဟုတ်သော ကျန်အချိန်များမှာ ဗေဒင်လေး၊ လက္ခဏာလေး ကြည့်ပေးသည်။ သိပ်ကျွမ်းကျွမ်းကျင်ကျင် တတ်လှတာတော့ မဟုတ်။ ဗေဒင်စာအုပ်လေး တစ်အုပ် လက်ကိုင်ထားပြီး ဟောနေခြင်းသာ ဖြစ်၏။ သူ့ကိုယ်သူတော့ အင်္ဂဝိဇ္ဇာလိုလို၊ အကြားအမြင် ရသလိုလို သတင်းလွှင့်ထားသည်။

သူသည် အတိတ်အကြောင်း ဟောတာကတော့ တော်တော် မှန်သည်။ မှန်မှာပေါ့… ရပ်ကွက်ထဲက လူတွေရဲ့ နောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်တွေ သူ အကုန်သိထားတာကိုး။ ဥပမာ- ညဏ်စိန်ကို ငယ်ငယ်က ချုချာတယ် ဟောသလိုမျိုးလေ။ ညဏ်စိန် ဆိုတာ မွေးကတည်းက စပြီး သူ့မျက်စိရှေ့တင် ကြီးလာတာ။ ငယ်ငယ်က ခဏ ခဏ ဖျားလို့ ညောင်သားနဲ့ လုပ်ထားတဲ့ မြင်းရုပ်ကလေး ခမည်းပေးဖို့ သူကိုယ်တိုင်ပဲ စီစဉ်ပေးခဲ့ရတာ မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ဦးဖိုးဖြော့သည်လည်း ဂေါပကအဖွဲ့ဝင်သစ် ရွေးချယ်ရေးမှာ အရေးပါသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေသည်။ သူ၏ ထောက်ခံမှုကို ရဖို့ကလည်း အရေးကြီးသည်။

ခက်နေတာကတော့ မသီးနဲ့ ဦးဖိုးဖြော့တို့ ခပ်တန်းတန်း ဖြစ်နေကြတဲ့ ကိစ္စပဲ။ တစ်ခါက ဦးဖိုးဖြော့သည် ပိုက်ဆံ ပြတ်နေသဖြင့် သူ၏ ဦးရှင်ကြီး တင်သော လှည်းကို မသီးဆီမှာ လာပေါင်သည်။ ဝါဝင်တဲ့အထိ ပြန်မရွေးနိုင်။ ဒီတော့ ရပ်ကွက်ထဲက အိမ်တွေ ဦးရှင်ကြီး တင်လို့မရဘဲ ဖြစ်နေ၏။ ဦးဖိုးဖြော့က 'လှည်းကို ခဏပြန်ပေးပါ၊ ဦးရှင်ကြီးတင်လို့ ငွေရတဲ့အခါ ချေးထားတဲ့ ငွေ ပြန်ပေးပါမယ်' ပြောသော်လည်း မသီးက လက်မခံ။ ရပ်ကွက်ထဲမှ လူတွေက မခံမရပ်နိုင် ဖြစ်ပြီး တိုင်ကြတန်းကြသဖြင့် ရပ်ကွက်ရုံးမှာ ရှင်းခဲ့ရဖူးသည်။ အဲဒီအချိန်ကတည်းက အခေါ် အပြော သိပ်မရှိဘဲ နေခဲ့ကြတာ။



အခု ကိုယ့်ကိစ္စ ရှိလာပြီဆိုတော့ ရှေ့မျက်နှာ ဘေးတိုက်ထားပြီး သွားတွေ့ရတော့မှာပဲ။ ပုဆိုးတစ်ထည်တော့ ထပ်ပြီး အကုန်မခံနိုင်။ ဒါမျိုးဆိုတာက တစ်တန်းတစ်စားတည်း ထားလို့ရတာ မဟုတ်။ သူ့အဆင့်နဲ့ သူ။ လက်ဆောင်ခြင်းကြီးနဲ့မှ သင့်တော်တာမျိုး ရှိသလို လက်ဖက်ရည်တစ်ခွက်၊ စီးကရက်တစ်ပွဲနဲ့ ပြီးတဲ့ လူမျိုးလည်း ရှိသည်။

ထို့ကြောင့် ဖယောင်းတိုင် တစ်ထုပ်၊ ဖရုံယိုတစ်ထုပ် ဝယ်သွား၏။ ဦးဖိုးဖြော့သည် (အထုပ်ကို မြင်သောကြောင့်လား မသိ) အရင်ကိစ္စတွေကို အာဃာတ မထားတော့ဘဲ-

"လာဟေ့ မသီး၊ မလာတာတောင် ကြာပါပကော"

ဟု ခရီးဦးကြို ပြုလိုက်သည်။

"ဟုတ်တယ်၊ ဦးလေးဖြော့ရယ်၊ ကျွန်မလည်း လာမယ် လာမယ်နဲ့ဟာ၊ အဲဒါ ဒီနေ့တော့ ဈေးဘက် ရောက်ရင်း ဖရုံယိုတွေတာ နဲ့ ဦးလေးကို သတိရပြီး ဝယ်လာခဲ့တာ၊ ဖယောင်းတိုင်လည်း ပါတယ်၊ မိုးကလည်း ကုန်ခါနီးပြီ မဟုတ်လား၊ ဖယောင်းတိုင် လိုလာပြီလေ"

မသီးက ပြောရင်း အထုပ်ကို ဦးဖိုးဖြော့ ရှေ့မှာ ချပေးလိုက်သည်။ မသီးအကြောင်းကို သိထားသော ဦးဖိုးဖြော့ကလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ အပေးအယူ ရှိမှာပဲ၊ အလကားသက်သက်တော့ ဒီလောက် သဘောမကောင်းနိုင်ဘူး… ဟု တွက်ပြီး-

"အေးကွယ်… သာခု သာခု သာခု၊ လိုရာဆန္ဒ ပြည့်ဝပါစေ၊ ကဲ ကဲ… ကြုံတုန်း ဓာတာလေး ဘာလေး စစ်သွားပါလား"

ဟု အော်ဖာ ပေးလိုက်သည်။ မသီးကလည်း စကားလမ်းကြောင်းကို နင်းပြီး-

"ကျွန်မအတွက်က အရေးမကြီးပါဘူး၊ အိမ်က လူအတွက်သာ…"

"ဟော… ကြီးငွေ ဘာဖြစ်သတုံး"

"ကျန်းမာရေးကတော့ ခေါင်ခေါင်မြည်ပါပဲ၊ တစ်ခု ရှိတာက…"

"ဘာလဲ…"

"ဒီလို ဦးလေးရဲ့၊ ကိုကြီးငွေဟာ ခုတစ်လောမှာ တစ်မျိုးဖြစ်နေတယ်"

"ထင်တယ်လေ၊ ထင်တယ်၊ ဒီကောင် စိတ်ကယောက်ကယက် ဖြစ်နေတယ် မဟုတ်လား"

မသီးသည် ကိုကြီးငွေကို ဆိုလျှင် ဘယ်တော့မှ အကောင်းပြောလေ့မရှိကြောင်း သိထားသဖြင့် တစ်ချက် ရမ်းပစ်လိုက်ခြင်းဖြစ်၏။



"ရှင်…"

"ကြီးငွေတို့ကတော့ ဖြစ်ရမယ်၊ ဖြစ်ရမယ်"

မသီး၏ အာမေဋိတ်ကို ဒက်ထိမှန်လို့ အံ့သြသွားတာဟု တွက်ပြီး ထပ်ကျိတ်လိုက်ခြင်း ဖြစ်၏။ မသီးက-

"မဟုတ်ဘူး၊ ကျွန်မ ပြောတာက"

ဦးဖိုးဗြော့က စကားဆက်ခွင့်မပေးဘဲ လက်ဝါး ကာပြလိုက်ပြီး-

"ယတြာချေရမယ်"

ဟု ပြောလိုက်သည်။

"ကျွန်မ ပြောတာ နားထောင်ပါဦး၊ ကိုကြီးငွေ တစ်မျိုးဖြစ်နေတယ် ဆိုတာက ခုတစ်လောမှာ ဘုရား တရားဘက် အာရုံရောက်နေတယ်လို့ ပြောတာ"

"ဟော…"

ဦးဖိုးဗြော့ ခဏမျှ ကြောင်အအ ဖြစ်သွားပြီးမှ-

"အေး အေး… အဲဒါ ပြောတာ၊ အဲဒါ ပြောတာ၊ ခုလို ကြီးငွေမှာ ရုတ်တရက် မှုပြောင်းသွားတဲ့အတွက် နင်က စိတ်ကယောက်ကယက် ဖြစ်နေပြီလို့ ထင်နေတယ် မဟုတ်လား၊ မဟုတ်ဘူး မဟုတ်ဘူး…"

ဟု ရောချလိုက်သည်။ မသီးကလည်း ခုချိန်မှာ လိုက်လျောညီထွေ ပြောဖို့ လိုအပ်နေသဖြင့်-

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အဲဒါလေး သိချင်လို့ပါ"

ဟု ပြောလိုက်ရသည်။

ဦးဖိုးမြှော့လည်း ဗလာစာအုပ်ကို ဖွင့်ပြီး ဟိုခြစ် ဒီခြစ် လုပ် ရင်း တွက်ချက်လိုက်သည်။ နှုတ်မှလည်း-

"အင်း ကောင်းတယ်၊ ကောင်းတယ်"

ဟု ရေရွတ်နေ၏။ ထို့နောက်-

"သိပ်ကောင်းတယ်၊ စနေ အတွက်၊ ကြာသပတေး အဝင် ဆိုတော့ ရေ့လျှောက် ကောင်းဖို့ပဲ ရှိတော့တယ်၊ ဇနက္ခယောဂ်နိန်း အရ ဆိုရင်လည်း တည်၊ တွက်၊ ဖျက်၊ ကျောက်၊ ထီး၊ နန်း၊ စံ ဆိုတဲ့ သဘောအရ ထီးဆိုတဲ့ နေရာကို ရောက်နေပြီ၊ အမြင့်ကို စတက်နေပြီပေါ့၊ ပြီးတော့. . . ဒီမှာ ကြည့်"

မသီး ယူလာသော အထုပ်ကို ပုတ်ပြလိုက်ပြီး-

"အတိတ်နိမိတ်ကလည်း ပြနေပြီ၊ ငါ့တူမကြီး ယူလာတာ က ဖရုံယိုနဲ့ ဖယောင်းတိုင်နော်၊ ဖရုံနဲ့ ဖယောင်း ဓာတ်တူ နံတူပဲ၊ ဒါ့အပြင် နှစ်ခုစလုံး ၉ ဂဏန်းချည်းပဲ၊ ဒီတော့ တပ်အပ် ပြောလိုက် မယ်၊ ကြီးဒွေဟာ မကြာခင်မှာ သာသနာပြုလုပ်ငန်းတစ်ခုကို လုပ် ရလိမ့်မယ်"

ဒီတစ်ခါတော့လည်း မှန်သားပဲ. . . ဟု မသီး စိတ်ထဲက ထောက်ခံချက် ပေးလိုက်လေ၏။

□ □ □



■ ■ ■ ■ ■

ခု တစ်လောမှာ ကိုကြီးဒွေရဲ့ ပုံစံကလည်း နည်းနည်းထူးခြားနေ သလိုပဲ။ နေပုံထိုင်ပုံက ပိုပြီး ပိပိရိရိ ရှိလာသည်။ တစ်ခုခုကို သိုသိုသိပ်သိပ် ကြံစည်နေသလိုလည်း ထင်ရသည်။ တစ်ခါတစ်ရံ သူ့အပေါင်းအသင်း တစ်ယောက်ယောက်နဲ့ တိုးတိုးတိတ်တိတ် စကား ပြောနေတတ်သည်။ အနားကို မသီး ရောက်သွားတဲ့အခါ ပြောလက်စ စကားကို ရပ်ပစ်တာ၊ တိုးတိုး ပြောနေရာက တခြား အကြောင်း အရာတစ်ခုခုကို ပြောင်းပြီး ပုံမှန်လေသံနဲ့ ပြောတာတို့ကို သတိပြုမိ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ သံသယဖြစ်စရာ အချက် တစ်ချက်ကို ထပ်ပြီး တွေ့ရပြန်လေသည်။ ကိုကြီးငွေက နံရံပေါ်မှာ စာတန်းတစ်ခုကို ရေးပြီး ကပ်ထားခြင်းပင် ဖြစ်၏။ ထိုစာတန်းမှာ-

**'ငါ၏ လျှို့ဝှက်ချက်ကို လုံးဝ မပေါက်ကြားစေရ'**

ဟူ၍ ဖြစ်လေသည်။

ခါတိုင်းဆိုလျှင် မသီးအနေဖြင့် သိပ်ဂရုစိုက်နေမှာ မဟုတ်။ ကိုကြီးငွေက ဒါမျိုး အူကြောင်ကြောင်တွေ လုပ်လေ့ရှိသည်။ ခုတစ်ခါကတော့ 'ဟိုကိစ္စ' နှင့် ပတ်သက်နေနိုင်သောကြောင့် စိတ်ဝင်စားစရာ ကောင်းနေသည်။ ထို့ကြောင့် မသီးမှာ မမေးဘဲ မနေနိုင်တော့သဖြင့်-

"ဒီမှာ… ကိုကြီးငွေ၊ အဲဒီစာက ဘာသဘောလဲ"

ဟု နံရံမှာ ကပ်ထားသော စာကို လက်ညှိုးထိုးပြရင်း မေးလိုက်သည်။ ကိုကြီးငွေက-

"ဟာ… မင်းလည်း လေးတန်းထိ စာသင်ဖူးတာပဲဟာ၊ မဖတ်တတ်ဘူးလား"

ဟု ဆေ့လည်ကြောင်ပတ် ပြန်ဖြေသည်။

"ရှင်… အူကြောင်ကြောင် လုပ်မနေနဲ့၊ ဘာလဲ… ဈေးထဲက ငါးပိသည်ကောင်မ ကိစ္စလား"



"ပေါက်ပေါက်ရှာရှာကွာ… ငါဟာ မင်းကလွဲရင် တခြားမိန်းမတွေကို မယ်လမင်း ပါတဲ့ တရုတ်နို့မှုန့်လို ဝေးဝေးက ရှောင်ခဲ့တယ် ဆိုတာ မင်းလည်း သိပါတယ်"

ဟုတ်တော့လည်း ဟုတ်သည်။ တစ်ဖက်က ပြန်ကြည့်မယ် ဆိုလျှင် တခြားမိန်းမတွေကလည်း ကိုကြီးငွေကို တုပ်ကွေးမိနေတဲ့ ကြက်နာကြီးလို ဝေးဝေးက ရှောင်ကြမှာပါပဲ။

"ကဲ… အဲဒါ မဟုတ်ဘူး… ထားပါတော့၊ တခြား ဘာကိစ္စလဲ ပြော"

"လျှို့ဝှက်ချက်ပါ ဆိုမှကွာ… ပြောလို့ ဘယ်ဖြစ်ပါ့မလဲ"

"လျှို့ဝှက်ချက်ဆိုရင်လည်း ကိုယ့်ဝမ်းထဲမှာပဲ ထားပါလား၊ ဘာဖြစ်လို့ လူတကာ မြင်အောင် စာရေးပြီး ကပ်ထားရတာလဲ၊ ရှင် ရူးနေသလား"

"ဒါကတော့ ငါ့ရဲ့ သန္နိဋ္ဌာန်ကို ပိုပြီး ခိုင်မာအောင် ကိုယ့်ကိုယ်ကိုယ် သတိပေးတဲ့ သဘောပေါ့ကွ"

"ဒါဆို ရှင်က မပြောနိုင်ဘူးပေါ့"

"အေး… မပြောနိုင်ဘူး၊ 'ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ ငါ့ရဲ့ လျှို့ဝှက်ချက်ဟာ မင်းအတွက် အကျိုးမယုတ်စေရဘူး ဆိုတာကိုတော့ ငါ အာမခံတယ်၊ ကျေနပ်ပြီလား"

မသီးမှာ မရမက မေးဖို့ ဆက်မကြိုးစားတော့။ သူနည်းသူဟန်ဖြင့် စုံစမ်းမည်ဟု ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးငွေ မရှိတဲ့အခိုက် သူ့စားပွဲကို ရှာဖွေရေး လုပ်ခြင်းပင် ဖြစ်၏။ ကိုကြီးငွေ ဂျာနယ်တွေထဲက ဓာတ်ပုံတွေ၊ တချို့အချက်အလက်တွေ၊ စာရွက်စာတမ်း အတိုအစတွေကို ဖိုင်တွဲထားတတ်သည်။ တစ်ချိန်ချိန် လိုအပ်ရင် သုံးလို့ရအောင်ဟု ဆိုသည်။ ဘာအတွက်လဲ၊ ဘယ်တစ်ချိန်ချိန်လဲ ဆိုတာတော့ မသိ။ ခုထိတော့ ဘာမှ အသုံးမတည့်သေး။ ရပ်ကွက်ထဲ လူတွင်ကျယ် လုပ်ရာမှာ ကိုးကားတာလောက်ပဲ ရှိသည်။

ကိုကြီးငွေက ဒိုင်ယာရီတွေ ဘာတွေလည်း ရေးသေးတယ် ဆိုပဲ…။ တကယ့် ဒိုင်ယာရီစာအုပ်အစစ်နဲ့ ရေးနိုင်တာတော့ မဟုတ်။ ဗလာစာအုပ်အကြမ်းထဲမှာ သူ့ဘာသာ ရက်စွဲတွေ ထိုးပြီး ရေးခြင်း ဖြစ်၏။ အကြောင်းအရာတွေကလည်း ဘာမှ ထူးထူးခြားခြား မဟုတ်။

*'ယနေ့… ပတေးတို့ ဆိုင်မှာ လက်ဖက်ရည် သွားသောက်သည်။ စမူဆာ စားချင်ပေမယ့် ပိုက်ဆံ မရှိလို့ မစားရဘူး'*

*'ဈေးရှေ့ ဆံပင်ညှပ်ဆိုင်နားမှာ စာကလေးနဲ့ မျက်နှာချင်းဆိုင် ဆုံသည်။ ငါ့ကို စောင်းပြီး တံတွေးထွေးသွားသည်။ နေ့မသား… လုပ်ါးဝတယ်'*

ဆိုတာမျိုးတွေသာ များသည်။ အလကား… အရည်မရအဖတ်မရတွေ… ဆိုပြီး မသီးက ဖတ်ကြည့်လေ့ မရှိ။ ခုတစ်ခါတော့ သဲလွန်စများ ရလိုရငြား လှော်ကဖတ်ကြည့်၏။ ယနေ့… ဟင်း



မကောင်း… ဆိုသော စကားလုံးမှာ သုံးနေရလောက်မှာ ပါသဖြင့် 'သေနာ' ဟု ကျိတ်ဆဲမိသေးသည်။

လွန်ခဲ့သော ၃ ရက်က ရက်စွဲဖြင့် ရေးထားတဲ့ထဲမှာတော့–

*'ကုလားလေးနှင့်တွေ၊ အဆင်ပြေပြီ တော်တော်နီးစပ်ကြောင်း သိရ…'* ဆိုသော စာသားကတော့ စိတ်ဝင်စားဖို့ ကောင်းသည်။ ဒါတွင်မကသေး…။

စာရွက်စာတမ်းတွေ ကြားထဲက စာအုပ်ငယ်လို ခေါက်ထားသော စာရွက်တစ်ထပ်ကို တွေ့ရသည်။ မူရင်းတော့ မဟုတ်။ မိတ္တူကူးထားခြင်း ဖြစ်၏။ အင်္ဂလိပ်လို ရေးထားခြင်း ဖြစ်သော်လည်း သရုပ်ဖော်ပုံတွေလည်းပါသဖြင့် လက်ကိုင်ဖုန်း အသုံးပြုနည်း စာအုပ် ဖြစ်ကြောင်း သိရသည်။ တချို့ အင်္ဂလိပ်စာလုံးတွေ ဘေးမှာ ကိုကြီးငွေ လက်ရေးဖြင့် မြန်မာလို ပြန်ရေးထားသည်။ တချို့စာလုံးတွေကတော့ ခပ်သော့သော့ ဖြစ်ပြီး ဖတ်ရ ခက်သည်။ ဒါဆို ကိုကြီးငွေက ခေါက်တာတုတ်ခိုင်ကို အကူအညီတောင်းပြီး ဘာသာပြန်ခိုင်းထားတာဖြစ်ရမည်။

ဒီနောက်ပိုင်းမှာတော့ မသီးက ကိုကြီးငွေကို လပြည့် လကွယ်နေ့တွေမှာ ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ခိုင်းတာ၊ ဥပုသ်စောင့်ခိုင်းတာမျိုး လုပ်လာသည်။ အအေး တစ်ပုလင်း ပါဆယ် ဝယ်လာပြီး တမင်တကာ လူမြင်အောင် ရပ်ကွက်ထဲ ဖတ်လျှောက်ပြီး–

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့… ကိုကြီးငွေက ဥပုသ်ရတယ်လေ၊ အဲဒါ ညနေဘက် လေတက်မှာစိုးလို့ အအေးတိုက်မလို့"

ဟု ဆိုတတ်သည်။ ကိုကြီးငွေကလည်း အသာမျှောလိုက်နေသည်။ မိုက်ဆာတဲ့အခါကျတော့ မပွေးဆိုင်က ခေါက်ဆွဲသုပ်တစ်ပွဲ ဝယ်ပြီး အပေါင်းအသင်းအိမ် တစ်အိမ်အိမ်မှာ ထမင်းကြမ်းနဲ့ ဝင်စားလိုက်တာကိုတော့ မသီး မသိ။

ကိုကြီးငွေ အပြင်ထွက်ခါနီး-

"ငါ လက်ဖက်ရည်ဆိုင် ခဏ သွားဦးမယ်"

ဟု ခွင့်ပြုချက် တောင်းသောအခါ မသီးက-

"အပြင်သွားမယ့်ဟာ စွပ်ကျယ်စုတ်ကြီးနဲ့လား"

"ခါတိုင်းလည်း ဒီလိုပဲ သွားနေကျပဲဟာ"

"ရှပ်အင်္ကျီလေး ဘာလေး ထပ်ဝတ်သွားစမ်းပါ၊ လူမြင်မကောင်းပါဘူး"

"ရှပ်အင်္ကျီက သိပ်ရှိတာ မဟုတ်ဘူး၊ အလှူလေး မင်္ဂလာဆောင်လေး သွားရင် ဝတ်ဖို့ ထားရသေးတယ်၊ ဟောင်းသွား နွမ်းသွားရင် ဘယ်လို လုပ်မလဲ"

ဟု ဆိုသဖြင့် မသီးက ရှပ်အင်္ကျီ ခပ်လတ်လတ် တစ်ထည်နှင့် စပို့ရှပ်တစ်ပတ်ရစ် တစ်ထည် ထုတ်ပေးလိုက်ရသေးသည်။

သူတို့ လင်မယား နှစ်ယောက်မှာ 'သိသာ သိစေ၊ မပြောမိစေနဲ့' ဆိုသော အခြေအနေမျိုးဖြင့် နေနေကြသည်။ တစ်ယောက်နှင့်



တစ်ယောက် ဖွင့်မပြောကြဘဲ ကိုယ့်အတွေးနှင့် ကိုယ်၊ ကိုယ့်စိတ်ကူးလေးနှင့် ကိုယ် ယဉ်နေကြသည်။

သူတို့ကသာ ဒီလို အပြန်အလှန် လျှို့နေကြတာ၊ ရပ်ကွက်ထဲမှာကတော့ ကိုကြီးငွေ ဂေါပကအဖွဲ့ဝင် ဖြစ်ဖို့ ကိုန်းသေသလောက်ရှိနေကြောင်း ပြောဆိုနေကြပြီ။ ဉာဏ်စိန့် မိန်းမ မလုံးကြာဆိုလျှင်-

"ကိုကြီးငွေတစ်ယောက်ကတော့ တော်တော် သတင်းကြီးနေတာပဲနော်"

ဟု ရှီးတိုးရိပ်တိတ် စကားမျိုး ပြောလာသည်။ မသီးကလည်း-

"သူနဲ့ကတော့ လိုက်ပါတယ်လေ၊ သူက ရပ်ရေးရွာရေး လုပ်ရတာကိုလည်း ဝါသနာပါတာကိုး"

ဟု နိမိတ်ပြစကားဖြင့် သဘောတူကြောင်း အရိပ်အယောင်ပြသည်။

ဒီအတိုင်းဆိုလျှင်ဖြင့်… ကိုကြီးငွေ၏ ရှေ့တက်လမ်းမှာ ဖြောင့်ဖြူးနေလေပြီ။ ဘုန်းကြီးကျောင်းက ဆရာတော်ထံ လျှောက်ထားတင်ပြပြီး အတည်ပြုချက် ယူဖို့သာ လိုတော့သည်။

သို့ရာတွင်…

□

www.burmeseclassic.com

www.burmeseclassic.com

ဂိုမ်းစ်ဘွန်း ရှိလျှင် သူ၏ ရန်သူတော်ကြီး ဘလိုဖဲ ရှိရမည်။

ဗုံထောက်ကြီး ရှားလော့ဟုမ်း ရှိလျှင် ပြိုင်ဘက် မော်ရီယာတီ ရှိရမည်။

ကိန်း ရှိလျှင် အေဘယ် ရှိရမည်။

တွမ် ရှိလျှင် ဂျယ်ရီ ရှိရမည်။

ထို့အတူ… ကိုကြီးငွေ ရှိလျှင်…

ကိုစာကလေးကို ဘယ်နှား သွားထားမတုံး။

သူတို့နှစ်ယောက်သည် ငယ်ငယ်ကတည်းက ပြိုင်ဘက်တွေ ဖြစ်ကြသည်။ ရပ်ကွက်ချင်းလည်း အပြိုင်၊ လူချင်းလည်း အပြိုင်၊ မိန်းမချင်းလည်း အပြိုင်။ ဟိုအရင် ကြက်တိုက်ကြတုန်းကလည်း အပြိုင်။ ဘောလုံးပွဲမှာ နည်းပြလုပ်ကြတော့လည်း အပြိုင်။ ဘယ်ကိစ္စ



မဆို တစ်ယောက်က လုပ်လိုက်လျှင် ကျန်တစ်ယောက်က အတိုက် အခံ ပြုလိုက်ရမှ နေသာထိုင်သာ ရှိသည်။

ထို့ကြောင့် ခုကိစ္စမှာလည်း…

တကယ်တော့… ကိုစာကလေးသည် ဘုရား တရားနှင့် အဝေးကြီး ဖြစ်၏။ ဘုရားကို သုံး လေးလ နေလို့ တစ်ခေါက် ရောက်တာ မဟုတ်။ ဘုန်းကြီးကျောင်း ဆိုလျှင်လည်း အလှူရှိလို့ စားကြော ဝါးကြော ကြုံမှ သွားတတ်တာ။ ဘုရားစာ ဆိုနိုင်းလျှင် တောင်…

'သမ္ဗုဒ္ဓေ… အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ၊ သဟဿကေ၊ ကန်တော့ ရသော အကျိုးအားကြောင့်…'

ဆိုပြီး သမ္ဗုဒ္ဓေနှင့် ဩကာသကို အရောရော အထွေထွေ ရွတ်တတ်သူ။

ဂေါပကအလုပ် ဆိုတာကိုလည်း သူက လုံးဝ စိတ်ဝင်စား သူ မဟုတ်။ ဂေါပကအဖွဲ့ ရှိတယ် ဆိုတာကိုတောင် မေ့လျော့နေခဲ့ သူ။ သို့တိုင်အောင် ကိုကြီးငွေ တစ်ခုခု လုပ်လျှင် လိုက်လုပ်ဖို့၊ လိုက်ပြိုင်ဖို့၊ အနည်းဆုံး လိုက်နှောင့်ယှက်ဖို့မှာ သူ၏ မွေးရာပါ တာဝန်လို ဖြစ်နေလေသည်။ ထို့ကြောင့် ဂေါပကအဖွဲ့ဝင်တစ်ဦး ဖြစ်သော ဦးစံမတူဆီ သွားပြီး မိမိကို အမည်စာရင်း တင်သွင်း ထောက်ခံပေးရန် သွားပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံမတူက သူတို့ 'ဌ' ရပ်ကွက်မှာ နေသည်။ လှထုံ၏ အဖေလည်း ဖြစ်၏။ ဟိုဘက် 'ဍ' ရပ်ကွက်သား ဖြစ်သော ကျော်ကွန့်က လှထုံကို ခိုးပြေးသွားခဲ့သည်။ ဦးစံမတူက သဘောမတူသဖြင့် အဆက်ဖြတ်ထားခဲ့သည်။ လှထုံက မောင်ကျော်လှလေးကို မွေးလာခဲ့ပြီးမှ အဆက်အဆံ ပြန်ရှိလာသည်။ ကျော်ကွန့်အပေါ်မှာတော့ ခုချိန်ထိ ခပ်တန်းတန်း ခပ်ထန်ထန် ရှိနေတုန်း။

ကျော်ကွန့်က လှထုံကို ခိုးပြေးရာမှာ ကူညီအားပေးခဲ့သူများမှာ ပတေး၊ မောင်ဝ၊ ဖိုးနီ၊ ပွကြီးတို့သာ ဖြစ်၏။ ဦးစံမတူကတော့ ဒီကိစ္စ နောက်ကွယ်မှ ကြိုးကိုင်စီစဉ်ပေးသူမှာ ကိုကြီးငွေသာ ဖြစ်ရမည်ဟု စိတ်ထဲနေသည်။ ထို့ကြောင့် ကိုစာကလေး၏ တင်ပြချက်ကို လက်ခံလိုက်သည်။

ဒီလိုနဲ့ ထိုကိစ္စကို ဦးစံမတူက အစည်းအဝေးမှာ ချပြလိုက်သောအခါ နှစ်ဖက် အခြေအတင် ဖြစ်ကြလေတော့သည်။ နုတ်ထွက်သွားသော ဦးကုလားသည် 'ဍ' ရပ်ကွက်မှ ဖြစ်သောကြောင့် 'ဍ' သား တစ်ယောက်ကိုသာ အစားထိုးသင့်သည်ဟု တစ်ဖက်က ဆိုလာသည်။

"အဖွဲ့ထဲမှာ ခင်ဗျားတို့ 'ဍ'ဘက်က တစ်ယောက် ပိုပါနေခဲ့တာ ကြာပြီ၊ ဒီတစ်ခါ ကျုပ်တို့ 'ဌ' ဘက်ကို တစ်ယောက် ပိုပေးသင့်တာပေါ့"



ဟု ကျန်တစ်ဖက်က စောဒကတက်သည်။

"ဘာဆိုင်လဲဗျ… အရည်အချင်း ရှိရင် ဘယ်သူဖြစ်ဖြစ် လက်ခံရမှာပဲ မဟုတ်လား။ ကျွန်တော်ကတော့ ဦးကုလားအနေနဲ့ သူနေရာ ဆက်ခံမယ့်လူကို သူ့ဘာသာပဲ စိတ်ကြိုက် ရွေးခိုင်းသင့်တယ်လို့ ထင်တယ်ဗျာ"

"ဘယ်ဖြစ်မလဲ… ဒီလို လုပ်ရမယ်လို့ စည်းကမ်းထုတ်ထားတာမှ မဟုတ်ဘဲ"

"ဒါဆို… မဲခွဲကြရုံပဲ ရှိတာပေါ့"

ဒီအခါကျတော့လည်း တစ်မျိုး ဖြစ်လာပြန်သည်။ အဖွဲ့ဝင်တွေထဲမှာ 'ဍ'ဘက်က တစ်ယောက် ပိုနေသည်။ ဒါဆို 'ဍ'ဘက်ကပဲ နိုင်မှာ ကျိန်းသေနေပြီပေါ့။ ထို့ကြောင့် ကာယကံရှင် ဦးကုလားအနေဖြင့် မဲဝင်မပေးဘဲ နေရမည်ဟု 'ဌ' ဘက်က တောင်းဆိုသည်။ ဒီတော့လည်း ဘာထူးမလဲ… မဲတွေက နှစ်ဖက် ညီနေတော့မှာပေါ့။

နောက်ဆုံးမှာတော့ သဘောတူညီမှု တစ်ခု ရသွားသည်။ ဂေါပကအဖွဲ့ဝင်တွေ၊ နှစ်ဖက် ရပ်ကွက် အာဏာပိုင်တွေ၊ အသက်အရွယ် ကြီးရင့်သူတွေ ပါဝင်သော အဖွဲ့တစ်ခု ဖွဲ့ပြီး မဲပေး ရွေးချယ်ကြရန်…။ ထိုအခါ ကိုယ့်ရပ်ကွက်ဘက်က အင်အားတောင့်တင်းအောင် အသက်ကြီးသူ မှန်သမျှ အကုန်ထည့်သဖြင့် ပဲပြုတ်သည်ကြီး ဒေါ်မိုန်တောင် အဖွဲ့ဝင်ဖြစ်သွားသေးသည်။

□

www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင်ပါပဲ… ထိုကာလမှာ အမေရိကန် သမ္မတ ရွေးကောက်ပွဲအတွက် အကြိတ်အနယ် မဲဆွယ်နေကြသော အချိန် ဖြစ်၏။ ရီပတ်ဘလီကန်ဘက်မှ သမ္မတလောင်းက ဂျွန်မက်ကိန်း၊ ဒီမိုကရက်တစ်တွေဘက်က ဘားရက်အိုဘားမား…။

တကယ်တော့… အမေရိကန်ဆိုတာ အဝေးကြီး။ ဝေးတာမှ ကမ္ဘာတစ်ဝက်တိတိလောက်ကို ဝေးသည်။ ကိုယ်နဲ့ ဘာဆိုင်သလဲ။ ဘယ်သူပဲ နိုင်နိုင်… အနေသာကြီး။ မက်ကိန်း နိုင်လည်း ဒေါ်မှိန်က ပဲပြုတ် ဆက်ရောင်းရမှာပဲ။ အိုဘားမား နိုင်လည်း ဒေဝါနန်းက ဆိုက်ကား ဆက်နင်းရမှာပဲ။ ထို့ကြောင့် ရပ်ကွက်ထဲက လူအများစုကတော့ သိပ်စိတ်မဝင်စားကြ။

အဲ… ကိုယ့်အကြောင်းနဲ့ ကိုယ် စိတ်ဝင်စားတဲ့ လူတချို့တော့ ရှိပါသည်။ ပထမတစ်ယောက်က ရွှေကြည် ဖြစ်၏။ သူရည်းစား



မောင်ဝသည် ရေစည်လှည်းတွန်းသူသာ ဖြစ်၏။ သို့တိုင်အောင် ရွှေကြည့်အတွက်တော့ အာကာသယာဉ်မှူးတစ်ယောက်လို တန်ဖိုးထားသည်။ သူက မောင်ဝကို သိပ်အထင်ကြီးတာ။ နာမည်ကြီးတဲ့ လူမှန်သမျှ မောင်ဝနဲ့ တူတယ်လို့ချည်း အောက်မေ့နေသည်။

ရုပ်ရှင်မင်းသား 'ဒွေး' နာမည်ကြီးတုန်းက မောင်ဝကို ဒွေးနဲ့ တူတယ် ပြောသဖြင့် တန်ရာ တန်ရာ လုပ်စမ်းပါ… ဟု အဆိုခံရသည်။ မန်ယူအသင်းက ပေါ်တူဂီ ဘောလုံးကြယ်ပွင့် စီရော်နယ်ဒိုနဲ့ တူတယ် ပြောတုန်းကလည်း ရော်နယ်ဒင်ဟိုနဲ့ မှားပြောမိတာ ထင်တယ်… ဆိုပြီး အလှောင်ခံရသည်။ နောက်တစ်ခါ စိုင်းစိုင်းခမ်းလှိုင်နဲ့ ခပ်ဆင်ဆင်ပဲ လုပ်ပြန်သည်။ ဒီအခါကျပြန်တော့လည်း… အေး ဟုတ်တယ်…စိုင်းစိုင်းကို ခုနစ်ရက်လောက် နေပူလှန်းပြီး အိုးမဲသုတ်ထားရင်တော့ တော်တော်တူမှာပဲ… ဆိုပြီး ဝိုင်းဟားတာ ခံရသေးသည်။

ကဲ… ဒီတစ်ခါတော့ ဘာတတ်နိုင်ကြသေးလဲ။ မောင်ဝကို အိုဘားမားနဲ့ တူတယ်လို့ ပြောတဲ့အခါ ဘယ်သူမှ မငြင်းနိုင်ကြတော့ဘူး မဟုတ်လား။

အိုဘားမားကို စိတ်ဝင်စားသူ နောက်တစ်ယောက်ကတော့ ပတေးပင် ဖြစ်၏။ အိုဘားမားရဲ့ နာမည် အပြည့်အစုံက ဘားရက်ဟူစိန် အိုဘားမား ဖြစ်၏။ ဟူစိန်ဆိုတာ ပါနေသဖြင့် အိုဘားမား

www.burmeseclassic.com

www.burmeseclassic.com



သည် သူနှင့် အမျိုးတော်ကောင်း တော်နိုင်သည်ဟု ဆို၏။ ပတေးရဲ့ အဘိုးနာမည်က မိုဟာမက်ဟူစိန် ခေါ် ဦးမောင်စိန် ဖြစ်သကိုး…။

"မင်းဟာက ဘာဆိုင်လဲ၊ အမေရိကန်ဆိုတာ အဝေးကြီး ပဲဟာ…"

ဟု ဖိုးနီက ဝင်ထောက်တော့-

"ဒီလိုလေကွာ… အိုဘားမားရဲ့ အဖေက ကင်ညာနိုင်ငံ ကလို့ ဂျာနယ်ထဲမှာ ရေးထားတယ် မဟုတ်လား၊ ငါတို့ အဘိုးက လည်း ပထမကမ္ဘာစစ်တုန်းက အင်္ဂလိပ်စစ်တပ်နဲ့အတူ ထမင်းချက် အဖြစ်နဲ့ အာဖရိကစစ်မြေပြင်ကို ရောက်ဖူးတယ်တဲ့။ တစ်ခုခု ပတ်သက် မှု ရှိချင် ရှိမှာပေါ့"

ဟု အတင်းဆွဲစေ့လိုက်ပြီး နောက်ဆက်၍-

"တကယ်တော့… အိုဘားမားက နောက်တောင်ကျနေပါ သေးတယ်ကွာ၊ အမေရိကန်မှာ နာမည်အကြီးဆုံး ဖြစ်တဲ့ သမ္မတ လင်ကွန်းဟာလည်း ငါတို့လူမျိုးပဲကွ"

"မင်းဟာက ဒါတော့ နည်းနည်းလွန်သွားပြီ ထင်တယ်ကွာ၊ ပတေးရာ…"

ဉာဏ်စိန်က ဝင်ပြောသည်။ ပတေးက-

"သက်သေ အထင်အရှား ရှိပါတယ်ကွ၊ ကြည့်လေ… လင်ကွန်းရဲ့ နာမည်အပြည့်အစုံက ဘာလဲ၊ အီဘရာဟင်လင်ကွန်း မဟုတ်လား… အီဘရာဟင်ဆိုတာ ငါတို့ လူမျိုးနာမည်ပဲလေ…"



ခပ်လှမ်းလှမ်းမှာ လက်ဖက်ရည် ထိုင်သောက်နေသော ဒေါက်တာတုတ်နိုင်သည် ပတေး၏ ကြံဖန် ဆွဲမျိုးစပ်ပုံကြောင့် မပြုံးဘဲ မနေနိုင်အောင် ဖြစ်သွား၏။ သူလည်း ဝင်နောက်ချင်လာ သဖြင့်-

"မလေးရှားက အတိုက်အခံခေါင်းဆောင် အန္တာဝါအီဘရာ ဟင် ဆိုတာလည်း ကိုပတေးနဲ့ အမျိုးတော်ချင်တော်နေမှာပဲ ထင် တယ်"

ဟု ချွန်ပေးလိုက်သောအခါ-

"ဖြစ်နိုင်တယ်… ဖြစ်နိုင်တယ်"

ပတေးက အားတက်သရော ပြောသည်။ ထိုအခါကျမှ တစ်ချိန်လုံး ငြိမ်ပြီး နားထောင်နေသော ပွကြီးက-

"အန္တာဝါအီဘရာဟင်… ဟုတ်လား ဆရာ၊ ဒါဆိုရင်တော့ စာရေးဆရာ အန္တာဝါစိုးမိုး ဆိုတာလည်း ပတေးရဲ့ ဦးလေးများ ဖြစ်နေမလား မသိဘူး"

ဟု စကားဝိုင်းကို အနားသတ်ပေးလိုက်သည်။

ကိုကြီးငွေကတော့ တစ်မျိုး… သူက အမေရိကန်သမ္မတ လောင်းတွေရဲ့ မဲဆွယ်ပွဲတွေကို စိတ်ဝင်စားခြင်း ဖြစ်၏။ အိုဘားမား နှင့် ဂျွန်မက်ကိန်းတို့ မျက်နှာချင်းဆိုင်ပြီး စကားစစ်ထိုးကြပုံကို ရုပ်မြင် သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသကြောင်း ဂျာနယ်တွေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရသည်။ သူ တော်တော် အားကျသွား၏။ ထို့ကြောင့် ဒါမျိုး စကားစစ်ထိုးပွဲ လုပ်ရအောင်ဟု ကမ်းလှမ်းလိုက်သည်။ ကိုစာကလေးကလည်း ကိုကြီးငွေကသာ စိန်ခေါ်ရင် ဝရိန်ခေါ်မယ် ဆိုတဲ့ လူစားမျိုးဆိုတော့ . . .

ရက်မြတ်မင်္ဂလာ . . . တနင်္ဂနွေနေ့
ချိန်းခါသင့်ပွဲ . . . ညနေ ၄း၀၀ နာရီ
ဆင်နွှဲနေရာ . . . ပတေး၏ လက်ဖက်ရည်ဆိုင်

ဆိုင်ထဲမှာ လူအတော်စုံနေပြီ။ ၃၀ ကျော် ၄၀ နီးပါးလောက် ရှိမည်။ ပတေး၏ ဆိုင်တွင် စားပွဲ ၆ လုံးသာ ရှိသည်။ စားပွဲတစ်လုံးမှာ ပလတ်စတစ် ခွေးခြေပု ၄ လုံးသာ ရှိသည်။ ထို့ကြောင့် တချို့လူတွေ နေရာမရဘဲ မိုးတိုးမတ်တတ် နေကြရသည်။ တမင်တကာ စီစဉ် နေရာချထားပေးခြင်း မရှိသော်လည်း ရပ်ကွက်နှစ်ခုမှ လူများသည် ဟိုဘက်ခြမ်း ဒီဘက်ခြမ်း အလိုအလျောက် နေရာယူပြီးသား ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပတေးမှာ ဒီနေ့တော့ ရောင်းကောင်းဦးမှာပဲ… ဟု အားခဲထားသော်လည်း ထင်သလို ဖြစ်မလာ။

"ကဲ… ဘာသောက်ကြမလဲ၊ ဘာမှာကြမလဲ၊ စမူဆာ ကောင်းတယ်နော်၊ နေ့လယ်ကမှ ကြော်ထားတာ ပူပူနွေးနွေးလေး"

ဟု လှမ်းခေါ်ကြည့်သည့်တိုင် သိပ်မထူးခြားလှ။ ဝိုင်းတစ်ဝိုင်းလျှင် လက်ဖက်ရည် တစ်ခွက် နှစ်ခွက်၊ ကော်ဖီမစ် တစ်ခွက် နှစ်ခွက်သာ မှာသည်။ တချို့က စမူဆာတစ်ခုလောက် စားပြီး ရေနွေးကြမ်းတွေသာ တစ်အိုးပြီး တစ်အိုး မှာနေကြ၏။ ဆေးပေါ့လိပ် တစ်မျိုးတည်းသာ အရောင်းသွက်သည်။

"စမူဆာတွေ ရောင်းမကုန်ရင်တော့ ဒုက္ခပဲ၊ ဒါကြောင့် ပို မလုပ်ပါနဲ့လို့ ပြောတာ"

ဟု ဘာနုးက ညည်းသည်။ ပတေး စိတ်ထဲမှာလည်း…

'ဒီညတော့ စမူဆာသုပ်နဲ့ပဲ ထမင်းစားရတော့မှာပဲ'

ဟု တွေးလိုက်သည်။

ကိုကြီးငွေမှာ ကြို့တင်ရောက်ရှိပြီး ဟန်ရေးပြနေသည်။ သူက မသီးကိုလည်း လိုက်ခဲ့ဖို့ ခေါ်သေးသည်။ မသီးက ငြင်းသည်။

"အို… မလိုက်ချင်ပါဘူး၊ ကြောင်တောင်တောင်နဲ့"

"မင်း အဲဒါ ခက်တာပေါ့ကွ၊ အမေရိကန်သမ္မတလောင်းတွေဆိုရင် မဲဆွယ် စည်းရုံးရေး ခရီးထွက်တဲ့အခါ မိန်းမရော…



သားသမီးတွေပါ ခေါ်သွားတာကွ၊ လက်ရှိသမ္မတ ဘွတ်ရှ်ရဲ့ ကတော် လော်ရာဘွတ်ရှ်ဆိုရင်…"

"သူ့ဟာသူ ဘွတ်ချင် ဘွတ်၊ ကျုပ်တော့ မဘွတ်နိုင်ဘူး၊ ရှင်လည်း ကိုကြီးဘွတ် မဟုတ်ဘူး၊ ကျုပ်လည်း မသီးဘွတ် မဟုတ်ဘူး"

ဆိုပြီး ငြင်းလိုက်သည်။

သို့ရာတွင် ကိုကြီးငွေ သွားခါနီးမှာတော့-

"ရော့… ဒါကို အပေါ်က ဝတ်သွား"

ဟု ပြောပြီး လှမ်းပေးသည်။ ကိုကြီးငွေ မျက်စိကျနေခဲ့သော ကြက်ဥနှစ်ရောင် တိုက်ပုံအင်္ကျီပင် ဖြစ်၏။

ကိုကြီးငွေ ဆိုင်ကို ရောက်သွားသောအခါ ပတေးတို့ ဖိုးနီတို့ ပွကြီးတို့က သေသေချာချာ စစ်ဆေးကြည့်ရှုကြသည်။ ဖိုးနီက-

"ကိုကြီးငွေက သားတော့ သားနားပါတယ်၊ ဒါပေမဲ့ နားသယ်စပ်မှာ ဆံပင်ဖြူ နည်းနည်း ရှိနေတယ်"

"ဒါက အရေးမကြီးပါဘူးကွာ… စာကလေး ဆိုတဲ့ကောင်လောက်ကတော့ ခွပ်ကျယ်စုတ် ဝတ်ပြီး ယှဉ်ရင်တောင် ငါက သုံးဆလောက် သာနိုင်ပါသေးတယ်"

သူ ပြောတာလည်း ဟုတ်တော့ ဟုတ်သည်။ ကိုကြီးငွေက အဖြူအာက်လုနေသော အသားလတ်လတ်၊ ကိုယ်ခန္ဓာက ခပ်ဖိုင့်ဖိုင့်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရုပ်ကွက် အတိုင်းအတာနှင့် ကြည့်လျှင် ရုပ်သန့်သည်ဟု ဆိုနိုင်၏။ အဝတ်အစား ပေါ်ပေါ်များများ မရှိသည့်တိုင် သပ်သပ်ရပ်ရပ် ဝတ်တတ်သဖြင့် အတော်အတန် ကြည့်ကောင်းသည်။

ကိုစာကလေးကတော့ ဆန့်ကျင်ဘက်ပဲ။ မည်းမည်း၊ ပိန်ပိန် ခြောက်ခြောက် လက်ပြင်ကုန်းကုန်း၊ မျက်နှာက စုတ်ချွန်းချွန်း။ သူ့ဟန်အမူအရာကလည်း လူလည်ကျမယ့်ပုံမှန်း သိသာ၏။

ကိုကြီးငွေမှာ ဆရာကြီးဂိုက် ဖမ်းပြီး သူသိ သူတတ် ပေါင်ဖွာပေါင်ဖွာ လုပ်တတ်တာက လွဲလျှင် သူများအပေါ်မှာတော့ ကလိန်ကကျစ် ကျတာမျိုး မရှိ။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ကိုစာကလေးထက်စာရင် ကိုကြီးငွေက အပြတ် သားနားတာပေါ့၊ ဒါပေမဲ့ ကိုကြီးငွေပဲ ပြောဖူးတယ်လေ… အမေရိကန်သမ္မတတွေတောင် တီဗီကနေ မိန့်ခွန်းပြောတဲ့အခါ ကြည့်ကောင်းအောင် မိတ်ကပ်လိမ်းကြရတယ်ဆို"

"ငါကတော့ မိတ်ကပ် လိမ်းစရာ မလိုပါဘူးကွာ၊ အိုးမဲလိမ်းလာရင်တောင် စာကလေးထက် သာပါတယ်"

ကိုကြီးငွေ စကားကို ကြားတော့မှ ပတေး သတိရသွားသည်။

"ကိုကြီးငွေ… ခဏ"

ဟု ဆိုပြီး မီးဖိုချောင်ဘက် ဆွဲခေါ်သွားသည်။ ထို့နောက် ဒယ်အိုးတစ်လုံး၏ ဖင်မှ အိုးမဲအနည်းငယ်ကို လက်ညှိုးဖြင့် သပ်ယူပြီး ကိုကြီးငွေ၏ နားသယ်စပ်ကို ခပ်ဖွဖွ ပွတ်ပေးလိုက်သည်။ ဆံပင်ဖြူများမှာ လုံးဝမည်းနက်သွားခြင်း မရှိသော်လည်း မီးခိုးရောင် ရင့်ရင့် ဖြစ်သွားသည်။



"အခုမှ ပိုသားနားသွားတာ"

ဟု ဖိုးနီက ထောက်ခံချက် ပေးလိုက်သည်။

"ဟော… လာပြီ၊ လာပြီ"

'ဌ' ရုပ်ကွက်သားတွေဘက်မှ အသံထွက်လာသည်။ ကိုစာကလေး ရောက်ရှိလာခြင်းပင် ဖြစ်၏။ သူကလည်း တတ်နိုင်သလောက် သားသားနားနား ဖြစ်အောင် ပြင်ဆင်လာခဲ့သည်။ လည်ကတုံး၊ ရှပ်အင်္ကျီ လက်ရှည်အဖြူရောင်နှင့် ဝင်းသူဇာပုဆိုးအဝါနှင့် အနက်ကွက်ကို ဝတ်လာသည်။ အဝတ်အစားတွေက အသစ်ဖြစ်ကြောင်း သိသာ၏။ အင်္ကျီ၏ ကော်လာ၊ လက်ဖျားပိုင်းနှင့် ပုဆိုးမှာ ကော်တွေကြောင့် တောင့်တောင့်ကြီး ဖြစ်နေ၏။ ဆံပင်ကို ဂျယ်လီခေါင်းလိမ်းဆီလိုမျိုး လိမ်းလာဟန် တူသည်။ စနိုးတွေလည်း လိမ်းလာပုံရသည်။ မျက်နှာ တစ်နေရာတည်း ကွက်ပြီး ဖွေးနေသည်။

"ပုန်းရည်ကြီး မှိုတက်နေတဲ့အတိုင်းပဲ"

ဟု မပွေးက တစ်ဖက်အုပ်စုကပါ ကြားအောင် ပြောလိုက်သည်။ ကိုစာကလေး ဆိုင်ထဲ ဝင်လာသောအခါ သူ၏ တပည့်ကျော် ဖြစ်သော ကြက်ခေါင်းက ပျာပျာသလဲ ထ၍ ခရီးဦးကြိုပြုပြီး-

www.burmeseclassic.com

www.burmeseclassic.com



"အာစရိက တယ်သားနားပါလား၊ ဒီအင်္ကျီက အသစ်စက်စက် ထင်တယ်"

ဟု ကိုစာကလေး၏ အင်္ကျီလက်မောင်းသားကို ကိုင်ကြည့်ရင်း ပြောလိုက်သည်။ ကိုစာကလေးက-

"အသစ်ပေါ့ကွ၊ ဘာလဲ… မင်းက အပေါင်ဆုံးအင်္ကျီ ဝတ်လာတယ် ထင်လို့လား၊ မယုံရင် နမ်းကြည့်၊ မှို့နံ့ လုံးဝမရှိဘူး"

ဒါ တမင်အကွက်ဆင်ထားတာပဲ။ ကိုစာကလေးဘက်က ကိုကြီးငွေကို စောင်းချိတ်ပြီး တိုက်စစ် ဖွင့်လိုက်ခြင်း ဖြစ်၏။ ကိုစာကလေးသည် ခွေးခြေပေါ်မှာ ဝင်ထိုင်သည်။ စားပွဲမှာ လက်တင်မည် ပြုပြီးမှ-

"ဟာ… စားပွဲကလည်း ညစ်ပတ်နေတာပဲ"

ဟု ပတေးကိုပါ လှမ်းခတ်လိုက်သည်။ ဘာနူးက တစ်ခုခု လှမ်းပြောမည် အပြုမှာ ပတေးက လက်ကာပြပြီး တားထားလိုက်၏။ ကြက်ခေါင်းသည် ဂျာနယ်ဟောင်းတစ်ရွက်ကို စားပွဲပေါ် ခင်းပေးလိုက်သည်။

ကိုကြီးငွေက-

"ဟုတ်သားပဲကွ ပတေးရ၊ စားပွဲက ညစ်ပတ်နေတော့ ဌားဝတ်လာတဲ့ အင်္ကျီ ပေကုန်ရင် ပိုင်ရှင်က ပြဿနာရှာမှာပေါ့"

'ဉ'အုပ်စုဘက်မှ ရယ်သံတွေ ထွက်လာသည်။



"ဟုတ်တယ်… ကိုယ်ပိုင်လား ဌားဝတ်လာတာလား ဆိုတာ ကြည့်လိုက်ရင် သိသာတယ်"

"ဘယ်လို သိသာတာလဲကွ ပွကြီး၊ ပြောစမ်းပါဦး"

"ကိုယ်ပိုင်ဆိုရင် ကြည့်ရတာ အချိုးပြေတယ်လေ၊ သူများအင်္ကျီ ဌားဝတ်လာရင်တော့ အင်္ကျီပခုံးက လျှောကျနေတာပေါ့၊ ပြီးတော့ အင်္ကျီက ရှည်ပြီး လက်က တိုနေတော့ အင်္ကျီ ဝတ်ထားတာနဲ့ မတူဘူး၊ အင်္ကျီထဲ ဝင်ပုန်းနေသလို ဖြစ်နေတယ်"

"ဟော… ဘာဖြစ်လို့ ဝင်ပုန်းနေရတာလဲ၊ ဘာတွေ မဟုတ်တာ လုပ်ထားလို့လဲ"

ကိုကြီးငွေတို့၏ တန်ပြန်ထိုးစစ် ဖြစ်၏။

တကယ်တော့ ကိုစာကလေးမှာ ထိုအင်္ကျီကို ဌားဝတ်လာခြင်း မဟုတ်။ တိုက်ခွေးတွေကို လမ်းဘေးမှာ ဈေးပေါပေါနှင့် ပုံရောင်းနေတဲ့ဆီက ဝယ်လာခြင်းသာ ဖြစ်၏။

"ဟဲ ဟဲ… အပေါင်ဆုံးအင်္ကျီ ဝတ်ထားရင်လည်း သိပ်သိသာတယ်ကွ။ အင်္ကျီက သေးသေး၊ လူက ဝဝဆိုတော့ ဝက်ပုတ်ကို ကြွပ်ကြွပ်အိတ် စွပ်ထားသလို ဖြစ်နေတာပေါ့ကွာ"

"ဟား ဟား ဟား"

ကိုစာကလေး၏ တိုက်ကွက်ကလည်း ထိရောက်သည်။ ကိုကြီးငွေမှာ တိုက်ပုံအင်္ကျီလက်ကို ဆွဲဆန့်လိုက်မလိုတောင် ဖြစ်သွား၏။ ကိုယ်ကိုလည်း ကျုံ့ထားလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုစာကလေးက တစ်ချက် အသာစီး ရသွားတာကို အခွင့်ကောင်းယူပြီး တစ်ဆင့်တက်လိုက်သည်။

"ယောက်ျားက ဘုရားလူကြီး၊ မိန်းမက အပေါင်ဆိုင် လုပ်တယ် ဆိုတော့ သိပ်လိုက်တာပေါ့ကွာ"

ကိုကြီးငွေကလည်း-

"ငါတော့ ဘုရားက ကြေးပန်းအိုးကြီးတွေအတွက် ရင်လေးတယ်ဟေ့၊ ခွက်ပုံးချတဲ့လူ၊ လောင်းကစားသမားကို တာဝန်ပေးလိုက်လို့ကတော့ ဘာပြောကောင်းမလဲ၊ ကြေးနီ ကြေးဝါ ဈေးတွေကလည်း ကောင်းနေတယ် မဟုတ်လား"

"အပေါင်ခံမယ့်လူကလည်း အဆင်သင့် ရှိနေတာကိုး... ဟား ဟား..."

ကိုစာကလေးက ချက်ချင်း ပြန်ပက်သည်။

ဒီလိုနဲ့ သူတို့ နှစ်ယောက်သည် အပြန်အလှန် စကားစစ်ထိုးကြရာမှာ ငယ်ကျိုးငယ်နာတွေပါ ဖော်ပြီး တိုက်ခိုက်ကြတော့သည်။ ငယ်ငယ်က အတန်းထဲမှာ စာခိုးချတဲ့ ကိစ္စ... သူများ မုန့်ခိုးစားလို့ ဒဏ်ပေးခံရတဲ့ ကိစ္စ... ဘုန်းကြီးကျောင်းထဲက မာလကာသီး ဝင်ခိုးရာမှာ ခွေးလိုက်ဆွဲလို့ တင်ပါး စုတ်ပြဲသွားတဲ့ ကိစ္စ... ကောင်မလေး တစ်ယောက် နောက်ကို လိုက်ရင်း အိမ်သာကျင်းထဲ ချော်ကျတဲ့ ကိစ္စ... ကိုကြီးငွေ အလုပ် လက်ကြောတင်းအောင် မလုပ်ချင်ဘဲ



မိန်းမ ထဘီနှား ခိုစားတဲ့ ကိစ္စ... ကိုစာကလေးတို့ လင်မယား နှစ်လုံး သုံးလုံး ဒိုင်ကိုယ်စားလှယ် လုပ်နေတဲ့ ကိစ္စ... စသည်ဖြင့် အပြန်အလှန် ဖော်ကောင် လုပ်ကြတာ နားထောင်လို့ တော်တော်ကောင်းသည်။ နှစ်ဖက် ရပ်ကွက် ပရိသတ်တွေကလည်း ကိုယ့်လူကိုယ် လက်ခုပ်လက်ဝါးတီးပြီး အားပေးကြသည်။

တကယ်ဆိုလျှင် ကိုကြီးငွေသည် လေဖောခြင်း၊ တတ်ယောင်ကား လုပ်တတ်ခြင်း၊ ဆရာကြီးဂိုက်ဖမ်းတတ်ခြင်းတို့က လွဲလျှင် ကိုယ်ကျင့်တရားတော့ ကောင်းသည်။ ကိုစာကလေးက နည်းနည်းညစ်ချင်သည်။ ကလိန်ကကျစ်ကျတတ်သည်။ ပုံမှန်အတိုင်းဆိုလျှင် ကိုစာကလေးအနေဖြင့် ကိုကြီးငွေကို ယှဉ်ဖို့ မလွယ်။ သို့ရာတွင် စကား ကပ်ပြောတဲ့နေရာမှာကျတော့ ကိုစာကလေးက သာသည်။ ကိုကြီးငွေ တစ်ခုခု ပြောလိုက်လျှင် တစ်ခွန်းချင်း ဝင်ဝင်ထောက်တာ၊ ထေ့လုံး ငေါ့လုံးတွေ သုံးတာ ထိရောက်မှု ရှိသည်။

တစ်ချက် တစ်ချက် ကိုစာကလေးရဲ့ ထိုးနှက်ချက်တွေကို ရုတ်တရက် မတုံ့ပြန်နိုင်သဖြင့် ကိုကြီးငွေ ကြောင်အအ ဖြစ်သွားရသေးသည်။ ထိုအခါ ဖိုးနီတို့ ပွဲကြီးတို့က ဝင်ကူပြောပေးရတာမျိုး ရှိ၏။

သူတို့တွေ ခုလို ဖြစ်နေကြတာကို ပေါတောတော နိုင်တယ်လို့ သတ်မှတ်လျှင် တရားမျှတမှု မရှိရာကျမည်။ ဒါမျိုးက အမေရိကန်

www.burmeseclassic.com

www.burmeseclassic.com



သမ္မလောင်းတွေမှာတောင် တစ်ခါ တစ်ခါ ဖြစ်တတ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွေနဲ့ ပတ်သက်ပြီး စကားနိုင်လုကြရာက အခြေအတင် ဖြစ်လာသည်။ နောက်တော့ စိတ်လွှတ်ကိုယ်လွှတ် ဖြစ်ပြီး ပုဂ္ဂိုလ်ရေးကိစ္စတွေပါ ပါလာသည်။

ယယ်ယယ်က မိန်းကလေးတွေနဲ့ ရှုပ်တယ်… အုပ်ချုပ်ရေးမှူး ဘဝတုန်းက အတွင်းရေးမှူးမလေးနဲ့ ဇာတ်လမ်း ရှိခဲ့တယ်… အရက်မူးပြီး ကားအရမ်းမောင်းလို့ လိုင်စင် သိမ်းခံရဖူးတယ်…. သူ့သားက ဆေးသမား ဖြစ်ဖူးတယ်… သူ့သမီးက တရားမဝင် ကိုယ်ဝန်ဖျက်ချဖူးတယ်… စသည်ဖြင့်…။

'ကတော်'ချင်းလည်း ပြိုင်ကြသေးသည်။ ဘယ်သူ့မိန်းမ ပိုလှတယ်… ဘယ်သူက အဝတ်အစား ဝတ်တာ ပိုပြီးစတိုင်ကျတယ်… ဘယ်သူကတော့ အသုံးအဖြုန်း ကြီးတယ်… ဘယ်သူဆိုရင် ကျောင်းမှာတုန်းက ရည်းစားတွေ အများကြီး ထားခဲ့ဖူးတယ်… ဆိုတာမျိုးတွေနဲ့ ပုတ်ခတ်ဝေဖန်မှုတွေ ရှိသည်။

ကမ္ဘာကြီးကို ခေါင်းဆောင်မယ်ဆိုတဲ့ လူတွေတောင် ဒီလိုကိစ္စမျိုးတွေ ရှိနေသေးတာပဲ။ ကိုကြီးငွေက ကိုစာကလေး မိန်းမကို ငါးဖောင်ရိုးခြောက် အင်ကျင်ဗိုင် သုတ်ထားတဲ့ ပုံမျိုး…ဟု နှိုင်းနှိုင်းပြီး ကိုစာကလေးကလည်း မသီးကို ရေထိုးပြီး ရောင်းမကုန်တဲ့



ကြက်အိုမကြီးကို နနွင်းနဲ့ နယ်ထားတာကျနေတာပဲ…ဟု ချိုးချိုးဖွဲဖွဲ ပြန်ပြောတာ ဘာဆန်းသလဲ။

သူတို့နှစ်ယောက်၏ စကားစစ်ထိုးပွဲသည် အရှိန်မြင့်လာသည်။ ကိုစာကလေးက စကားလုံး ပိုပြောင်သဖြင့် အရေးသာသလို ဖြစ်နေသည်။ ကိုကြီးငွေမှာ အလူးအလဲ ခံရတော့မည့် အခြေအနေမှာ ရှိနေ၏။ ထိုအခါ ပတေးက သူ ဝင်ကူမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

ပတေးဆီမှာ ဝှက်ဖဲတစ်ချပ် ရှိ၏။ လိုအပ်တဲ့အခါ ထုတ်သုံးဖို့ လက်နက်ပုန်းအဖြစ် ဆောင်ထားခြင်း ဖြစ်၏။ တုတ်၊ ဓား၊ လေးခွ၊ ဂျင်ဂလိတို့တော့ မဟုတ်။ ကက်ဆက်ခွေလေး တစ်ခွေသာ ဖြစ်၏။ အလက်ာကျော်စွာ ရွှေမန်းဦးတင်မောင်၏ ရုပ်ကုန်သည်ပြဇာတ်ထဲက သီချင်းစာသား တစ်နေရာကို ကွက်တိချိန်ပြီး အဆင်သင့် ပြင်ထားတာ။

ကိုကြီးငွေက မိမိကိုသာ တာဝန်ပေးမည် ဆိုလျှင် ဘုရားပွဲကို နှစ်စဉ် ကျင်းပနိုင်အောင် ကြိုးစားမည်ဖြစ်ကြောင်း၊ ဘုရားပွဲမှာ ထူးထူးခြားခြား ဖြစ်အောင် ဖိုးချစ်၏ ဇာတ်သဘင်နှင့် ဟစ်ဟော့ စင်တင်ဂီတပွဲကို ရုံနှစ်ရုံ ထိပ်တိုက် တင်ဆက်မည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီတစ်ခုခုကို စပွန်ဆာ လုပ်ခိုင်းမည် ဖြစ်ကြောင်း၊ တီဗီမှာလည်း ကြော်ငြာထည့်မည် ဖြစ်ကြောင်း၊

www.burmeseclassic.com



ရန်ပုံငွေ ရအောင် ဘုရားဝင်းပတ်လည်မှာ ဆိုင်ခန်းတွေ ဆောက်ပြီး အငှားချထားမည် ဖြစ်ကြောင်း… စသည်ဖြင့် အာပေါင်အာရင်း သန်သန် ပြောသောအခါ ကိုစာကလေးက သူ့ပင်ကိုဟန်အတိုင်း ပြုံးသလိုလို… မဲ့သလိုလို… မထီတရီ ပုံစံဖြင့် ခေါင်းတညိတ်ညိတ် လုပ်ရင်း စိတ်ရှည်လက်ရှည် နားထောင်နေသည်။ ကိုကြီးငွေ စကား ဆုံးတော့မှ-

“အလုပ်ကြီး အကိုင်ကြီး လုပ်တဲ့လူဆိုတာ လေဖောနေရုံနဲ့ မပြီးဘူး၊ တတ်ယောင်ကား လုပ်နေလို့ မဖြစ်ဘူး၊ တကယ် လက်တွေ့လုပ်တဲ့အခါမှာလည်း တိတိကျကျ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ရမယ်၊ ဒီနေရာမှာ ကိုယ်ပိုင်ဦးနှောက်ကို အသုံးချနိုင်ဖို့ အရေးကြီးတယ်၊ ကိုယ့်အရည်အချင်းနဲ့ ကိုယ် မဆုံးဖြတ်နိုင်ဘဲနဲ့ တစ်ခုခု လုပ်မယ်ကြံတိုင်း မိန်းမကို တိုင်ပင်နေရရင် အလကားပဲ၊ လက်ဖက်ရည်တစ်ခွက် ဝယ်သောက်ဖို့တောင် မိန်းမဆီက ခွင့်ပြုချက် တောင်းခံနေရတာမျိုးကတော့ ယောကျ်ားသိက္ခာ ကျလွန်းပါတယ်ကွာ”

ကိုစာကလေး၏ ထိုးနှက်ချက်မှာ ပြင်းထန်လှသည်။ ကိုကြီးငွေ၏ အမိကပျော့ကွက်ကို တိုက်ရိုက် ထိမှန်သွားသည်။ ကိုကြီးငွေမှာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။ မျက်နှာကြီး နီမြန်းပြီး-



“ဟင်း… ဟင်း…”

ဟူ၍သာ ရေရွတ်နေသည်။ ကိုစာကလေးက… ‘ခုတော့ မင်း ဘာတတ်နိုင်သေးလဲ…’ ဆိုသော ပုံစံဖြင့် မိန့်မိန့်ကြီး ပြုံးကြည့်နေစဉ်…

ပတေးက ကက်ဆက်ခလုတ်ကို နှိပ်ပြီး ဖွင့်လိုက်သည်။ ကွက်တိ ချိန်ကိုက်ထားသော သီချင်းသံက ကြည်လင်ပီသ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

“ဟို လူယုတ်မာက အတည်… ဟိုလူယုတ်မာက အတည် … မုသားစကားတွေ ပြောသွားလေပြီ”

ကိုစာကလေး ဆတ်ခနဲ ဖြစ်သွား၏။ ‘၃’ ရပ်ကွက်ဘက်မှ လူများ၏ ရယ်သံတွေ ထွက်ပေါ်လာသည်။ ကိုကြီးငွေ၏ အသံက အကျယ်ဆုံး ဖြစ်၏။ ပွဲကြီးက ‘ဝါးဟား ဟား’ဟု တမင်လျှောင်သလို လုပ်ရယ်သည်။ အသံပြာပြာနှင့် စူးစူးရှရှ ထွက်ပေါ်လာသော ဒေါ်မှိန်၏ အသံကလည်း ကိုစာကလေးကို မခံချိမခံသာ ဖြစ်သွားစေသည်။

“ဟေ့ကောင် ပတေး… ဒါ ဘာသဘောလဲကွ”

ဟု ကိုစာကလေးက ခပ်ငေါက်ငေါက် လေသံဖြင့် လှမ်းမေးသည်။

“ဆောရီး… ဆောရီး… အခွေမှားဖွင့်မိလို့ပါဗျာ”

www.burmeseclassic.com

www.burmeseclassic.com



ပတေးက ပြောပြီး ကက်ဆက်ကို ပိတ်၊ အခွေကို ပြန်ထုတ်၊ သီချင်းခွေတစ်ခွေ ပြောင်းထည့်လိုက်သည်။

ကိုစာကလေးက မကျေနပ်သေး။

"ဒါ... သက်သက်ညစ်တာပဲကွ၊ ဒီရွှဲကုန်သည်အခွေက ဘယ်ဆိုင်မှာမှ ဖွင့်တဲ့ အခွေ မဟုတ်ဘူး၊ ခုကျမှ..."

"အလှူခံမဏ္ဍပ်မှာ ဖွင့်ပါသေးတယ်ဗျာ၊ ကျွန်တော် နားထောင်ချင်လို့ ခဏငှားလာတာ၊ အဲဒါ မှားပြီး ဖွင့်မိ..."

"ဟောကောင်... အပိုတွေ ပြောမနေနဲ့"

ကြက်ခေါင်းက ကိုစာကလေး ဘေးမှာ ရပ်နေရာမှ ပတေးဆီ သွားရန် ခြေလှမ်းပြင်လိုက်သည်။ အတော်လှမ်းနေသေးသော်လည်း ပတေးမှာ လန့်ပြီး ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။ မောင်ဝကို အားကိုးတကြီး ကြည့်သည်။

မောင်ဝသည် ရေနွေးကြမ်း မှုတ်သောက်ရင်း အေးအေးဆေးဆေး ထိုင်နေသည်။ မော့မကြည့်ဘဲ-

"ရှေ့မတိုးနဲ့"

ဟု သံပြတ်ဖြင့် ပြောလိုက်သည်။ ကြက်ခေါင်း ခြေလှမ်း တုံ့သွား၏။ သိက္ခာကျမှာစိုးသဖြင့် ခြေတစ်လှမ်း ထပ်လှမ်းကြည့်သည်။ မောင်ဝက ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ် ချသည်။ ထို့နောက် လက်ဆစ်များကို ချိုးလိုက်သည်။ တဖျောက်ဖျောက် အသံ



မြည်သွားသောအခါ ကြက်ခေါင်းလည်း မူလနေရာကို ပြန်ဆုတ်သွားတော့သည်။

ကိုစာကလေးကတော့ မကျေမချမ်း ဖြစ်နေဆဲ...

"အခွေ မှားဖွင့်တယ် ဆိုရင်လည်း ဘာကြောင့် ဒီစာသားနေရာမှာမှ လာပြီး တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရသလဲ၊ မင်းတို့ ကလိန်ကကျစ်ကောင်တွေပဲ"

ကိုကြီးငွေက ခပ်ထေ့ထေ့ ပြုံးရင်း-

"ဒီမှာ စာကလေး... ဒီသီချင်းစာသားနဲ့ မင်းနဲ့ ဘယ်လို ပတ်သက်လို့လဲ"

"ဒါ ငါ့ကို သက်သက်စောင်းမြောင်းပြီး သိက္ခာချတာ မဟုတ်လို့ ဘာလဲ"

ကိုကြီးငွေက လှောင်ရယ် ရယ်လိုက်ပြီး-

"ဩော်... ဟော်... ဒါဆို မင်းက လူယုတ်မာဆိုတာကို ဝန်ခံတဲ့ သဘောပေါ့ကွ... ဟုတ်လား"

ကိုစာကလေး ဝုန်းခနဲ ထရပ်လိုက်သည်။

"ဟောကောင် ကြီးငွေ... မင်း လူပါးမဝနဲ့"

"ရှက်ရမ်း မရမ်းချင်စမ်းပါနဲ့ စာကလေးရာ... ဒီလက်ဖက်ရည်ဆိုင်ဟာ ဘယ်ရပ်ကွက် အပိုင်ထဲမှာလဲ ဆိုတာလည်း သတိထားစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"သြော်… မင်းတို့က ငါ့ကို တမင် ထောင်ချောက်ဆင်ပြီး မျှားခေါ်ခဲ့တာကိုး… စာကလေးကွ… နေရာ မရွေးတဲ့ ရွှေစာကလေး ဆိုတာ မကြားဖူးဘူးလား"

ဆိုပြီး ခွေးခြေကို ကောက်ကိုင်လိုက်သည်။ ပလတ်စတစ် ခွေးခြေ ဖြစ်သောကြောင့် သိပ်တော့အန္တရာယ်မရှိ။ သို့ရာတွင် ကိုကြီးငွေမှာ ယောင်ပြီး နောက်တစ်လှမ်း ဆုတ်လိုက်မိ၏။ ပြီးမှ ရေနွေးကြမ်းအိုးကို ကောက်ကိုင်ရင်း ခုခံဖို့ ပြင်လိုက်သည်။

"ပဒေါးဘိုင်… ကြည့်လုပ်ဦး၊ ဆိုင်က ပစ္စည်းတွေ ကျိုးပဲ့ကုန်လိမ့်မယ်"

ဟု ဘာနူးက ခပ်တိုးတိုး သတိပေးသည်။ ပြီးတော့ ကာကဆက်ကို ယူ၍ ပိုက်ထားလိုက်၏။

"မင်း သတ္တိရှိရင် ရှေ့တိုးခဲ့လေကွာ… စာကလေး"

ကိုကြီးငွေက စိန်ခေါ်လိုက်သည်။ မောင်ဝဘက်ကိုလည်း တစ်ချက် ငဲ့ကြည့်ရသေးသည်။ ကြက်ခေါင်းသည် အင်္ကျီလက်ကို ခေါက်တင်လိုက်ပြီး အဆင်သင့် ပြင်သည်။ ပွကြီးနှင့် ဖိုးနီတို့က ဘာလက်နက် ဆောင်ထားရကောင်းမလဲ ဆိုပြီး ဟိုဟိုဒီဒီ ရှာကြည့်သည်။ ကျော်ကွန့်က အရေးအကြောင်းဆိုလျှင် လက်ဖက်ရည် ပန်းကန်လုံးနဲ့ ကောက်ပေါက်ရမလား စဉ်းစားနေသည်။ ဉာဏ်စိန်သည် ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးသော စားသောက်ဆိုင် ရန်ပွဲကို



မြင်ယောင်မိ၏။ ခုံတွေ ရိုက်ချိုး၊ ပုလင်းတွေ ဖန်ခွက်တွေ ပန်းကန်ပြားတွေနဲ့ ပစ်ကြ၊ အဖျော်ခန်းထဲ သွားပုန်းနေရင်တော့ လွတ်လောက်တယ်ဟု တွေးနေ၏။

မောင်ဝကတော့ အေးအေးဆေးဆေး ထိုင်နေဆဲ… သို့ရာတွင် သူ့လက်ချောင်းများကို ကွေးချည် ဆန့်ချည် လုပ်နေသည်။ သူ ဒါမျိုး မထိတရိ လုပ်နေပြီဆိုလျှင် ကြောက်ဖို့ ကောင်းသည်။ သူ့လက်သီးက တစ်ချက်ဆို တစ်ချက် တုံးခနဲပဲ။ ဒါကို သိလို့လည်း ကြက်ခေါင်းမှာ ရှေ့ကို အရမ်းမတိုးရဲခြင်း ဖြစ်၏။

အခြေအနေက အတော်တင်းမာနေပြီ။ တစ်ဖက်ဖက်က တစ်ခုခု စလှုပ်ရှားလိုက်တာနဲ့ ဝရုန်းသုန်းကား ဖြစ်သွားနိုင်သည်။ ဘာနူးသည် မြင်ကွင်းကို တထိတ်ထိတ် ငေးကြည့်နေရသဖြင့် တစ်ခု သတိလက်လွတ် ဖြစ်သွားသည်။ နောက်ကို အမှတ်တမဲ့ ဆုတ်လိုက်ရာမှာ ပုလင်းတစ်လုံးကို တက်နင်းမိသဖြင့် ဟန်ချက် ပျက်သွားပြီး စားပွဲပုလေးပေါ် ဖင်ထိုင်ရက် ကျသွားသည်။ ပစ္စည်းတွေ လွင့်ကျကုန်သောကြောင့် ဂလုံ ဂလွမ်…အသံများ ထွက်ပေါ်လာသည်။

အလစ်မပေးဘဲ သတိထားနေကြသောအခိုက် ဖြစ်သောကြောင့် တစ်ခုခု ဖြစ်ပြီ ဆိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။ ကိုစာကလေးသည် လက်ထဲက ခွေးခြေကို မြှောက်လိုက်သည်။ ကိုကြီးငွေက ရေနွေးကြမ်းအိုး ကိုင်ထားသော လက်ဖြင့် ကာကွယ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ပြင်သည်။ ကျော်ကွန့်က ပန်းကန်လုံးကို ကောက်ကိုင်သည်။ ဖိုးနီ စောစောက ကြည့်ထားသော ထင်းချောင်းဆီ လက်လှမ်းသည်။ ညဏ်စိန်က ပွကြီး၏ နောက်မှာ ဝင်ကွယ်ဖို့ ကိုယ်ကို ယိမ်းလိုက်၏။ ကြက်ခေါင်းသည် အင်္ကျီနှင့် ဖုံးပြီး ခါးကြားမှာ ဖွက်ယူလာသော တုတ်ကို ဆွဲထုတ်သည်။ မောင်ဝ ဆတ်ခနဲ ထရပ်လိုက်ပြီ။

"ဟော့ ဟော့... နေကြပါဦး"

အခြေအနေ သိပ်မဟန်မှန်း သိကတည်းက ရာအိမ်မှူးကိုရှိန်က ပြေးခေါ်ခဲ့သဖြင့် ရပ်ကွက်လူကြီးတွေ အချိန်မီကလေး ရောက်ရှိလာကြခြင်း ဖြစ်၏။

"သတိလည်း ထားကြပါဦး"

ဟု ဥက္ကဋ္ဌက ပြောလိုက်သည်။ အားလုံး ကိုယ့်ရှိန်သတ်သွားကြသည်။ မကြာခင်ကာလမှာပင် လူစုကွဲပြီး အသျှိုအသျှို လစ်သွားကြလေတော့သည်။ မောင်ဝတစ်ယောက်သာ သောက်လက်စ ရေနွေးကြမ်းကို ဆက်သောက်ရင်း ကျန်နေခဲ့သည်။

ခုလို ဖြစ်သွားတာလည်း ခပ်ကောင်းကောင်းပဲ... ရပ်ကွက်လူကြီးတွေက ဒီအချက်ကို ကောင်းကောင်း အသုံးချခဲ့ကြသည်။ ဦးကုလားဆီ သွားပြီး ဖြစ်ပုံ ပျက်ပုံကို ပြောပြသည်။ ဒီအတိုင်း ဆိုလျှင်တော့ ဂေါပကအဖွဲ့ဝင်သစ် ရွေးချယ်ဖို့ ကိစ္စမှာ မဖြစ်နိုင်တော့။



တစ်ယောက်ယောက်ကို ရွေးလျှင် ဟိုဘက်က မကျေနပ်၊ ဒီဘက်က သဘောမကျ ဆိုတာမျိုးတွေ ဖြစ်လာနိုင်သည်။ ဒါကြောင့် ဦးလေး နုတ်ထွက်လို့ မဖြစ်ဘူး... ဟု အကြောင်းပြပြီး အပိုင်ကိုင်ဖို့ ကြိုးစားကြသည်။

ဦးကုလားက-

"ငါ ဆုံးဖြတ်ပြီးပြီ၊ မပြင်နိုင်တော့ဘူး"

ဟု တင်းခံနေသည်။ ဒေါ်ခင်တီကို စည်းရုံးပြီး ပြောနိုင်းတော့လည်း အင်တင်တင်...။ နောက်ဆုံးတော့ ဒေါက်တာတုတ်နိုင်ကို အကူအညီတောင်းပြီး မရမက ပြောနိုင်းတော့မှ ဆက်လုပ်ပါမည်ဟု ကတိပေးသည်။

တကယ်တော့ ဒေါက်တာတုတ်နိုင်က ဦးကုလားအပေါ် သြဇာညောင်းတယ် ဆိုသော အချက်တစ်ခုတည်းကြောင့် မဟုတ်။ ဦးဖိုးမြော၏ စကားတစ်ခွန်းကလည်း ဦးကုလား စိတ်ပြောင်းသွားအောင် တွန်းအားပေးနိုင်ခဲ့သည်။

ဦးဖိုးမြောက-

"ဦးကုလားဟာ တရားခွေးနွေးရာမှာ ငါနဲ့ မယှဉ်နိုင်မှန်း သိလို့ ရှောင်ထွက်သွားတာပါ"

ဟု ကွယ်ရာမှာ လျှောက်ပြောနေသည် ဆိုသော သတင်းကို ပြန်လည်ကြားသိရသောကြောင့်ပင် ဖြစ်၏။ ဦးဖိုးမြောက တကယ်ပဲ


www.burmeseclassic.com

www.burmeseclassic.com



ဒီလို ပြောသလား၊ တစ်ယောက်ယောက်ရဲ့ ထွင်လုံးလား ဆိုတာတော့ မသေချာ။ ဒီအကြောင်း ပြန်ပြောပြတဲ့လူကတော့ ဦးကုလားနှင့် ဒေါ်ခင်တီတို့၏ သားတော်မောင် မာတ်ခဲကိုယ်တိုင်ပါပဲ…။

□ □ □



ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဖြစ်နေပြီဟု ဆိုကြသည်။ ဒါဆို ရွာကြီးတစ်ရွာကလည်း ကမ္ဘာကြီး တစ်ကမ္ဘာ ဖြစ်နိုင်တာပေါ့။ တကယ်တော့ ရပ်ကွက်တစ်ခုဆိုတာလည်း ရွာကြီး တစ်ရွာ၊ ကမ္ဘာကြီး တစ်ကမ္ဘာလိုပါပဲ။

ကမ္ဘာပေါ်မှာ စက္ကန့်နှင့်အမျှ တစ်နေရာ မဟုတ် တစ်နေရာ ပြဿနာတစ်ခုခုတော့ ဖြစ်ပေါ်နေတာပဲ ဖြစ်၏။ နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး၊ ဘာသာရေး၊ နယ်နိမိတ်အရေး… စသော ကိစ္စတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



ငြင်းကြခုံကြ… တိုက်ကြခိုက်ကြ… ဆွေးနွေးကြ… ညှိနှိုင်းကြ… ပြေလည်ကြ… တော်ကြာကျတော့ ပြန်ပြီးဆူပွက်လာကြ…လုံးချာလိုက်နေတာ။

ရပ်ကွက်တစ်ခု ဆိုတာလည်း ဒီသဘောအတိုင်း ဖြစ်၏။ တစ်အိမ် မဟုတ် တစ်အိမ်မှာတော့ ပြဿနာတစ်ခု ပေါ်နေတတ်သည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး… စသည်ဖြင့်…။

ယောက်ျားက အရက်မူးလာပြီး ရိုက်နှက်နှိပ်စက်လို့၊ မိန်းမက ဈေးဖိုးကို ဟင်းလျာ မဝယ်ဘဲ ဂဏန်း ဝယ်လိုက်လို့၊ သားသမီးက မလိမ္မာလို့၊ အိမ်နီးချင်းနဲ့ အစေးမကပ်လို့၊ ယောက္ခမနဲ့ မျက်နှာကြော မတည့်လို့၊ အိမ်ပေါ် တင်ကျွေးထားရသော ယောက်ဖက အစားကြီးလို့…။

ကမ္ဘာကြီးမှာ နယ်စပ်ပြဿနာတွေ အမြဲဖြစ်နေသလို ရပ်ကွက်ထဲက အိမ်နီးချင်းတွေမှာလည်း ခြံစည်းရိုးပြဿနာဆိုတာ ရှိနိုင်တာပဲ။ တကယ်တော့ သူတို့ရပ်ကွက်သည် ဟိုအရင်က ရွာကြီးတစ်ရွာ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်၏။ ခုခေတ်မှာလို ပေ ၄၀ × ပေ ၆၀၊ ပေ ၂၅ × ပေ ၅၀ စသည်ဖြင့် စနစ်တကျ အကွက်ရိုက်ထားတာ မဟုတ်။ အိမ်တွေ ဆောက်ထားပုံကလည်း တစ်ဖက်တည်းကို မျက်နှာမူထားတာ မဟုတ်။ အဆင်ပြေသလို ကြည့်ဆောက်ထားခြင်း ဖြစ်၏။



တစ်အိမ်နှင့် တစ်အိမ် ဖင်ချင်းပေါက် ဖြစ်ချင် ဖြစ်မည်။ တစ်အိမ်ရဲ့ ဘေးကို တစ်အိမ်က ဦးတိုက်ထားတာလည်း ရှိသည်။ တစ်ဖက်တည်းကို မျက်နှာမူပြီး ဘေးချင်းယှဉ်လျက် ရှိသည့်တိုင် ညီညီညာညာ ဟုတ်ချင်မှ ဟုတ်သည်။ ရွေ့ရွေ့စောင်းစောင်းတွေ ဖြစ်ချင် ဖြစ်နေသည်။

အိမ်အများစုမှာ ခြံစည်းရိုးရယ်လို့ မရှိကြ။ ခြံစည်းရိုး ကာဖို့လည်း လွယ်ကူသော အနေအထား မဟုတ်။ တစ်အိမ်အိမ်က ကာလိုက်တာနှင့် တခြား အိမ်တွေရဲ့ ဝင်ပေါက် ထွက်ပေါက်တွေ ပိတ်ကုန်မှာပဲ။ ခြံစည်းရိုးတွေ ဘာတွေ ကာနေဖို့လည်း မလို။ ဒီတော့ သာမန်အားဖြင့်ဆိုလျှင် ပိုင်နက် နယ်နိမိတ် အငြင်းပွားမှုဆိုတာ မရှိသလောက်ဘဲဟု ဆိုကောင်း ဆိုနိုင်သည်။

သို့ရာတွင် တစ်ခါတစ်ရံ ထူးခြားတဲ့ အခြေအနေမျိုးတော့ ဖြစ်တတ်သည်။ အိမ်သာကျင်း ပြည့်သွားလို့ အသစ်တူးတဲ့အခါ တစ်ဖက်အိမ်နဲ့ နီးသွားလို့ ဟိုဘက်က ထ,ကန့်ကွက်တာမျိုး ဖြစ်တတ်သည်။ တချို့ကျတော့လည်း အိမ်သာကျင်းကို ဖက်စပ်တူးထားသဖြင့် ပြဿနာမရှိ။ နောက်ဖေးချင်းဆိုင်နေသော အိမ်နှစ်အိမ်။ အလယ်မှာ ကျင်းတူးထားသည်။ နှစ်ဖက်စလုံးရဲ့ အိမ်သာပိုက်တွေကို တစ်ကျင်းတည်းမှာ ဆိုင်ထည့်ထားတော့ အေးရော…။ ဒါတောင်မှ တွက်ကပ်ချင်တဲ့ လူမျိုးဆိုလျှင် ဟိုဘက်အိမ်က လူဦးရေ များလို့… ဝမ်းနုတ်ဆေး ခဏခဏ စားလို့ ပိုပြီး အပါများတယ် ဆိုတာမျိုး လုပ်ချင်သေး

www.burmeseclassic.com

www.burmeseclassic.com



သည်။

သစ်ပင်တွေကတော့ ကိုယ့်အိမ်ရှေ့ ကပ်လျက်ဆိုလျှင် ကိုယ့်အပင်ပဲ။ ဝေးလျှင် အများပိုင်။ မနီးမဝေးဆိုလျှင် အများနဲ့ဆိုင်တဲ့ ကိုယ့်အပင်ပေါ့။ ဘယ်သူမဆို ခူးချင်လျှင် လှမ်းအော် အသိပေးပြီး ခူးနိုင်သည်။ အိမ်နှစ်လုံးကြားက အပင်ဆိုလျှင်တော့ နှစ်ဦးစလုံးနဲ့ ဆိုင်တဲ့ အပင်…ဟု သတ်မှတ်ကြသည်။ ဒါမျိုးကျတော့ တစ်ခါ တလေ ပြဿနာတက်တတ်သည်။

အိမ်နှစ်လုံးကြားမှာ သစ်ပင်တစ်ပင် ပေါက်လာသည်။ ဒီဘက်အိမ်က ရေလောင်းပေါင်းသင်ပြီး ပြုစုမျိုးထောင်ပေးခဲ့သည်။ အပင်က ကြီးထွားလာပြီး အသီး သီးလာတော့မှ တစ်ဖက်အိမ်က သူနဲ့လည်း ဆိုင်တယ်ဆိုပြီး ရှယ်ယာခွဲလာသည်။ ငြင်းကြခုံကြရာ က ရပ်ကွက်ရုံးကို ရောက်ကြရော။

ရပ်ကွက်ရုံး ဆိုတာကလည်း ကုလသမဂ္ဂလိုပဲ…။ တစ်ဖက် သတ် လုပ်လို့ မရ။ ကြားက ဝင်ပြီး ညှိနှိုင်းပေးရုံသာ တတ်နိုင်သည်။ ဒီတော့ သီးလာတဲ့ အသီးကို မျှဝေယူကြပါ။ အပင်ကို မျိုးထောင်သူ က သုံးပုံနှစ်ပုံယူ၊ ကျန်တစ်ပုံကို ဟိုဘက်က ယူ၊ လွယ်လွယ်လေးပါ။

သို့ရာတွင် သစ်သီးဆိုတာက အားလုံး တစ်ရွယ်တစ်စား တည်း မဟုတ်။ ကြီးတယ်၊ သေးတယ်၊ လတ်တယ်၊ အလုံး လှတယ်၊ အနာပါတယ်၊ အကွဲများတယ် ဆိုပြီး အငြင်းပွားကြပြန်သည်။



ဥဩစိန်ရဲ့ အဖြစ်ကတော့ တစ်မျိုး။ သူ့အိမ်ရှေ့မှာ အပင် ကလေးတစ်ပင် ပေါက်လာခဲ့သည်။ ဘာပင်မှန်းတော့ မသိ။ အရိပ် ကလေး ဘာလေး ရလည်း မနည်းဘူးဆိုပြီး ပြုစုမျိုးထောင်ထား သည်။ အပင်ကြီးလာတော့မှ ဒေါ်မှိန်၏ ပြောစကားအရ ဩဇာပင် ဖြစ်ကြောင်း သိရ၏။ ဒီမှာတွင်ပဲ–

"ဥဩစိန်ရေ… ဩဇာရွက်ကလေး နည်းနည်းလောက်"

"ယူလေ… ဘာလုပ်ဖို့လဲ"

"ဆီးချိုအတွက် ကောင်းတယ် ပြောလို့"

"ကြည့်လည်း လုပ်ဦးနော်… သူများ ပြောတိုင်း လျှောက် မစမ်းနဲ့၊ တော်ကြာ ဟိုတစ်ခါတုန်းက ဟိုအပင်လို ဖြစ်နေဦးမယ်၊ ဆီးချိုဆိုတာက အရမ်းကျသွားရင်လည်း အသက်အန္တရာယ်တောင် ရှိနိုင်တယ်လို့ ဒေါက်တာတုတ်ခိုင်က ပြောဖူးတယ်၊ အရမ်းမလုပ်နဲ့"

ဟု သတိပေးရ၏။ ယူပြောသူပြောနှင့် ကြားဖူးနားဝနဲ့ လက်တည့်စမ်းချင်တတ်သောကြောင့် ဖြစ်၏။

များသောအားဖြင့်တော့ ယတြာချေဖို့ လာတောင်းကြခြင်း ဖြစ်၏။ သူတို့ အိမ်ရှေ့မှာ ဩဇာပင် ရှိကြောင်း ဦးဖိုးဖြေ သိသွား ပြီးကတည်းကပါပဲ။ ဆေးခင် လာမေးတဲ့လူ၊ ဇာတာလာစစ်တဲ့ လူတိုင်း နီးပါးကို–

www.burmeseclassic.com

www.burmeseclassic.com



"ရပ်ထဲ ရွာထဲမှာပဲဖြစ်ဖြစ် လုပ်ငန်းကိုင်ငန်းမှာပဲဖြစ်ဖြစ် လူဟာ သြဇာရှိဖို့ အရေးကြီးတယ်၊ ဒါမှ အရာရာမှာ အောင်မြင်မယ်၊ ဒါကြောင့် သြဇာရှိအောင် သြဇာရွက်နဲ့ ယတြာချေရမယ်"

ဟု ပြောပြီး သြဇာရွက် လိုချင်ရင် ဉာဏ်စိန်တို့ မလုံးတို့ အိမ်ရှေ့မှာ အပင်ရှိတယ် ဆိုပြီး လမ်းညွှန်လေသည်။

အစပိုင်းတုန်းကတော့ သြဇာရွက် လာတောင်းလျှင် အပင်နားမှာစိုးလို့၊ မလုံးက ကိုယ်တိုင် ခူးပေးတတ်သည်။ နောက်ပိုင်းကျတော့ အိမ်အလုပ်တွေ ရှုပ်နေရတဲ့ကြားထဲ သြဇာရွက် ခူးခူးပေးနေရတာက အလုပ်တစ်ခု ဖြစ်လာသည်။ ထမင်းစားနေတုန်း လာတောင်းတော့ လက်ဆေးပြီး ထခူးပေးရတာလည်း ခဏခဏ။ ကြာတော့လည်း မတတ်နိုင်သဖြင့်-

"ကိုယ့်ဟာကိုယ်သာ ခူးသွားပေတော့"

ဟု ခွင့်ပြုလိုက်ရသည်။

ခူးတဲ့လူတွေကလည်း တဖြည်းဖြည်း အတင့်ရဲလာသည်။ သြဇာရွက် နည်းနည်းလောက် လိုချင်လို့...ဟု တောင်းရာကနေ-

"သြဇာရွက် နည်းနည်းလောက် ခူးမယ် နော်"

ဟု အသိပေးရုံလောက်သာ ပြောလာသည်။ နောက်တော့-

"သြဇာရွက် ခူးသွားပြီဟော့"



ဆိုတာမျိုး ဖြစ်လာသည်။ ထို့နောက်တွင် အိမ်ရှင်တွေ လှမ်းမြင်မှသာ အသိပေးပြီး မတွေ့လျှင် ကိုယ့်သဘောနှင့် ကိုယ် ခူးကြတော့သည်။ ဒါတောင် မလုံးကို မြင်မှ ပြောတာ၊ ဉာဏ်စိန် ဆိုရင်တော့ ပက်ပင်းကြီးတိုးရင်တောင် ပြုံးပြရုံလောက်ပဲ။ ခုဆိုလျှင် လေကုန်ခံပြီးတော့တောင် ပြောမနေတော့။ လိုချင်ရင် ခပ်တည်တည် ခူးသွားကြလေတော့သည်။

ခူးတာတော့ ခူးပါ။ ယတြာချေဖို့ ဆိုတော့ ကုသိုလ်တောင် ရသေးသည်။ သို့ရာတွင် ခက်နေတာက သုံးရွက်ဖြင့် သုံးရွက်၊ ငါးရွက်ဖြင့် ငါးရွက် လိုသလောက် မဟုတ်ဘဲ သန့်တာလေးတွေ ရွေးလို့ရအောင် ဆိုပြီး ပိုပိုလိုလို ဆယ့်လေး ငါးရွက် ခူးသွားကြတာ။

ဟိုဘက်ရပ်ကွက်က မိန်းမတစ်ယောက်ဆိုလျှင် ကြွပ်ကြွပ်အိတ်နှင့်တောင် ထည့်ယူသွားသေးသည်။ နောက်မှ သိရတာက ဈေးမှာ သွားရောင်းမလို့တဲ့။ များသောအားဖြင့် အညွန့်ကလေးတွေသာ ရွေးခူးတတ်ကြသဖြင့် သြဇာပင်မှာ လူတစ်ရပ်စာလောက်ကထက် ပိုမတက်နိုင်ဘဲ ဖြစ်နေသည်။ ဒီလို ဖြစ်နေတာကိုက ခူးယူသူတွေ အကြိုက်တွေ့နေတာပေါ့။ တံချူတွေတောင် ဆောင်ဖို့ မလိုပေါင်ရှင် ဆိုတာမျိုးလေ...။

တစ်ရက်မှာတော့ သူတို့ အိပ်ရာက နိုးသောအခါ သြဇာပင်မှာ အရွက်သာမက အကိုင်း ခပ်လတ်လတ် တစ်ကိုင်းပါ ချိုးယူ

www.burmeseclassic.com

www.burmeseclassic.com



သွားခြင်း ခံရကြောင်း တွေ့လိုက်ကြရလေသည်။ ဖြစ်ချင်တော့ ထိုအကိုင်းသည် ဩဇာသီးကလေးတွေ ရှားရှားပါးပါး စတင်သီးလာသော အကိုင်း ဖြစ်နေ၏။ ဟိုလူ ခူး၊ ဒီလူ ဆိတ်နှင့် လူပူမိပြီး မသီးနိုင် မပွင့်နိုင် ဖြစ်နေခဲ့ရာက ပထမဆုံး စပြီး အဖတ်တင်ခဲ့တဲ့ အသီးကလေးတွေ…။ အသီးဦးမို့ ရင့်မှည့်လာရင် ဘုရားဆွမ်းတော်တင်မယ်လို့ ရည်စူးထားခဲ့တာ…။

မနက်တိုင်း အရိပ်တကြည့်ကြည့် နေခဲ့သော မလုံးမှာ အတော်ပင် ဒေါသထွက်သွား၏။ ဉာဏ်စိန်ကတော့ ထုံးစံအတိုင်း အေးတိအေးစက်။ ဒါကို မလုံးက အားမလိုအားမရ… မကျေမနပ် ဖြစ်သွား၏။

"ဉာဏ်စိန်… နင်ဟာလေ… ကိုယ့်သားသမီးကို သူများက အနိုင်ကျင့် နှိပ်စက်နေတာကို မတုန်မလှုပ် ထိုင်ကြည့်နေတဲ့ လူလိုပဲ၊ ငါ့ဩဇာသီးလေးတွေ ပါသွားပြီ… နင် မနမြောဘူးလား"

ဉာဏ်စိန်သည် အိမ်ရှေ့က ပက်လက်ကုလားထိုင်လေးပေါ် ထိုင်ရင်း ဩဇာပင်ကို ငေးကြည့်နေရာမှ–

"ငါ စဉ်းစားကြည့်နေတာပါဟာ"

"အေး… စဉ်းစားနေ… စဉ်းစားနေ… ဘာလဲ ဩဇာသီးလေးတွေက စားလို့ရတဲ့ အရွယ် မဟုတ်သေးလို့ အကိုင်းချိုးယူသွားတဲ့ လူကို အားနာနေတာလား"



အကြောင်းမရှိ အကြောင်းရှာပြီး အားနာတတ်သော သူ့ယောက်ျား အထာကို သိသဖြင့် မကျေမချမ်း ပြောလိုက်ခြင်း ဖြစ်၏။ ဉာဏ်စိန် ဆိုတဲ့ ကောင်ကလည်း ခါးပိုက်နှိုက် ခံရတာတောင် ပိုက်ဆံအိတ်က အဟောင်းကြီး၊ ပိုက်ဆံလည်း သိပ်မပါလို့ ကိုက်မှ ကိုက်ပါ့မလား။ ခမျာမှား သက်စွန့်ဆံဖျား အသက်မွေးကြရှာတာ ဆိုပြီး ပြန်သနားနေတတ်တဲ့ လူမျိုး။

ဉာဏ်စိန်သည် မေးစေ့မှ မုတ်ဆိတ်မွေး ငုတ်တိုလေးများကို လက်သည်းနှင့် ဆိတ်၍ဆွဲနေရင်းက–

"မဟုတ်ပါဘူးဟာ… နင်ပဲ စဉ်းစားကြည့်လေ…"

"အမယ်… ကိုယ့်ဟာကိုယ် စဉ်းစားလို့ အားမရဘဲ ငါ့ပါ လာစဉ်းစားခိုင်းနေပြန်ပြီ"

"ငါ ပြောတာ ဆုံးအောင် နားထောင်ပါဦးဟ၊ ဒီလိုလေ… လူတွေက ဩဇာရှိအောင်ဆိုပြီး ဩဇာရွက်နဲ့ ယတြာချေကြတယ် နော်၊ အခု ကြည့်စမ်းပါဦး… ဩဇာပင် တစ်ပင်လုံး ပိုင်တဲ့ ငါတို့တောင် ဘာမှ ဩဇာမရှိတာ၊ အရွက်ကလေးတွေလောက်ကို အားကိုးနေရတဲ့ လူတွေ ဘယ်လိုများ နေရှာကြမလဲ… လို့ တွေးပြီး အားနာမိတာပါဟာ"

မလုံး နည်းနည်း တွေသွားသည်။ ခဏကြာတော့မှ–

"အေးဟာ… နင် ပြောတာလည်း ဟုတ်တုတ်တုတ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထောက်ခံလိုက်၏။

ညာဏ်စိန်က ဩဇာပင်ကို ငေးကြည့်ရင်း–

"အင်း… ဩဇာပင်ရယ်လို့သာ ရှိပေလို့ပေါ့၊ အာဏာပင်ဆိုတာများ ရှိရင် ဘယ်လိုနေမလဲ မသိဘူး"

ဟု ပြောလိုက်သည်။

ကမ္ဘာဦးအစတုန်းကတော့ အာဏာပင် ဆိုတာ ရှိချင်လည်း ရှိခဲ့မှာပေါ့။ လူတွေက မဆင်မခြင် အရမ်းကာရော ခူးယူသုံးစွဲကြလို့ မျိုးကန်း ပျောက်ကွယ်သွားခဲ့တာလည်း ဖြစ်ကောင်း ဖြစ်နိုင်တာပဲလေ။

□

လှထုံကို ကြည့်ရတာ ခုတစ်လောမှာ တစ်မျိုး ဖြစ်နေသည်ဟု ကျော်ကွန့် ထင်သည်။ သိပ်ရှင်ရှင်လန်းလန်း မရှိ။ ခါတိုင်းလို တက်တက်ကြွကြွ သွက်သွက်လက်လက် မဟုတ်ဘဲ ဖြစ်နေသည်။ တစ်ခါ တစ်ခါ ငိုင်တိုင်တိုင်နဲ့… တစ်နေရာကို ငေးချင် ငေးနေတတ်သည်။ တစ်ခုခုကို တွေးနေသလိုလည်း ထင်ရ၏။

ထိုအခါ ကျော်ကွန့်မှာ အိလည်လည်ကြီး ခံစားရသည်။ မောင်ကျော်လှကို ကိုယ်ဝန်ရှိခါစတုန်းကလည်း လှထုံ ဒါမျိုး ဖြစ်ဖူးသည်။ ခုလည်း ကလေးရှိနေပြီလား မသိ။ မောင်ကျော်လှလေးတောင် လေးတန်း ရောက်နေပြီဆိုတော့ ဒီလောက် အချိန်တွေ ခြားပြီး ဖြစ်နိုင်ပါ့မလား…။ ပြောလို့ မရ… တချို့ဆို ဆယ့်လေး ငါးနှစ် ခြားပြီးမှတောင် မွေးတတ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကွန့်သည် သမီးလေးတစ်ယောက် ထပ်လိုချင်နေတာတော့ အမှန်ပဲ ဖြစ်၏။ ထို့ကြောင့် လှထုံသာ တကယ် ဟိုဒင်း ဖြစ်ရိုး မှန်ရင် ဝမ်းသာရမှာပေါ့။ တစ်ဖက်က ပြန်စဉ်းစားကြည့်တော့လည်း မောင်ကျော်လှ တစ်ယောက်ကို ကျွေးမွေးစောင့်ရှောက်ဖို့ တော်တော်ရုန်းနေရတာ။ မုန့်ဖိုး၊ ကျောင်းစရိတ် (စာအုပ် စာရေးကိရိယာဖိုး၊ စသည်... အပါအဝင်)ကုန်ကျမှုက မနည်းလှ။ မောင်ကျော်လှမှာ ငယ်ငယ်ကတည်းက ချူချာသဖြင့် ဆေးခန်းလည်း မကြာခဏ သွားရသေးသည်။

ကလေး နောက်တစ်ယောက်သာ ထပ်ရလို့ကတော့ မီးဖွားစရိတ်၊ မီးနေစရိတ်၊ ဆေးဖိုးဝါးခ စသည်... အတော်ကုန်ကျမှာ။ ထို့ကြောင့် ဝမ်းသာရမလား... စိတ်ရှုပ်ရမလား... ဝေခွဲမရဘဲ အီလည်လည်ကြီး ဖြစ်နေတယ်လို့ ပြောတာ။

ဘာပဲဖြစ်ဖြစ် မေးတော့ မေးကြည့်ရမှာပဲ။ မေးလိုက်လို့ အဖြေတစ်ခုခု ထွက်လာတာကိုလည်း ရင်ဆိုင်ဖို့ မဝံ့မရဲ ဖြစ်နေပြန်သည်။ ဒီလိုနဲ့ တွေ့ဆိုင်းနေစဉ်မှာ လှထုံကပဲ အရင်စပြောလေသည်။

"ကိုကျော်ကွန့်... ခုတစ်လော ကျွန်မကို ကြည့်ရတာ တစ်မျိုး ဖြစ်မနေဘူးလား"



"အေးဟ... ငါလည်း အဲဒါ မေးမလို့၊ နင် ဘာဖြစ်နေတာလဲ၊ ဟိုဟာများလား..."

"ဘယ်ဟာလဲ"

"ဟိုလေ... နင့်မှာ ကလေးများ ရှိနေပြီလားလို့"

"အို... ဒါများ အဆန်းလုပ်လို့ ရှိတာပေါ့"

"ဟင်... ဟုတ်လား"

"ကိုကျော်ကွန့်ဟာလေ... ကျွန်မကျတော့ ထုံသလေး အ,သလေးနဲ့၊ သူလည်း အူကြောင်ကြောင်ပဲ"

"ဒါဆို... ဒါဆို ဘယ်နှလရှိပြီလဲ"

"၁၀ နှစ်လေ... ဒါတောင် မသိတော့ဘူးလား"

"၁၀ နှစ်... ဟာ တစ်ခါမှ မကြားဖူးဘူး"

"ဟာ... ဘာဖြစ်နေတာလဲ... မောင်ကျော်လှ ၁၀ နှစ်ပြည့်တော့မယ်လေ"

ဒီတော့မှ နားလည်မှု လွဲချော်နေတာကို ရိပ်မိတော့သည်။ ကလေး ရှိနေပြီလား.... လို့ ကျော်ကွန့်က မေးတာကို လှထုံက မောင်ကျော်လှအကြောင်း မေးတယ် မှတ်သွားတာကိုး။

"ငါက မောင်ကျော်လှကို မေးတာ မဟုတ်ဘူး၊ နင့်မှာ ကိုယ်ဝန်ရှိနေပြီလားလို့"

"ဒါ... ကိုကျော်ကွန့် အသိဆုံး ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ… ငါက ဘယ်လိုလုပ် သိရမှာလဲ၊ ဒါမျိုးဆိုတာ မိန်းမကသာ သိရတာလေ"

"အဲ… ဟုတ်သားပဲ"

လှထုံနဲ့ကတော့ ဒီလို အူလည်လည် ဖြစ်နေကျမို့ ကျော်ကွန့်က လိုရင်းကိုသာ တိုက်ရိုက် မေးလိုက်သည်။

"ဘယ်လိုလဲ… ကိုယ်ဝန် ရှိနေပြီလား"

"အို… ပေါက်ပေါက်ရှာရှာ… မဟုတ်ပါဘူး"

"ဒါဖြင့်… ဘာကြောင့် ငူတူတူ ငိုင်တိုင်တိုင် ဖြစ်နေရတာလဲ"

"မသိပါဘူး၊ ခုတစ်လောမှာ စိတ်တွေကလည်း ကယောက်ကယက်နဲ့… စိတ်ညစ်သလိုလို… လွမ်းသလိုလို ဆွေးသလိုလိုနဲ့၊ အဲဒါ…"

"ဟင်… ဘာလဲ"

"ကျွန်မ အတိတ်မေ့ရောဂါများ ဖြစ်နေပြီလား မသိဘူး ကိုကျော်ကွန့်ရယ်"

"နင့်နှယ်ဟာ… အခုပဲ ငါ့ကို ကိုကျော်ကွန့်လို့တောင် ခေါ်နေသေးတာ၊ ဘယ်လိုလုပ် အတိတ်မေ့ရမှာလဲ"

"မသိဘူးလေ… ခုတစ်လော သိပ်မေ့တတ်တာ၊ ပစ္စည်းတစ်ခု တစ်နေရာ ချထားပြီး ဘယ်ရောက်နေမှန်း မသိလို့ ရှာရတာ



အမောပဲ၊ ပြီးတော့ မနေ့က ဘာဟင်းနဲ့ ထမင်းစားခဲ့တယ် ဆိုတာမျိုးတွေကို မေ့မေ့နေတတ်တယ်"

"ဒါမျိုးကတော့ ငါလည်း ဖြစ်တတ်တာပါပဲ၊ အတိတ်မေ့တယ်ဆိုတာက ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်သူမှန်း မမှတ်မိတော့လောက်အောင် ဖြစ်သွားတာကို ပြောတာ၊ ဗီဒီယိုကားတွေထဲမှာ မကြည့်ဖူးဘူးလား"

ဒီလို ပြောလိုက်တော့မှ ပိုဆိုးသွားသည်။

"ဟုတ်မယ် ဟုတ်မယ်… ကားတိုက်ခံရပြီး အတိတ်မေ့သွားတာတို့၊ လူဆိုးတွေ ဝိုင်းရိုက်တာ ခံရလို့ ဘာမှ မမှတ်မိတော့တာတို့ ကြည့်ဖူးတယ်။ ကျွန်မလည်း ဟိုတစ်ရက်က တိုင်နဲ့ နဖူးနဲ့ ဆောင့်မိပြီး မူးနောက်နောက် ဖြစ်သွားရာက စပြီး ခုလို မေ့တတ်လာတာပဲ၊ ဟုတ်ပြီ ဟုတ်ပြီ… နဖူးနဲ့ တိုင်နဲ့ ပြန်ဆောင့်လိုက်ရင် ကောင်းသွားမယ် ထင်တယ်၊ အင်း… ကိုယ့်ဟာကိုယ်ကျတော့လည်း မလုပ်ရဲဘူး၊ ကိုကျော်ကွန့်… ကျွန်မ ဟိုဘက် လှည့်ပေးမယ်၊ နောက်ကနေ ခေါင်းကို တစ်ခုခုနဲ့ ရိုက်ပေးပါလား၊ ကွဲအောင်တော့ မရိုက်နဲ့နော်၊ မူးသွားရုံလောက်ပဲ…"

"မဟုတ်တာကွာ… ဟိုဟာက ရုပ်ရှင်ကွ၊ ကြည့်လို့ကောင်းအောင် စိတ်ကူးယဉ်ပြီး ရိုက်ထားတာ၊ အဟုတ်မှတ်ပြီး လျှောက်လုပ်မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု တားမြစ်ထားရသည်။ လှထုံက ယုံရတာ မဟုတ်။ တော်ကြာ မောင်ကျော်လှကို-

"သား... အမေ့ကို နောက်ကနေ ရိုက်ပေးစမ်း"

ဆိုတာမျိုး လုပ်ချင် လုပ်နေမှာ၊ မောင်ကျော်လှ ဆိုတဲ့ ကောင်ကလည်း သူ့အမေလိုပဲ၊ ခပ်အူအူရယ်...။ ဒီကောင့်ကိုလည်း စိတ်မချသဖြင့်-

"မင်းအမေ ဘာခိုင်းခိုင်း လုပ်မပေးရဘူး"

ဟု မှာထားမိ၏။ ဒီမှာတွင်ပဲ မောင်ကျော်လှခမျာ အချောင်ခံရတော့သည်။

လှထုံက ဟင်းချက်နေရင်း ဆားကုန်သွားသဖြင့်-

"သားရေ... ဆားတစ်ထုပ်လောက် သွားဝယ်ပေးစမ်းပါ"

ဟု ခိုင်းသည်။ မောင်ကျော်လှကလည်း သူ့အဖေ ကျော်ကွန့် မှာထားတဲ့အတိုင်း လုပ်မပေးနိုင်ဘူး... ဟု ငြင်းလိုက်သည်။ လှထုံက စိတ်ဆိုးပြီး-

"ဟင်... နင်က ငါ့ကို အာခံတယ်ပေါ့ ဟုတ်လား"

ဆိုပြီး ခေါင်း တစ်ချက် ခေါက်သည်။

"နင် သွားဝယ်မလား... မဝယ်ဘူးလား"

"မဝယ်ဘူး"

"မအေကို ခံပက်တဲ့ကောင်... သေပေတော့"



ဆိုပြီး လှထုံက သံယောက်မနှင့် ရွယ်သည်။ မောင်ကျော်လှ ထွက်ပြေးသည်။ လှထုံ နောက်က ပြေးလိုက်သည်။

ခုလို ဖြစ်သွားတာလည်း ခပ်ကောင်းကောင်းပဲ။ ညနေ ကျော်ကွန့် အလုပ်မှ ပြန်လာသောအခါ လှထုံက ဝမ်းသာအားရ ဆီး၍ ပြောလေသည်။

"ကိုကျော်ကွန့်ရေ... ကျွန်မ အတိတ်မေ့နေတာ ပြန်ကောင်းသွားပြီ သိလား"

"ဟေ... ဘယ်လို"

"ဟုတ်တယ်... မနက်က ရှင့်သားနောက်ကို ပြေးလိုက်ရင်း ခြေချော်လဲလို့ ခါးပန်းနဲ့ နဖူးနဲ့ ဆောင့်မိတယ်လေ... အဲဒီကစပြီး ကောင်းသွားတာပဲ၊ ခုဆိုရင် ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဘာဟင်းနဲ့ စားခဲ့တယ် ဆိုတာတောင် ပြန်မှတ်မိနေပြီ။ အဲဒီနေ့က အမဲသားရင်ခွေးရိုး ချက်တယ်လေ... ဟိုငေး ဒီငိုင် လုပ်နေမိလို့ နည်းနည်းတောင် တူးသွားပါရောလား၊ ကဲ... အကုန် မှတ်မိပြီ၊ တွေ့လား"

"အေး အေး... ကောင်းပါလေ့ကွာ"

ဟု ကျော်ကွန့်က အလိုက်အထိုက် ပြောလိုက်သည်။ လှထုံမှာ ဝမ်းသာနေသဖြင့် ခါးပန်းနှင့် ဆောင့်မိပြီး နဖူးမှာ ညိုမည်းသွားတာတောင် ဂရုမစိုက်နိုင်တော့။

□

www.burmeseclassic.com

www.burmeseclassic.com

ကျော်ကွန့်သည် ဖိနပ်စက်ရုံမှာ အလုပ် လုပ်သည်။ သူ့ဆရာ ဦးကြည်ဝမ်းက စာဖတ် ဝါသနာပါသည်။ ဂျာနယ်တွေ ဝယ်ဖတ်၊ မဂ္ဂဇင်းတွေ ငှားဖတ်လေ့ ရှိ၏။ တချို့ဂျာနယ် မဂ္ဂဇင်းများကို ကျော်ကွန့်အား ပေးဖတ်သည်။ ကျော်ကွန့်က အိမ်ကို ယူလာပြီး ဖတ်သည်။

လှုထုံကတော့ စာဖတ်တာ သိပ်ဝါသနာမပါ။ ဗီဒီယိုကြည့်ရတာကိုပဲ သဘောကျသည်။ သူ့အကြောင်းပြချက်ကတော့ စာဖတ်ရတာ သိပ်ပင်ပန်းတယ်၊ စာလုံးတွေ ပေါင်းပြီး အဓိပ္ပာယ်ဖော်ရတယ်။ ဘာပြောတာလဲ ဆိုတာလည်း စဉ်းစားရသေးတယ်။ တော်တော် အလုပ်ရှုပ်တာပဲ။ ဗီဒီယို ကြည့်ရတာပဲ ကောင်းတယ်။ အရုပ်လည်း မြင်ရ… အသံလည်း ကြားရ… သီချင်းလည်း ပါတယ်၊ နောက်ခံတီးလုံးတွေကလည်း နားထောင်လို့ ကောင်းတယ်။ ကြောက်စရာ



အခန်းတွေမှာဆိုရင် ဒန် ဒန် ဒန်… ဆိုပြီး ကြားလိုက်တာနဲ့ ကြက်သီးတောင် ထတယ်။

ကျော်ကွန့်တောင်မှ စာဖတ် ဝါသနာပါတယ် ဆိုသော်လည်း လုံးစေ့ပတ်စေ့ နားလည်တာ မဟုတ်။ တချို့ စကားလုံးတွေက ဘာကို ဆိုလိုမှန်း မသိ။ တချို့ဟာတွေကျတော့ ဝတ္ထုသာ ဆိုတယ်၊ ဇာတ်လမ်းလည်း မပါ။ ဇာတ်သိမ်းခန်းလည်း မရှိဘဲ တိုးလိုးတန်းလန်းကြီး။ သူက ဇာတ်သိမ်းခန်းမှာ ဘာဖြစ်သွားသလဲ ဆိုတာ သိချင်လို့ ဖတ်တာလေ။

ကဗျာတွေဆိုလျှင် ပိုတောင် ဆိုးသေးသည်။ စာတစ်ကြောင်းကိုတောင် နားလည်အောင် အဓိပ္ပာယ်ဖော်ဖို့ မလွယ်။ သူက ကဗျာဆိုလျှင်… ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်က၊ လွမ်းအောင်ကူ၍ ဆိုတာမျိုးပဲ ကြိုက်သည်။

ပြီးတော့ နိမိတ်ပုံ ဆိုတာ ရှိသေးသည်။ သူ သိတဲ့ နိမိတ်ဆိုတာက ရှေ့မှာ ဘာဖြစ်မလဲလို့ ကြိုပြီး သတိပေးတာပဲ။ မနက်အိမ်က အထွက် ခလုတ်တိုက်မိရင် အလုပ်ထဲမှာ အဆင်မပြေ ဖြစ်တတ်တယ်။ ကျီးသာရင် ဧည့်သည်လာမယ်။ တောက်တဲ့ အော်ရင် လာဘ်ကောင်းတယ်… ဒါပဲ။

ထို့ကြောင့် ကျော်ကွန့်သည် မဂ္ဂဇင်းဖတ်လျှင် ကမ္ဘာကျော်တို့၏ အတွင်းရေးများ၊ ထူးခြားဆန်းကြယ်ဖြစ်ရပ်များ ဆိုတာမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ရွေးဖတ်သည်။ ဝတ္ထုဆိုလျှင်လည်း ဖတ်ရတာ နားလည်သလား၊ ဇာတ်သိမ်းခန်း ပါသလား ဆိုတာကို အရင်ကြည့်ပြီးမှ ဖတ်သည်။ များသောအားဖြင့်တော့ ဂျာနယ်တွေသာ အဖတ်များသည်။

အထူးသဖြင့် ဘောလုံးဂျာနယ်ပေါ့။ ဒါကတော့ ရှင်းသည်။ ဘယ်အသင်း နိုင်တယ်၊ ဘယ်အသင်း ရှုံးတယ်။ ဘယ်အသင်းက အခြေအနေကောင်းတယ်၊ ဘယ်အသင်းက တန်းဆင်းဇုံထဲက မလွတ်သေးဘူး။ ဘယ်သူတွေ ဒဏ်ရာရနေတယ်။ ဘယ်သူက ဘယ်အသင်းကို ပြောင်းတော့မယ်။ ဖတ်ရတာ အကုန်နားလည်သည်။ ဒါတောင်မှ-

'စူပါဆန်းဒေး ဒါဘီညနေခင်းမှာ အသည်းဟက်တက်ကွဲခဲ့ရတဲ့ ဖာဂီရဲ့ သရဲနီများ…'

ဆိုတာမျိုး တစ်ခါ တစ်ခါ ပါလာလျှင် မျက်မှောင်ကုတ်ပြီး စဉ်းစားရသေးသည်။ ဒီကြားထဲမှာ လှထုံက လာလာမေးတတ်သေးသည်။

"ကိုကျော်ကွန့်… ဒီဝတ္ထုထဲမှာ ပါလာတယ်၊ ကောင်မလေးက ခံစားချက်တွေကို အန်ထုတ်ပစ်လိုက်တယ် ဆိုတာလေ၊ သူက ဘာဖြစ်လို့ အန်ရတာလဲ… ကိုယ်ဝန် ရှိနေလား"

ဆိုတာမျိုး ဖြစ်၏။ တစ်ခါကလည်း-



"ဒီထဲမှာ ဒေါသကို မျိုချပစ်လိုက်တယ်လို့ ရေးထားတယ်။ ဒေါသက စားလို့ ဝါးလို့ ရတာမှ မဟုတ်တာ။ ဘယ်လိုလုပ် မျိုချမလဲ။ ယုတ္တိလည်း မရှိဘူး"

ဟု စောဒကတက်သည်။ ကျော်ကွန့်က-

"တကယ် မျိုချတာတော့ မဟုတ်ဘူးပေါ့ဟာ၊ ဥပမာအနေနဲ့ ပြောတာပေါ့"

ဟု တတ်သလောက် မှတ်သလောက် ရှင်းပြရသည်။

နောက်တစ်နေ့ မနက်ကျတော့ ကျော်ကွန့် ဝမ်းလျှောသည်။ ညတုန်းက ချဉ်ပေါင်နှင့် မှျစ်ဟင်းရည်တွေ ပိုနေတာ နှမြောသဖြင့် အကုန် သောက်ပစ်ခဲ့မိသောကြောင့် ဖြစ်၏။ အိမ်သာထဲမှာ တဘူ ဘူ… တဘွမ်ဘွမ်… သံစုံမြည်နေတုန်း လှထုံက အပြင်မှာ လာရပ်ရင်း လှမ်းအော်သည်။

"ကိုကျော်ကွန့်… ကိုကျော်ကွန့်…"

"ဘာလဲ… နေဦး… မပြီးသေးဘူး"

ပြောရင်းမှာပင် မထိန်းနိုင်ဘဲ အောက်က အသံ တစ်ချက်ထွက်သွားသေးသည်။

"အိမ်သာဝင်မလို့ မဟုတ်ပါဘူး၊ မေးစရာရှိလို့"

"ဟာ… အရေးထဲမှာ ဘာလဲ"

"ရှင် မနေ့က စက်ရုံထဲမှာ ဘာမကျေနပ်စရာ ရှိခဲ့လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မတွေ့ပါဘူးဟ၊ ဘာကြောင့် လာမေးနေရတာလဲ"

"မနေ့တုန်းက ဒေါသတွေကို ဝမ်းထဲ မျိုချခဲ့ရလို့ အခုမှ အောက်ကနေ ပြန်ထွက်လာတာ မဟုတ်လား"

ကျော်ကွန့်မှာ ဝမ်းထဲလည်း ရစ်ပြီး နာလာ… ရယ်လည်း ရယ်ချင်လာသဖြင့် ရှုံ့မဲ့မဲ့ကြီး ပြုံးလိုက်မိ၏။ ရသစာပေ ဆိုသည်မှာ အစွမ်းထက်လှချေ၏တကား…လို့ပဲ ပြောရပေတော့မည်။

□

ယောက်ျားတွေက ပဘေးရဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်လေ့ရှိသလို မိန်းမတွေကလည်း မပွေးရဲ့ အသုပ်ဆိုင်မှာ ထိုင်ကြ၏။ မနက်ပိုင်းဆိုလျှင် မပွေးဆိုင်မှာ ဆုံကြပြီးမှ ကိုယ် သွားရမယ့် ခရီးကို ဆက်ကြ၏။ တချို့လည်း ဈေးက အပြန်ဝင်ကြသည်။ အသုပ်စားတာ မစားတာက အရေးမကြီး။ သတင်းတွေ စားသုံးဖို့ပဲ အရေးကြီးသည်။

အင်တာနက်ကဖေးတွေမှာလို တစ်နာရီ လေးရာ ငါးရာ၊ မီးစက်ဖွင့်ရလျှင် ခြောက်ရာ ဆိုတာမျိုး ပေးစရာမလို။ ဝက်ဘ်ဆိုက်တွေ အီးမေးလ်လိပ်စာတွေ မှတ်နေစရာ မလို။ စကားဝှက်တွေ ဖွင့်စရာ မလို။ 'ဆိုမာလီကမ်းခြေမှာ ရေခဲရေ သွားရောင်းနေတဲ့ အဘရဲ့သားလေး ဝေမျှသွင်နဲ့ စကားပြောချင်လို့ ပီမိုးနှင်းဆိုလား… ပီမင်းလိုး

www.burmeseclassic.com



ဆိုလား… အဲဒါလေး ဖွင့်ပေးစမ်းပါကွယ်…' ဟု အကူအညီတောင်းနေစရာ မလို။ ကိုယ် ပြောချင်တာကို အခမဲ့ ပြောနိုင်သည်။

သတင်းတွေကလည်း အရမ်းစုံတာပဲ။ ဟိုဆိုက်က မတက်ဘူး။ ဒီဆိုက်က မပွင့်ဘူး ဆိုတာမျိုးလည်း ပူနေစရာ မလို။ မိန်းဆာဗာကြီး ဖြစ်သော ပဲပြုတ်သည် ဒေါ်မှိန်က မနက် ၆ နာရီလောက်မှာကတည်းက ပတော့ရဲ့ ဝူးဂဲလက်ဖက်ရည်ဆိုင်နဲ့ မပွေးရဲ့ ရာဟုအသုပ်ဆိုင်တွေမှာ ဒေတာတွေ ချပေးထားခဲ့ပြီးပြီ။ ဘယ်သူမဆို အခမဲ့ ဒေါင်းလုတ်လုပ်ပြီး ရယူနိုင်သည်။

'ကြက်ခေါင်းတစ်ယောက် ကားဂိတ်မှူးက ဆာထုပ်သည်ကောင်မလေး ရှေ့မှာ ဟန်ရေးပြနေရင်း ဖိနပ်ပြုတ်သွားလို့ အရှက်ရသွားခြင်း'

'အပေါစား တရုတ်စတီးချိုင့်ကို ဇီးဘရားတံဆိပ် ပြောင်းကပ်ပြီး လာပေါင်သွားသဖြင့် ဒီတစ်ခါတော့ လူလည်ကြီး မသီးခံလိုက်ရခြင်း'

'လူပျိုကြီး ကိုရဲစွန် ဘတ်စ်ကားပေါ်မှာ ခါးပိုက်နှိုက်ခံရကြောင်း… ထူးခြားတာက နှိုက်သွားသူမှာ မိန်းမခါးပိုက်နှိုက် ဖြစ်နေခြင်း'

စသော သတင်းများကို လွတ်လပ်စွာ ရယူနိုင်သည်။ ကိုယ့်ဆီမှာ ရှိနေသော သတင်းများကိုလည်း ပြောပြပြီး ဖလှယ်နိုင်သည်။



ကိုယ်တိုင်လည်း ပါဝင်ဆွေးနွေးဝေဖန်နိုင်သည်။ ဒေတာဘော့စ်မှာ မပွေးနှင့် ဘာနူးတို့ ဖြစ်ကြ၏။

ထို့ကြောင့် လှထုံသည်လည်း ဈေးသွားဖြစ်စေ၊ ဈေးပြန်ဖြစ်စေ မပွေးဆိုင်ကို ဝင်တတ်သည်။ ဒီနေ့တော့ ဗိုက်ဆာနေသဖြင့် ဈေးအသွားမှာ ဝင်မည်ဟု စိတ်ကူးထားသည်။ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် မောင်ကျော်လှက သူလည်း လိုက်ချင်တယ် ပြောသည်။

"လိုက်ချင်ရင် မြန်မြန်လုပ်၊ အီလေးဆွဲမနေနဲ့"

လှထုံက စိတ်မြန်လက်မြန် ရှိသော်လည်း ကျော်ကွန့်က လှုပ်ရှားသွားလာရာမှာ နှေးကွေးလေးလံသည်။ အပြင် တစ်ခါထွက်ဖို့ကို အထဲဝင် အပြင်ထွက် တော်တော်နှင့် မပြီးနိုင်။ မောင်ကျော်လှလည်း သူ့အမေအတိုင်းပဲ။ မနက် အိပ်ရာက မြန်မြန် မထချင်။ မျက်နှာသစ် သွားတိုက်တာကကို အတော်ကြာသည်။ ဆောင်းတွင်းဆို ပိုဆိုးသည်။ အေးစက်နေသော ညသိပ်ရေကို ထိရ ကိုင်ရမှာ ရွံ့ပြီး နှောင့်နှေးနေတတ်သည်။ ဒီလိုနဲ့ ကျောင်းနောက်ကျခဲ့ပေါင်းလည်း မနည်းတော့။

ခုလည်း သွားပွတ်တံကြီး ပါးစပ်ထဲ ထိုးထည့်ထားရင်းကစာကလေးတွေ အစာကောက်တာကို ငေးကြည့်နေသည်။

"ဟဲ့… မြန်မြန်… မြန်မြန်"

www.burmeseclassic.com

www.burmeseclassic.com



ဟု လှထုံက သတိပေးမှ သွားဆက်တိုက်သည်။ မျက်နှာသစ်ပြီးတော့ လဲစရာ အောင်းဘီ ရှာနေတာကလည်း စိတ်မရှည်ချင်စရာ။ သွားကြတော့မယ်လို့ ထွက်လာပြီးမှ အိမ်ပေါက်ဝ ရောက်တော့-

"ဟာ… မိုက်နာလာပြီ အမေရာ၊ အိမ်သာ တက်လိုက်ဦးမယ်၊ ခဏလေး စောင့်နော်"

ဆိုပြီး နောက်ဖေးဘက် ပြန်ဝင်ပြေးသည်။

"နင်တို့ သားအဖနှစ်ယောက်ဟာ အဲဒီအတိုင်းပဲ၊ အရေးထဲဆို မိုက်နာပြီ၊ ချေးပါတာကို တော်တော်ဝါသနာပါတယ်"

မောင်ကျော်လှသည်-

"အမေ… မသွားနဲ့ဦးနော်"

ဟု အိမ်သာထဲက လှမ်းအော်သည်။ လှထုံ စိတ်တိုလာပြီး-

"ငါ သွားနှင့်တော့မယ်၊ နင်ဘာသာ ဝအောင် ပါပြီးမှ လိုက်ခဲ့တော့၊ တကယ်လို့ ဆိုင်မှာ ငါ မရှိတော့ရင်လည်း အသုပ် တစ်ပွဲ မှာစားလိုက်၊ ငါ နင့်အတွက်ပါ ပိုက်ဆံပေးခဲ့မယ်"

"ပဲကြော်ဖိုးပါ ပေးခဲ့နော် အမေ"

"မရဘူး… ပိုက်ဆံ နည်းနေတယ်၊ အကြော်မပါဘဲ စား"

ဟု ပြောပြီး တစ်ယောက်တည်း ထွက်လာခဲ့သည်။ နှုတ်ကလည်း-



"တကတဲ… ခပ်ကွင်း ပြင်နေတာနဲ့ ရွာသာကြီး ရောက်တော့မယ်"

လှထုံကတော့ ဒီအတိုင်းပဲ။ စကားပုံတွေ၊ ဆိုရိုးစကားတွေဟာ သူ့ပါးစပ်ထဲ ရောက်ရင် တလွဲတွေ ဖြစ်ကုန်တတ်သည်။ သူ ပြောလေ့ရှိတာတွေကတော့-

"လှထုံတို့ကို အထင်မသေးပါနဲ့၊ မြွေမသေ ငွေမရှုံးပါဘူး"

"သတိထားပါ ကိုကျော်ကွန့်ရယ်… လူမသေ တုတ်မကျိုးဆိုတဲ့ စကားလည်း ရှိသားပဲ"

"ရှင်နည်းရာ အနဂ္ဂ လူထွက် ဆိုတာမျိုး ဖြစ်နေပြီ"

"ဆန်စင်ရာ ကျည်ပွေ့ အတက်ပေါက်လို့ ဘယ်ဖြစ်မလဲ"

တစ်ခါကလည်း ကျော်ကွန့်ကို သူ အနိုင်ယူခဲ့ပုံအကြောင်း လူတွေကြားမှာ အားရပါးရ ပြောခဲ့တာကတော့…

ကျော်ကွန့်သည် စက်ရုံမှ ပေးသော ဘောနပ်စ်ငွေကို အကုန် မအပ်ဘဲ လျှိုထားခဲ့သည်။ ပတေးတို့ မောင်ဝတို့ ဖိုးနီတို့နှင့် အတူ စားကြ သောက်ကြဖို့ ဖယ်ထားခြင်း ဖြစ်၏။ ဒါကို လှထုံက ရိပ်မိပြီး ပြဿနာရှာသည်။

"အစပိုင်းမှာတော့ သူက ဘုးခံပြီး ငြင်းသေးတယ်လေ၊ ဟင်…ဘယ်ရမလဲ၊ ကျွန်မက သူ့ရဲ့ ငယ်ပါကို ဖမ်းကိုင်လိုက်တော့ ဝန်ခံရတော့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေကြသူတွေ ဟယ်ခနဲ ဖြစ်ကုန်ကြသည်။

"လှထုံရယ်… ဘယ်လို ပြောလိုက်တာလဲ"

မလုံးက သတိပေးတော့-

"ဟုတ်တယ်လေ… ငယ်ပါကို ကိုင်လိုက်တော့ ဘာ တတ်နိုင်သေးလဲ"

"ငယ်နိုင်ကို ကိုင်တယ်လို့ ပြောရတယ်ဟဲ့၊ နင်နဲ့တော့ ခက်နေပြီ"

ဟု ဝမ်းဆွဲသည် ဒေါ်အေးကြွယ်က ဝင်ပြင်ပေးတော့မှ-

"ဟုတ်လား… သိပါဘူး"

ဟု စပ်ဖြဲဖြဲ ပြန်ပြောသည်။

ဒီနေ့ အသုပ်ဆိုင်မှာ တင်ထားတဲ့ တော့ပစ်ကတော့ မှုခင်း ဂျာနယ်ထဲမှာ ပါသော သတင်းနှင့် ပတ်သက်သည်။

ခရီးသွားရင်း ခင်မင်သွားသော လူတစ်ယောက် တိုက်တဲ့ အအေးပုလင်းကို သောက်ပြီး အိပ်ပျော်သွား၊ အိပ်ရာက နိုးတော့ အိတ်ထဲက ပိုက်ဆံ၊ နာရီ၊ ဆွဲကြိုး… စသည်တို့ မရှိတော့တဲ့ အကြောင်း…

တက္ကစီသမားတစ်ယောက် ခရီးသည် ကျွေးတဲ့ ကွမ်းယာ ကို စားမိရာက မူးနောက်နောက် ဖြစ်လာပြီး ကားကို လမ်းဘေး ထိုးရပ်၊ တစ်ချက် မေ့ခနဲ ဖြစ်သွားပြီး သတိပြန်ရတော့မှ ကားဆွဲလို့ ရတဲ့ ငွေတွေ ပါသွားတာ သိလိုက်ရကြောင်း…



"အင်း… လူတွေကလည်း စားဝတ်နေရေး ကျပ်တည်း တော့ ကြံမိကြံရာတွေ လုပ်ကြတော့တာပဲ နော်"

ဟု မပွေးက မှတ်ချက်ပြုတော့ အဖျော်ကြီး ဒေါ်ပွင့်က-

"ဒါကြောင့် ငါတို့တော့ သူများ ကျွေးတာ မွေးတာဆို ဘယ်တော့မှ မစားဘူး၊ ဟိုတစ်ပတ်က ဂျာနယ်ထဲ ပါတဲ့ သတင်းကို ကြည့်ပါလား၊ တူအရင်းဆိုပြီး စိတ်ချလက်ချ ယုံမိတာ၊ အဆိပ်ခတ် သတ်ပြီး ပစ္စည်းတွေ ယူသွားပါရောလား"

"ဒေါ်ပွင့်ကြီးလည်း သတိထားဦးနော်… အတွင်းပစ္စည်း တွေ ပါသွားဦးမယ်"

မလုံးက ချွန်ပေးလိုက်သည်။

"အမယ်လေး… အတွင်းပစ္စည်းတွေ ဘာတွေလည်း မရှိ ပါဘူးအေ၊ ဟောဒါလေးတောင် အိုစာမင်းစာအတွက် ကုတ်ကတ် ချန်ထားရတာပါ၊ အရောင်လက်ရင် အန္တရာယ်ရှိမှာစိုးလို့ သနပ်ခါးနဲ့ ပွတ်ပြီး ဖုံးထားရတယ်"

ဆိုပြီး ပန်ထားသော စိန်ခြယ်နားကပ်ကလေးကို ကိုင်ပြသည်။

"ဒေါ်ပွင့်ကြီးကတော့ ဆေးခတ်ခံရလည်း ပူစရာ မလိုပါ ဘူး၊ ကုပေးမယ့် ဆရာဝန်တစ်ယောက်လုံး ရှိတာပဲ"

ဟု ဒေါ်အေးကြွယ်က အစထောင်ပေးလိုက်သည်။

"အို… ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပွင့်က ဒေါ်အေးကြွယ်ကို မျက်စောင်း တစ်ချက်ထိုးသည်။ မျက်နှာထားကတော့ မသိမသာ ပြုံးယောင်ယောင် ဖြစ်နေ၏။ သူ့ကို လူတွေက ဒေါက်တာတုတ်နိုင်နှင့် စ,လေ့ရှိသည်။ ထိုအခါ သူက စိတ်ဆိုးချင်ယောင်ဆောင်တတ်သည်။ ခုလိုဆိုသောကြောင့် ဒေါ်ပွင့်က ဒေါက်တာတုတ်နိုင်ကို တစ်ဖက်သတ် ကျိတ်ပြီး ကြိုက်နေတယ် ပြောလို့တော့ မရ။ အပျိုကြီးတွေရဲ့ ထုံးစံအတိုင်း နည်းနည်းပါးပါး စိတ်ကူးယဉ်ကြည့်ရုံမျှသာ ဖြစ်၏။ ဒေဝါနန်းနဲ့ စလျှင်တော့ တကယ် စိတ်ဆိုးသည်။ ဒေဝါနန်းက ဆိုက်ကား နင်းတာကိုး။

"ကိုယ့်ဟာကိုယ် အိမ်ထဲမှာ နေတာပဲ ဆိုပြီးတော့လည်း စိတ်ချလို့ မရဘူး၊ ညဘက်ကျတော့ အိပ်မွေ့ချပြီး ဝင်ခိုးချင် ခိုးတတ်တာ"

"အင်း… ဟုတ်မယ်၊ တရုတ်သိုင်းကားတွေထဲမှာ ကြည့်ပါလား၊ ထရံပေါက်ကနေ ဝါးပိုက်ကလေး ထိုးထည့်ပြီး အိပ်မွေ့တွေ မှုတ်ထည့်လိုက်တာလေ… တစ်ခါတည်း မူးမေ့ပြီး အိပ်မောကျသွားတော့မှ လိုချင်တာတွေ စိတ်ကြိုက် ရွေးခိုးလို့ ရသွားတာပေါ့"

"ဒါကို ကာကွယ်ဖို့က လွယ်ပါတယ်အေ… သံပရာသီး တစ်လုံးကို ခေါင်းရင်းမှာ ထားပြီး အိပ်လိုက်၊ အိပ်မွေ့ချလို့ မရတော့ဘူး၊ အိပ်ခါနီးရင် ဘုရားရှိခိုးဖို့လည်း မမေ့နဲ့"

ဟု ဒေါ်အေးကြွယ်က ဝင်၍ ပညာပေးသည်။



"ကျွန်မကတော့ တို့ဆေးပဲ ကြောက်တယ်"

ရွှေကြည်က ခေါင်းစဉ်တစ်ခု ထပ်တင်လိုက်၏။

"ဟုတ်တယ်၊ အဲဒါက ကြောက်စရာ အကောင်းဆုံးပဲ၊ တို့ဆေး မိပြီဆိုရင် ဘာမှ မတတ်နိုင်တော့ဘူး"

"တချို့တွေက ဆေးမှုန့်ကို ဆေးပေါ့လိပ်ထဲ ထည့်ပြီး မှာတာ၊ ဆေးလိပ်သောက်သလိုလို ဘာလိုလိုနဲ့ မီးခိုးငွေ့တွေနဲ့ မှုတ်တတ်တယ်၊- တချို့ကျတော့ ဆေးကို လက်မှာ သုတ်ထားတယ်၊ လူကို တို့လိုက်တာနဲ့ ကြောင်ပြီး သတိလက်လွတ် ဖြစ်သွားတာပဲ၊ အဲဒီအခါကျမှ လူပြတ်တဲ့နေရာကို ခေါ်သွားပြီး ပစ္စည်းတွေ ချွတ်ယူတာ၊ တကယ်စွမ်းတဲ့ တို့ဆေးမျိုးကျတော့ တကူးတက ချွတ်ယူနေစရာတောင် မလိုဘူး။ အမိန့်ပေးလိုက်တာနဲ့ ကိုယ် ကိုယ်တိုင်က လက်ကောက်တွေ၊ ဆွဲကြိုးတွေ ဖြုတ်ပေးမိတော့တာပဲတဲ့"

ဒေါ်အေးကြွယ်က-

"ဒါမျိုး မဖြစ်အောင် ကိုယ်က အမြဲသတိထားနေရတယ်၊ သွားတဲ့ လာတဲ့အခါ ဘုရား တရားကို အာရုံပြု၊ တကယ်လို့ တစ်ယောက်ယောက်က ကိုယ့်နား ကပ်လာမယ်၊ ဆေးနဲ့ လုပ်မယ်လို့ မသင်္ကာရင်… ဖုဋ္ဌဿ လောကမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ…ဆိုတဲ့ ဂါထာကို ရွတ်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



လှထုံက ဝေးပြီး နားထောင်နေစဉ် သူ့ကို နောက်ကျောက လာတို့သဖြင့်-

"အမယ်လေး… ဗုဒ္ဓေါ"

ဟု လန့်ပြီး လှည့်ကြည့်တော့ မောင်ကျော်လှ ဖြစ်နေသည်။

"ကဲ… နင် စားပြီး အိမ်ပြန်တော့၊ လျှောက်လည်း ဆော့ မနေနဲ့ဦးနော်"

ဟု မှာထားခဲ့ပြီး ဈေးသို့ ဆက်ထွက်လာခဲ့သည်။ လမ်း ရောက်တော့မှ မောင်ကျော်လှကိုပါ ခေါ်ခဲ့ရ ကောင်းသားဟု တွေးမိ၏။ ခုချိန်မှာ အဖော်လေး ပါမှ သွားလို့ လာလို့ သင့်တော် မယ်။ မသမာသူတွေက ယုံရတာ မဟုတ်ဘူး။ ဈေးကို သွားတဲ့လမ်း မှာ ညောင်ပင်ကြီးနားက လူပြတ်တယ်… စသည်ဖြင့် လျှောက်စဉ်းစား နေတုန်း မျက်နှာချင်းဆိုင်ဘက်မှ လူကြီးတစ်ယောက် လာနေတာ တွေ့လိုက်ရသည်။

အသားမည်းမည်း တုတ်တုတ်ခိုင်ခိုင် မျက်နှာက အဆီတွေ ပြန်လို့… ပြီးတော့ ဆေးပေါ့လိပ်ကို မီးခိုး ထောင်းထောင်းထအောင် ဖွာလာသည်။ လှထုံ လန့်သွား၏။ အနား ရောက်လာသောအခါ မီးခိုးငွေ့တွေကို မရှူမိအောင် အသက်အောင့်ထားလိုက်ရသည်။

လူကြီး ဖြတ်ကျော်သွားပြီး ခပ်လှမ်းလှမ်း ရောက်သွားတော့ မှ အသက်ကို ဝအောင် ပြန်ရှူရသည်။ တော်ပါသေးရဲ့… ဒါတောင်



ဘေးက ဖြတ်အလျှောက်မှာ လူကြီးက တစ်ချက် စိုက်ကြည့်သွား တာ ကြောက်စရာကြီး… မဖြစ်သေးဘူး မဖြစ်သေးဘူး။ နေ့လယ် ကျရင် ဒေါ်အေးကြွယ်ဆီ သွားပြီး ဟိုဂါထာကို သင်နိုင်းရမယ်။ ဈေးရောက်ရင် သံပရာသီး ဝယ်ဖို့ မမေ့နဲ့။ ပြီးတော့ အိပ်ငွေ့တွေ မှုတ်ထည့်လို့ မရအောင် အိပ်ခန်းဘေးက ထရံအပေါက်တွေကို ဖာနိုင်းရဦးမယ်။

ထိုအနိုက်မှာပင် သူ့ဘေးကို လူတစ်ယောက် ကပ်လာပြီး လက်မောင်းကို တို့လိုက်သည်။ သူ အငိုက်မိသွား၏။ ကြက်သီးတွေ ဖျန်းခနဲ ထသွားသည်။ ထို့နောက် တစ်ကိုယ်လုံး ထူပူပြီး မျက်လုံး တွေ ပြာသွားသည်။ ပိုက်ဆံအိတ် ထည့်ထားသော ဈေးခြင်းတောင်း ကို အလိုအလျောက် ကမ်းပေးလိုက်မိ၏။ ထိုသူသည် ခြင်းတောင်း ကို ဆွဲယူပြီးသည့်တိုင် ထွက်မသွားသေးဘဲ ဘေးမှ ကပ်လိုက်လာ နေဆဲ။ နားကပ် ကျန်သေးတယ်… ဖြုတ်ပေးလိုက် ဖြုတ်ပေးလိုက်။

လှထုံသည် နားကပ်ဆီသို့ လက်လှမ်းလိုက်စဉ် ရှေ့မှ မိန်းမ တစ်ယောက် လျှောက်လာတာကို တွေ့ရသည်။ ထိုမိန်းမကို မြင်ဖူး သည်။ သို့ရာတွင် ဘယ်သူရယ် စဉ်းစားလို့ မရ။ ထိုမိန်းမက လှမ်းနှုတ်ဆက်သည်။

"လှထုံ… ဈေးသွားမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



လှထုံသည် အာစေး ထည့်ထားသလို ဘာမှ ပြန်ပြောလို့ မရ။ ကြောင်ငေးငေးကြီးသာ စိုက်ကြည့်နေမိ၏။

"ဟိုမှာ မေးနေတယ်လေ"

ဘေးမှ လူက ပြောသည်။ ကိုကျော်ကွန့်ရဲ့ အသံနဲ့ တူလိုက်တာ။ ကေန္တ… ကိုကျော်ကွန့်ရဲ့ အသံကို တုပပြီး ဖြားယောင်းသွေးဆောင်…

"ဟဲ့…"

ဘေးမှ လူက လှထုံ၏ ပခုံးကို ကိုင်လှုပ်လိုက်သည်။ ဒီတော့မှ ရုတ်တရက် သတိပြန်ဝင်လာပြီး လှည့်ကြည့်လိုက်တော့-

"ဟင်… ကိုကျော်ကွန့်"

ကျော်ကွန့်က လှထုံကို အကဲခတ်ကြည့်လိုက်ပြီး-

"နင် ဘာဖြစ်နေတာလဲ… ကြောင်တောင်တောင်နဲ့"

လှထုံက ရင်ဘတ်ကို ဖိလိုက်ပြီး-

"အမယ်လေး… တော်သေးတာပေါ့၊ ဒါနဲ့ စောစောက ကျွန်မ လက်မောင်းကို လာတို့တာ ဘယ်သူလဲ"

"ဟာ… ဘယ်သူ ရှိရမှာလဲ၊ ငါပဲပေါ့… နင့်ကို လှမ်းမြင်လို့ လိုက်လာတာ"

လှထုံ တုံ့ခနဲ ရပ်လိုက်သည်။ ကျော်ကွန့်လည်း ယောင်တောင်တောင် လိုက်ရပ်သည်။ လှထုံက ခါးထောက်ပြီး-



"ဒီမှာ ကိုကျော်ကွန့်… ရှင် အဲဒီအောက်လမ်း ပညာတွေ ဘယ်တုန်းက တတ်ထားသလဲ ဟင်"

ဟု မေးလိုက်လေ၏။

□

www.burmeseclassic.com

www.burmeseclassic.com

လှထုံသည် ခေါ်မှင် ငှားထားသော မဂ္ဂဇင်းကို ခဏယူဖတ်ကြည့်ရာမှ သဘောကျပြီး အိမ်သို့ ယူလာခဲ့သည်။ သူက စာဖတ်အလွန်နေသူ ဖြစ်သဖြင့် အချိန်မီ ပြန်မအပ်နိုင်။ ငှားခ တစ်ရက်စာသူ ပေးမယ်ဆိုပြီး ယူထားလိုက်သည်။

ဒီမဂ္ဂဇင်းကိုတော့ သူ ကြိုက်သည်။ ဖတ်ရတာ နားလည်လွယ်သောကြောင့် ဖြစ်၏။ တချို့ မဂ္ဂဇင်းတွေထဲမှာ ဆိုလျှင် ဘာတွေရေးထားမှန်း မသိ။ လူက နဂိုကမှ ခပ်အူအူရယ် မဟုတ်လား။ တချို့ ဝတ္ထုတွေဆိုလျှင် ခေါင်းစဉ်ကိုတောင် အဓိပ္ပာယ်ဖော်လို့ မရ။ ဝတ္ထုကို နားလည်ဖို့ ဆိုတာ ဝေးရော…။

ဒီမဂ္ဂဇင်းကတော့ တော်တော်ကောင်းသည်။ ဝတ္ထုတွေကလည်း စိတ်ဝင်စားစရာတွေချည့်ပဲ။

'ကိုယ်တွေ့ တစ္ဆေ'



'သရဲခြောက်သော စံအိမ်ကြီး'

'ပြိတ္တာဆိုတာ တကယ် ရှိသလား'

'ကျေးရွာသိတတ်သော မှင်စာကလေး'

ဆိုတာတွေဟာ ဖတ်လို့ သိပ်ကောင်းသည်။ မဂ္ဂဇင်းထဲမှာ ယတြာချေနည်းတွေလည်း ပါသည်။ လွယ်လွယ်လေးနဲ့ ထိရောက်တယ်တဲ့။ မနက် အိပ်ရာက နိုးနိုးချင်း အိမ်ရှေ့က ပထမဆုံး ဖြတ်သွားတဲ့လူကို 'လက်ခုပ်တီး'… 'လှမ်းခေါ်'… 'လာခဲ့'လို့ ပြောရမှာ။

လှထုံက လက်တွေ့ စမ်းသပ်ကြည့်သည်။ နောက်နေ့ မနက် အိပ်ရာက နိုးတော့ အိမ်ရှေ့ ထွက်ရပ်ရင်း မျှော်နေသည်။ ပထမဆုံး ဖြတ်လျှောက်သွားတာက နွားမကြီးတစ်ကောင်သာ ဖြစ်၏။ နွားဆိုရင် အကျုံးဝင်မှု ရှိ မရှိ သူ ဆုံးဖြတ်ရခက်နေသည်။ ထိုစဉ်မှာပင် နောက်က လိုက်လာသော နွားနို့သည်ကြီး ဦးမှုတ္တုကို လှမ်းမြင်ရသည်။ လှထုံက လက်ခုပ်တီးပြီး–

"လာခဲ့"

ဟု အော်ခေါ်လိုက်၏။ ဦးမှုတုံးက–

"ကန်မလေး… နွားနို့ မပါသေးဘူး၊ ညနေမှ ရမယ်"

ပြောသွားသည်။ ဘာပဲဖြစ်ဖြစ် တိုက်ဆိုင်မှု ရှိတာတော့ အမှန်ပဲ။ ထိုနေ့က လှထုံ ဈေးသွားရာတွင် လမ်းမှာ ၅၀၀ တန် တစ်ရွက် ကောက်ရသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတွေ၊ ဆောင်းပါးတွေထဲမှာ လှထုံ စိတ်အဝင်စားဆုံး အကြောင်းအရာတစ်ခုလည်း ပါလာသည်။ လှဝင်စား ကိစ္စပင် ဖြစ်၏။ လှဝင်စားဆိုတာ တကယ် ရှိကြောင်း အထောက်အထား အကိုးအကား များဖြင့် ပြည့်စုံစွာ ရေးသားထားသည်။

'လှဝင်စားလေး မောင်ဇော်မောင်' အကြောင်းဆိုလျှင် ဟို ဘဝတုန်းက တင်ပါးကို ခြောင့်ဆူးခဲ့ရာ ခုဘဝမှာလည်း မွေးကတည်း က အနာရွတ်ကြီး ပါလာတာကို တင်ပါး လှန်ပြထားသော ဓာတ်ပုံ နှင့်တကွ အတိအလင်း ဖော်ပြထားသည်။

ဒါကို ဖတ်ပြီးနောက် လှထုံလည်း လှဝင်စား ရောဂါ တက် လေတော့သည်။ မောင်ကျော်လှ ကျောင်းက ပြန်လာသောအခါ အနား ကို ခေါ်ပြီး-

"ဘောင်းဘီ ချွတ်စမ်း"

"ဟာ… ဘာလုပ်မလို့လဲ အမေရ"

"စကားမရှည်နဲ့… ဟိုဘက်လှည့်"

ဟု ပြောပြီး ဘောင်းဘီကို ဆွဲချ၊ တင်ပါးကို စစ်ဆေး သည်။

"အင်း… ဟုတ်တော့ ဟုတ်နေပြီ၊ ဒီမှာ အစင်းရာကြီး တွေ့တယ်၊ အရင်ဘဝက နင် ဘာတွေ ဖြစ်ခဲ့သလဲ၊ ငါ့ကို မှန်မှန် ပြောစမ်း"



"ဘယ်က အရင်ဘဝလဲ… သား မသိဘူး"

"မသိလို့ မရဘူး၊ ဒီမှာ အမှတ်ကြီး တစ်ခုလုံး ပါနေတာ"

"အဲဒါ အမှတ် မဟုတ်ပါဘူး၊ ကျောင်းမှာ စာမရလို့ ဆရာမ ရိုက်တဲ့ အရိုးရာကြီးပါ အမေရာ"

မောင်ကျော်လှနှင့် မအောင်မြင်တော့ ကျော်ကွန့်ဘက် လှည့် လာသည်။

"ကိုကျော်ကွန့်… ရှင့်တင်ပါး လှန်ပြစမ်း"

"ဟင်… ဘာဖြစ်လို့လဲ"

"အို… ကြည့်ချင်လို့ပေါ့"

"ဟာ… ရှက်စရာကြီး"

"အမယ်… လင်မယားချင်းတောင် ရှက်နေရသေးတယ်၊ ကဲပါ… ပြစမ်းပါ"

ကျော်ကွန့်မှာ သူ့မိန်းမအကြောင်း သိသဖြင့် စကားရှည် မနေတော့ဘဲ ပြလိုက်ရသည်။ လှထုံက ကြည့်ပြီးနောက်-

"အင်း… ဘာမှ မရှိဘူး"

"ဒါဆိုလည်း ပြီးတာပဲ"

ဟု ကျော်ကွန့်က ပြီးပြီးရော ပြောလိုက်သည်။ သို့ရာတွင် လှထုံက မပြီးသေးဘဲ-

"ကျွန့်မကိုလည်း ကြည့်ပေးဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဒါတော့ ငါ မကြည့်ရဲဘူး"

"ရှင်ဟာလေ… ယောကျ်ား မဟုတ်တာကျနေတာပဲ၊ ဘယ်တော့မှ အားမကိုးရဘူး၊ ဒါကြောင့် ရှင်နဲ့ ပေါင်းရတာ ဝမ်းရေ စပ်တယ်လို့ ပြောတာ"

ကျော်ကွန့်လည်း ဇာတ်လမ်း မရှည်ချင်သဖြင့် ကြည့်ပါမယ်ဟု သဘောတူလိုက်ရသည်။

"ဘာတွေ့လဲ ဟင်"

ကျော်ကွန့်မှာ တကယ်တမ်း သေသေချာချာ မကြည့်သော်လည်း လှထုံ ကျေနပ်အောင်-

"အညိုကွက် တစ်ခုတော့ တွေ့သလိုပဲ"

ဟု ပြောလိုက်သည်။

"ဟာ… ဟုတ်ပြီ ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"ကျွန်မက လှဝင်စားရှင့် သိရဲ့လား"

"လှဝင်စား… ဟုတ်လား"

"ဟုတ်တယ်… လှဝင်စားမှ တခြားလူ မဟုတ်ဘူး၊ ကျွန်မ အမေကိုယ်တိုင် ဝင်စားတာ"

"နင်က… နင်က နင့်အမေ ဝင်စားတာ"

"အစစ်ပဲ… ဒီမှာ ကျွန်မ မျက်နှာကို သေသေချာချာ ကြည့်စမ်း၊ အမေနဲ့ မတူဘူးလား"



"သားအမိပဲဟာ… တူမှာပေါ့"

"ဒါတင်မကသေးဘူးလေ… အမေ့တင်ပါးမှာလည်း ကျွန်မလိုပဲ အမှတ်ပါတယ်၊ ကဲ… ဒီလောက် တိုက်ဆိုင်နေတာ ဘာပြောချင်သေးလဲ"

"လှထုံရယ်… နည်းနည်းပါးပါးလည်း စဉ်းစားပါဦး၊ နင့်ကို မွေးတဲ့အချိန်မှာ နင့်အမေက သက်ရှိထင်ရှားကြီး ရှိနေသေးတာပဲဟာ… ဖြစ်နိုင်ပါ့မလား"

"ဒါဆို ကျွန်မက ဘယ်သူ ဝင်စားတာလဲ"

"ဒါတော့ ငါလည်း ဘယ်သိပါ့မလဲ"

"လှဝင်စားဆိုတာ ရှိတယ် မဟုတ်လား ဟင်"

"ကြားတော့ ကြားဖူးတာပဲ၊ ငါလည်း ကိုယ်တွေ့ မဟုတ်တော့ မပြောတတ်ဘူး"

လှထုံက တွေပြီး စဉ်းစားနေသည်။ ကျော်ကွန့်မှာ ဘာများလာဦးမလဲ မသိဘူး… ဆိုပြီး တထိတ်ထိတ် စောင့်စားနေစဉ် လှထုံက-

"ကိုကျော်ကွန့်… တစ်ခါလောက် ရှင် လှဝင်စား လုပ်ကြည့်ပါလား"

"ဟေ…"

"ဟုတ်တယ်… ကျွန်မ စဉ်းစားနေတာက ဒီတစ်ခါ ကျွန်မ ကိုယ်ဝန် ရှိလာတဲ့အခါ ရှင် ကျွန်မ ဝမ်းထဲ ဝင်စားပါလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကွန့် မျက်လုံးပြူးသွားပြီး-

"ဟာ… ဘယ်ဖြစ်မလဲ"

ဟု ရုတ်တရက် ပြောမိ၏။ လှထုံ မျက်နှာ တင်းခနဲ ဖြစ်သွားပြီး-

"ဘာလဲ… ရှင်က ကျွန်မ ဗိုက်ထဲ ဝင်ရှာ ရှုလို့လား"

"ဟာ… မဟုတ်ဘူးလေ၊ ဟိုဥစ္စာ… ဝင်စားတယ် ဆိုတာက…"

"သိပါတယ်… သိပါတယ်… ရှင်တို့ ယောက်ျားတွေဟာ ဒီအတိုင်းချည်းပါပဲ၊ မရခင်မှာတော့ ဖျာလိပ်နတ်လို ခေါင်းပေါ်တင်၊ နောက်တော့ ကျောခင်းပြီး အိပ်တော့ပဲ၊ ဟင်း… ဟိုတုန်းကတော့ ညီမဟာ ၁၀ ရက်လောက် ရေမချိုးဘဲ နေရင်တောင် မွှေးနေမှာပါဆို၊ သကြားလုံးလေးသာဆိုရင် ငုံထားလိုက်ချင်တယ်ဆို… ခုတော့… ခုတော့…"

လှထုံသည် ငိုမဲ့မဲ့ ဖြစ်လာပြီ။ ကျော်ကွန့်ကလည်း လက်ဖက်ရည်ဆိုင် သွားချင်လှပြီ။ လိပ်ပတ်လည်အောင် ရှင်းပြဖို့က တော်တော်အချိန်ယူရမည်။ ထို့ကြောင့်-

"ကဲပါ… လှထုံရယ်၊ ကလေး ရှိလာတော့လည်း ကြည့်လုပ်ကြတာပေါ့၊ နင့်ဆန္ဒအတိုင်း ဖြစ်စေရမယ် ဟုတ်ပြီလား"

ဟု ချော့မော့ ပြောလိုက်ရသည်။



ဒီကိစ္စ ဒီမှာတင် ပြီးပြီ အောက်မေ့တာ၊ လှထုံက မကျေနပ်သေး။ အသုပ်ဆိုင် စကားဝိုင်းမှာ သူ့ကိုယ်သူ လူဝင်စား ဖြစ်တယ်ထင်ကြောင်း ပြောသည်။ ထိုအခါ ဟုတ်နိုင်တယ်၊ မဟုတ်နိုင်ဘူး ဝိုင်းပြီး ဝေဖန်ကြသည်။ နောက်ဆုံးတော့ မမွှေးက-

"ဒါမျိုးဆိုတာ နားလည်တတ်ကျွမ်းတဲ့ လူမှ ခွဲခြား ပြောနိုင်မှာ"

ဟု ဆိုသည်။ ထို့ကြောင့် ဒေါ်အေးကြွယ်၏ လမ်းညွှန်မှုအရ ဂိုဏ်းဆရာကြီးဆိုသူ တစ်ဦးထံ ရောက်သွားသည်။ ဒါမျိုးလာလို့ကတော့ အဘတို့ အကြိုက်ပေါ့။ စပြောကတည်းက လူဝင်စား ဟုတ် မဟုတ် စစ်ပေးပါ… ဆိုတော့ ဟဲ ဟဲ တချို့ အထူးကုဆေးခန်းကြီးတွေလိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ငွေကုန်ကြေးကျခံ စစ်ဆေးပြီးမှ ဘာရောဂါမှ မတွေ့ဘူး ဆိုရင် အားနာစရာကြီး။ ပြီးတော့ ဘာမှ မလုပ်ဘဲ ငွေညာယူတာ လား၊ ရောဂါရှာဖွေရေး ပညာ ညံ့လို့လား အထင်သေးခံရနိုင်သည်။ ဒီတော့ နှလုံးနည်းနည်းကြီးနေတယ်၊ အသည်းနည်းနည်း ယောင်နေ တယ်။ သွေးကြော နည်းနည်းကျဉ်းနေတယ်။ ဆေးခန်းမှာ တစ်ပတ် လောက် နေပြီး အနားယူ ကုသလိုက်ရင် ကောင်းသွားမယ်…။ လေအေးစက်၊ ရေခဲသေတ္တာ၊ ဂြိုဟ်တုစလောင်း တပ်ဆင်ထားတဲ့ အထူး စပါယ်ရှယ် အခန်းမှာ တက်မယ်ဆိုရင် အိမ်သာ အခမဲ့ အသုံးပြုခွင့် ရမယ်။ နောက်တစ်ကြိမ် ဆေးရုံလာတက်တဲ့အခါ အသုံး ပြုနိုင်တဲ့ ဒစ်စကောင့် ကူပွန်လည်း ပေးပါတယ်ပေါ့။

ခုလည်း ဒီလိုပဲလေ… ခမျာ လူဝင်စားများလားလို့ အရမ်း သိချင်နေတာ။ ဒီတော့ ဆန္ဒပြည့်ဝအောင် ကူညီရမှာပေါ့။

“ကဲ… ကလေးမ၊ တင်ပျဉ်ခွေ ထိုင်လိုက်၊ လက်နှစ်ဖက် ကို ဒူးပေါ်တင်၊ လက်ဖဝါးတွေကို ဖြန့်ထား၊ လက်ချောင်းတွေ ပူး ထား”

ထို့နောက် ဆရာကြီးက တစ်ပေလောက် ရှိသော ကြေးဝါ ချောင်းကြီးဖြင့် ကြမ်းပြင်ကို တခေါက်ခေါက် ခေါက်ရင်း–

“လူဝင်စားဆိုရင် လက်ချောင်းတွေကို ခွဲပြစမ်း၊ ခွဲပြစမ်း”

ဟု အမိန့်ပေးသော လေသံဖြင့် ပြောသည်။



လှထုံမှာ နဂိုကတည်းက လူဝင်စားလို့ သူ့ကိုယ်သူ ထင် နေခဲ့ပြီးသား ဖြစ်တာက တစ်ကြောင်း၊ ဆရာကြီးက အဟိတ်အဟန့် မှင်မောင်း ကောင်းတာက တစ်ကြောင်း၊ တစ်ချက် တစ်ချက်မှာ စိတ်မရှည့်နိုင်သလို ကြေးဝါချောင်းကြီးကို ကြမ်းပေါ်ကို ဒုန်းခနဲ ဒိုင်းခနဲ ဆောင့်ချလိုက်တာကလည်း အသည်းထိတ်စရာ ဖြစ်နေတာက တစ်ကြောင်းတို့ကြောင့်…

၃ မိနစ်ခန့် အကြာမှာပဲ လက်ချောင်းများသည် တဖြည်းဖြည်း ဖြန့်ကား ကွဲထွက်လာလေသည်။ ဆရာကြီးလည်း ခေါင်းတညိတ်ညိတ် လုပ်ရင်း–

“ဟုတ်တော့ ဟုတ်နေပြီ၊ ကိုင်း… ဘယ်ဘဝက လာသလဲ သိရအောင် အဘ အာရုံယူကြည့်လိုက်ဦးမယ်”

ဆိုပြီး မျက်စိကို မှိတ်၍ သမာဓိ တည်ဆောက်သလို လုပ် နေ၏။ တစ်ချက် တစ်ချက်မှာ–

“ဟင်… ဟင်… ဘာတဲ့ ဟုတ်လား”

ဟု ရေရွတ်လိုက်သေးသည်။ ၅ မိနစ်ခန့် အကြာတွင် မျက်စိ ပွင့်လာပြီး သူ မြင်တွေ့ရသော အချက်ကို ပြောပြလေ၏။

“တကယ်တော့… ကျွန်မဟာ သိုက်က လာတာတဲ့ ကိုကျော်ကွန့်ရေ”

www.burmeseclassic.com

www.burmeseclassic.com



ဟု လှထုံက ပြောသောအခါ ကျော်ကွန့် ဟိုက်ခနဲ ဖြစ်သွား၏။ သူသည် ဒီလိုကိစ္စမျိုးတွေကို ယုံတယ်လည်း မဟုတ်၊ မယုံဘူးလည်း မဟုတ်။ တစ်စုံတစ်ယောက်က ကိုယ်တွေ့လိုလို ဘာလိုလို အချက်ကျကျ ပြောလျှင် ဟုတ်နိုးနိုး ထင်သည်။ သိပ္ပံနည်းကျကျ ယုတ္တိနည်းကျကျ ပြတဲ့လူမျိုးနှင့် တွေ့ပြန်တော့လည်း ဟုတ်သားပဲ ... ဒါတွေဟာ အယူသီးမှုတွေပါ ဆိုပြီး ဖြစ်သွားပြန်ရော။

အခုကိစ္စမှာတော့ လှထုံတစ်ယောက် စိတ်အစွဲအလမ်း ဖြစ်နေတာပဲ ဆိုတာ ရိပ်မိသည်။ သို့ရာတွင် လှထုံကတော့–

"မပိုင်းစိန် သိုက်က လာတာလို့ ပြောတယ်။ ညီအစ်မ ခုနစ်ယောက် ရှိရာမှာ မပိုင်းစိန်က အကြီးဆုံး၊ ကျွန်မက အငယ်ဆုံး အထွေးဆုံး နာမည်က မသက်ပန်တဲ့။ အဲဒါ လူ့ဘဝကို ခဏ သွားလည်ချင်တယ်လို့ ကျွန်မက ပူဆာတာ။ အစ်မတွေက စိတ်မချလို့ မလွှတ်ချင်ဘူး။ ကျွန်မက မသွားရရင် အစာမစားတော့ဘူးလို့ အကျပ်ကိုင်တော့မှ လွှတ်လိုက်ရတာ၊ ဒါပေမဲ့ ကတိဝန်ခံချက် တစ်ခုတော့ ပေးခဲ့ရတယ်၊ အသက် ၃၀ ပြည့်ရင် ပြန်လာပါ့မယ် ဆိုတဲ့ ကတိပေါ့၊ အင်း... ဒါကြောင့် ခုတစ်လော ကျောက်ဂူကြီးတစ်ခုထဲ ရောက်ရောက်သွားတယ်လို့ အိပ်မက် မက်တာ ထင်ပါရဲ့... အဲဒါ ကျွန်မကို သိုက်ကို ပြန်ခေါ်ဖို့ ကြိုတင်သတိပေးတာလား မသိဘူး"



လှထုံက ခံစားချက် အပြည့်နှင့် ပြောနေသည်။ ကျော်ကွန့်ပင်လျှင် သိသိကြီးနှင့် ရောယောင်ပြီး ငေးကြည့်နေမိ၏။

"အဘ ဆရာကြီးကတော့ သိပ်စိတ်မပူပါနဲ့လို့ ပြောတယ်၊ သိုက်ကြိုးကို သူ ဖြတ်ပေးနိုင်ပါတယ်တဲ့၊ အဲဒါ ပွဲထိုးဖို့ရယ်၊ ဆေးဖယောင်းတိုင်ရယ်၊ အင်းချဖို့ရယ်... ကျွန်မ ကိုယ်ပွားရုပ်တု လုပ်ဖို့ရယ်... ငွေ နှစ်သောင်းလောက် ကုန်မယ်လို့ ပြောတယ်"

"နှစ်သောင်း..."

ဒီတော့မှ ကျော်ကွန့်ဆီက အသံ ခုန်ထွက်လာသည်။ သူ့မှာ ငွေ နှစ်သောင်းကို လုံးခနဲ ခဲခနဲ ထုတ်ဖို့ ဘယ်ရှိပါ့မလဲ။ ကြံဖန်ရှာလို့ ရတယ် ထားဦး၊ ဒါဟာ သက်သက်လိမ်ညာပြီး အကြံအဖန် လုပ်တာပဲ...။ အလကားပါဟာ... ယုံမနေပါနဲ့ ပြောလို့လည်း လှထုံက လက်ခံမှာ မဟုတ်။ ထို့ကြောင့်–

"လောလောဆယ် ငွေနှစ်သောင်း ရှာဖို့က မလွယ်ဘူးလေ၊ နင် အသက် ၃၀ ပြည့်ဖို့ကလည်း ၆ လလောက် လိုသေးတာပဲ၊ ဒီကြားထဲမှာ ကြည့်လုပ်ကြတာပေါ့"

ဟု မရေမရာ ပြောပြီး အချိန်ဆွဲဖို့ ကြိုးစားကြည့်သည်။ လှထုံ သွေးအေးသွားမှ ဖျောင်းဖျကြည့်မယ် စိတ်ကူးသည်။ သို့ရာတွင် လှထုံက–

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ပေါ့ပေါ့ ပြောလို့ မရဘူးနော်၊ သူတို့က မစောင့်နိုင်တော့လို့ အသက် ၃၀ မပြည့်ခင် စောစောစီးစီး အရင်ဦးအောင် လိပ်ပြာ လာနုတ်သွားရင် ဘယ်လို လုပ်မလဲ"

ဒီနောက်မှာတော့ လှထုံသည် အိပ်မက် မကြာခဏ မက်တော့သည်။ ရှေးခေတ် မင်းသမီးတွေလို နန်းဝတ်နန်းစားတွေ ဆင်မြန်းရတာမျိုး၊ မိန်းမတစ်ယောက်က သူ့လက်ကို ဆွဲပြီး အတင်းခေါ်နေသဖြင့် လွတ်အောင် ရုန်းပြီး ထွက်ပြေးရတာမျိုး၊ ကျောက်ဂူကြီးထဲမှာ ရွှေ ငွေ လက်ဝတ်လက်စားတွေ ရတနာသေတ္တာကြီး မြင်ရတယ် ဆိုတာမျိုး။

ကျော်ကွန့်မှာလည်း အတော်ဦးနှောက်စားနေရ၏။ လှထုံကလည်း ပြက္ခဒိန်ကို မကြာခဏ လှန်လှန်ကြည့်နေသည်။ တစ်ရက် ကျော်ကွန့် အလုပ်က အပြန် လမ်းမှာ ဦးဖိုးဖြော့နှင့် သွားဆုံသည်။

"ဟောကောင် ကျော်ကွန့်… ဝါကျွတ်တော့မယ်နော်၊ ဆွမ်းတင်ဖို့ မမေ့ကြနဲ့ဦး"

ဟု ဦးဖိုးဖြော့က သတိပေးသည်။ သူက ဦးရှင်ကြီး တင်တဲ့ ကိစ္စလည်း လုပ်တတ်တာကိုး။ ဒီမှာတင် ကျော်ကွန့် စိတ်ကူးတစ်ခု ရသည်။ လှထုံကိစ္စအတွက် ဦးဖိုးဖြော့ကို အကူအညီတောင်းဖို့ပင် ဖြစ်၏။ ဒီအဘိုးကြီးနဲ့ ဆိုရင်တော့ ငါးရာ တစ်ထောင်လောက်နဲ့ ကိစ္စပြီးနိုင်သည်။ သို့ရာတွင်-



"ဒီကိစ္စမျိုးက မလွယ်ဘူးကွ၊ သူ့ဘက် ကိုယ့်ဘက် ပညာပြိုင်ရတာ၊ နောက်ဆုံးအချိန်မှာ သူနိုင် ကိုယ်နိုင် အကြိတ်အနယ် လုရတဲ့အခါ ကာယကံရှင်အတွက် အန္တရာယ်ကြီးတယ်၊ အခန့်မသင့်ရင် ဆောင်ရွက်စီမံပေးတဲ့ လူကိုပါ ထိခိုက်တတ်တယ်၊ ငါ အာမ မခံရဲဘူး"

ဟု ဦးဖိုးဖြော့က အင်တင်တင် လုပ်နေသည်။ ပြီးတော့ လှထုံကလည်း သူ့ကို အထင်မကြီးလှ။

"ဦးလေးဖြော့က သိပ်မစွမ်းလှပါဘူး၊ သူ ကူညီနိုင်မှာ မဟုတ်ဘူး၊ ဒေါ်ပွင့်ကြီးကိစ္စတုန်းကတောင် ဘာမှ မတတ်နိုင်ဘဲနဲ့"

ဟု ထောက်ပြသည်။ ထိုစကားသည် ကျော်ကွန့်အတွက် အကြံကောင်းတစ်ခု ရရှိသွားစေသည်။

တစ်ခါတုန်းက အဖျားကြီး ဒေါ်ပွင့်သည် စိတ်ကယောင်ချောက်ချား ဖြစ်ရာမှ သရဲပူးသလိုလို ဘာလိုလိုနှင့် 'ငါ့ကို ဘာမှတ်လဲ' ဟု အော်ဟစ်ပြီး ဆူပူသောင်းကျန်းနေခဲ့ဖူးသည်။ ဘယ်လိုမှ ထိန်းသိမ်းဖျောင်းဖျလို့ မရ။ ဦးဖိုးဖြော့တော့ နားလည်မှာပဲ ဆိုပြီး သွားခေါ်သည်။

ဦးဖိုးဖြော့က ဒေါ်ပွင့် ရှေ့မှာ ဟန်နဲ့ ပန်နဲ့ ထိုင်ပြီး ဟိန်းလိုက် ဟောက်လိုက် လုပ်သည်။ ဒေါ်ပွင့်က ဖြူတောင်မဖြူဘဲ-

www.burmeseclassic.com

www.burmeseclassic.com



"သေချင်းဆိုးကြီး… ရှုံ့မဲ့ရွံ့ကျန်းကြီး… ငါ့ကို ဘာမှတ်သလဲ"

ဟု ပြန်အော်သည်။ ဦးဖိုးကြော့က ရေမန်းတစ်ခွက် တိုက်သည်။ ဒေါ်ပွင့်က ဖန်ခွက်ကို ယူ၍ သောက်မလို့ဟန်ပြင်ပြီးမှ ဦးဖိုးကြော့ မျက်နှာကို ရေမန်းတွေနဲ့ ပက်ထည့်လိုက်လေ၏။

ထိုစဉ်မှာ ဒေါက်တာတုတ်နိုင် ရောက်လာသည်။ သူလည်း ဘာလုပ်ရမှန်း မသိ။ အပိုကြီးတွေ ဒီအရွယ် ရောက်ရင် တစ်ခါတလေ စိတ်ကယောက်ကယက် ဖြစ်တတ်ကြောင်းကိုတော့ သဘောပေါက်သည်။ စိတ်ငြိမ်ဆေးလေး၊ အားဆေးလေး ပေးလိုက်လျှင် ပြီးသည်။ သို့ရာတွင် ခုလောလောဆယ် ကြမ်းနေတာကို ထိန်းချုပ်ဖို့ကျတော့ သိပ်မလွယ်လှ။ လူတွေကလည်း သူ့ကို အားကိုးတကြီး ကြည့်နေကြသည်။ အကြံအိုက်နေရာမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။

ဒေါ်ပွင့်သည် ဆေးထိုးခံရမှာကို သေမလောက် ကြောက်သည်။ နာမှာစိုးသောကြောင့်တော့ မဟုတ်။ ရှက်လို့ ဖြစ်၏။ ဆေးခန်းမှာတောင် ရှက်နေတာ။ လူကြားထဲမှာဆိုလျှင် ပိုဆိုးတော့မှာပေါ့… ဟု တွေးမိပြီး-

"ကိုင်း… ဒါလောက်တောင် ဖြစ်လှတာ၊ သူ့ကို ဝိုင်းချုပ်ထားလိုက်ကြစမ်း… ဆေးမန်းထိုးရမယ်"



ပြောရင်း နှစ်ဆယ်စီစီ ဆေးထိုးပိုက်ကို ဆွဲထုတ်လိုက်သည်။ ထိုအခါ ဒေါ်ပွင့်က-

"မထိုးဘူး၊ ဆေးမန်း မထိုးဘူး"

ဟု အကျောက်အကန် ငြင်းသည်။

"မထိုးချင်ရင် အခု ထွက်သွားစမ်း"

ဒေါက်တာတုတ်နိုင်က ခပ်ငေါက်ငေါက် အမိန့်ပေးလိုက်တော့မှ ဒေါ်ပွင့်လည်း ဝါးခနဲ သမ်းလိုက်ပြီး-

"စောစောက ဘာဖြစ်သွားတာလဲ၊ ဟင်… လူတွေကလည်း အများကြီးပဲ"

ဟု ဘာမှ မသိခဲ့ဟန်ဖြင့် ပြောပြီး အကောင်းပကတိ ဖြစ်သွား၏။ ထိုကိစ္စကြောင့် ဒေါက်တာတုတ်နိုင်မှာ ပယောဂလည်း နိုင်တယ် ဆိုပြီး နာမည်ကြီးခဲ့သေးသည်။

အခု လှထုံကိစ္စမှာလည်း ဒါမျိုး လုပ်လျှင် ဖြစ်နိုင်သည်ဟု ကျော်ကွန့် တွေးမိသည်။ ထို့ကြောင့် ဒေါက်တာတုတ်နိုင်ဆီမှာ သိုက်ကြီးဖြတ်ဆေး ရှိကြောင်း၊ အဲဒီဆေးထိုးလိုက်ရင် ကောင်းသွားမှာ ဖြစ်ကြောင်း ပြောတော့ လှထုံက-

"ဟုတ်လား… ဖွမ်းကော ဖွမ်းပဲ့မလား ကိုကျော်ကွန့်ရယ်"

ဟု မယုံမရဲ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



“မစွမ်းဘဲ နေပါ့မလား၊ နင် မှတ်မိတယ် မဟုတ်လား၊ ဟိုတစ်ခါ ဒေါ်ပွင့်ကြီး သရဲဝင်ပူးတုန်းကလေ… ဆရာက ဆေးမန်းနဲ့ ထိုးမယ် ပြောတော့ တစ်ခါတည်း လန့်ပြေးတာလေ၊ ဒါတောင် တကယ် မထိုးရသေးဘူး၊ ဆရာ့ရဲ့ အဟိတ်အပာန်နဲ့ သီလ သမာဓိကလည်း ရှိသေးတာကိုးဟ၊ အမယ်… အခု ငါ ပြောတဲ့ သိုက်ဖြတ်ဆေးကလည်း လွယ်လွယ်ရတယ် မထင်နဲ့၊ ထိုးဆေးပုလင်းကို ကန်တော့ပွဲထဲမှာ ထားပြီး ၇ ရက်တိတိ သက်သတ်လွတ်စား၊ ဥပုသ်စောင့်ပြီး အဓိဋ္ဌာန်ဝင်ထားရတာ သိလား”

လှထုံ စိတ်ထဲ ပိုပြီး အထင်ကြီးသွားအောင် ဆင်လုံးတွေ ထည့်ပြောရသည်။ ပဒေါးတို့ ဖိုးနီတို့ကိုလည်း ဝိုင်းကူပြီး လှော်ခိုင်းရသည်။ မောင်ဝကိုလည်း ကူညီပြီး လှမ်းပေးဖို့ ပြောကြည့်သေးသည်။ မောင်ဝက-

“ဒီကိစ္စလောက်ကတော့ ဒေါက်တာတုတ်ခိုင်ကို အပူကပ် မနေစမ်းပါနဲ့ကွာ၊ ငါ့တာဝန်ထား၊ အဲဒီဥစ္စာစောင့်မတွေ ငါ နားရင်း တစ်ချက်စီလောက် အုပ်ထည့်လိုက်တာနဲ့ တန်းနေအောင် ပြေးမှာပါ”

ဆိုသဖြင့် သူ့ကို တာဝန်မပေးရဲတော့။

ဒေါက်တာတုတ်ခိုင်သည် အစပိုင်းမှာတော့-

“ဟာကွာ… ဆရာဝန်ဆိုတာ လူနာကို လိမ်ညာပြီး ဆေး မထိုးကောင်းဘူးကွ”



ဟု ပြောသေးသည်။

“ဆရာကလည်း… ဒေါ်ပွင့်ကြီး ကိစ္စတုန်းကကျတော့ကော”

“ဒါက အရေးပေါ်မို့ မဖြစ်မနေ လုပ်လိုက်ရတာကိုး၊ ပြီးတော့ တကယ်လည်း ဆေးထိုးဖြစ်တာမှ မဟုတ်ဘဲ”

“ဆရာပဲ တစ်ခါက ပြောဖူးတယ်လေ၊ ဆရာဝန်တစ်ယောက်အတွက် လူနာ ရောဂါ ပျောက်အောင် ကုဖို့က အဓိကတာဝန်ပဲဆို”

ဟု အကြောင်းပြတော့မှ (အန္တရာယ်ရှိသော ကိစ္စလည်း မဟုတ်သဖြင့်) သဘောတူလိုက်ရသည်။

လှထုံကို ဘားပလက်နှင့် ဘီတွဲ နှစ်မျိုး စပ်ပြီး ၃ ရက် ဆက်တိုက် ထိုးပေးလိုက်သည်။ အမယ်… လှထုံက ပြောသေးသည်။

“သိုက်ကြီးက တော်တော်ခိုင်တယ် ထင်တယ်နော်၊ သိုက်ဖြတ်ဆေး ထိုးတော့ တအားနာတာပဲ”

□

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ပွင့် ဖြစ်ပုံကလည်း လှထုံနဲ့ ခပ်ဆင်ဆင်ပဲ။ မဂ္ဂဇင်းထဲ ပါသော ဂမ္ဘီရဝတ္ထု၊ တင်မွေ သရဲ ဇာတ်လမ်းတွေက စတင်ခြင်း ဖြစ်၏။ စာအုပ်အငှားဆိုင်မှာ မဂ္ဂဇင်း ငှားတော့ ဆိုင်ရှင်က လုံးချင်း ဝတ္ထုတွေလည်း ဖတ်ကြည့်ဖို့ ပြောနေတုန်း ဓာတ်ခဲ ရောက်လာသည်။ တိုက်ဆိုင်ချင်တော့ ဓာတ်ခဲကလည်း 'သုသာန်စောင့် မဖဲဝါ' ဆိုသော စာအုပ် လာပြန်အပ်ခြင်း ဖြစ်၏။

"ဟုတ်တယ်… ကြီးတော်ပွင့် ဒီစာအုပ် ဖတ်လို့ သိပ် ကောင်းတယ်"

ဟု ဓာတ်ခဲကလည်း ဝင်၍ ထောက်ခံသဖြင့် ငှားဖတ်ဖြစ် သွားသည်။ ထိုအခါမှစ၍ ခေါ်ပွင့်သည် တင်မွေ သရဲ လုံးချင်းစာအုပ် တွေ ဆက်တိုက် ဖတ်တော့သည်။



ဖတ်လို့ကတော့ ကောင်းပါတယ်။ ဖတ်ရင်း တစိမ့်စိမ့် ကြောက်လာမှုကာက ခက်နေသည်။ သူက အပျိုကြီးဆိုတော့ တစ်ယောက်တည်း နေရတာ။ ဒီလိုစာအုပ်တွေ ဖတ်ပြီး ည ည မအိပ်ရဲဘဲ ဖြစ်လာ၏။ ခါတိုင်း ကြားနေကျ အသံတွေကိုပင် အထူး သတိပြုမိပြီး ကြောက်နေသည်။ ချွတ်ခနဲ အသံကြားလည်း လန့်ပြီး ခေါင်းထောင်ကြည့်၊ ကြွက် ဖြတ်ပြေးလည်း လန့်၊ ကြောင် ခုန်ချ လည်း လန့်၊ အိပ်ပျော်သွားတော့လည်း အိပ်မက်ဆိုးတွေ မက်၊ ကြာ ရင် ခက်တော့မည်။

ဒီကြားထဲမှာ ဓာတ်ခဲက စာအုပ်တွေ ထပ်ယူလာပေးသေး သည်။

"ကြီးတော်ပွင့်… စာအုပ်အသစ် တစ်အုပ် ထွက်တယ်၊ ကျွန်တော်တို့ဆီက အငှားဆိုင်မှာ မရှိလို့ လမ်းဆုံက ဆိုင်မှာ တကူး တက သွားငှားလာရတာ၊ ကြီးတော်ပွင့် ဖတ်ရအောင် ယူလာပေးတာ၊ ကျွန်တော်တော့ ဖတ်ပြီးပြီ၊ သိပ်ကောင်းတာပဲ၊ မဖဲဝါ စာအုပ်ထက် ပိုကြောက်ဖို့ ကောင်းတယ်၊ နာမည်ကလည်း ဆန်းတယ်၊ ကြပ်ကုန်း က မဖဲပြင်…တဲ့"

"တော်ပါပြီဟယ်… မဖတ်တော့ပါဘူး၊ ဒီစာအုပ်တွေ ဖတ် ပြီး ကြာရင် နှလုံးရောဂါ ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ငြင်းလိုက်ရသည်။ ဓာတ်ခဲတို့ ဒီလောက် သဘောကောင်းနေတာကလည်း အကြောင်း ရှိသည်။ ဒေါ်ပွင့်ကြီးကို တမင်တကာ ကြောက်အောင် စချင်သောကြောင့် ဖြစ်၏။ ဒေါ်ပွင့်က စာအုပ်တွေ မဖတ်ချင်တော့ပါဘူး ဆိုပေမယ့် မရ။ ညဦးပိုင်း ရောက်တဲ့အခါမှာ ဓာတ်ခဲတို့ အုပ်စုသည် ဒေါ်ပွင့်၏ အိမ်ဘေး ကွက်လပ်ရှိ ပိတောက်ပင်ကြီးအောက်မှာ စုထိုင်ကြသည်။ ပြီးတော့ သူတို့ ဖတ်ထားသော သရဲ တစ္ဆေ ဝတ္ထုတွေ၊ ကြားဖူးနားဝ ဓာတ်လမ်းတွေကို အိမ်ထဲက ဒေါ်ပွင့် ကြားလောက်အောင် အသံကျယ်ကျယ်ဖြင့် ပြောကြသည်။

"နင်တို့ အဲဒါတွေ ပြောချင်ရင် တခြားမှာ သွားပြောကြပါဟယ်"

ဟု ဒေါ်ပွင့်က နှင်ထုတ်ရသည်။ သို့တိုင်အောင် ကြားခဲ့ပြီးသော အကြောင်းအရာတွေကိုတော့ ပြန်မေ့ပစ်လို့ မရတော့။ ထိုနေ့ညက ဓာတ်ခဲတို့ ပြောသွားသော 'သချိုင်းကုန်းက ဖုန်းခေါ်သံ' ဝတ္ထုထဲက အကြောင်းတွေကို ပြန်တွေးမိပြီး လန့်နေသည်။ ခေါင်ကို ခေါင်းမြီးခြုံပြီး အိပ်ရသဖြင့် ချွေးသံတရွှဲရွှဲ ဖြစ်နေ၏။ မှေးခနဲ တစ်ချက် အိပ်ပျော်သွားစဉ်မှာ ထရံကို 'တဘုတ်ဘုတ်' လာပုတ်သံ ကြားသဖြင့် လန့်နိုးသွားသည်။

"ဘယ်သူလဲ"



ဘာမှ တုံ့ပြန်သံမကြားရ။ ခဏအကြာ ပြန်မှေးမယ် လုပ်နေစဉ်မှာ 'တဘုတ်ဘုတ်' ကြားရပြန်သည်။

"ဟဲ့ ခွေး... ဟဲ့ ခွေးလား"

ဓာတ်ခဲတို့ အုပ်စုမှာ အသံမထွက်အောင် ကျိတ်ရယ်ကြသည်။ ထို့နောက် သဲတွေ ကျုံးပြီး ခပ်နိမ့်နိမ့် ပိတောက်ကိုင်းဆီ လှမ်းပက်သည်။ ရှဲခနဲ မြည်သွားပြန်၏။ ဒေါ်ပွင့်၏ ဘုရားစာ ရွတ်သံ ဗလုံးဗထွေးကို ကြားရသည်။

ဒေါ်ပွင့်သည် ဘုရားစာ ရွတ်လိုက်ရသဖြင့် အတော်အတန် အကြောက်ပြေသွားသည်။ ငါ့မှာ တယ်လီဖုန်းမှ မရှိဘဲ၊ သချိုင်းကုန်းကနေ ဘယ်လိုလုပ် ဖုန်းခေါ်လို့ ရမလဲ... ဟု တွေးမိပြီး အားတက်သွားသည်။ ခေါင်ခြုံပြီး ပြန်အိပ်မယ် အလုပ်မှာပဲ-

"ကလင်... ကလင်... ကလင်"

ကျယ်လောင်သော ဘဲလ်မြည်သံ ရုတ်တရက် ထွက်ပေါ်လာသဖြင့် ဒေါ်ပွင့်မှာ ငယ်သံပါအောင် ထအော်လိုက်မိ၏။ အမှန်မှာ ဓာတ်ခဲက အိမ်မှ စားပွဲတင်နာရီကို ယူလာပြီး နှိုးစက်ခလုတ်ကို ဖွင့်လိုက်ခြင်းပင် ဖြစ်လေသည်။

ဒေါ်ပွင့်ကြီး အကြောက်လွန်သွားမှန်း သိသဖြင့်-

"ကျွန်တော်တို့ပါ ကြီးတော်ရ... ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဟု အသံပေးပြီး ထွက်ပြေးသွားကြသည်။ မသွားခင် အိမ်နံရံကို တဘုန်းဘုန်း ပုတ်သွားကြသေးသည်။ ခေါ်ပွင့်မှာ-

"သေနာကောင်လေးတွေ…"

ဟု ကျိန်ဆဲရင်း ကျန်ရစ်ခဲ့၏။

ဘာပဲဖြစ်ဖြစ် ဒီရက်ပိုင်း အိပ်ရေးပျက်တာတွေ များတာရော… ညက ရင်တုန်ပန်းတုန် ဖြစ်ရတာရောကြောင့် နောက်တစ်နေ့ကျတော့ ခေါ်ပွင့်သည် ခေါင်းတွေ နောက်ကျိမူးဝေပြီး ကတုန်ကယင်ကြီး ဖြစ်နေသည်။ အစားအသောက်လည်း ပျက်၊ လှုပ်ရှားသွားလာလို့တောင် သိပ်မကောင်းချင်။

ဆေးခန်း သွားမှ ဖြစ်တော့မည်။

□

ဒေါက်တာတုတ်နိုင်၏ ဆေးခန်းသည် ဟိုအရင်ခေတ်က ဆံပင်ညှပ်ဆိုင်တွေလို ဖြစ်နေ၏။ ဆေးခန်းရှေ့မှာ ခုံတန်းလျား ရှိသည်။ ကွပ်ပျစ်ကလေးတစ်ခုလည်း ရှိသည်။ ဇာဓိပင်ကလေးလည်း ရှိသည်။ သူက ကျားကွက်၊ စစ်တုရင်ခုံ စသည်တို့ ဝယ်ပေးထားသည်။ ကျန်းမာရေးနှင့်ဆိုင်သော ဂျာနယ်၊ မဂ္ဂဇင်းတချို့လည်း ထားပေးသည်။

ရပ်ကွက်ထဲက လူတွေ အထူးသဖြင့် လူငယ်လူလတ်ပိုင်းတွေက ကျားထိုး၊ စစ်တုရင် ကစား၊ စာဖတ်။ ဒီအတွက် သူတို့မှာလည်း အကျိုးရှိ၊ ဒေါက်တာတုတ်နိုင်မှာလည်း အကျိုးရှိ။

လူတွေ ရှိနေတော့ အပျင်းပြေသည်။ စကားပြောဖော် ရသည်။ ဆေးခန်း စောင့်နိုင်းလို့ ရသည်။ တချို့ဆိုလျှင် လူနာ အများ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းတာ၊ ဆေးသွင်းရာမှာ အကြောပေါ်အောင် လက်ကို ဖိညှစ်နိုင်းတာတို့ သင်ပေးထားလို့ လုပ်တတ်နေပြီ။

ကျန်းမာရေးနှင့် ပတ်သက်သော စာနယ်ဇင်းတွေ ဖတ်ရသဖြင့် ဗဟုသုတ တိုးလာသည်။ သူကလည်း ကြုံတဲ့အခါ ဆောင်ရန် ရှောင်ရန်များ ပြောပြနိုင်သည်။ ဒါတောင်မှ တလွဲတချော်တွေက ဖြစ်တတ်တုန်းပဲ။ မိုက်အောင့်နေတဲ့ လူကို အစာပျော့ပျော့ စားလို့ မှာလိုက်တာ နောက်နေ့ကျတော့ မသက်သာဘဲ ပိုဆိုးလာသည်။ သေသေချာချာ မေးကြည့်တော့မှ-

"ဆရာပဲ အစာပျော့ပျော့ စားဆိုလို့ ထမင်းတောင် မစားဘူး၊ ထမနဲလေးပဲ စားတာပါ" တဲ့။

ဒီလိုကိစ္စမျိုးတွေ ရှိနေတော့ နောက်ဆိုလျှင် သေသေချာချာ တိကျအောင် မှာရသည်။ ဆန်ပြုတ်၊ မြေဖွမ်း၊ ကြွေကာအုတ်သောက်၊ အစာပျော့ပျော့ ဆိုပြီး မုန့်ဟင်းခါးတွေလည်း မစားနဲ့ဦး၊ ဒီဆေးတွေကို အစာစားပြီး သောက်၊ ဟိုဆေးတွေကတော့ အစာနဲ့ ဝေးဝေး သောက်၊ မနက် နေလယ် ညနေ ဆိုပြီး ဆေးထုပ်ကလေးတွေထဲမှာ စာပါ ရေးထည့်ပေးရသည်။ ဒီကြားထဲမှာမှ အိပ်ခါနီး သောက်လို့ မှာလိုက်တာကို နေလယ် တစ်ရေး မှေးခါနီး သောက်ချလိုက်တာမျိုးလည်း ဖြစ်တတ်သေးသည်။



ဒီနေ့တော့ ဆေးခန်းရှေ့မှာ လာထိုင်တဲ့ လူတစ်ယောက်မှ ရောက်မလာသဖြင့် ထူးခြားပါတယ် ထင်မိသည်။ နောက်မှ မြန်မာ ဘောလုံးအသင်း ကန်မယ့်ပွဲကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ပြမယ် ဆိုလို့ တီဗီရှိတဲ့ အိမ်တွေ၊ ဗီဒီယိုရုံတွေ ရောက်ကုန်ကြောင်း သိရ၏။

တစ်ယောက်တည်း ပျင်းပျင်းရှိသဖြင့် စာအုပ်တစ်အုပ် ဖတ်နေစဉ် ဒေဝါနန်း၏ ဆိုက်ကား ရောက်လာသည်။ ဒေါ်ပွင့်ကြီးကို လိုက်ပို့ခြင်း ဖြစ်၏။

သူတို့နှစ်ယောက်သည် လမ်းမှာ ကတောက်ကဆ ဖြစ်လာကြသေးသည်။ ဒေဝါနန်းက ဒေါ်ပွင့်ကို ဇီဇာကြောင်တယ်၊ ဂျီကျောင်ကျတယ်ဟု ထင်သည်။ ဒေါ်ပွင့်ကလည်း ဒေဝါနန်းဟာ စကားဖွာတယ်၊ သူများ အတွင်းရေးတွေ စပ်စုချင်တယ် ဆိုပြီး သိပ်ကြည့်လို့ မရ။

တကယ်ဆိုလျှင် ဒေါ်ပွင့်သည် ဒေဝါနန်း၏ ဆိုက်ကားကို စီးလှေ့မရှိ။ တစ်ခါတလေ ဂိတ်မှာ ဒေဝါနန်း ထွက်ရမည့် အလှည့်ကျနေရင်တောင် တခြား တစ်ယောက်ယောက် လာဖုံးတာကို စောင့်နေပြီးမှ နောက်ထွက်တဲ့ ဆိုက်ကားကို စီးတတ်သည်။

ဒီနေ့တော့ လူက တော်တော်အားနည်းပြီး ဆေးခန်းကို လမ်းလျှောက်သွားရန် အဆင်မပြေသဖြင့် ဆိုက်ကားတစ်စင်း ခေါ်ပေးဖို့ တတ်ခဲတို့ကိုမှ အကူအညီတောင်းမိသည်။ ဟိုကောင်တွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းဖြစ်ဖြစ် နောက်လိုက်ရမှ ကျေနပ်တာ ဆိုတော့ သီသီကြီးနဲ့ပဲ ဒေဝါနန်း ဆိုက်ကားကို ငှားလာခဲ့သည်။ ခေါ်လာလက်စနဲ့မို့ မတတ်သာဘဲ လိုက်ခဲ့ရ၏။

ဒေဝါနန်းက လမ်းတစ်လျှောက်လုံး ဆိုက်ကားဘဲလ်ကို တီးလာသည်။ ဒေါ်ပွင့်ကလည်း ညတုန်းက ဓာတ်ခဲတို့၏ နှာရှိုးစက်သံကို စိတ်စွဲနေသဖြင့် 'ကလင်'ခနဲ မြည်လိုက် ထိတ်ခနဲ ဖြစ်သွားလိုက်။

"လက်ကလည်း သရမ်းလိုက်တာ"

ဟု ရေရွတ်တော့ ဒေဝါနန်းက-

"ခင်ဗျားကို ဘာလုပ်လို့လဲ၊ ကျုပ် လက်နှစ်ဖက်စလုံး ဟန်ဒယ်ကို ကိုင်ထားရတာ မတွေ့ဘူးလား၊ လက်မှ မအားတာ"

"ဒါကို ပြောတာ မဟုတ်ဘူး၊ ဘဲလ်တီးတာကို ပြောတာ"

"ရှေ့မှာ လူရှုပ်နေရင်တော့ တီးရမှာပဲဗျ၊ ဘဲလ်ဆိုတာ တီးဖို့ ထားတာပဲ၊ ပြီးတော့ ဟွန်းသံကင်းမဲ့ဇုံ ဆိုတာပဲ ရှိတယ်၊ ဘဲလ်သံ ကင်းမဲ့ဇုံ ဆိုတာ မရှိဘူး"

ဟု ပြောရင်း ကလင် ဟု ထပ်တီးပြလိုက်ပြန်သည်။ ဒါတွင်မက ဆိုက်ကားကို ချိုင့်ထဲ ကျင်းထဲ တမင်ချနင်းပစ်လိုက်သည်။ ဒေါ်ပွင့်မှာ ဆိုက်ကား ဆောင့်တဲ့ဒဏ်ကြောင့် ခေါင်းပိုနောက်လာပြီး ဘာမှ ပြန်မပြောနိုင်တော့ဘဲ မျက်စောင်းသာ တစ်ချက် တစ်ချက် လှမ်းခဲ့သည်။



ဆေးခန်းရှေ့ ရောက်တော့ ဒေါ်ပွင့်က ဆိုက်ကားပေါ်မှ အားတင်းပြီး ဆင်းသည်။ ဆေးခန်းဆီကိုတော့ ခြေမလှမ်းနိုင်သေး။ ဆိုက်ကားဘော်ဒီကို ကိုင်ပြီး ခဏနားနေရ၏။ ဒေဝါနန်းက မဲ့ပြုံး တစ်ချက် ပြုံးပြီး ဒေါ်ပွင့်ကို ဝင်တွဲဖို့ အနားကပ်သွားသည်။

"မလိုပါဘူး"

ဟု ဒေါ်ပွင့်က ငြင်းလိုက်၏။ ဒေါက်တာတုတ်နိုင်က ဆင်းပြီး တွဲခေါ်တော့ အသာတကြည် မှီတွဲပြီး လိုက်လာသည်။ ဒေဝါနန်းက ဘဲလ်ကို ကလင်ခနဲ ဆောင့်တီးလိုက်သည်။

"ကဲ... ဘယ်လို ဖြစ်တာလဲ"

ဒေါက်တာတုတ်နိုင်က မေးတော့ ဓာတ်ခဲတို့ လက်ချက်ကြောင့် အိပ်မရဘဲ လန့်လန့်နေရကြောင်း ပြောပြသည်။

"ဆေးတစ်လုံးလောက်တော့ ထိုးလိုက်ရင် ကောင်းမယ်၊ ဒါမှ ချက်ချင်း ကောင်းသွားမယ်"

ဟု ဒေါက်တာတုတ်နိုင်က ပြောတော့ ဒေါ်ပွင့်မှာ တွန့်ခနဲ ဖြစ်သွားပြီး-

"ဆေးမန်း ထိုးမှာလား"

ဒေါက်တာတုတ်နိုင်က ပြုံးပြီး-

"မဟုတ်ပါဘူး၊ အကြောဆေးထိုးမှာပါ"

"အဲ... ဟိုဒင်း"

www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့၊ အကြောဆေးဆိုတာက လက်မှာ ထိုးရမှာပါ"

ဆိုမှ ဒေါ်ပွင့် စိတ်သက်သာရာ ရသွားသည်။ ဒေါက်တာတုတ်နိုင်က အကြောဆေးတစ်လုံး သွင်းပေးသည်။ အားဆေး၊ စိတ်ငြိမ်ဆေးတွေလည်း ပေးလိုက်သည်။ နည်းပညာ မြင့်လာသဖြင့် ဆေးထိုးအပ်တွေ အရည်အသွေး ပိုကောင်းလာတာက တစ်ကြောင်း၊ ဒေါက်တာတုတ်နိုင်ရဲ့ ကျွမ်းကျင်မှုက တစ်ကြောင်းကြောင့် ဆေးသွင်းရာမှာ စစ်ခနဲ တစ်ချက် ဖြစ်သွားတာကလွဲလို့ သိပ်မနာလိုက်။ ဒေါ်ပွင့်ရဲ့ စိတ်ထဲကတော့ ဒီဆရာဝန်လေးဟာ ကိုင်တာ တွယ်တာ သိပ်ညင်သာတာပဲ... ဟု ကျိတ်ပြီး ချီးကျူးမိလေ၏။

ဒေါ်ပွင့် ပြန်သွားပြီးနောက် ဒေါက်တာတုတ်နိုင်သည် ဆေးခန်း ခဏပိတ်၊ စာချိတ်ပြီး ဘောလုံးပွဲကို မီသလောက် သွားကြည့်ရ ကောင်းမလား ဒါမှမဟုတ် ဘုန်းကြီးကျောင်းက တိုင်ကပ်နာရီ ပျက်နေလို့ လာပို့ထားတာကိုပဲ ပြင်ရ ကောင်းမလား စဉ်းစားနေသည်။

ထိုအခိုက်မှာပဲ ကိုရှိန်တို့ လင်မယား ရောက်ရှိလာသည်။ မပွေးက ကိုရှိန်၏ လက်မောင်းကို ဆွဲပြီး ခေါ်လာခြင်း ဖြစ်၏။ ကိုရှိန်က ဆုတ်ကန်ဆုတ်ကန် လုပ်ရင်း-

"မင်း အဲဒီလို စွပ်စွပ်စွဲစွဲ မလုပ်နဲ့နော်"

ဟု ပြောသည်။ မပွေးက-



"စွပ်စွဲတာ ဟုတ် မဟုတ် မကြာခင် သိရမှာပေါ့"

ပြောရင်း ဆေးခန်းထဲ ဝင်လာကြသည်။

"ဘာဖြစ်လာကြတာလဲဗျ"

ဒေါက်တာတုတ်နိုင်က ခရီးဦးကြိုပြုတော့ မပွေးက-

"သွေးစစ်နိုင်းချင်လို့"

"ဘာအတွက် သွေးစစ်ချင်တာလဲ"

မပွေးက ကိုရှိန်ကို လက်ညှိုးထိုးပြရင်း-

"သူ့မှာ ဟို... ဗီစီဒီပိုး ရှိ မရှိ စစ်ဆေးပေးပါ ဆရာ"

"ဗျာ... ဘာရယ်"

"ဗီစီဒီပိုးလေ... ကုရာနတ္ထိ ဆေးမရှိ ဆိုတဲ့ ရောဂါပိုးကို ပြောတာ"

ဒေါက်တာတုတ်နိုင် အသံထွက်အောင် ရယ်လိုက်မိပြီးမှ-

"အိတ်ချ်အိုင်ဗီပိုးလို့ ပြောစမ်းပါ မပွေးရယ်၊ အိတ်စ်ရောဂါ ဖြစ်စေတဲ့ ပိုး"

"ဟုတ်တယ် ဆရာ",

"ဘာဖြစ်လို့ စစ်ချင်ရတာလဲဗျ"

"သူ ကမြင်းကြောထနဲ့လို့ပေါ့"

"ဟာ... မင်း ဆရာ့ရှေ့မှာ ရိုင်းရိုင်းစိုင်းစိုင်း မပြောနဲ့နော်"

ကိုရှိန်က ဝင်ဟန့်သည်။ မပွေးက-

www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့ပါရဲ့ ဆရာ၊ သူ မဟုတ်တာ လုပ်လို့ စိတ်မထိန်းနိုင်ဘဲ ပြောမိတာ"

"နေကြစမ်းပါဦးဗျာ… ဘာဖြစ်လို့လဲ ဆိုတာလည်း ရှင်းအောင် ပြောပါဦး"

ဒေါက်တာတုတ်နိုင်က မေးတော့မှ ကိုရှိန်က-

"ဒီလိုပါ ဆရာ၊ သူက ကျွန်တော့်ကို…"

"ရှင် မပြောနဲ့၊ ကျုပ် ပြောမယ်၊ ဒီလို ဆရာ… ဟိုတစ်ညက သူ စားသောက်ဆိုင် သွားတယ်"

"သူများတွေ ခေါ်သွားလို့ပါကွာ"

"ဟုတ်တယ်လေ… သူများ ခေါ်သွားလို့ပေ့ါ၊ ရှင့်ဘာသာဆိုရင် ကြေးအိုးဆိုင်တောင် သွားနိုင်လို့လား"

"သူတို့ကိစ္စ အဆင်ပြေသွားလို့ ကျွေးတာ မွေးတာပဲ၊ မင်းအတွက် စားစရာ ပါမလာတာနဲ့ မကျေနပ်လို့ အပြစ်ရှာပြီး…"

"နေဦး… ရှင် စကားဖြတ်မပစ်နဲ့၊ အဲဒီဆိုင်မှာ ရှင် မကြီးမငယ်နဲ့ ကာရာအိုကေ သီချင်း တက်ဆိုသေးတယ် မဟုတ်လား"

"အားလုံးက ဝိုင်းတိုက်တွန်းလို့ အကျည်းတန်ချစ်သူ သီချင်းတစ်ပုဒ်တည်း ဆိုတာပါကွ"

"အရှက်ကို မရှိဘူး"



"အဲဒီလို မပြောနဲ့ကွ၊ စားသောက်ဆိုင်တွေမှာ ဒါမျိုးကရိုးနေပြီ၊ ကျုပ်ရှင်ဆရာတစ်ယောက်ဆိုရင် ဆိုင်က ကောင်မလေးနဲ့တွဲပြီး ချစ်သူတို့ လျှောက်သော လမ်းကလေး ဆိုတဲ့ သီချင်းကိုစုံတွဲ တက်ဆိုခဲ့သေးတာပဲ"

"အဲ အဲ… ကာရာအိုကေ ဆိုတာနဲ့ အိတ်ချ်အိုင်ဗီနဲ့ ဘယ်လိုပတ်သက်လို့လဲ"

ဟု ဒေါက်တာတုတ်နိုင်က ဝင်ထောက်တော့မှ မပွေးက-

"သူတို့တွေ အဲဒီဆိုင်ကနေ တခြား တစ်နေရာကို သွားကြသေးတယ်"

"ဘယ်နေရာလဲ… အဲ အဲ ဟုတ်ပြီ"

ကိုရှိန်က ဝင်ပြီး-

"အဲဒါလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ ဟိုအရင် ဆရာပြောခဲ့ဖူးတာကို သတိရပြီး ကြောက်လာတာနဲ့ ဆက်မလိုက်တော့ဘဲ လမ်းတစ်ဝက်က လှည့်ပြီး အိမ်ပြန်လာခဲ့တာပါ"

"မယုံဘူး၊ ရှင့်အကြောင်း မသိရင် ခက်မယ်"

ကိုရှိန် အားဆေး လာလာတောင်းတတ်တာကိုတော့ ဒေါက်တာတုတ်နိုင် သိသည်။ ဒါနဲ့-

"ကဲ ကဲ… ဒီလိုလုပ်၊ မပွေး အိမ်ပြန်တော့၊ ကျွန်တော်ကိုရှိန့်ကို သေသေချာချာ စစ်ကြည့်မယ်၊ သွေးစစ်တယ် ဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော် လုပ်ပေးလို့ မရဘူး၊ ဒီကိစ္စမျိုးကို အထူးစစ်ဆေး ပေးတဲ့ ဆေးခန်းတွေမှာ သွားစစ်ရမှာ၊ အကုန်အကျလည်း များတယ်၊ လိုအပ်မှ စစ်တာ ကောင်းတယ်''

မပွေးမှာ ဒေါက်တာတုတ်နိုင် စကားကို မပယ်ရှားရဲလို့သာ ပြန်သွားရသော်လည်း သိပ်တော့ စိတ်မချသေး။ သွားခါနီးမှာ-

''သူ ပြောတိုင်း မယုံနဲ့နော် ဆရာ''

ဟု ပြောသွားသေးသည်။ သူ ထွက်သွားမှ ဒေါက်တာ တုတ်နိုင်က-

''ကဲ ကိုရှိန်… ဘယ်လိုလဲ''

''ဘုရားပေးပေး ကျမ်းပေးပေးပါ ဆရာရယ်၊ ဒီရောဂါဟာ အင်မတန် ကြောက်စရာ ကောင်းတယ်ဆိုတာ ဆရာ ပြောထားလို့ သိနေခဲ့တာပဲ၊ ကျွန်တော် မရမ်းကားရဲပါဘူး၊ ယုံပါ ဆရာ''

ဒေါက်တာတုတ်နိုင်က ကိုရှိန်ကို အကဲခတ်ကြည့်သည်။ အမှန်အတိုင်း ပြောကြောင်း အကဲခတ်လို့ ရသည်။ ထို့ကြောင့်-

''ဒါဆိုလည်း ပြီးတာပဲ၊ တစ်ခုတော့ မှာထားဦးမယ်၊ တကယ်လို့များ ဘယ်လိုမှ ရှောင်လို့ မလွှတ်ဘူးဆိုတဲ့ အခြေအနေမျိုး ကျရင်တော့ ကွန်ဒုံး သုံးဖို့ လုံးဝမမေ့ပါနဲ့နော်''

''စိတ်ချ… ဟာ… ဆရာကလည်း''

ဒေါက်တာတုတ်နိုင်က ကိုရှိန့်ပခုံးကို ဖက်လိုက်ပြီး-



''ဘာပဲဖြစ်ဖြစ်… ဒီရောဂါက တစ်ခါတည်းပါ ဆိုတာမျိုး လုပ်လို့မရဘူးနော်၊ မြဲမြဲ မှတ်ထား''

ဟု သတိပေးလိုက်ရသေးသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်ပြီဟု ဆိုသည်။ အကြောင်းအမျိုးမျိုးနဲ့ မျော် ခဲ့ကြသူတွေလည်း မျော်ကြလိမ့်မည်။

သူတို့ ရပ်ကွက်ကလေးအတွက်တော့ သီတင်းကလည်း ကျွတ်ပြော ဆိုလို့သာ ကျွတ်လိုက်ရသည်။ အစဉ်အလာအရ သီတင်းကျွတ် ဆိုရင် ပျော်ရတယ်လို့ မှတ်သားထားချက်အရသာ ပျော်လိုက်ရသည်။ ဘာကို ပျော်မှန်း၊ ဘာကြောင့် ပျော်ရမှန်း ရေရေရာရာ မသိသလို ဖြစ်နေ၏။



"ငါတို့ ငယ်ငယ်က သီတင်းကျွတ်ဆိုရင် သိပ်စည်တာ ပေါ့ကွာ၊ ဈေးရှေ့တစ်ဝိုက်နားမှာ ပွဲဆိုတာ မပြတ်ဘူး၊ ဇာတ်… အငြိမ့်… ခြင်းပွဲ… တေးသရုပ်ဖော်… သုံးကားပေါင်း မိုးအလင်း…"

လူကြီးတွေက ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များကို အားပါးတရ ပြောရင်း အလွမ်းဖြေကြသည်။ ကလေးတွေကလည်း ပါးစပ် အဟောင်းသား နားထောင်ရင်း အာသာဖြေကြရသည်။ တစ်ယောက်က နားမလည်သဖြင့်–

"သုံးကားပေါင်း မိုးအလင်းဆိုတာ ဘာလဲ ဟင်… ဘကြီး"

"ဒီလိုကွ… ဟိုတုန်းက ခုခေတ်လို မတိုးတက်သေးဘူး၊ ဗီဒီယိုတွေ၊ တီဗီတွေလည်း မပေါ်သေးဘူး၊ သီတင်းကျွတ်တို့… တန်ဆောင်တိုင်တို့… ဘုရားပွဲတို့ကျရင် ရုပ်ရှင်ဇာတ်ကားဟောင်းတွေ သုံးကားဆက်တိုက် ပြတာ၊ ဟိုတုန်းက ဇာတ်ကားတွေက ရှည်လည်း ရှည်တယ်၊ ညဦးပိုင်းမှာ ဗဟိုသတင်းကားတို့၊ ကာတွန်းကားတို့ ပြသေးတာကိုး၊ ဇာတ်ကားကြီး တစ်ကား ပြီးတိုင်း ခဏနားပြီး စက်ဆရာတွေ ထမင်းစား၊ လက်ဖက်ရည် သောက် လုပ်တာနဲ့ ဆိုတော့ နောက်ဆုံးကား ပြပြီးတာနဲ့ ရောင်နီပျို့တာနဲ့ အတော်လောက်ပဲ"

ခုခါမှာတော့ ကလေးတွေခမျာ မီးပန်းနှင့် ပြောင်းဖူးလောက် နဲ့သာ မက်မက်စက်စက် သောကစားနေရ၏။ မီးပန်း ဆိုတာကလည်း

www.burmeseclassic.com

www.burmeseclassic.com



နာမည်နဲ့လိုက်အောင် မပန်းနိုင်ရှာတော့။ သူတို့လို အခြေခံလူတန်းစား ရပ်ကွက်မှ ကလေးများသည် ဈေးပေါပေါ၊ ခပ်ညှံ့ညှံ့ကိုသာ ဝယ်နိုင်သည်။ ဒီတော့ မီးပန်းကလည်း လေနီနေတဲ့ မီးသွေးခဲ ထပေါက်တာလောက်တောင် ကြည့်လို့ မကောင်း။ အရေးထဲမှာ မီးက သေသွားတတ်သေးသည်။

ပြောင်းဖူး ဆိုတာကတော့ တစ်ပေလောက် ရှည်သော ယမ်းကြိုးလေးများ ဖြစ်သည်။ အဖျားကို မီးရှို့ပြီး ပစ်ချထားလိုက်လျှင် 'ဖောက်ဖောက် ဖောက်ဖောက်…'နဲ့ ဆက်တိုက် ပေါက်သွားတာ၊ ပြောင်းဖူးပေါက်ပေါက် ဖောက်တဲ့ အသံနဲ့ တူလို့ ပြောင်းဖူးလို့ ခေါ်တာလေ။ အသံကတော့ လ သားကလေး ပေါက်တဲ့ အီးသံလောက်ပဲ ကျယ်တာပါ။

သူတို့ ရပ်ကွက်ထဲမှာ သီတင်းကျွတ်ပွဲတော်ကို ထူးထူးခြားခြား ဆင်နွှဲတဲ့ လူရယ်လို့ မရှိသလောက်ဘဲ။ ဝတ်ကောင်းစားလှ ဝတ်ပြီး လမ်းသလားတဲ့ လူလည်း မရှိ။ အလှူလုပ်တဲ့ လူလည်း မရှိ။ ပြောမယ်ဆို ဦးရှင်ကြီး ဆွမ်းတင်တဲ့ အိမ်တချို့သာ ရှိ၏။

ဒါတောင် တစ်နှစ်ထက် တစ်နှစ် လျော့လျော့လာသည်။ တချို့က မေ့ချင်ယောင်ဆောင်နေသည်။ တချို့က ဝါဝင်နှင့် ဝါထွက်



နှစ်ခုပေါင်းပြီး တဘရိုတ်တည်း လုပ်လိုက်ကြသည်။ ဆွမ်းတင်ပေးတဲ့ အလုပ်ကို လုပ်သော ဦးဖိုးမြော့လည်း ဝင်ငွေ ထိခိုက်လာသဖြင့် သူ့လှည်းကလေးကိုတောင် ဆေးအသစ် မသုတ်နိုင်တော့။

အိမ်မှာ မီးပုံးတွေ ချိတ်ဆွဲပြီး အလှဆင်တာမျိုးလည်း မရှိတော့။ ဖယောင်းတိုင် ဆိုတာ မီးပုံး ထွန်းဖို့အတွက်မှ မဟုတ်တော့တာကိုး။ ဦးကုလား အိမ်မှာသာ မှိတ်လိုက် လင်းလိုက် ဖြစ်သော မီးပဒေသာ ထွန်းထားတာ တွေ့ရသည်။ သူ့တစ်အိမ်တည်း ကွက်ပြီး သီတင်းကျွတ်သလို ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် သီတင်းကျွတ်ဆိုသော ကာလကြီးသည် သူတို့ ရပ်ကွက်ကလေးကို ဥပေက္ခာပြု ချန်လှပ် ဖြတ်ကျော်သွားခဲ့တာ နှစ်အတော်အတန် ကြာခဲ့ပါပြီ။

သူများတွေအတွက်တော့ သီတင်းကျွတ်ဆိုတာ သူလို ငါလိုပဲ။ တော်သလင်းလနဲ့ ဘာမှ သိပ်မထူးလှပါဘူး ဆိုနိုင်သော်လည်း မိုးကုန်လို့ ခြေခင်း လက်ခင်း သာသွားတာလေးကတော့ ကျေနပ်စရာရှိသေးသည်။ အိမ် မိုးယိုမှာ သိပ်မပူရတော့ဘူးလေ။ ဒီကြားထဲကမှ သီတင်းကျွတ်ကို ဟက်ဟက်ပက်ပက် မကြိုဆိုနိုင်သူ နှစ်ယောက် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမ တစ်ယောက်က ဦးကုလား ဖြစ်၏။

သီတင်းကျွတ်ပြီ ဆိုလျှင် သူ့အလုပ်သမားတွေ၊ ဆွေမျိုးနီးစပ်တွေက လာကန်တော့ကြသည်။ ထိုအခါ သူက မုန့်ဖိုး ပြန်ပေးရလေသည်။ လာကန်တော့တဲ့ ပစ္စည်းတန်ဖိုးထက် ပိုပိုသာသာကလေး ဆောင်းပြီး ပေးရသည်။ များသောအားဖြင့် ငှက်ပျောသီး တစ်ဖီး၊ ကိတ်မုန့် တစ်ဘူး၊ တရုတ်ပန်းသီး ငါးလုံး ဆိုတာမျိုးလောက်သာ ဖြစ်သောကြောင့် တော်သေးသည်။

သူသည် ပေးကမ်းစွန့်ကြဲဖို့ လက်မနှေးတတ်သူ ဖြစ်သောကြောင့် အရင်ကဆိုလျှင် လာကန်တော့ကြတဲ့အခါ ပျော်သည်။ မုန့်ဖိုးတွေ ဝေပေးရတာကိုက အလှူတစ်ခု လုပ်ရသလို ကြည်နူးစရာဟု သဘောထားခဲ့သည်။ လုပ်ငန်းကိုင်ငန်းက ကောင်းတော့ သူဌေးမဟုတ်တဲ့တိုင် ဝင်ငွေက ရှင်နေခဲ့တာကိုး။

သူမှာ ခေါက်ဆွဲစက် ရှိသည်။ စက်ဟု ခေါ်နေကျအတိုင်း ခေါ်လိုက်ရသော်လည်း လူ့လုပ်အားနဲ့ လုပ်ရတဲ့ အပိုင်းကသာ များသည်။ သိပ်ကြီးကျယ်တာလည်း မဟုတ်။ အလုပ်သမား ရှစ်ယောက်လောက်နဲ့ လုပ်ရတာ။ ဟိုအရင်ကတော့ တော်တော် အဆင်ပြေသည်။ ဒီနားတစ်ဝိုက်မှာ ဦးကုလား ခေါက်ဆွဲစက် ဆိုတာ နာမည်ကြီးပေါ့။



အနီးအနားက အသုပ်ဆိုင်၊ အုန်းနို့ခေါက်ဆွဲဆိုင်၊ စားသောက်ဆိုင်တွေထဲမှာ ဦးကုလား ခေါက်ဆွဲနဲ့ ကင်းတာ ခပ်ရှားရှားပဲ။ အလှူအတန်းပေါ်တဲ့ ရာသီဆို ညဆိုင်းပါ ထားပြီး လည်ခဲ့ရတာ။

ခု နောက်ပိုင်းမှာတော့ ခေါက်ဆွဲ အရောင်းကျလာသည်။ (ဘောလုံးပွဲတွေ နည်းပါးသွားခြင်းနဲ့တော့ မသက်ဆိုင်ပါ။) အသင့်စား ခေါက်ဆွဲခြောက်တွေ ခေတ်စားလာခြင်းနှင့် အလှူအတန်းတွေ နည်းပါးသွားခြင်းကြောင့် ဖြစ်နိုင်၏။ ဝင်ငွေ နည်းလာသဖြင့် ဗီဒီယိုရုံကလေး ထောင်ပြီး စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ထောက်ထားရသည်။

သို့တိုင်အောင် လူတွေကတော့ ဦးကုလားကို လူကုံထံဟု သတ်မှတ်ထားမြဲ ဖြစ်၏။ ထို့ကြောင့် အလှူခံဖို့ ဆိုလျှင် သူ့ဆီ အရင်ဆုံး ရောက်လာတတ်သည်။ ဒီအခါမှာ သူ့အနေနှင့်… ‘ကျုပ်လည်း သိပ်အဆင်ပြေလှတာ မဟုတ်လို့ ကန်တော့ပါသေးရဲ့…’ ပြောလို့ ဖြစ်တာ မဟုတ်။ အလှူငွေ မဖြစ်စလောက် ပေးလွှတ်လို့ ဖြစ်တာလည်း မဟုတ်။ ‘ဦးကုလား ဒေဝါလီခံလိုက်ရခြင်း’ ဆိုသော သတင်းမျိုးတော့ မထွက်စေချင်။

သူ့စီးပွားရေး အခြေအနေ ဘယ်လိုပဲဖြစ်ဖြစ် ဆွေမျိုးတွေကြားမှာတော့ ဦးကုလားသည် အားကိုးရာ ဖြစ်နေဆဲ။ ငွေကြေး

www.burmeseclassic.com

www.burmeseclassic.com



အကူအညီ လိုလျှင် သူ့ဆီပဲ ရောက်လာကြသည်။ ဆွေမျိုးအများစုကလည်း ဆင်းရဲကြတာကိုး။

သီတင်းကျွတ်ပြီ ဆိုလျှင်တော့ ငှက်ပျောသီးလေး တစ်ဖီး၊ အညှာစား ကိတ်မုန့်လေး တစ်လုံးဖြင့် လာကန်တော့ကြသည်။ ဦးကုလားက မုန့်ဖိုး ပြန်ပေးရသည်။ တစ်နည်းအားဖြင့် ထောက်ပံ့ရတဲ့ သဘောပါပဲ။

ဒီအထဲမှာ နှမဝမ်းကွဲ မိသော့တို့က အများဆုံးပဲ။ မိသော့ယောက်ျားက လူပျင်း။ အလုပ် ကောင်းကောင်းမလုပ်ဘဲ စိမ်နှင့်နေချင်သည်။ ကလေးက ရှစ်ယောက်။ ပိုက်ဆံပြတ်တဲ့အခါတိုင်း ဦးကုလားတို့ဆီ ရောက်လာတတ်သည်။ သီတင်းကျွတ်ဆိုလျှင်တော့ အထူး မျှော်နေစရာ မလို။ အခုလည်း-

"လာမယ့် တနင်္ဂနွေနေ့ကျရင် မိသော့တို့က လာကန်တော့မလို့တဲ့၊ လူကြုံနဲ့ မှာလိုက်တယ်"

ဟု ဒေါ်ခင်တီက ပြောသည်။ ဦးကုလားက-

"မနှစ်ကတုန်းကလို ငှက်ပျောသီးနဲ့ လာကန်တော့မှာ ထင်တယ်"

မနှစ်က မိသော့တို့ ကန်တော့တဲ့ ငှက်ပျောဖီးက ဝယ်လာတာ မဟုတ်။ ဘယ်က တောင်းလာမှန်း မသိသော အုန်းပွဲ၊ ငှက်ပျောပွဲက စွန့်ထားတာ၊ ငှက်ပျောသီးတွေပေါ်မှာ နံ့သာဖြူစက်တွေတောင် ပေကျံနေသေးသည်။



ဒေါ်ခင်တီက-

"သူတို့လည်း လက်ချည်းသက်သက် မလာချင်လို့ ကြံမိကြံရာ ယူလာရရှာတာ ဖြစ်မှာပါ၊ ဒီအတိုင်း လာတောင်းရင်တောင် ပေးရသေးတာပဲ၊ အမယ်... သိပ်ပြီးတော့လည်း အထင်မသေးနဲ့ဦး၊ ဒီနှစ်တော့ ခေါက်ဆွဲကြော်နဲ့ ကန်တော့မှာတဲ့... သိလား"

"ဟော... ခေါက်ဆွဲစက် ထောင်ထားတဲ့ လူကို ခေါက်ဆွဲကြော်နဲ့ လာကန်တော့မယ် ဟုတ်လား... ကောင်းပါ့ကွာ"

"ဘာပဲဖြစ်ဖြစ် စေတနာကိုတော့ အသိအမှတ်ပြုရမှာပေါ့"

"ကောင်းပါပြီဗျာ... ကောင်းပါပြီ"

တကယ်ဆိုတော့ မိသော့က သူ့အမျိုး...။ ယောက်မ လုပ်တဲ့ ဒေါ်ခင်တီကတောင် ကြည်ကြည်ဖြူဖြူ ရှိနေတာ သူက ဘာပြောနေဖို့ လိုတော့သလဲ။

တနင်္ဂနွေနေ့ကျတော့ မိသော့တို့ မနက်ပိုင်းမှာ ရောက်လာသည်။ ကလေး ရှစ်ယောက်စလုံး ပါလာသည်။ အငယ်ဆုံးကလေးက ဖျားချင်သလိုလိုတောင် ဖြစ်နေ၏။ မုန့်ဖိုးကိုယ်တာ လျှော့သွား

www.burmeseclassic.com

www.burmeseclassic.com



မှာ စိုးလို့များ မပါ ပါအောင် ခေါ်လာခဲ့သလား မသိ။ ကလေးကို ဆေးတိုက်ရသေးသည်။ မသက်သာလျှင် နေ့လယ်ကျ ဆေးခန်း သွားပြပေးရဦးမည်။ မိသော့ ယောက်ျားကတော့ မျက်နှာပူလို့ လိုက်လာခဲ့ခြင်း မရှိ။

ခေါက်ဆွဲကြော်နဲ့ ကန်တော့မယ် ဆိုသော်လည်း သူတို့ လက်ထဲမှာ ဘာမှ ပါမလာ။ ဘယ့်နှယ်ပါလိမ့်... တွေးနေတုန်း မိသော့က နောက်ဖေးဘက် တန်းဝင်သွားသည်။ စက်ထဲက ခေါက်ဆွဲ ဖတ်တွေ သွားယူသည်။ ပြီးတော့ ဒေါ်ခင်တီထံမှာ ဆီ၊ ကြက်သွန်၊ ဂေါ်ဖီထုပ်၊ ဘဲဥ စသည်တို့ တောင်းသည်။ အိမ်မှာ ဟင်းချက်ဖို့ ဝယ်ထားသော ကြက်သားကိုပါ "အတော်ပဲ..." ဆိုပြီး တောင်းသည်။ ထို့နောက် ဒယ်အိုးကြီး တစ်လုံးနှင့် ကြော်လေတော့သည်။

ကျက်တဲ့အခါကျတော့မှ ဦးကုလားနှင့် ဒေါ်ခင်တီတို့ကို ခေါက်ဆွဲကြော် တစ်ပန်းကန်စီနှင့် ကန်တော့သည်။ မိသော့တို့ မိသားစု ကိုးယောက်လည်း တဝတပြဲ စားကြသည်။ ခေါက်ဆွဲကြော်နဲ့ ကန်တော့တယ် ဆိုတာ ဒီလိုကိုးဟု နားလည် မှတ်သားလိုက်ရလေသည်။

ပြောသာ ပြောတယ်... မိသော့ရဲ့ လက်ရာ ခေါက်ဆွဲကြော်က စားလို့တော့ ကောင်းသား။



(ဒါကို အတုယူပြီး သားတော်မောင် ဓာတ်ခဲက သူ့သူငယ်ချင်းတွေ တစ်ပြုံကြီး ခေါ် မုန့်တစ်ဘူးနဲ့ လာကန်တော့ကြလို့ မုန့်ဖိုး ပေးလိုက်ရသေးသည်။)

□

www.burmeseclassic.com

သီတင်းကျွတ်ကို ဟက်ဟက်ပက်ပက် မကြိုဆိုနိုင်သူ နောက် တစ်ယောက်ကတော့ မောင်ဝ ဖြစ်၏။

သူက အပျော်အပါးလည်း ဝါသနာပါသူ မဟုတ်။ ဝတ် ကောင်းစားလှလည်း မဝတ်တတ်။ ပွဲတွေ လမ်းတွေလည်း စိတ် မဝင်စား။ ဗီဒီယိုတွေ ရုပ်ရှင်တွေလည်း သိပ်ကြည့်လေ့မရှိ။ ပျော်ပြေ ရေး ဆိုလို့ ဘောလုံးပွဲ ကြည့်ခြင်း တစ်ခုသာ ပြောစရာ ရှိသည်။

တကယ်ဆိုလျှင် သူနှင့် သီတင်းကျွတ်နဲ့ ဘာမှ မဆိုင်။ သီတင်းပဲကျွတ်ကျွတ်၊ တန်ဆောင်ပဲတိုင်တိုင် အနေသာကြီးပဲ။ ပြော မယ်ဆိုရင် သီတင်းကျွတ် လိုလားသူတောင် ဖြစ်သင့်သည်။ မိုးကုန် သွားပြီ ဆိုတော့ သောက်ရေ သုံးရေအတွက် လိုအပ်လာကြပြီလေ။ သူက ရေစည်လှည်းတွန်းတဲ့လူ ဆိုတော့ အလုပ်ပိုဖြစ်လာတော့မယ် မဟုတ်လား။



သို့ရာတွင် သူ သိပ်မပျော်နိုင်။ အကြောင်းကတော့ ရွှေကြည် ကြောင့် ဖြစ်၏။ သူနှင့် ရွှေကြည် ကြိုက်နေတာ နှစ်အတော်ကြာခဲ့ ပြီ။ ခုထိ လက်မထပ်နိုင်သေး။ ငွေစုနေတာ မပြည့်နိုင်သေးသော ကြောင့် ဖြစ်၏။

မောင်ဝသည် အစတုန်းက ရေထမ်းရောင်းသူ ဖြစ်၏။ ရွှေကြည်နှင့်. ချစ်ကြိုက်ပြီးနောက်တွင် အပိုဝင်ငွေ ရရှိရန်အတွက် ဈေးရှေ့ ပုံကျဈေးတန်းမှာ ကုန်စိမ်းရောင်းသော အလုပ်ကိုပါ တွဲလုပ် သည်။ မနက်ပိုင်း ဈေးရောင်း၊ နေ့လယ်နှင့် ညနေ ရေထမ်း။

တကယ်တော့ ဈေးရောင်းတဲ့ အလုပ်ဆိုတာ နှုတ်ချိုရသည်။ မောင်ဝက ဘုဆတ်ဆတ်သမား။ ရောင်းဈေး ပြောတဲ့အခါ တစ်ခွန်း ပဲ၊ ဈေးဆစ်လျှင် မကြိုက်။ ဝယ်သူဆိုတာကလည်း အိမ်ရှင်မတွေ ချည်း ဖြစ်၏။ သူတို့ကလည်း သားငါးမှာ နည်းနည်း၊ ဟင်းသီး ဟင်းရွက်မှာ နည်းနည်း၊ ကြက်သွန် ရေတ်သီးမှာ နည်းနည်း၊ သက်သာ နိုင်သမျှ သက်သာအောင် ကြိုးစားကြသည်။ အားလုံး ပေါင်းလိုက် လို့ မုန့်ဟင်းခါးဖိုးလေးလောက် ထွက်လာလည်း မနည်းဘူး မဟုတ် လား။

တစ်ခါတလေ… ခရမ်းသီးတစ်လုံး ဘယ်လောက်လဲ မေး တဲ့အခါ မောင်ဝက–

"၅၀…"

www.burmeseclassic.com

www.burmeseclassic.com



"သုံးလုံး ၁၀၀ မရဘူးလား" ဆစ်လျှင်-

"အဲဒီဈေးနဲ့ လိုချင်ရင် စိုက်ခင်းထဲမှာ သွားဝယ်"

ဟု ပြောလွှတ်တတ်၏။ အစပိုင်းမှာတော့ ဒီလို ခွကျကျ ပြောတတ်မှုကြောင့် သူ့ဆိုင်မှာ ဝယ်သူ နည်းသည်။ သို့တိုင်အောင် သူ့ဆီမှာ စပြောတဲ့ ဈေးကိုက တခြားဆိုင်တွေမှာ နှစ်ခွန်း သုံးခွန်း ဆစ်မှ ရနိုင်တဲ့ ဈေးမျိုး ဖြစ်နေသည်။ သူက တချို့ အသီးအရွက်တွေကို စိုက်ခင်းထဲထိ သွားပြီး ကိုယ်တိုင် ထမ်းပိုး ယူလာသဖြင့် ဈေးလျှော့နိုင်သည်။

ထို့ကြောင့် နောက်ပိုင်းကျတော့ ဈေးမှန်တယ် ဆိုပြီး သူ့ဆိုင်မှာ ဝယ်သူ များလာသည်။ ဝင်ငွေလေး ပိုရလာလို့ စုနိုင်ဆောင်းနိုင်မယ့် အခြေအနေ ရှိလာသည်။ သို့ရာတွင် ပြဿနာက ပေါ်လာခဲ့၏။

မောင်ဝ၏ ဘေးကပ်လျက် ဆိုင်က မိန်းမက လှလည်းကျချင်သည်။ ဈေးကို ရသမျှ တင်ရောင်းချင်သည်။ မောင်ဝ ဆိုင်က ဈေးမှန် ပစ္စည်းကောင်းသဖြင့် ဝယ်သူ ကျတာကို မကျေမနပ် ဖြစ်နေသည်။

တစ်ရက်မှာ ဈေးဝယ်တစ်ယောက်က မောင်ဝ ဆိုင်မှာ ဝယ်ရင်း ဈေးဆစ်သည်။ မောင်ဝက-

"ကျုပ်က ရောင်းနိုင်တဲ့ ဈေးကို တစ်ခါတည်း ပြောတာ၊ မတရား အမြတ်တင်ပြီး လိမ်ညာ ရောင်းတာ မဟုတ်ဘူး"



ဟု ပြောလိုက်သည်။ ထိုအခါ ဘေးဆိုင်မှ မိန်းမက အကွက်ရသွားပြီး-

"နင် စကားပြောတာ ကြည့်ပြောပါ၊ ဓောင်းချိတ် မပြောပါနဲ့၊ နင် ပြောပုံက ငါတို့ကပဲ အမြတ်ကြီး စားနေသလိုလို၊ လိမ်ရောင်းနေသလိုလို"

"ခင်ဗျား ပါးစပ် ပိတ်ထား"

မောင်ဝက တစ်ခွန်းတည်း ပြောသည်။ မောင်ဝအကြောင်း သိသဖြင့် ဘာမှ ထပ်မပြောရဲတော့သော်လည်း ညနေ သူ့ယောကျ်ား လာကြိုတော့ အနိုင်ကျင့်ခံရပါတယ် ဆိုပြီး တိုင်လိုက်၏။ ဟိုလူက-

"မင်းက ဘာကောင်လဲ"

ဆိုပြီး အနားကပ်လာတဲ့အချိန်မှာ ခွပ်ခနဲ မြည်ပြီး ဖင်ထိုင်လျက် ကျသွားသည်။ မြန်လိုက်တာ... မောင်ဝ ဘယ်အချိန်က ထိုးလိုက်မှန်း ကာယကံရှင်တောင် သေသေချာချာ မသိလိုက်။ ပါးစပ်ထဲက သွေးတွေ ထွက်လာတော့မှ သဘောပေါက်သည်။

ဒီလိုနဲ့ ဈေးကောင်စီရုံးခန်း ရောက်သွားသည်။ သက်သေတွေကိုပါ မေးမြန်းကြည့်တော့ အခင်း ဖြစ်ပွားချိန်မှာ ဟိုလူက ဟင်းရွက်သင်တဲ့ ဓားကို ကိုင်ထားကြောင်း ပေါ်လွင်လာသည်။ သူလည်း ၁၉(စ) နဲ့ ငြိနေ၏။ မောင်ဝက လက်သီးနဲ့ပဲ ထိုးတာ။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ တစ်ဖက်က ကျေအေးလိုက်ရသည်။ မောင်ဝက လည်း ဆေးဖိုးဝါးခ လျော့လိုက်ရသည်။ စုဆောင်းထားတာလေး ပါသွားသည်။ ဒါတွင်မက စည်းကမ်း သတ်မှတ်ချက်အရ ပွဲကျ ဈေးတန်းမှာ မောင်ဝ ဈေးရောင်းခွင့် မရတော့။

ငွေစုဖို့ကို အစကနေ ပြန်စရပြန်သည်။ မောင်ဝသည် အရောင်းအဝယ်အလုပ်၊ စကားပြောရတဲ့ အလုပ်နှင့် သူနှင့် မဖြစ် ကြောင်း သိသည်။ ခွန်နဲ့အားနဲ့ လုပ်ရတာမှ သူနှင့် ကိုက်မည်။ မီးကင်း အငှားစောင့်သည်။ ဈေးထဲမှာ ကုန်ထမ်းသည်။ ယန်းရန် နောက်လိုက် လုပ်သည်။ ဒါတွေက ကြုံသလို လုပ်ရတာ… သူ့ရဲ့ အမြဲတမ်း ပင်မအလုပ် အဓိကဝင်ငွေ ရတာက ရေထမ်းတဲ့ အလုပ်။

ဒီအချိန်မှာပဲ ရေရရှိရေး စီမံကိန်းအရ ဆိုပြီး သူတို့ ရပ်ကွက် ထဲမှာ သက်ဆိုင်ရာက စက်ရေတွင်း လာတူးပေးသည်။ အရင်က ဘုန်းကြီးကျောင်း ရေတွင်းမှာ သွားခပ်နေရာက နီးနီးနားနား ဖြစ်လာ တော့ ကိုယ့်ဘာသာ သယ်တဲ့ လူတွေ ရှိလာသည်။ မောင်ဝ ဖောက်သည်တွေ ပျက်ပြီး ဝင်ငွေ လျော့လာသည်။

ကံအားလျော်စွာ ဦးကုလားက ငွေထုတ်ချေးသဖြင့် ရေစည် လှည်း ဝယ်ပြီး တွန်းတော့ ဝင်ငွေလေး ပြန်စိုလာသည်။ သို့တိုင်အောင် လှည်းဖိုး ကျေအောင် ပြန်ဖွဲ့ဆပ်နေရတာနှင့်ပဲ စုဆောင်းဖို့ ကိစ္စ နှောင့်နှေးရပြန်သည်။



မောင်ဝသည် စီးပွားရေးပညာရှင် မဟုတ်သဖြင့် စတော့ ရှယ်ယာ ဆိုတာလည်း မသိ။ ညွှန်းကိန်းကိုလည်း နားမလည်။ အင်ဖလေးရှင်းလည်း သဘောမပေါက်။ ‘ဝင်း-ဝင်း သီအိုရီ’ ဆိုတာ ကြားတောင် မကြားဖူးပါ။ (ဝင်းဝင်း ဖယောင်းတိုင်တော့ သုံးဖူးသည်။)

‘ချစ်ကင်းစွပ်’ ကို မသိ။ (ဝက်ခြေထောက် စွပ်ပြုတ်တော့ သိသည်။ ဝက်ခေါင်းသုပ် ချဉ်စပ်ကလေးနဲ့ တွဲလိုက်ရင် သောက်လို့ သိပ်ကောင်းတာ‥)

‘ငါ့ဒိန်ခဲ ဘယ်သူ ရွှေ့သလဲ’ မေးရင် မဖြေတတ်။ (ငါ ငါးပိအိုးတော့ လာမထိနဲ့၊ လက်သီးစာ မိသွားမယ်… ဘာမှတ်သလဲ)

ကားလမတ်၊ တော်ဖလာ၊ ဒီဘိုးနိုး… အဲဒါ ဘယ်သူတွေ လဲ။ (မန်ယူက အသစ် ဝယ်လိုက်တဲ့ ဘောလုံးသမားတွေလား…)

ဖေမြင့် ရေးတဲ့ တက်ကျမ်းတွေ တစ်ခါမှ မဖတ်ဖူးပါ။ သူ ဖတ်ဖူးတာက ဆွေမင်းရဲ့ တွတ်ပီသာ ဖြစ်၏။ (မရှောင်ရင် လွတ်တယ်၊ ဒီနေ့ ကံမကောင်းပါလား၊ ကဲ… ဘယ်လောက် လက်တွေ့ကျသလဲ…)

သူ့အတွက်တော့ ဒီနှစ် ကံမကောင်းပါလား… လို့ပဲ ဆို ရတော့မည်။

□

www.burmeseclassic.com

www.burmeseclassic.com



မောင်ဝနှင့် ရွှေကြည်တို့သည် ဓာတ်ခဲ၏ ရှင်ပြုပွဲမှာ စတင် ချစ်ကြိုက်သွားခဲ့ကြခြင်း ဖြစ်၏။

ရှင်ပြုပွဲကို ဘုန်းကြီးကျောင်းမှာ ကျင်းပသည်။ ရပ်ကွက်ထဲက လူအားလုံး ဝိုင်းကူညီကြ၊ ဝိုင်းစားကြ... ပျော်စရာကြီး ဖြစ်၏။ ရွှေကြည်ကတော့ ရိုးရိုးကုပ်ကုပ် နေချင်သူသာ ဖြစ်၏။ ထို့ကြောင့် သူများတွေလို ဝတ်ကောင်းစားလှ ဝတ်၊ ဧည့်သည်တွေကို ကြိုဆို ဧည့်ခံ ကျွေးမွေး စသော ပေါ်ပြူလာ ဖြစ်တဲ့ နေရာမျိုးမှာ မနေဘဲ ဘယ်သူမှ မလုပ်ချင်သော စားပြီးသား ပန်းကန်တွေ ဒိုင်ခံဆေးတဲ့ နေရာမှာသာ ဝင်ပြီး တာဝန်ယူလိုက်သည်။

မောင်ဝကလည်း ဒီအတိုင်းပဲ။ ကျောင်းပေါ်မှာဆို လူရှုပ်တယ်၊ မျက်စိနောက်တယ် ဆိုပြီး ပန်းကန် ခွက်ယောက်တွေ ဆေးဖို့ ကြောဖို့ ရေထမ်းပြီး ဖြည့်ပေးနေလိုက်သည်။ အစတုန်းကတော့

www.burmeseclassic.com



ရွှေကြည်နှင့် အတူ ပန်းကန် ကူဆေးပေးသူ လေး ငါးယောက် ရှိသေးသည်။ နောက်တော့ အလှို့အလှို့ ထလစ်ကုန်ကြတာ အဆေးလေး ဆိုသော ကောင်မလေးတစ်ယောက်သာ ကျန်တော့သည်။

မောင်ဝသည် ရေတစ်ထမ်းပြီး တစ်ထမ်း ခပ်ထည့်ပေးနေသည်။ ဘာကြောင့်မှန်းတော့ မသိ။ ရေနည်းနည်းလေး လျော့တာနဲ့ စိုးရိမ်စိတ် ဝင်လာပြီး ထပ်ဖြည့်ပေးမိ၏။ တစ်ခါ တစ်ခါ သူက ရေထမ်းယူလာချိန်တွင် ကျောက်စည်ထဲမှာ မလျော့သေး။ ထိုအခါ ရပ်စောင့်နေရ၏။ ထိုအခိုက်တွင် ထူးဆန်းသော ခံစားမှုတစ်ခု ဖြစ်ပေါ်လာ၏။ ကျောက်စည်ထဲမှာ ရေလျော့သွားလို့ အချိန်မီ ဖြည့်မပေးနိုင်လျှင် ရွှေကြည်က သူ့ကို အထင်သေးသွားလိမ့်မည်ဟု ပူပန်နေမိခြင်းပင် ဖြစ်၏။

ရွှေကြည်သည် အဝတ်အစား ခပ်နွမ်းနွမ်းလေးသာ ဝတ်ထား၏။ စောစောကလည်း ချက်တဲ့ ပြုတ်တဲ့ နေရာမှာ ဝင်ကူခဲ့ရသေးဟန် တူသည်။ ဆံပင်မှာ ပြာမှုန်လေးတွေ ကပ်နေသည်။ မနက် ဝေလီဝေလင်းကတည်းက လိမ်းကျံလာခဲ့ရဟန်တူသော သနပ်ခါး ရေကျဲက ချွေးတွေကြောင့် ဟိုတစ်ကွက် ဒီတစ်ကွက် ဖြစ်နေပြီ။ သူ့လက်ကလေးတွေကလည်း ရေနှင့် ဆီတွေ ရောနှောပေကျံနေ၏။

ထိုမြင်ကွင်းသည် အလွန်ကြည့်ကောင်းသည်ဟု ထင်၏။ မောင်ဝသည် နိုးကြောင်နိုးဝှက် ကြည့်တာ ယောကျ်ား မပီသဘူးဟု

www.burmeseclassic.com



ယူဆသည်။ ထို့ကြောင့် တည့်တည့်ကြီးပင် အကြာကြီး စိုက်ကြည့်နေလိုက်သည်။ ရွှေကြည်က ဖျတ်ခနဲ တစ်ချက် မော့ကြည့်သည်။ မောင်ဝက သူ့ကို တွေတွေကြီး ကြည့်နေကြောင်း သိသောအခါ ခေါင်းကို တစ်ချိန်လုံး ငုံ့ထားနေမိတာ ဖက်တွေတောင် ညောင်းလာသည်။

မောင်ဝသည် ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။ အရင်က မောတယ် ပန်းတယ် ဆိုတာ သူနှင့် မဆိုင်သလို နေခဲ့တာ။ ရေ ၁၀ ခေါက်လောက် ထမ်းပြီးတာတောင် အသက်ရှူ နည်းနည်းမြန်လာရုံလောက်ရှိအောင် သန်မာကြံ့ခိုင်သူ ဖြစ်၏။ ခုတော့… ဘယ့်နှယ် ဖြစ်နေသလဲ မသိ။ အေးအေးဆေးဆေး မတ်တတ်ရပ်နေရပါလျက် လူမမာတစ်ယောက်လို အမောဖောက်ချင်လာမိ၏။ ငါ… လေဖြတ်ချင်နေပြီလား မသိဘူး…ဟု မဆီမဆိုင် တွေးမိသေးသည်။

ရွှေကြည်သည်လည်း ထို့အတူပဲ။ စောစောက ဖျတ်ခနဲ မျက်လုံးတစ်ချက် လှန်ကြည့်လိုက်စဉ်မှာ သူ့ အလွန်အံ့သြသွားရ၏။ မောင်ဝကို သိကျွမ်းနေခဲ့တာ ကြာလှ ရှိပြီ။ နှစ်ပေါင်းများစွာ တစ်ရပ်ကွက်တည်း အတူနေခဲ့ကြတာပဲ။ အခုကျခါမှ မောင်ဝကို အရင်က တစ်ခါမှ မမြင်ဖူးတဲ့ လူတစ်ယောက်လို ထင်နေမိပြန်၏။ အဲဒါ ဘာဖြစ်တာတဲ့တုံး၊ ပြီးမှ မောင်ဝကို မြင်တိုင်း မှင်တက်မိသလို



ဖြစ်ဖြစ်သွားတတ်တာ… လွန်ခဲ့တဲ့ နှစ်လ သုံးလတုန်းကတည်းကပဲ ဆိုတာ ပြန်သတိရသွားသည်။

မောင်ဝသည်လည်း ခုလို အသက်ရှူ မှားနေရတာဟာ မောတာ မဟုတ်ဘူး… ချစ်တာ… ဟု ရိပ်မိသွားလေသည်။ တစ်ခုခု ဆုံးဖြတ်ပြီးလျှင် ချက်ချင်း ထအကောင်အထည်ဖော်တတ်တာ မောင်ဝရဲ့ အကျင့်ပဲ… ထို့ကြောင့်…

"ဟဲ့ ကောင်မလေး… နင် သွားတော့"

ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည်။ အသေးလေးကလည်း မောင်ဝ ရွှေကြည်ကို စိုက်ကြည့်နေကတည်းက လန့်နေတာ ဆိုတော့…

"ဟုတ်ကဲ့"

ဆိုပြီး တစ်ခါတည်း လစ်ပြေးတော့သည်။

မောင်ဝသည် အရေးကြီးသော အမိန့်တစ်ခုကို ထုတ်ပြန်တော့မည့် စစ်သေနာပတိကြီးတစ်ယောက်လို ခါးကို တင်းတင်း ထောက်လိုက်ပြီး–

"ရွှေကြည်…"

ဟု အသံပြတ်ဖြင့် ခေါ်လိုက်သည်။

"ရှင်…"

ရွှေကြည် ထူးလိုက်ပုံမှာ 'ပန်းပန်လျက်ပါ' ဇာတ်ကားထဲမှ မြတ်လေးက 'မဖေဒါ' ဟု ခေါ်လိုက်သောအခါ ကြည်ကြည်မွှေး

www.burmeseclassic.com

www.burmeseclassic.com



က 'ရှင်…' ဟု အသံတိမ်တိမ်ကလေးဖြင့် ပြန်ထူးလိုက်ပုံနှင့် အတော်တူလေသည်။

"နင့်ကို ငါ ချစ်တယ်"

"အို…"

ရွှေကြည့် လက်ထဲက ဆေးလက်စ ပန်းကန် လွတ်ကျသွားသည်။ လက်ကလည်း မငြိမ်နိုင်လောက်အောင် တုန်နေ၊ ဆီတွေကလည်း ချောနေတာကိုး။ ရေစလုံထဲ ပြုတ်ကျသွားလို့ တော်သေးသည်။

"နင်… ငါ့ကို ပြန်မချစ်နိုင်ဘူးလား"

"ကျွန်မ… ကျွန်မ မသိဘူး"

"ဘာ… မသိဘူး ဟုတ်လား၊ နင့်အသက် ဘယ်လောက်ရှိပြီလဲ"

ဟု ခပ်ငေါက်ငေါက် မေးလိုက်သည်။

"ဟိုဒင်း… ဆယ့်… ဆယ့်ကိုးနှစ်"

"ဆယ့်ကိုးနှစ်တောင် ရှိနေပြီ၊ သိရမှာပေါ့၊ လူထုံဆိုရင် ကျော်ကွန့်နဲ့ ကြိုက်တုန်းက ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်၊ အခု နင်က တောင် တစ်နှစ် သာနေပြီ၊ ကဲ… ပြော"

ရွှေကြည်က ယောင်ယောင်ကန်းကန်းဖြင့်-

"အမေ့ကို လာပြော"



"ဟင်… ငါက နင့်အမေကို ကြိုက်နေတာမှ မဟုတ်တာ၊ ဘာကို လာပြောရမှာလဲ"

"အို… ကိုမောင်ဝကလဲ"

ရွှေကြည် မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"ငါက နင့်သဘောထားကိုသာ သိချင်တာ"

"ကျွန်မ စဉ်းစားပါရစေဦး"

"ဟာ… လုပ်ပြန်ပြီ၊ ဒီလူနဲ့ ဒီလူ ဘာစဉ်းစားနေစရာ လိုလို့လဲ၊ ငါတောင် မစဉ်းစားဘူး"

"ဟိုလေ… ကျွန်မက…"

မောင်ဝ တစ်ချက် တွေသွားသည်။ 'ဟုတ်သားပဲ… ငါက ယောက်ျားလေး၊ သူက မိန်းကလေးပဲ…' ဟု သတိရသွားပြီး-

"ကောင်းပြီ… နင် စဉ်းစားထား၊ ငါ ရေတစ်ခေါက် သွားထမ်းလိုက်ဦးမယ်၊ ပြန်လာရင် အဖြေပေး၊ ဟုတ်လား… ဒါပဲ"

ဟု ပြောရင်း ရေပုံးနှင့် ထမ်းပိုးကို ကောက်ဆွဲပြီး ထွက်သွား၏။

ရွှေကြည်သည် ယောင်ချာချာ ဖြစ်ရင်း ကျန်ခဲ့သည်။ စောစောက ဘာတွေ ပြန်ပြောမိမှန်းတောင် မသိ။ မိန်းကလေး တစ်ယောက်အနေဖြင့် ရည်းစားစကား အပြောခံရလျှင် ဒီလိုပဲ ပြန် ပြောရတယ်လို့ ကြားဖူးနားဝ ရှိတာတွေ နှုတ်က အလိုအလျောက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားခဲ့ခြင်းသာ ဖြစ်၏။ တကယ် တွေးကြည့်တော့လည်း မောင်ဝ ပြောတာ မှန်သည်။ ဒီလူနှင့် ဒီလူ ဘာစဉ်းစားနေစရာ လိုသလဲ။ အထူးသဖြင့် မောင်ဝလို လူမျိုးအတွက် ဆန်းစစ်သုံးသပ်ချိန် ဘယ်လောက် လိုသလဲ။ အမှန်အားဖြင့် သူ့ဘာသာ ဆုံးဖြတ်နေစရာတောင် မလို။ ဟိုဘဝတုန်းကတည်းက ဘုရားမှာ သစ္စာဆိုခဲ့ပြီးသားဟု ထင်၏။

ရွှေကြည်သည် ရေတွင်းဘက်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ မောင်ဝ ဒီတစ်ခေါက် သွားတာ ပိုမြန်သလိုပဲ။ မောင်ဝသည် လှံထမ်းလာတာ မဟုတ်၊ ကံထမ်းလာတာလည်း မဟုတ်။ ရေထမ်းလာခြင်းပင် ဖြစ်၏။ သူက ခပ်သွက်သွက် လျှောက်လာသည်။ ရေ နှစ်ပုံး၏ အလေးချိန်ကြောင့် ထမ်းပိုးသည် သူ့ပခုံးပေါ်မှာ ညွတ်ပက်ညွတ်ပက် ဖြစ်နေသည်။ သူ့ကို ကြည့်ရတာ ပင်ပန်းပုံမရ။ ရာမမင်းသား လေးတော်ကို ထမ်းပြီး သက်သောင့်သက်သာ တိုင်းခန်းလှည့်လည်လာသလိုမျိုးနဲ့တောင် တူနေသေးတော့…။

မောင်ဝ အနား ရောက်လာတာနှင့်တစ်ပြိုင်နက် ရွှေကြည်သည် အလိုအလျောက် မျက်လွှာချ ခေါင်းငုံ့ပြီးသား ဖြစ်သွား၏။ မောင်ဝက ရေနှစ်ပုံးကို ချလိုက်ပြီး–

"ကဲ… ဘယ်လိုလဲ၊ စဉ်းစားပြီးပြီလား"

ရွှေကြည်က မဖြေ။



"ပြောလေဟာ…"

"ကျွန်မ… ကျွန်မ စဉ်းစားနေပါတယ်"

"ဟာ… ဒါလေး စဉ်းစားတာ ဒီလောက် ကြာရသလား၊ ကဲ… ပြော ချစ်လား မချစ်ဘူးလား"

ရွှေကြည်က နှုတ်ဆိတ်နေမြဲ။

"ရွှေကြည်… ငါ့ စိတ်တိုအောင် မလုပ်နဲ့နော်"

ရွှေကြည့် ကိုယ်လုံးကလေးမှာ ပိုပြီး ကျုံ့ဝင်သွားသလား ထင်ရသည်။ မောင်ဝက မေးရင်း ပြောရင်း လက်ထဲမှာ ကိုင်ထားသော ထမ်းပိုးကြီးကို တယမ်းယမ်း လုပ်နေသေးတာကိုး။

"ရွှေကြည်…"

မောင်ဝက ဟောက်လိုက်သည်။ ရွှေကြည် တုန်ခနဲ ဖြစ်သွား၏။

"ကဲ… ပြော… ချစ်သလား မချစ်ဘူးလား"

ရွှေကြည် တံတွေး မျိုချလိုက်ပြီး–

"ဟုတ်… ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ… ရှင်းရှင်းလင်းလင်း ပြော၊ ချစ်သလား"

"ဟုတ်… ချစ်‥ ချစ်ပါတယ်"

"ဒါဆို ပြီးရော"

www.burmeseclassic.com

www.burmeseclassic.com



မောင်ဝသည် ထမ်းပိုးကို ပစ်ချလိုက်သည်။ သူသည် ဘာဆက်ပြောလို့၊ ဘာဆက်လုပ်ရမှန်း မသိဘဲ ဖြစ်နေ၏။ လူရှင်းတဲ့နေရာသာဆိုလျှင် ရွှေကြည်ကို စိတ်ရှိလက်ရှိ ဆွဲကိုင်မွှေ့ယမ်းပြီး အပေါ်ကို မြှောက်ပစ်လိုက်မိလိမ့်မည်။ ခုတော့ လူမြင်ကွင်းကြီးထဲမှာ…။ ထို့ကြောင့် သူသည် မချင့်မရဲ ဖြစ်လာသဖြင့် ရေပုံးကို ဆွဲယူ မြှောက်ကိုင်ပြီး ရွှေကြည့် ခေါင်းပေါ်သို့ ရေတွေ ကုန်အောင်လောင်းချလိုက်မိလေတော့သည်။

□

ရွှေကြည်သည် အိမ်တွင်း ပလတ်စတစ်ပစ္စည်း ထုတ်လုပ်ရေး လုပ်ငန်းမှာ အလုပ်လုပ်သည်။ သူ့တာဝန်က မိုထဲမှ ထွက်လာသော ပစ္စည်းက ပိုထွက်နေသော ပလတ်စတစ် အစအနများကို ညှပ်ထုတ်၊ လှီးထုတ်ရခြင်း ဖြစ်၏။ ဒီအလုပ်က ရတဲ့ လုပ်အားခငွေနဲ့ သားအမိ နှစ်ယောက် ချွေချွေတာတာ နေထိုင် စားသောက်ကြရခြင်း ဖြစ်၏။

မောင်ဝနှင့် ရွှေကြည်တို့ ချစ်ကြိုက်နေကြပြီ ဖြစ်ကြောင်း ရွှေကြည်တို့ အမေ ဒေါ်ပန်းသာ သိသွားသည်။ မောင်ဝကလည်း လျှို့လျှို့ဝှက်ဝှက် လုပ်နေတာမှ မဟုတ်ဘဲ။ ဒေါ်ပန်းသာက သဘောတူပါတယ်၊ အိမ်ကိုလည်း ဝင်ပါ ထွက်ပါဟု ခွင့်ပြုခဲ့သည်။ မောင်ဝသည် လူရိုး၊ လူဖြောင့် ဖြစ်ကြောင်း သိပြီးသားကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချက်ကိုက သူတို့နှစ်ယောက်၏ နီးစပ်ရေးကို ပို၍ ကြန့်ကြာသွားစေခဲ့ခြင်း ဖြစ်၏။ တကယ်လို့ ဒေါ်ပန်းသာကသာ သဘောမတူဘူး ဘာ ညာ လုပ်ခဲ့လျှင် မောင်ဝ စိတ်မြန်ပုံမျိုးနှင့်ဆို ခိုးပြေးတာမျိုး ဖြစ်ပြီးတော့ စောစော ကိစ္စပြီးသွားနိုင်သည်။ ခုလို သဘောတူပါတယ် ဆိုထားတော့ မိဘားဖသားပီပီ လက်ထပ်ယူဖို့ တာဝန်သည် မောင်ဝ၏ ပခုံးပေါ် လုံးလုံးကျရောက်လာတော့သည်။

ခက်တာက သူမှာ ပိုက်ဆံ မရှိခြင်းပင် ဖြစ်၏။ အလုပ်ကြိုးစားပြီး ငွေစုသော်လည်း အကြောင်းတစ်ခုခု ပေါ်ပြီး ကုန်သွားတတ်သည်။ ပြီးတော့ သူ့ရဲ့ စုန္နန်းက ငွေဖောင်းပွမှုကို လိုက်မမီခြင်းကလည်း တစ်ကြောင်း ဖြစ်၏။ ဒီလိုနဲ့ပဲ 'ရေစက် မောင်းရင်း မီးပြတ်ရင်း' ဆိုတာလို ဘယ်တော့မှ ပြည့်တယ်လို့ မရှိဘဲ လက်ထပ်ဖို့ ကိစ္စမှာ တစ်နှစ်ပြီး တစ်နှစ် ရွှေ့လာခဲ့ရ၏။

တစ်ခါက ပတေးတို့ အိမ်မှာ စားကြ သောက်ကြရင်း မိုးနီက မြှောက်ပေးသည်။

"ဒီလို ရှိတယ်ကွ မောင်ဝရ၊ အခု ဖြစ်နေတာက ရွှေကြည့် အမေကြီးက သဘောတူပါတယ်လို့ ပြောလို့ ခက်နေတာ မဟုတ်လား၊ ကျော်ကွန့်တုန်းကကျတော့ အဘိုးကြီးက သဘောမတူဘူး လုပ်လို့ ခိုးပြေးဖြစ်သွားတာလေ... ဒီတော့ မင်းကလည်း အဘွားကြီး သဘော



မတူအောင် ပြဿနာရှာ၊ အဘွားကြီး စိတ်ဆိုးအောင် လုပ်၊ ဒီတော့မှ ခိုးပြေးလို့ ရမယ်"

"မိုးနီရာ... မင်းကလည်း မူးမူးနဲ့ လျှောက်မြှောက်ပေးမနေစမ်းပါနဲ့၊ အဘွားကြီးကို အားနာစရာကြီးကွာ"

ဟု ဉာဏ်စိန်က ဝင်၍ ဟန့်တားသည်။

"ဒီလိုမှ မလုပ်ရင် မင်းတို့ကိစ္စကြီးက ဇာတ်မျောနေတော့မှာပေါ့၊ ငါ ပြောတာ မဟုတ်ဘူးလားကွ ဟေ... ကျော်ကွန့်"

ကျော်ကွန့်မှာ သူ့အလှည့်တုန်းကတော့ လှထုံကို ခိုးပြေးခဲ့ပြီး ခုကျမှ ကန့်ကွက်ဖို့ ခက်နေသဖြင့် အင်း... အဲ... လုပ်နေရသည်။ ပတေးကလည်း မိုးနီ ပေါက်ကရ လျှောက်ပြောနေတာပဲ ဆိုပြီး အမှတ်တမဲ့နှင့်-

"အေး... ကောင်းတယ်ကွ"

ဟု ထောက်ခံမိ၏။ သူကိုယ်တိုင်လည်း ယမကာလေး ဝင်တော့ ထုံးစံအတိုင်း သွေးကြွနေတာကိုး။

ပတေး အိမ်က ထွက်ပြီး အပြန်လမ်းမှာ ရွှေကြည်တို့ အိမ်ရှေ့က ဖြတ်သွားရသည်။ ရွှေကြည်တို့ မအိပ်ကြသေး။ မီးရောင် မြင်နေရသည်။ မောင်ဝသည် မိုးနီ ပြောတာကို သတိရပြီး အိမ်ထဲ တန်းဝင်သွားသည်။ အသံမပေး၊ အော်မခေါ်ဘဲ ရောက်လာသဖြင့် ဒေါ်ပန်းသာ အံ့သြသွားပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… မောင်ဝ ညကြီးမင်းကြီးပါလား"

မောင်ဝက မျက်နှာထား တင်းတင်းဖြင့်-

"ဘာလဲ… ညကြီးဆိုတော့ မလာရဘူးလား"

ဒေါ်ပန်းသာ ဟှာဟှာသလဲ ဖြစ်သွားပြီး-

"မဟုတ်ပါဘူး… လာရပါတယ်ကွယ်၊ ညကြီးမို့ ကိစ္စထူးများ ရှိသလားလို့"

"ဒီမှာ အဒေါ်… ကျုပ် အရက်သောက်လာတယ်၊ အဲဒါ မကျေနပ်ဘူးလား"

ဒေါ်ပန်းသာက စိတ်ဆိုးဟန်မပြဘဲ-

"ဒါများကွယ်… ဘာမကျေနပ်စရာ ရှိလဲ"

စကားပြောသံ ကြားသဖြင့် ရွှေကြည် နောက်ဖေးဘက်မှ ထွက်လာပြီး-

"ဟင်… ကိုမောင်ဝ ဘာကိစ္စရှိလို့လဲ"

မောင်ဝ ဘာမှ မပြောနိုင်ခင် ဒေါ်ပန်းသာက-

"အလုပ် ပင်ပန်းလို့ ထင်ပါရဲ့၊ နည်းနည်း သောက်စားလာတာပါ"

ထိုအခါ ရွှေကြည်က-

"ရေသောက်မလား ဟင်၊ ဪ… ခဏနေဦး၊ ကော်ရာ်ရွက် သွားခူးလိုက်ဦးမယ်၊ ချေပြီး ရှူလိုက်ရင် အမူးပြေသွားလိမ့်မယ်"



ဆိုပြီး အိမ်ပြင် ခပ်သုတ်သုတ် ထွက်သွား၏။ မောင်ဝ လုပ်ပုံမှာ ပိုင်စိုးပိုင်နင်း ရှိလှသည့်တိုင် ဟိုသားအမိက ဘာမှ ထူးထူးခြားခြား မဖြစ်ဘဲ ညှို့ဝတ်ပျူငှာ ရှိနေသဖြင့် ဘာ ဆက်ပြောရမှန်း မသိ ဖြစ်သွားရ၏။ နောက်ဆုံးတော့ မောင်ဝမှာ ရွှေကြည် ခူးပေးသော ကော်ရာ်ရွက်တွေကို ရှူလိုက်သဖြင့် အမူးပြေသွားတာပဲ အဖတ်တင်သည်။

နောက်တစ်ခါကျတော့လည်း ဒီလိုပဲ…။

ရွှေကြည်တို့ အိမ်ကို မောင်ဝ ရောက်သွားတော့ ဒေါ်ပန်းသာက ဆီးပြီး မေးသည်။

"မောင်ဝ… ထမင်းစားပြီးပြီလား"

"ဘာလဲ… ထမင်းစားချင်လို့ လာတယ် ထင်လို့လား"

ဟု ဘုဆတ်ဆတ် ပြန်မေးလိုက်သည်။

"အေး… ဟုတ်တယ်ကွယ့်"

မောင်ဝမှာ ခါတိုင်းလည်း ကြုံရင် ဝင်စားတတ်တာက တစ်ကြောင်း၊ မောင်ဝ စကားပြောလျှင် ခုလိုပဲ မပြေမပြစ် ရှိတတ်စမြဲ ဖြစ်တာက တစ်ကြောင်းကြောင့် ဒေါ်ပန်းသာသည် တမင်ပြဿနာ လာရှာနေကြောင်း မရိပ်မိ။ မောင်ဝလည်း လေသံကို ပို၍မာလိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အခေါ်... ထမင်း တစ်နပ်လောက်ကတော့ ကျုပ် ဘာသာ ဝယ်စားနိုင်ပါတယ်၊ ဘာလဲ ကျုပ်က ငွေများများ မရှာနိုင်ဘူးဆိုပြီး အထင်သေးတာလား"

ဟု မဆီမဆိုင် ဟောက်လိုက်သည်။ ခေါ်ပန်းသာက-

"မဟုတ်တာကွယ်... ဘာကြောင့် အထင်သေးရမှာလဲ၊ မင်း ဒီလောက် အလုပ်ကြိုးစားနေတာကိုတောင် ချီးကျူးရဦးမှာ"

မောင်ဝမှာ ဘာဆက်ပြောရမှန်း မသိဘဲ ဖြစ်သွားပြီးမှ-

"မရှာဘူးဗျာ... အထင်သေးရမယ်... ဒါပဲ"

ဟု ပြောပြီး အမြန် လစ်ထွက်လာခဲ့ရသည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ခေါ်ပန်းသာက ရွှေကြည်ကို-

"ခမျာမှာ အလုပ်ပင်ပန်းလွန်းလို့ စိတ်အခန့်မသင့် ဖြစ်လာ ရှာ ထင်ပါရဲ့ကွယ်၊ အင်း... မောင်ဝကို ကြည့်ပြီး သွားလေသူကို သတိရလိုက်တာ၊ နင်တို့အဖေလည်း သူ့လို လူဖြောင့်စိတ်တိုပဲ၊ စိတ်ရင်း ကတော့ သိပ်ကောင်းတာကွယ့်၊ တစ်ခါတလေ အပန်းဖြေ တစ်ခွက် တစ်ဖလား မော့တာကိုတော့ ခွင့်လွှတ်ရမှာပေါ့"

ဟု နှစ်သိမ့် ဖျောင်းဖျလိုက်သေးသည်။

မောင်ဝသည်လည်း စိတ်ကူးတည့်ရာ လျှောက်လုပ်နေခြင်း သာ ဖြစ်၏။ ဟိန်းဟောက် ငေါက်ငမ်းလိုက်မိပြီးမှ ပြန်သနားနေမိပြန် သည်။ ရွှေကြည်တို့ သားအမိကလည်း ဘတ်စ်ကားစီး ခရီးသည်တွေ



လိုပဲ။ ဘယ်လောက် အနိုင်ကျင့်ကျင့် သည်းခံနေရုံမက ပိုက်ဆံ ပြန်အမ်းဖို့ အမေ့ခံထားတာကိုတောင် နားလည် ခွင့်လွှတ်နိုင်စွမ်း ရှိ သူမျိုးတွေ ဖြစ်၏။

မောင်ဝသည်လည်း သူ့ဘာသာ ပြဿနာရှာပြီးမှ ပြန်လျှော ချဖို့ ခက်နေသည်။ ရွှေကြည်နဲ့လည်း မတွေ့ဘဲ မနေနိုင်။ ခိုးကြောင် ခိုးဝှက် ချောင်းကြည့်တာမျိုးကိုလည်း သတ္တိနည်းရာကျသည်ဟု ထင် သည်။ ထို့ကြောင့် ရွှေကြည်တို့ အိမ်ရှေ့မှာ မားမားကြီး ရပ်ပြီး စိုက်ကြည့်နေ၏။ တံခါးပေါက်ဝမှ လှစ်ခနဲ ပြူကြည့်လိုက်သော ခေါ်ပန်းသာကို အရင် မြင်ရသည်။ ခဏအကြာမှာ ရွှေကြည် အိမ် ပေါက်ဝမှာ ထွက်ရပ်လိုက်ပြီး-

"ကိုမောင်ဝ... ဘာလုပ်နေတာလဲ... နေပူကြီးထဲမှာ"

ဟု လှမ်းအော်သည်။ ဒီတော့မှ မောင်ဝ သွားဖြဲပြလိုက်ပြီး အိမ်ထဲ ဝင်ထိုင်သည်။ ခေါ်ပန်းသာနှင့် ရွှေကြည်တို့သည် နင်ပြော ငါပြော ဆိုသော ပုံစံဖြင့် တစ်ယောက်နှင့် တစ်ယောက် မေးငေါ့ပြ လိုက်၊ တံတောင်နှင့် တွက်လိုက်၊ ပခုံးချင်း တိုက်လိုက် လုပ်နေ သည်။ မောင်ဝကလည်း တောင့်တောင့်ကြီး ထိုင်ပြီး စိုက်ကြည့်နေ ၏။ အတန်ကြာမှ ရွှေကြည်က မရဲတရဲ လေသံဖြင့်-

"ကိုမောင်ဝ... ကျွန်မ တစ်ခု မေးမယ်၊ စိတ်မဆိုးနဲ့နော်"

"ဘာလဲ... ဘာမေးမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ဝ၏ ခွင့်ပြုချက်ကို ရမှ ရွှေကြည်က–

"ဟိုလေ… ကိုမောင်ဝ ထမင်းစားပြီးပြီလားလို့"

"ဘာ…"

မောင်ဝ ဆတ်ခနဲ ဖြစ်သွားတော့ ဒေါ်ပန်းသာလည်း ရွှေကြည့်ကိုယ်လုံးနောက်သို့ ယို့ခနဲ ကွယ်လိုက်မိတော့မလိုတဲ့။ မောင်ဝက ခပ်အေးအေး ပြန်ပြောသည်။

"ဘယ်စားရဦးမလဲ… ခုနမှ အလုပ်ပြီးတာ"

"ဒါဆို အတော်ပဲ၊ အမေကလေ… ကိုမောင်ဝ ကြိုက်တတ်တဲ့ ငါးရံ့ကို ရဲယိုရွက်နဲ့ ငါးပေါင်းထုပ် ချက်ထားတယ်၊ အဲဒါ အိမ်မှာ စားသွားပါလားတဲ့"

ပြောပြီး သူ့အမေဘက် လှည့်ကြည့်သည်။ ဒေါ်ပန်းသာက ခေါင်းကို အမြန်ညိတ်ပြလိုက်ရ၏။ မောင်ဝက–

"ဟာ… ကောင်းတာပေါ့… ဆာနေတာနဲ့ အတော်ပဲ"

မောင်ဝဆီက အမိန့်ရတာနှင့်တစ်ပြိုင်နက် ရွှေကြည်တို့ သားအမိမှာ 'နန်းတွင်းရတနာ' ကိုဒိုးယားဇာတ်လမ်းတွဲထဲက စားတော်ကဲကြီးတွေလို ပျာယာခတ်ကုန်ကြတော့သည်။

ဒေါ်ပန်းသာသည် ဟင်းချက်ကောင်းသူ ဖြစ်၏။ သားငါးအမြဲ မဝယ်နိုင်လို့သာ ဖြစ်သလို ချက်စားနေခဲ့ရခြင်း ဖြစ်၏။ ဟင်းကလည်း ကောင်း၊ ဗိုက်ကလည်း ဆာနေသဖြင့် မောင်ဝမှာ ပလုပ်



ပလောင်း စားလိုက်တာ… ထမင်းရော… ဟင်းပါ ပြောင်သွားသည်။ ငါးပေါင်းထုပ် လေးထုပ်မှာလည်း ဘယ်လိုက ဘယ်လို ဗိုက်ထဲ ရောက်သွားမှန်း မသိ။ ဒီတော့မှ သူ သတိရပြီး–

"ရွှေကြည်… နင်တို့ရော စားပြီးပြီလား"

"ပြီးမှ စားမယ်"

"ဟင်းကော… ကျန်သေးရဲ့လား၊ ထမင်းကော…"

ရွှေကြည်က ပြုံးပြီး–

"ကျန်ပါသေးတယ်"

မောင်ဝ ဆတ်ခနဲ ထပြီး မီးဖိုထဲ ဝင်သွားသည်။ ထမင်းအိုးကို လှန်ကြည့်သည်။ ကုန်ပြီ… ဟင်းအိုးကို ဖွင့်ကြည့်သည်။ ဟင်းအနှစ် အကာတ်အသတ်သာ ရှိတော့သည်။ သူ ခဏ တွေနေပြီးနောက် ချာခနဲ လှည့်ထွက်သွားသည်။

ရွှေကြည်သည် သူတို့ သားအမိအတွက် ထမင်းအိုး တစ်လုံး ထပ်တည်သည်။ ဟင်းကတော့ ဖြစ်သလိုပဲ။ ကိုမောင်ဝ မြိန်ရှက်ရေ စားသွားတာကိုသာ တွေးပြီး ကျေနပ်နေစဉ်–

"ရွှေကြည်…"

မောင်ဝ ခေါ်သံ ကြားသဖြင့် လှည့်ကြည့်တော့–

"ရော့… ဒါကို ချက်စားလိုက်"

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်သို့ တစ်စုံတစ်ခု ဘုတ်ခနဲ ပြုတ်ကျလာ၏။ ငါးရံ့ကြီး တစ်ကောင်...။

"ငါ အခုပဲ သွားဖမ်းလာတာဟ၊ ဒီကောင်ကြီး ငါတို့အိမ်ရှေ့က ရေမြောင်းထဲမှာ တိုးနေတာ ကြာပြီ"

ငါးရံ့ကြီးမှာ တဖျတ်ဖျတ် လူးလွန့်နေသည်။

"ဟင်... အရှင်ကြီး"

"ဒါများ ဘာခက်လို့လဲ"

ဆိုပြီး မောင်ဝက ထင်းချောင်းတစ်ချောင်းကို ကောက်ကိုင်လိုက်၏။ ရွှေကြည်က မောင်ဝ လက်ကို ဖမ်းကိုင်သည်။ ပြီးမှ ပြန်လွှတ်လိုက်ပြီး-

"သနားပါတယ် ကိုမောင်ဝရယ်... ပြန်လွှတ်လိုက်ပါ"

"ဟာ... ဘယ်ဖြစ်မလဲ၊ ငါက နင် စားစေချင်လို့"

"ကျွန်မအတွက်နဲ့ ကိုမောင်ဝ ငရဲကြီးမှာစိုးလို့ပါ၊ သွားပြန်လွှတ်လိုက်ပါနော်"

မောင်ဝ တွေနေသည်။ ရွှေကြည်က တောင်းပန်သော အကြည့်နှင့် ကြည့်နေသဖြင့် မငြင်းဆန်နိုင်တော့ဘဲ ငါးရံ့ကြီးကို ဆာလာအိတ် အဟောင်းတစ်လုံးထဲ ကောက်ထည့်ပြီး ထွက်သွားသည်။

ရွှေကြည်ကတော့... ဒီငါးရံ့ကြီးဟာ ပုံပြင်တွေထဲကလို ငါးနတ်သမီး ဖြစ်ချင်ဖြစ်နေမှာ၊ သူ့အသက်ကို လွှတ်လိုက်တဲ့အတွက်



ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ မိမိတို့ လက်ထပ်နိုင်ရေး ကိစ္စကို ကူညီချင် ကူညီမှာပဲ... ဟု စိတ်ကူးယဉ်ကြည့်နေမိ၏။

□

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ငါးနတ်သမီး မဟုတ်။ လှထုံသာ ဖြစ်လေ၏။ သူ၏ ထုံထုံအအ အူလည်လည်နိုင်မှုကပဲ အီလည်လည်ကြီးဖြစ်နေသော မောင်ဝနှင့် ရွှေကြည်တို့၏ ဇာတ်လမ်းကို ပြန်လည်လှုပ်ရှားသက်ဝင်လာစေခဲ့လေသည်။

တစ်ရက်မှာ ကျော်ကွန့် စက်ရုံမှ သူ့ဆရာ ငှားလိုက်သော စာအုပ်တစ်အုပ် ယူလာသည်။ 'မင်း ဒီလို စာအုပ်မျိုးတွေလည်း ဖတ်ကြည့်သင့်တယ်' ဆိုပြီး ပေးလိုက်ခြင်း ဖြစ်၏။ 'သိပ္ပံမောင်ဝ၏ ဝတ္ထု ဆောင်းပါးများ' အမည်ရှိ စာအုပ် ဖြစ်၏။ ကျော်ကွန့်သည် ထိုစာအုပ်ကို သဘောကျသွားပြီး လက်က မချနိုင်အောင် သဲကြီးမဲကြီး ဖတ်တော့သည်။ လှထုံက ထမင်းစားဖို့ လာခေါ်တာကိုတောင်-

"ပြီးမှ စားမယ်"

ဟု ပြောလိုက်သည်။ လှထုံက-



"ဘာစာအုပ်မို့ ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ"

ပြောရင်း စာအုပ်အဖုံးကို ငုံ့ကြည့်ပြီး-

"သိပ္ပံမောင်ဝ… ဟယ် ကြည့်စမ်း… မောင်ဝတောင် စာရေးဆရာ ဖြစ်နေပြီ၊ ဒါ မောင်ဝ ရေးတဲ့ စာအုပ်လား ဟင်… ကိုကျော်ကွန့်"

ကျော်ကွန့်မှာ စာအုပ်ထဲမှာ ပါသော အာမိတ်နှင့် လွှေဓော ခွေးနှစ်ကောင်အကြောင်းကို အလွန့်ဖတ်ကောင်းနေသဖြင့် အာရုံပျက်သွားမှာစိုးလို့ပဲလား… လှထုံ မေးတာကို သေသေချာချာ နားမထောင်ဘဲ ပြီးပြီးရော လုပ်လိုက်တာလားတော့ မသိ။

"အေး… ဟုတ်တယ်"

ဟု ပြောလိုက်သည်။

ကျော်ကွန့်က အမှတ်တမဲ့ နေလိုက်သော်လည်း လှထုံကတော့ တကယ် ယုံသွားသည်။ နောက်တစ်နေ့ ကျော်ကွန့် အလုပ်သွားနေချိန်တွင် စာအုပ်ကို ယူပြီး ရွှေကြည့်ဆီ သွားသည်။

"ရွှေကြည်ရေ… ဝမ်းသာစရာ ပြောဦးမယ်၊ မောင်ဝက စာရေးဆရာ ဖြစ်နေပြီတဲ့ သိလား"

ဆိုပြီး စာအုပ်ကို ပြသည်။

"ဟုတ်ပါ့မလား လှထုံရယ်… ကိုမောင်ဝက စိတ်ကြမ်းကိုယ်ကြမ်းနဲ့ဟာ၊ စိတ်ကူးယဉ်တတ်တဲ့လူလည်း မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဟုတ်ရမှာလဲ.. ကိုကျော်ကွန့်ကိုယ်တိုင် ပြောတာ"

"ငါ့ကိုတော့ ကိုမောင်ဝက ဘာမှ မပြောပါလား"

"တမင် အသိမပေးတာ နေမှာပေါ့၊ ငါ ထင်တာကတော့ စာရေးလို့ ရတဲ့ ပိုက်ဆံတွေကို ကျိတ်ပြီး စုနေတာ ဖြစ်မယ်။ ပြီးမှ နင် ရုတ်တရက် ဝမ်းသာသွားအောင် ဖွင့်ပြောပြီး အသိပေးမယ်၊ ရွှေကြည်… နင်တို့ လက်ထပ်ဖို့တော့ နီးပြီလို့ ငါ ထင်တယ်ဟ"

ဟု လှထုံက ဝမ်းသာအားရ ပြောသည်။

တကယ်တော့ ရွှေကြည်သည် ဒီလောက် တုံးတဲ့သူတစ်ယောက် မဟုတ်ပါ။ သို့ရာတွင် လူဆိုတာက မျှော်လင့်ချက်နှင့် မျှားလျှင် ဝေဝါးသွားတတ်သည်။ ယုံလောက်အောင် ပြောလျှင် ဟုတ်နိုးနိုး ထင်လာတတ်သည်။ အလိုဆန္ဒ ပြင်းပြနေသော အချိန်ဆိုလျှင် ပိုဆိုးသည်။ လူပေါင်း သန်းနဲ့ချီ ရှိတဲ့အထဲက သိန်းတစ်ထောင်ဆု ပေါက်မယ့်လူဟာ ငါပဲလို့ ထင်နေတဲ့သူကို အရူးလို့ ပြောမလား။ ဖယောင်းတိုင် တစ်တိုင်၊ သစ်ရွက် တစ်ရွက်၊ ပန်းတစ်ပွင့်၊ သစ်သီးတစ်လုံးကို ပါရှုဘွဲ့ထက် ပိုပြီး အားကိုးချင်နေသူတွေနှင့် ယှဉ်လျှင် ရွှေကြည် ဇဝေဇဝါ ဖြစ်သွားတာ ဘာဆန်းလို့လဲ။ ပြီးတော့ သူက မောင်ဝ ဆိုလျှင် ရှုတ်မိုက်ပြီး လွှတ်အထင်ကြီးတတ်တာ မဟုတ်လား။



ရွှေကြည်သည် လှထုံဆီက သိပ္ပံမောင်ဝ စာအုပ်ကို ခဏ ငှားသွားသည်။ မောင်ဝက သူ့သူငယ်ချင်းတွေ ဆိုရင်တော့ အသိပေးမှာပဲ…ဟု တွေးသည်။ ကျော်ကွန့်က အလုပ်သွားနေသည်။ ထို့ကြောင့် ပတေးဆီသို့ ထွက်လာခဲ့၏။

ပတေးက ပစ္စည်း အဝယ်ထွက်နေသဖြင့် ဆိုင်မှာ မရှိ။ ဘဲနူးကလည်း အလုပ်များနေသည်။ ဒါမျိုးက လူကြားထဲမှာ ပြောလို့ ကောင်းတာလည်း မဟုတ်။ ဒါနဲ့ ဖိုးနီ အလုပ်လုပ်ရာ ဦးကုလား ခေါက်ဆွဲစက်သို့ သွားပြန်သည်။ ဖိုးနီကို မတွေ့လျှင်လည်း ဦးကုလားကို မေးမည်ဟု စိတ်ကူးသည်။ တွေ့မယ့် တွေ့တော့လည်း တကယ့် ကောင်နဲ့မှ သွားဆုံသည်။

"ခေတ်ခဲ… ကိုဖိုးနီ ဘယ်သွားလဲ ဟင်"

"ဂျုံအိတ်တွေ သွားသယ်မလို့တဲ့၊ အမေနဲ့ အတူ ပါသွားတယ်၊ အစ်မရွှေကြည် ဘာကိစ္စရှိလို့လဲ"

"ဟို… အဲ… ဒီကိစ္စ"

ရွှေကြည်က လက်ထဲမှ စာအုပ်ကို ယောင်ပြီး မြှောက်ပြမိ၏။ ခေတ်ခဲက စာအုပ်ကို ကြည့်ပြီး-

"ဟာ… ကျွန်တော် အရမ်းဖတ်ချင်နေတဲ့ စာအုပ်ပဲ၊ ခဏ ငှားခဲ့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… နင်လည်း ဒီစာအုပ်အကြောင်း သိတယ်ပေါ့ ဟုတ်လား"

ရွှေကြည်က သူ့အဖေနှင့် သူမို့ ခတ်ခဲကိုတောင် အားကိုးချင်စိတ် ဝင်လာသည်။ ခတ်ခဲဆိုတာကလည်း သိပ်အကင်းပါးတဲ့ကောင်ပဲ။ ရေးကြီးသုတ်ပျာ ရောက်လာတဲ့ ရွှေကြည်ရယ်… သိပ္ပမောင်ဝ စာအုပ်ရယ်… တစ်ခုခုတော့ အဆက်အစပ် ရှိနေပြီ ဆိုတာ ရိပ်မိတာပေါ့။ ထို့ကြောင့်…

"သိတာပေါ့ဗျ… အစ်မကကော ဘယ်လို ထင်လို့လဲ"

ဟု စကားပြန်တောက်လိုက်သည်။ ရွှေကြည်က ဟို ဒီ ကြည့်ပြီး အသံခပ်အုပ်အုပ်ဖြင့်-

"ခတ်ခဲ… ငါ့ကို မှန်မှန်ပြောစမ်းပါ၊ ဒီစာအုပ်ဟာ ကိုမောင်ဝ ရေးတဲ့ စာအုပ်ဆိုတာ တကယ်ပဲလား"

ဒီလောက်ဆိုလျှင် ခတ်ခဲလိုကောင်အတွက် ချွန်တွန်းလုပ်ဖို့ လုံလောက်ရုံမက စိတ်ကူးသစ်တွေတောင် ထပ်ရသွားပြီ။

"သိပ်ဟုတ်တာပေါ့… တချို့ နေရာတွေမှာ ဘယ်လို ရေးရင် ကောင်းမလဲလို့ ကိုမောင်ဝက ကိုဖိုးနီနဲ့ တိုင်ပင်နေတာ ကြားဖူးတယ်၊ ဒါကြောင့် ဒီစာအုပ်ကို ကျွန်တော် သိပ်ဖတ်ချင်နေတာပေါ့"

"ကိုမောင်ဝက ဝတ္ထုရေးတတ်လို့လား"



"အစပိုင်းတော့ သိပ်မကျွမ်းကျင်ဘူးပေါ့၊ အဲဒါ ကျွန်တော်တို့ အဖေက ဝတ္ထုရေးနည်း သင်ပေးတယ်၊ ပြင်သင့်တာတွေလည်း ပြင်ပေးတယ်၊ တကယ်တော့ ကျွန်တော်တို့ အဖေကလည်း ဟိုတုန်းက စာရေးဆရာကြီးတစ်ယောက်ပဲကိုး"

"ဦးလေးဦးကုလားကလည်း စာရေးဆရာပဲ… ဟုတ်လား"

"ဟုတ်တယ်… တစ်ချိန်က နာမည်ကြီးပေါ့၊ ခဏနေဦး"

ဆိုပြီး အိမ်ရှေ့ ညေ့ခန်းထဲက မှန်ဗီရိုကို ဖွင့်ပြီး စာအုပ်ကြီး တစ်အုပ် ယူလာသည်။

"ဒါ ကျွန်တော်တို့အဖေ ရေးခဲ့တဲ့ စာအုပ်ပေါ့"

ဟု ပြောပြီး ရွှေကြည်ကို ပြသည်။

စာအုပ်က အကြီးကြီး… အထူကြီး… အနက်ရောင် သားရေဖုံးနှင့် ခံ့ညားစွာ ချုပ်ထားသည်။ အဖုံးပေါ်မှာ စာအုပ်အမည်ကို ရွှေရောင်စာလုံးဖြင့် ခတ်နှိပ်ထားသည်။

'ဦးကုလား ရာဇဝင်…'

□

www.burmeseclassic.com

www.burmeseclassic.com

သူတို့အိမ်သို့ ရေထည့်ပေးဖို့ မောင်ဝ၏ ရေစည်လှည်း ရောက်လာသောအခါ ရွှေကြည်သည် ဟန်တောင်မဆောင်နိုင်တော့ဘဲ သိပ္ပံမောင်ဝ စာအုပ်ကလေးကို ကိုင်ပြီး ပြေးထွက်သွားသည်။ မောင်ဝရှေ့ ရောက်ရောက်ချင်း-

"ဝမ်းသာလိုက်တာ ကိုမောင်ဝရယ်..."

ဟု အလောတကြီး ပြောလိုက်သည်။ မောင်ဝ ကြောင်သွားပြီး-

"ဘာကို ဝမ်းသာတာလဲဟ"

"ကိုမောင်ဝတို့များ တော်တော်နေနိုင်တယ်။ ကျွန်မကိုတောင် အသိမပေးဘူး"

"ဘာအသိပေးရမှာလဲ"

"ကွယ်မနေပါနဲ့၊ ကျွန်မ အကုန် သိပြီးပါပြီ၊ ကိုမောင်ဝက အခု စာရေးဆရာ ဖြစ်နေပြီ မဟုတ်လား"



"စာရေးဆရာ... ဟာ ဘာတွေလဲ"

မောင်ဝ စိတ်ရှုပ်သွားဟန်ဖြင့် ခေါင်းကုတ်သည်။ ရွှေကြည်က ပြုံးစစ လုပ်၍ မျက်စောင်းထိုးလိုက်ရင်း-

"လုပ်မနေနဲ့... ဒီမှာ သက်သေ အထောက်အထား ရှိပြီးသား"

ဆိုပြီး စာအုပ်ကို ပြလိုက်သည်။ မောင်ဝက-

"အဲဒါ... ငါနဲ့ ဘာဆိုင်လို့လဲ"

"သိပ္ပံမောင်ဝ ဆိုတာ ကိုမောင်ဝပဲ မဟုတ်လား"

"ဟာ... ပေါက်ပေါက်ရှာရှာ..."

"ဒါဖြင့်..."

"ရွှေကြည်... နင် ရူးနေပြီလား၊ ညှို့စာရင်းပုံစံတောင် မှန်အောင် မဖြည့်တတ်တဲ့ ကောင်၊ ယပင့်လား ရရစ်လား ဆိုတာကိုတောင် အကြာကြီး စဉ်းစားရတဲ့ ကောင်မျိုးက စာရေးဆရာ ဖြစ်နိုင်ပါ့မလား၊ သေသေချာချာလည်း စဉ်းစားကြည့်စမ်းပါဦး"

"ဒါဆို မဟုတ်ဘူးပေါ့"

"ဘာမှ မပတ်သက်ဘူး"

ရွှေကြည်မှာ ထင်ထားသလို မဟုတ်သဖြင့် စိတ်မာတ်ကျပြီး မျက်နှာလေး ငယ်သွားသည်။ မောင်ဝသည် မျက်မှောင်ကုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တွေတွေကြီး လုပ်နေသည်။ သူ့မျက်နှာထားသည် တဖြည်းဖြည်း တင်းမာလာပြီး–

"သြော်… ဒီလိုကိုး၊ ငါက စာရေးဆရာကြီးဖြစ်၊ ပိုက်ဆံတွေ အများကြီးရ၊ ဒီတော့မှ ခန်းမကြီး ငှားပြီး မင်္ဂလာဆောင်ကို ကြီးကြီးကျယ်ကျယ် စည်စည်ကားကား လုပ်၊ နင်က ဒီလို စိတ်ကူးယဉ်နေတာကိုး၊ နင့်စိတ်ထဲမှာ ငါ့လို ရေစည်လှည်း တွန်းတဲ့ကောင်နဲ့ ကြိုက်နေရတာကို ရှက်နေသလား၊ ဂုဏ်ငယ်တယ်လို့ ထင်နေတယ် မဟုတ်လား"

"မဟုတ်ရပါဘူး ကိုမောင်ဝရယ်… ကျွန်မက…"

"တိတ်စမ်း"

မောင်ဝက ရွှေကြည့် လက်မောင်းနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လိုက်ပြီး–

"နင်… နင် သိပ်ပြီး လင်လိုချင်နေလား ဟင်"

"အို… ကိုမောင်ဝရယ်.. ပြောရက်လိုက်တာ"

ရွှေကြည် အသံတွေ တုန်လာပြီး ငိုခနဲ မျက်ရည်ဝဲလာသည်။ မောင်ဝက ရွှေကြည့် ကိုယ်လုံးလေးကို ဆွဲယမ်းရင်း–

"ဒီမှာ ရွှေကြည်… နင် သိပ်ပြီး မင်္ဂလာဆောင်ချင်နေရင် ငါ့လို အောက်တန်းစားကောင်ကို မေ့လိုက်တော့ ဒါပဲ"



ရွှေကြည်ကို တစ်ချက် ဆောင့်တွန်းလိုက်ပြီး ချာခနဲ လှည့်ထွက်သွားသည်။ ရေစည်လှည်းကို ဝုန်းဒိုင်းကြဲအောင် တွန်းပြီး ထွက်သွား၏။

"ကျွန်မ တစ်သက်လုံး စောင့်ဆိုရင်လည်း စောင့်နိုင်ပါတယ် ကိုမောင်ဝရယ်"

ရွှေကြည် မျက်ရည် ပိုးပိုးပေါက်ပေါက် ကျလာသည်။

မောင်ဝသည် ရေစည်လှည်းကို တရကြမ်း တွန်းလာခဲ့သည်။

တကယ်တော့ သူသည် ရုတ်တရက် ဖြစ်ပေါ်လာသော ခံပြင်းစိတ်ကြောင့် ခုလို ရင့်ရင့်သီးသီး ပြောခဲ့မိခြင်း ဖြစ်၏။ လမ်းရောက်မှ စဉ်းစားကြည့်တော့ သူ ဒီလောက် အနိုင်မကျင့်သင့်ကြောင်း သဘောပေါက်သွားသည်။

ရွှေကြည်သည် တစ်စုံတစ်ယောက်က နောက်ပြောင်လိုက်တာကို တကယ်မှတ်ပြီး အားတက်သရော ပြောခဲ့မိခြင်း ဖြစ်၏။ ခုနေခါ ရွှေကြည်တစ်ယောက် ဘယ်လောက် ဝမ်းနည်းကြေကွဲနေရှာလိမ့်မလဲ။ စင်စစ် ဒီလို ဖြစ်နေရတာဟာ ရွှေကြည်ကြောင့် မဟုတ်။ ရွှေကြည်မှာ လုံးဝ အပြစ်မရှိ။ အပြစ်မကင်းသူက မိမိကိုယ်တိုင်သာ ဖြစ်၏။ ရွှေကြည်ကို တင့်တင့်တယ်တယ် လက်ထပ်ယူနိုင်သော အစွမ်းအစ မရှိတဲ့ကောင်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် နှစ်ပေါင်းများစွာ ကြာအောင် လျစ်လျူရှုထားခဲ့သော စိတ်အခြေအနေ တစ်ခုကို ပြန်လည်ခံစားလာရသည်။ ဝမ်းနည်းလာခြင်းပင် ဖြစ်၏။ မောင်ဝ ဆိုတဲ့ကောင်ဟာ ကုန်ဈေးနှုန်းက လွဲရင် ဘယ်သူ့မှ မကြောက်ဘူးဟု ကြွေးကြော်ခဲ့ဖူးသည်။ လက်မြန်လွန်းလို့လည်း ဆရာတော်ဘုရားကြီးကတောင် လက်သီး အလှူခံထားရသူ ဖြစ်သည်။

ခုတော့ သူ ကြောက်ရမယ့် အရာတစ်ခု ရှိနေသေးကြောင်း ဝန်ခံလိုက်ရပြီ။

ရွှေကြည်… ရွှေကြည်ကို ကြောက်တာတော့ မဟုတ်။ ရွှေကြည်နှင့် ခွဲရမှာကို ကြောက်ခြင်းသာ ဖြစ်၏။ ရင်ထဲသို့ စိုးရိမ်ပူပန်မှုတွေ ဝင်ရောက်လာသည်။

သူ့ကိုယ်သူ ပြန်သတိထားမိသော အချိန်တွင် ရေစည်လှည်းကို ဘီးလိမ့်ရုံသာ တွန်းနေမိကြောင်း သိလိုက်ရသည်။

"မောင်ဝ… ဟေ့ကောင် မောင်ဝ"

သူ့နာမည် ခေါ်သံလိုလို ကြားရသည်။ လှည့်ကြည့်ဖို့ သတိမဝင်သေး။

"ဟေ့ကောင်လေး မောင်ဝ"

ဒီတော့မှ သူ လှည့်ကြည့်သည်။ အိမ်ရှေ့မှာ ထွက်ရပ်ရင်း လှမ်းခေါ်နေသော ဦးကုလားကို မြင်လိုက်ရသည်။



"ဘယ်လို ဖြစ်တာလဲကွ၊ ဘာတွေ စဉ်းစားလာတာလဲ၊ ငါ ခေါ်တာတောင် မကြားဘူး၊ သုံး လေးခါ ရှိပြီ"

"ဘာမှ မဖြစ်ပါဘူး ဦးလေးရာ"

မောင်ဝ ခုလို ငိုင်တွေတွေ ဖြစ်နေတာ ထူးဆန်းသဖြင့် အကြောင်းတစ်ခုခု ရှိရမယ်ဟု တွေးမိပြီး-

"အိမ်ပေါ် တက်ပါဦးကွာ၊ ရေနွေးကြမ်းလေး ဘာလေး သောက်ရအောင်"

မောင်ဝ ခဏစဉ်းစားပြီးမှ အိမ်ပေါ် တက်လိုက်လာသည်။ ဦးကုလားက ဓာတ်ဘူးထဲမှ ရေနွေးကြမ်းကို ငှဲ့ပေးလိုက်ပြီး-

"ကဲ… ငါ့ကို မှန်မှန်ပြောစမ်း၊ မင်း ဘာဖြစ်လာသလဲ"

မောင်ဝက မဖြေ။

"ဘာလဲကွ… ရွှေကြည်နဲ့ အဆင်မပြေ ဖြစ်လာလို့လား"

ရွှေကြည် ဆိုသော စကားလုံးကြောင့် မောင်ဝ စိတ်လှုပ်ရှားသွားသည်။ တစ်ယောက်ယောက်ကို ရင်ဖွင့် ပြောပြလိုက်ချင်သော ဆန္ဒလည်း ပေါ်ပေါက်လာသည်။ ထို့ကြောင့် ဖြစ်ပျက်ပုံကို ဦးကုလားအား ပြောပြလိုက်သည်။

"ဖြစ်မှ ဖြစ်ရလေကွာ"

ဦးကုလားမှာ ရယ်တောင် မရယ်ရက်တော့။ ရွှေကြည့်ကို သနားပြီး စိတ်မကောင်းဖြစ်သွားသည်။ ထိုစဉ်တွင် ခေါ်ခင်သည် ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဝင်ထိုင်သည်။ စောစောက မောင်ဝ ပြောပြတာကို အတွင်းခန်းထဲက ကြားနေခဲ့ရသောကြောင့် ရောက်လာခြင်း ဖြစ်၏။

"အဲဒီကိစ္စ ချောက်တွန်းလိုက်တာ ဘယ်သူလဲ သိလား၊ ရှင့်သား ဓာတ်ခဲပဲ"

"ဟော… အင်း… ထင်တော့ ထင်သား၊ ဒါမျိုး လုပ်တတ်တာ ဒီကောင်ပဲ ရှိတာပဲ"

"အဲဒီတော့ ဒီကိစ္စ ရှင့်မှာလည်း တာဝန်ရှိတယ်"

"ဒီတော့ ငါက ဘာလုပ်ရမလဲ"

"ရေစည်လှည်းကိစ္စတုန်းကလို စီစဉ်ပေးလိုက်ပေါ့"

ဒေါ်ခင်တီ ဘာကို ဆိုလိုမှန်း သဘောပေါက်သဖြင့် ဦးကုလားက မောင်ဝဘက် လှည့်ပြီး-

"ကဲ… မောင်ဝ ငါ ပြောမယ်၊ မင်းနဲ့ ရွှေကြည်နဲ့ လက်ထပ်လိုက်ကြတော့၊ မင်္ဂလာဆောင်ဖို့ ငါ ပိုက်ဆံ ထုတ်ချေးမယ်။ နောက်မှ ဖြည်းဖြည်းချင်းပြန်ဆပ်၊ ရေစည်လှည်းတုန်းကလိုပေါ့ကွာ"

"ဟာ… မင်္ဂလာဆောင်ရင် ငွေက မနည်းဘူး ကုန်မှာ၊ ပြန်ဆပ်ဖို့ မလွယ်ဘူး"

ဒေါ်ခင်တီက ဝင်ပြောသည်။

"မင်းက သဘောမပေါက်သေးဘဲကိုး၊ မင်္ဂလာဆောင်ဆိုတာ ပိုက်ဆံကုန်သလို ပိုက်ဆံလည်း ပြန်ရတာပဲ၊ လက်ဖွဲ့ငွေထဲ



က တချို့တစ်ဝက်ကို ခွဲပြီး ပြန်ပေးလိုက်ရင် တော်တော်များများ ကြွေးကျေသွားမှာပေါ့ကွယ့်"

မောင်ဝ ငြင်းမည်ပြုပြီးမှ ညှိုးငယ်နေသော ရွှေကြည့် မျက်နှာလေးကို ဖျတ်ခနဲ မြင်ယောင်မိသဖြင့်-

"ဒါဆိုလည်း ဦးလေးတို့ ဒေါ်ဒေါ်တို့ သဘောပါပဲ"

□

www.burmeseclassic.com

www.burmeseclassic.com

မောင်ဝနှင့် ရွှေကြည်တို့ မကြာခင် လက်ထပ်တော့မည်ဆိုသော သတင်းကို ကြားသောအခါ တစ်ရပ်ကွက်လုံး ဝမ်းသာကြသည်။

ဒေါက်တာတုတ်နိုင်က သတို့သားဝတ်စုံအတွက် တာဝန်ယူမည်ဟု အဆိုပြုသည်။ ပတေး၊ ကျော်ကွန့်၊ ဉာဏ်စိန်၊ ဖိုးနီနှင့် ပွကြီးတို့က စုပေါင်းပြီး ဆောင်၊ ခြင်ထောင်၊ ခေါင်းအုံးများ လက်ဖွဲ့ကြမည်။ ဦးကုလားနှင့် ဒေါ်ခင်တီတို့က မွေ့ရာ ဝယ်ပေးမည်။

ဓာတ်ခဲတို့ အုပ်စုကတော့ ထုံးစံအတိုင်း ထူးထူးခြားခြား ကြံစည်ကြသည်။ ရပ်ကွက်ထဲမှာ တစ်အိမ်တက်ဆင်း လိုက်ပြီး မင်္ဂလာဆောင်အတွက် လက်ဖွဲ့ငွေကို ကြိုတင်ကောက်ခံကြခြင်းပင် ဖြစ်၏။

"ကြံကြံဖန်ဖန်တော်… လက်ဖွဲ့ငွေကို မီးကင်းကြေးလို လိုက်ကောက်ရတယ်လို့"



ဟု စာဒကတက်ချင်သူ တချို့ ရှိသော်လည်း အများစုကတော့ လိုလိုလားလားပင် ပုံမှန်ထက်တောင် နည်းနည်း ပိုပိုသာသာ ထည့်ကြသည်။ နောက်တော့ ဦးကုလား သိသွားသဖြင့် ဟန့်တားလိုက်ရသည့်တိုင် သူတို့လက်ထဲမှာ ငွေ တစ်သောင်းခွဲကျော် နှစ်သောင်းနီးပါး ရရှိသွားကြသည်။

မြန်မာ့ဓလေ့ထုံးစံအတိုင်း တောင်းရမ်းစေ့စပ်ပွဲလေး လုပ်ဖို့လည်း စီစဉ်ကြသည်။ ရွှေကြည်တို့ အိမ်မှာ သေးသေးလေး ဖြစ်ပြီး ညှိခန်းရယ်လို့လည်း သတ်သတ်မှတ်မှတ် မရှိ။ ထို့ကြောင့် အိမ်ရှေ့ကွပ်လပ်မှာပင် ဦးကုလား အိမ်မှ ငှားထားသော ဆက်တီ ကုလားထိုင်တွေ ချပေးထားသည်။ ပတေးက လက်ဖက်ရည်တိုက်မည်။ ကျန်တဲ့ သူငယ်ချင်းများက ကိတ်မုန့်တွေ ဝယ်လာကြ၏။

မောင်ဝဘက်က အုပ်ထိန်းသူ လူကြီးများအဖြစ် ဦးကုလားနှင့် ဒေါ်ခင်တီတို့ လိုက်ပါလာကြသည်။ ဒေါက်တာတုတ်နိုင်ကိုလည်း ဂုဏ်သရေရှိ ရပ်မိရပ်ဖ သဘောထားပြီး ခေါ်လာခဲ့သည်။ သူတို့ ရောက်ရှိသွားသောအခါ စားပွဲထိပ်တည့်တည့်မှာ မိန့်မိန့်ကြီး ထိုင်နေသော ဦးဖိုးမြော့ကို တွေ့ကြရလေသည်။

မောင်ဝသည် သူငယ်ချင်းတွေ အတင်းအကျပ် ဆင်မြန်းပေးလိုက်သော အဝတ်အစား အသစ်များကြောင့် မနေတတ် မထိုင်တတ် ဖြစ်နေ၏။ သူက အင်္ကျီချွတ်နှင့်သာ အနေများပြီး စွပ်ကျယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



သာ အလွန်ဆုံး ဝတ်လေ့ရှိသူ။ ထို့ကြောင့် လူနှင့် အင်္ကျီ သပ်သပ်စီ လို ဖြစ်နေသည်။ ဝင်လာခါစတုန်းက ရွှေကြည်တောင် ရုတ်တရက် မမှတ်မိဘဲ ဖြစ်သွားရသေးသည်။

ရွှေကြည်ကတော့ ဘာနေးတို့၊ မလုံးတို့ ပြင်ဆင်ပေးထားသဖြင့် အတော်ပင် ကြည့်လို့ကောင်းနေလေသည်။

ဒီလိုပွဲမျိုးမှာ မပါလျှင် မပြီးဘူးဟု သူ့ကိုယ်သူ ယူဆထားသော ကိုကြီးငွေက အခမ်းအနားမှူး ပုံစံမျိုးဖြင့် ထရပ်လိုက်သည်။ တိုက်ပုံအင်္ကျီကို ဆွဲဆန့်သည်။ ဘာမှ မပြောသေးဘဲ (မသီး၏ လိုလိုလားလား ခွင့်ပြုချက်အရ) ပတ်ထားသော လက်ပတ်နာရီကို ကြည့်ပြီး အချိန်မှတ်သလို လုပ်နေသည်။ ပြီးမှ–

"ကြွရောက်လာကြတဲ့ ညှော်ပရိသတ်များ ခင်ဗျား… အခုဆိုရင် နှစ်ဖက်သော ဂုဏ်သရေရှိ လူကြီးမင်းများနှင့်တကွ သတို့သားလောင်း သတို့သမီးလောင်းတို့ဟာ ဖုံကတ္တီပါမှာ စုံညီစွာ ရောက်ရှိနေကြပြီ ဖြစ်တဲ့အတွက် နေ့စပ်မင်္ဂလာပွဲကြီးကို ဖွဲ့ချီးကျင်းပဖို့ အချိန်အခါသင့်ပြီ ဖြစ်ကြောင်း လေးစားစွာ ကြေညာအပ်ပါတယ် ခင်ဗျား"

မောင်ဝမှာ စိတ်ကျဉ်းကျပ်နေရာမှ ထွက်ပေါက်ရသွားပြီး ဘုမသိဘမသိ လက်ခုပ်ထတီးသည်။ ဉာဏ်စိန်တို့ ပွဲကြီးတို့လည်း လိုက်တီးကြ၏။



ဒေါ်ခင်တီက ဦးကုလားကို စကား စ,ပြောတော့လေ… ဆိုသော သဘောဖြင့် မျက်ရိပ်ပြလိုက်၏။ ဦးကုလားက–

"သိပ်တွေတွေထူးထူး ပြောနေစရာတော့ မလိုပါဘူးလေ၊ ဒီကလေးတွေ ကျုပ်တို့ မျက်စိရှေ့တင် ကြီးလာကြတာပဲ၊ အားလုံး အကြောင်းသိတွေပဲဟာ… ဒါကြောင့် ဟောဒီက မောင်ဝကို သမီး ရွှေကြည်နဲ့ သဘောတူပေးဖို့ မိသားဖသားပီပီ တောင်းရမ်းပါတယ်ဗျာ"

မောင်ဝသည် လက်ခုပ် ထပ်တီးမည်ပြုပြီးမှ ကိုကြီးငွေက မသိမသာ ခေါင်းခါပြသဖြင့် ငြိမ်နေလိုက်ရသည်။

ဒီတစ်ခါတော့ မိန်းကလေးရှင်ဘက်မှ တုံ့ပြန် ပြောကြားရမည့် အလှည့် ဖြစ်၏။ ဦးဖိုးဖြေသည် ဆက်တီမှာ ကျောမှီ ထိုင်နေရာမှ ကိုယ်ကို မတ်လိုက်သည်။

"အဟမ်း…"

ဟု ချောင်းတစ်ချက် ဟန့်လိုက်၏။ အလှူခံမဏ္ဍပ်မှာ ပြောနေကျမို့ အကျင့်ပါပြီး မိုက်ကရိုဖုန်း စမ်းသလို 'ဝူး ဝူး' ဟု လေနှစ်ချက် မှုတ်လိုက်မိသေးသည်။ ပြီးမှ–

"အိမ်း… ခုလို မင်္ဂလာရှိတဲ့အချိန် ပရိသတ်များလည်း စုံသခိုက်မှာ ခေတ်လူငယ်တွေ ဗဟုသုတရရှိစေခြင်းအလို့ငှာ သိမှတ်ဖွယ်ရာလေးတွေ ပြောပြရသေးတာပ"

"ဒီလူ လေရှည်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးကုလားက ခပ်တိုးတိုး ရေရွတ်သည်။ ဒေါ်ခင်တီက ပေါင်ကို တို့ပြီး သတိပေးလိုက်၏။ ဦးဖိုးဖြော စကားဆက်သည်။

"တို့ မြန်မာ ထုံးတမ်းအစဉ်အလာမှာ မင်္ဂလာ ဆယ့်နှစ်ပါး ရယ်လို့ ရှိတယ်ကွယ်၊ အဲဒါတွေကတော့ ဒေါ်ဇွာကရဏ ဆိုတဲ့ ပုခက်တင်မင်္ဂလာ၊ နာမကရဏ ဆိုတဲ့ နာမည်ပေး ကင်ပွန်းတပ်မင်္ဂလာ၊ ကဏ္ဏဝိဇ္ဈန ဆိုတဲ့ နားသမင်္ဂလာ၊ အဲ... ပြီးတော့ ဟိုဒင်း..."

ဦးဖိုးဖြောမှာ ဆက်ပြောဖို့ မေ့သွားသဖြင့် ထစ်ငေါ့နေစဉ် ဦးကုလားက ဝင်၍-

"ပဗ္ဗဇ္ဇမင်္ဂလာ"

ဟု ထောက်ပေးလိုက်သည်။ ဦးဖိုးဖြောသည် နည်းနည်း အောင့်သက်သက် ဖြစ်သွားသော်လည်း ဣန္ဒြေမပျက်အောင် ထိန်းလိုက်ရင်း-

"အဲ... ဟုတ်တယ်... အဲဒါကတော့ ရှင်ပြုမင်္ဂလာပါ၊ ပြီးတော့ ဟိုဒင်း..."

ဆိုပြီး နှောင့်နှေးနေပြန်သည်။ ဦးကုလား ထောက်ပေးရန် ဟန်ပြင်လိုက်စဉ်မှာပဲ ဦးဖိုးဖြောက သတိရသွားသဖြင့် အလျှင်အမြန်-

"နောက်တစ်ခုကတော့ အာဝါဟ... ဝိဟာရ..."

"ဝိဝါဟပါဗျာ..."

ဦးကုလား ဝင်ပြောတော့-



"သိပါတယ်ဗျ၊ လျှာခလုတ်တိုက်သွားလို့ပါ၊ အဲဒါကတော့ စေ့စပ်ထိမ်းမြားမင်္ဂလာပဲပေါ့"

"မှန်လိုက်လေဗျာ... မှတ်သားလောက်ပါတယ်"

ဦးကုလားက ပြောလိုက်သည်။ ဒီလူတော့ ငါ့ကို လုပ်နေပြီ၊ ငါ့ရဲ့ ပညာစွမ်းကို ကျောင်းမှန်းကန်မှန်း သိအောင် ပြမှပဲ...ဟု ဦးဖိုးဖြော တွေးလိုက်ပြီး-

"ကဲ ကဲ... မောင်ဝ၊ မင်းဟာ ရေစည်လှည်းတွန်းတဲ့ အလုပ်ကို လုပ်တယ်နော်"

"ဦးလေး အမြင်ပဲဟာ"

မောင်ဝက စိတ်မရှည်သော လေသံဖြင့် ပြောသည်။ ဦးဖိုးဖြော ခေါင်းဆတ်လိုက်ပြီး-

"အေး... ရေရောင်းတယ်၊ တစ်နည်းအားဖြင့် ရေသည်ပေါ့ ကွာ၊ ဟုတ်ကဲ့လား"

ဘယ်သူကမှ စကားမပြန်သော်လည်း-

"ဟုတ်ပြီ... ဒီတော့ကာရင်... ကြုံတုန်းမှာ မောင်ဝနဲ့ ကိုက်ညီတဲ့ ရေသည်ပြဇာတ် ဆိုတာကို ပြောပြမယ်"

ဦးကုလားက တစ်စုံတစ်ခု လှမ်းပြောမည်ပြုစဉ် ဒေါ်ခင်တီက လက်ကုတ် ဟန့်တားလိုက်ပြန်သည်။ ဦးဖိုးဖြောမှာ ဒီအတိုင်း ထိုင်နေရတာကို အားမရတော့တဲ့ ဆက်တီပေါ် တင်ပျဉ်ခွေ ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဟု အစချီလိုက်ပြီး-

"ရှေးသရောအခါကပေါ့… ဗာရာဏသီပြည်မှာ ရေသည်ယောက်ျား တစ်ယောက် ရှိသတဲ့၊ အဲဒီရေသည်ဟာဖြင့်ဆိုရင် အင်မတန်ဆင်းရဲဆိုကိုး၊ ဘယ်လောက်ထိ ဆင်းရဲသလဲ ဆိုတော့ ထမင်းတောင်နပ်မှန်အောင် မစားရပုံကို ငါးသန်သေးနပ်၊ ရေလုံပြုတ်ကို တလုတ်ကယ် ဝဝ၊ စားလိုက်ရလျှင် အာဂပါးစပ် လူဖြစ်ကျိုးနပ်ရှောင့်… လို့တောင် ဖွဲ့ဆိုထားရတယ်"

မောင်ဝသည် သူ ဝတ်ထားသော အဝတ်အစားအသစ်များကို ငုံ့ကြည့်သည်။ ဦးကုလား လှုပ်လှုပ်ရွရွ ဖြစ်လာ၏။ ဦးဖိုးဖြော့က ဆက်ပြောသည်။

"အလားတူပဲ… ရေသည် မိန်းမတစ်ယောက်လည်း ရှိသေးတယ်၊ သူကလည်း ဆင်းရဲတွင်းနက်လှပုံကို ဘယ်လို သရုပ်ဖော်ထားသလဲ ဆိုတော့…"

ဓာတ်ဟန်ပါပါ အသံနေ အသံထားဖြင့်-

"ဆံထုံးတော်ကြီး တမာသီးနှင့် ခါးစည်းဝတ်လဲ၊ ချုပ်စပြဲကို၊ တည်းအစ်နှင့်တွယ်၊ မြင်မြင်သမျှ စိတ်ပျက်အောင် လှပါတဲ့မရေသည်…တဲ့၊ ဟုတ်ကဲ့လား… ရွှေကြည်"

ရွှေကြည်လည်း ယောင်ချာချာဖြင့်-



"ဟုတ်ကဲ့…"

ဟု ဖြေသည်။ ဦးဖိုးဖြော့က အားတက်လာပြီး-

"ဒီတော့ အဲသလို ဆင်းရဲလှတဲ့ ရေသည်ယောက်ျားနဲ့ မိန်းမတို့ဟာ တစ်နေ့သ၌တော့…"

"တော်ပါတော့ ကိုဖိုးဖြော့… ခင်ဗျား တော်တော် တရားလွန်နေပြီ"

ဦးကုလားက ဝင်၍ ဟန့်တားလိုက်သည်။ ဦးဖိုးဖြော့က-

"ဘာလဲဗျ… ကလေးတွေ ဗဟုသုတ ရအောင် ပြောပြနေတာ"

"ပြောစရာ ဒီလောက် ရှားသလားဗျ၊ ဒီရေသည်ပြဇာတ်ကိုမှ ရွေးပြောရသလား၊ ခင်ဗျားဟာက သက်သက်ချိုးနှိမ် စော်ကားနေတာပဲ"

"ဒါ… ဘုရားဟော ဇာတ်တော်ဗျ၊ ခင်ဗျား စကားပြောတာ သတိထား ပြော"

ဒေါ်ခင်တီက တံတောင်နှင့် တွက်ပြီး သတိပေးသော်လည်း မရတော့။ ဦးကုလား စိတ်မထိန်းနိုင်တော့ဘဲ-

"ခင်ဗျား ဇာတ်တော် ဘယ်နှပုဒ် ဖတ်ဖူးသလဲ၊ မဂ်လာဆယ့်နှစ်ပါးတောင် ကပေါက်တိ ကပေါက်ချာ ပြောနေရတဲ့လူ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ခင်ဗျားလို စာတွေ့သက်သက်နဲ့ လေကျယ်နေတာ မဟုတ်ဘူး၊ ခင်ဗျားသာ စာအုပ်တွေကြားထဲ ခေါင်းစိုက်ပြီး အလုပ်မဖြစ်တာ"

"အမယ်... ပညတ်နဲ့ ပရမတ်တောင် ခုထိ မခွဲနိုင်သေးတဲ့ လူကများ"

"ဒါဆို... ခင်ဗျားနဲ့ ကျုပ် အခုပဲ သမာဓိအားချင်း လက်တွေ့ပြိုင်ပြီး စမ်းသပ်ကြည့်ရအောင်"

"စိန်လိုက်လေဗျာ..."

ဒေါ်ပန်းသာမှာ မျက်စိမျက်နှာ ပျက်နေပြီ။ ရွှေကြည်လည်း မျက်လုံးလေး ကလယ်ကလယ် ဖြစ်နေရပြီ။ ဒေါ်ခင်တီလည်း တံတောင်နှင့် တွက်ပြီး သတိပေးရလွန်းလို့ လက်တွေ ညောင်းနေပြီ။ ကျန်သူတွေလည်း သူ့ ငါ ကြည့်၊ ငါ့ သူ ကြည့်နဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေပြီ။ ဦးကုလားလည်း 'ကိုင်း...' ဆိုပြီး ဆက်တီပေါ် တင်ပျဉ်ခွေလိုက်ထိုင်ပြီ။ ထိုစဉ်မှာပင် နဂိုကမှ စိတ်ကျဉ်းကျပ်နေသော မောင်ဝသည် ဝုန်းခနဲ ထရပ်လိုက်သည်။

"တော်ပြီဗျာ... ဘာတွေမှန်းလည်း မသိဘူး၊ ကျုန်တော် သွားတော့မယ်"

ဟု ပြောပြီး ရုတ်တရက် ထွက်သွား၏။

"ဟာ... ဟေ့ကောင် နေဦး"



ပတေးက လှမ်းဆွဲသော်လည်း ရုန်းပြီး ပတေးကို ဆောင့်တွန်းသွားသဖြင့် ယိုင်လဲမလို ဖြစ်ကျန်ခဲ့သည်။ မောင်ဝသည် ဝတ်ထားသော အင်္ကျီအသစ်ကို ဆွဲချွတ် လုံးချေ လွှင့်ပစ်ပြီး ခြေလှမ်းကျဲကြီးနှင့် ထွက်သွားသည်။

ဒီလိုနှင့် စေ့စပ်ကြောင်းလမ်းပွဲမှာ တိုးလိုးတန်းလန်းကြီးနှင့် မပြီးမပြတ် ဖြစ်ကျန်ခဲ့လေသည်။

အပြန်လမ်းတစ်လျှောက်လုံးမှာ ဒေါ်ခင်တီက ဦးကုလားကို အပြစ်တင်လာသည်။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ ဟင်"

"ငါက စ,တာ မဟုတ်ဘူး၊ ဟိုလူက သည်းမခံနိုင်အောင် တရားလွန်တာ၊ ဘယ့်နှယ်ဗျာ... သူ့ကို ကွက်စိပ်ယောဖို့ ပင့်ထားတာ ကျနေတာပဲ၊ ပြီးတော့ ရေသည်ပြဇာတ်တဲ့၊ မောင်ဝ မျက်နှာ ဘယ်နား သွားထားမလဲ၊ ဒီလိုပွဲမှာ ဒီအကြောင်း ပြောစရာလား"

"ရှင်တို့ လုပ်တာနဲ့ ကြားထဲက ကလေးတွေ ဒုက္ခရောက်တော့မယ်၊ စေ့စပ်ပွဲလည်း ပျက်သွားပြီ"

"အိုကွာ... မနက်ဖြန်ကျရင် ငါကိုယ်တိုင် ဒေါ်ပန်းသာဆီ သွားပြီး အနူးအညွတ် တောင်းပန်မယ်၊ ကလေးတွေကိစ္စ မဖြစ်ဖြစ်အောင် စီစဉ်ပါ့မယ်၊ ဟိုလူ့ကိုတော့ အလျှော့မပေးနိုင်ဘူး"

□

www.burmeseclassic.com

www.burmeseclassic.com

ရွှေကြည်သည် တစ်ချိန်လုံး တရှုတ်ရှုတ် ငိုနေသည်။ အဝတ်အစားလည်း မလဲ။ ဘာမှလည်း မစား။ ဒီလောက် အချိန်တွေ အကြာကြီး စောင့်ခဲ့ပြီးလို့ အဆင်ပြေပြီ ထင်တဲ့အချိန်ကျမှ ခုလိုဖြစ်ရသည်။ ဒေါ်ပန်းသာသည်လည်း ရွှေကြည့်အဖြစ်ကို ကြည့်ပြီး ယူကျုံးမရ တဖျစ်တောက်တောက်။

"ငါကိုက အသုံးမကျတာပါ၊ မုဆိုးမသားအမိမို့ ကိုယ့်ဘက်က ဂုဏ်မငယ်ရအောင် လူကြီးတစ်ယောက်တော့ ရှိသင့်တယ် ဆိုပြီး ဦးဖိုးခြောကို ခေါ်ထားမိတာ ငါးပါးမှောက်တာပဲ၊ တော်ပြီ တော်ပြီ၊ သိက္ခာတွေ ဘာတွေ ငဲ့မနေတော့ဘူး၊ ငါ့သမီး စိတ်ချမ်းသာဖို့က အရေးကြီးတယ်၊ နက်ဖြန်ကျရင် အမေကိုယ်တိုင် ဦးကုလားဆီ သွားပြီး မင်္ဂလာဆောင်ကို ဖြစ်အောင် လုပ်ပေးဖို့ တောင်းပန်မယ်၊ ဟုတ်ပြီလား၊ ကဲ ကဲ... ညဥ့်လည်း နက်လှပြီ၊ အိပ်တော့နော်"



ဟု ဖျောင်းဖျသော်လည်း ရွှေကြည်က ခေါင်းသာ တွင်တွင် ခါနေသည်။

ထိုစဥ်မှာ တံခါးကို အပြင်မှ တဘုံးဘုံး ထုသံ ကြားလိုက်ရ၏။

"အရေးထဲမှာ ဧည့်စာရင်း လာစစ်ပြန်ပြီ ထင်တယ်"

ဟု ဒေါ်ပန်းသာက ရေရွတ်ပြီး-

"ဘယ်သူလဲ" ဟု အော်မေးသည်။

"ကျွန်တော်... မောင်ဝ"

"ဟင်... ကိုမောင်ဝ"

ရွှေကြည်သည် တံခါးဆီသို့ ပြေးသွား၏။ အကြာကြီး ထိုင်နေခဲ့ရလို့ ခြေထောက်တွေ ထုံကျဥ်ပြီး ထော့နဲ့ ထော့နဲ့ ဖြစ်နေတဲ့ကြားက တံခါးကို ဖွင့်ပေးလိုက်သည်။ မောင်ဝက အိမ်ထဲသို့ ခြေလှမ်းကျဲနှင့် ဝင်လာပြီး ရွှေကြည့်လက်ကို ဆုပ်ကိုင် ဆွဲယူလိုက်သည်။

"လာ... ရွှေကြည်"

"ဘာလုပ်မလို့လဲ ကိုမောင်ဝ"

"နင့်ကို ငါ ခိုးပြေးမလို့"

"ရှင်..."

"ဟုတ်တယ်၊ ဒီလိုမှ မလုပ်ရင် ကိစ္စက ပြီးမှာ မဟုတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပန်းသာမှာ အံ့သြလွန်းသဖြင့် မျက်လုံးပြူးသွားပြီး-

"ဟင်... ဒီလိုတော့ ဘယ်ဖြစ်..."

"အမေ..."

ရွှေကြည်က ခေါ်လိုက်သည်။

"ကျွန်မ ကိုမောင်ဝနဲ့ လိုက်သွားတော့မယ်၊ ဒီတစ်ခါတော့ အလွဲမခံနိုင်တော့ဘူး"

ဟု ပြောပြီး ခေါ်ပန်းသာကို ထိုင်ကန်တော့သည်။ မောင်ဝမှာ ကုန်းကုန်းကွကွ လုပ်နေသဖြင့် ရွှေကြည်က လက်ကို ဆွဲလိုက်မှ သူလည်း ထိုင်ကန်တော့လိုက်သည်။ ခေါ်ပန်းသာမှာ... အိုအောင်မင်း အောင် ပေါင်းရပါစေ...လို့ပဲ ဆုပေးရမလား၊ ခလုတ်မထိ ဆူးမငြိ ပါစေနဲ့...လို့ပဲ ဆိုရမလား ယောင်ချာချာ ဖြစ်နေပြီးမှ-

"တဘက်ကလေးတော့ ယူသွားဦး၊ အပြင်မှာ အေးတယ်"

ဟု ပြောလိုက်သည်။

မောင်ဝနှင့် ရွှေကြည်တို့ အိမ်က ထွက်လာပြီး ခပ်လှမ်းလှမ်း အရောက်မှာ ပတေး၊ ကျော်ကွန့်၊ ဖိုးနီ၊ ညဏ်စိန်၊ ပွကြီးတို့နှင့် သွားဆုံသည်။ ဖိုးနီက-

"ငါ ပြောတယ် မဟုတ်လား၊ ဒီအတိုင်းပဲ ဖြစ်ရမယ်လို့"

"မင်းတို့က ဘယ်လိုလုပ် သိတာလဲ"



မောင်ဝက မေးသည်။ ဖိုးနီက ရှင်းပြသည်။

"မင်းအိမ်ရှေ့မှာ တစ်ချိန်လုံး ထိုင်ပြီး တွေတွေကြီး လုပ်နေကတည်းက တစ်ခုခု ပြတ်ပြတ်သားသား လုပ်တော့မယ် ဆိုတာ တွက်လို့ရတယ်၊ ဒါကြောင့် တစ်ယောက် တစ်လှည့်စီ တစ်နေရာက စောင့်ကြည့်နေတာ၊ ဒီကောင် ပွကြီး စောင့်တဲ့ အလှည့်မှာ အိပ်ပျော် သွားလို့ မင်း ထွက်သွားတာ မသိလိုက်ဘူး"

"တစ်ချက်ကလေး ငိုက်သွားတာပါကွာ၊ ချက်ချင်း သိလို့ မင်းတို့ကို ခေါ်ပြီး အချိန်မီ လိုက်လာနိုင်တာပေါ့"

ပွကြီးက ဝင်ပြောသည်။ ပတေးက-

"ကဲ... ဘယ်ကို ခေါ်သွားမှာလဲ"

"ငါ့အိမ်ကိုပေါ့ကွ"

"ဟာ... ဘယ်ဖြစ်မလဲ၊ မင်း အိမ်ရှင်တွေက ဘယ်လက်ခံ မလဲ"

မောင်ဝသည် အိမ်တစ်အိမ်၏ ဘေးက အဖီကလေးမှာ ငှားနေရခြင်း ဖြစ်၏။ ညဏ်စိန်က ခေါင်းကုတ်ပြီး-

"ငါ့အိမ် ခေါ်သွားရင်လည်း မလုံးက ပြန်ပို့နိုင်းမှာပဲ၊ လှထုံနဲ့လည်း မဖြစ်ဘူး"

"ဟုတ်တယ်ကွ၊ ဘာနူးဆိုရင်လည်း..."

www.burmeseclassic.com



ထိုစဉ်တွင် လက်နှိပ်ဓာတ်မီးရောင် တစ်ချက် လက်သွားပြီး-

"ဘယ်သူတွေလဲ ဟေ့"

ကိုကြီးငွေ အသံကို ကြားလိုက်ရသည်။ မီးကင်းတွေ လိုက်စစ်နေခြင်း ဖြစ်၏။ မောင်ဝက ရွှေကြည်ကို သူ့နောက်ဘက်မှာ ကွယ်နေနိုင်းလိုက်ပြီး-

"ကျွန်တော်တို့ပါ"

"ဘာလုပ်နေကြတာလဲကွ"

ပတေးက-

"ဘောလုံးပွဲ သွားကြည့်ကြမလို့၊ ဒီည ချယ်လ်ဆီးနဲ့ အာကြီးပွဲ ရှိတယ်လေ"

"ဪ… အေး အေး ကောင်းတယ်"

အရေးထဲမှာ ကင်းစစ်အဖွဲ့ထဲမှ တစ်ယောက်က မောင်ဝ၏နောက်ဘက်ကို ကဲကြည့်ပြီး "ဟို ဟို…" ဟု ရှေ့တင်ရင်း လက်ညှိုးထိုးမည်အပြု ကိုကြီးငွေက လက်ကို ဖမ်းဆွဲလိုက်သည်။

"အချိန်မရှိဘူး… သွားမယ်"

ဆိုပြီး ဆွဲခေါ်သွားသဖြင့် လှည့်ကြည့် လှည့်ကြည့် လုပ်ရင်း ပါသွားသည်။

"ကိုကြီးငွေက မသိချင်ယောင်ဆောင်သွားတာကွ"



ဟု ကျော်ကွန့်က ပြောသည်။

"ကဲ… ဒီနားမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ တစ်နေရာရာကိုတော့ မြန်မြန်သွားမှ"

"ခေါက်ဆွဲစက်ထဲ လိုက်ခဲ့ကွာ၊ ဦးကုလား သိသွားရင်လည်း အဆူခံလိုက်ရုံပေါ့၊ မောင်းထုတ်မယ်တော့ မထင်ပါဘူး"

"ဟာကွာ… နေ့လယ်ကပဲ ပြဿနာဖြစ်ထားတာ၊ ဦးလေးကို ထပ်ပြီး ဒုက္ခမပေးချင်ဘူး"

"ကြာတယ်ကွာ၊ ဟော့ကောင်တွေ… ငါ့ထန်းရည်တဲကိုသာ လိုက်ခဲ့ကြတော့၊ ဒီတစ်ည နိုစရာ နေရာ ရဖို့ လိုတယ်၊ နောက်ရက်မှ ကြည့်လုပ်မယ်"

ပုကြီး၏ အကြံပြုချက်ကို သဘောတူပြီး ဆက်လျှောက်လာခဲ့ကြသည်။ လမ်းကွေ့တစ်ခု အရောက်တွင် လက်နှိပ်ဓာတ်မီးရောင်တွေ ဝင်းခနဲ ဝိုင်းထိုးတာ ခံလိုက်ရပြီး-

"ဟေ့… ရပ်လိုက်"

ဆိုသော အသံနှင့်အတူ ကိုစာကလေးတို့ အဖွဲ့ အနားရောက်လာသည်။

"ဘယ်သွားကြမလို့လဲ၊ ဟင်… သူက"

"ကျုပ် မိန်းမခိုးလာတာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ဝက ခပ်တင်းတင်း ပြောလိုက်သည်။ ကိုစာကလေး က-

"ဟာ… ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ သူများ သမီးပျိုလေး ကို"

ရွှေကြည်မှာ ဒီတစ်ခါတော့ သတ္တိရှိလာပြီး-

"ကျွန်မကိုယ်တိုင် သဘောတူလို့ လိုက်လာတာ"

"ဒီလို ပြောလို့ မရဘူး၊ ညအချိန်မတော်ကြီးမှာ…"

"ကြာတယ်ဗျာ… ရုံးခန်းကို ခေါ်သွားရမယ်"

ကြက်ခေါင်းက ဝင်ပြောရာ မောင်ဝက-

"ဘာလို့ လိုက်ရမှာလဲ"

ဟု ပြောရင်း ရှေ့ တစ်လှမ်းတိုးလိုက်သည်။ ကြက်ခေါင်း နောက်ဆုတ်သွားသည်။ ထိုစဉ်မှာ ပဝေးက-

"ဟေ့ကောင်တွေ ဒီဘက်ခြမ်းကို လာကြ"

ဆိုပြီး လမ်း၏ ညာဘက်ခြမ်းသို့ ဦးဆောင်ပြီး ရွှေ့လိုက်၏။ ပြီးတော့-

"ကိုစာကလေး… ဒီလမ်းဟာ ရပ်ကွက်နှစ်ခုကြားက နယ် နိမိတ်ပဲ၊ အခုဆိုရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ ရပ်ကွက် အပိုင်း ထဲ ရောက်နေပြီ၊ ကိုစာကလေးတို့နဲ့ ဘာမှ မပတ်သက်တော့ဘူး၊



ပြီးတော့ စောစောကပဲ ကိုကြီးငွေတို့ ကင်းစစ်အဖွဲ့က သွားခွင့်ပေး လိုက်ပြီးပြီ"

"ဩော်… ကြီးငွေကလည်း အလိုတူအလိုပါကိုး၊ တော် တော် တာဝန်မဲ့တဲ့ ကောင်ပဲ၊ အေးလေ… မင်းတို့ဘာသာ နားလည် မှု ရထားရင်လည်း ပြီးတာပါပဲ၊ ကဲ… သွားကြမယ်ဟေ့"

ဆိုပြီး ထွက်သွားသည်။ အမှန်တော့ နည်းနည်းလောက် ကျောလိုက်ရ မနည်းဘူးဆိုပြီး လာရစ်သွားခြင်းသာ ဖြစ်၏။

"ကိုစာကလေး လွယ်လွယ်ကူကူ အလျှော့ပေးသွားတာကို ငါ မသကာဘူးကွ"

ဟု ဖိုးနီက ပြောသည်။ ပွကြီးကလည်း-

"အေး… ဟုတ်တယ်… ငါ့ထန်းရည်တဲကို သွားရင် သူတို့ရပ်ကွက်အပိုင်ထဲက ဖြတ်သွားရမှာ၊ ငါတို့ကို နောက်ယောင်ခံ လိုက်ပြီး သူတို့ ခွင်ထဲ ရောက်မှ ပိတ်ဖမ်းချင် ဖမ်းမှာကွ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

မောင်ဝ ခဏ တွေပြီး စဉ်းစားသည်။ ထို့နောက် ရွှေကြည် လက်ကို ဆွဲပြီး-

"လာ သွားကြမယ်"

"ဘယ်ကို သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ အိမ်ကိုပဲ ပြန်ကြမယ်"

သူတို့ ပြန်ရောက်လာတာကို မြင်လိုက်ရသောအခါ ဒေါ်ပန်းသာမှာ တအံ့တဩ ဖြစ်သွား၏။ မောင်ဝ စိတ်ပြောင်းသွားလို့ ရွှေကြည်ကို ပြန်လာပို့တာလားဟု တွေးပြီးတော့လည်း စိုးရိမ်သွားမိ၏။

"ဟင်… ဘယ်လိုဖြစ်လို့ ပြန်လာကြ…"

"ကျွန်တော်တို့ ဒီမှာပဲ နေတော့မယ်"

ဒေါ်ပန်းသာ မျက်လုံး ဝိုင်းသွားပြီး-

"ဟေ… ဒါဆို ငါက ဘယ်မှာ…"

မှန်သည်။ သူတို့အိမ်မှာ တစ်ယောက်ခွဲစာ ကွပ်ပျစ်ကလေး တစ်လုံးသာ ရှိ၏။ ဒီပေါ်မှာပဲ သားအမိနှစ်ယောက် တိုးတိုးဝှေ့ဝှေ့ အိပ်ခဲ့ရတာ။ ခုပုံအတိုင်းဆိုလျှင် သူက ဘယ်နေရာ သွားနေရမတုံး။

ထိုအချိန်တွင် ကလင်… ဆိုသော စက်ဘီး ဘဲလ်သံနှင့်အတူ ဓာတ်ခဲ ရောက်ရှိလာသည်။ ဘောလုံးပွဲ ကြည့်ဖို့အသွား လူစုစု မြင်သဖြင့် ဝင်ပြီး စနည်းနာခြင်း ဖြစ်၏။

"ဘာဖြစ်နေကြတာလဲ"

ဖိုးနီက ဖြစ်ပုံကို အတိုချုံး ရှင်းပြသည်။ ဓာတ်ခဲက သူ့ဟန်အတိုင်း မေးစေ့ကို ပွတ်ရင်း ခဏစဉ်းစားလိုက်ပြီး-



"ကျွန်တော် ကြည့်လုပ်မယ်"

သူသည် ဘာဖြစ်နေကြမှန်း မသိသလိုဟန်မျိုးဖြင့် အိမ်ထဲဝင်သွားပြီး-

"ဒေါ်လေးပန်း… ဒေါ်ပွင့်ကြီး နေမကောင်း ဖြစ်နေတယ်၊ ဟိုတစ်ခါလိုပဲ ညည လန့်ပြီး မအိပ်ရဲလို့တဲ့၊ အဲဒါ ဒေါ်လေးပန်း တစ်ပတ်လောက် အတူတူ လာအိပ်ပေးပါဆိုလို့ လာခေါ်တာ"

ဖိုးနီက ချက်ချင်း အထာပေါက်သွားသဖြင့်-

"ဟာ… ကြည့်စမ်း… ဟုတ်တယ် ကျွန်တော့်ကိုလည်း မှာထားတာ ပြောဖို့ မေ့နေလို့"

"ဟုတ်တယ် ဟုတ်တယ်… လိုက်သွား လိုက်သွား…"

ပတေးကပါ ဝင်တိုက်တွန်းတော့ ဒေါ်ပန်းသာမှာ-

"သြော်… ဟုတ်လား၊ အင်း ကောင်းပါတယ်"

ဟု ပြောပြီး လှည့်ကြည့်လှည့်ကြည့် လုပ်ရင်း ဓာတ်ခဲနှင့်အတူ ပါသွားသည်။ ဒီတော့မှ-

"ကဲ… စိတ်ချလက်ချသာ နေခဲ့ကြပေတော့"

ဟု နှုတ်ဆက်ပြီး သူငယ်ချင်းတွေ ပြန်သွားကြသည်။ နှစ်ယောက်တည်း ကျန်ခဲ့တော့မှ မောင်ဝက-

www.burmeseclassic.com

www.burmeseclassic.com



"အင်း… နဖူးစာ ရှာလည်ဆိုတဲ့ စကားဟာ တယ်မှန်တာပဲ၊ ငါတို့နှစ်ယောက်ရဲ့ အချစ်ကလည်း ရှာလည်နေလိုက်တာ ခုမှပဲ စိတ်အေးရတော့တယ်"

ဟု ပြောပြီး ရွှေကြည့်နှား ကပ်သွားစဉ် တဘုံးဘုံး တဘုတ်ဘုတ် မြည်သံများ ကြားရသည်။ ဟိုကောင်တွေ အိမ်ကို ခဲနှင့် ဝိုင်းပေါက်နေကြခြင်း ဖြစ်၏။

နဂိုကတည်းက ကျိုးတိုးကျဲတဲ ဖြစ်နေသော ခနိအမိုးကို ထိုးဖောက်ပြီး ခဲတစ်လုံး ပြုတ်ကျလာသေးသည်။

"ဟေ့ကောင်တွေ… အရမ်းမလုပ်နဲ့၊ ခနိတွေက ဆွေးနေပြီ"

မောင်ဝက လှမ်းအော်တော့-

"ခဲဖိုး ပေးဦးလေကွာ"

"ငါ့မှာ ပိုက်ဆံမှ မပါဘဲ"

"မင်းတို့ မင်္ဂလာဆောင်အတွက် ကြိုတင်ကောက်ထားတဲ့ လက်ဖွဲ့ငွေထဲက ထုတ်သုံးလိုက်ရမလား"

"အေး… သဘောပဲ… သုံးလိုက်"

"ဟေး" ဟု အော်ရင်း-

"ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေ"

ဟု ပြောပြီး ထွက်သွားကြသည်။



ဒီတော့မှ မောင်ဝလည်း ရွှေကြည်၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ပြူးပြူးကြီး စိုက်ကြည့်နေရာမှ နဖူးကလေးကို နမ်းရန် ငုံ့လိုက်စဉ် ရွှေကြည်က-

"ကိုမောင်ဝ… သူတို့က ယုံရတာ မဟုတ်ဘူးနော်၊ အပြင်ကနေ ချောင်းကြည့်ချင် ကြည့်နေကြမှာ… ရှက်စရာကြီး"

"အေး… ဟုတ်တယ်"

ဟု ပြောပြီး မောင်ဝက ဖယောင်းတိုင်မီးကို မှုတ်မည်ပြုသည်။ ဒီအခါကျတော့လည်း ရွှေကြည်က-

"ဟင်… ကိုမောင်ဝကလည်း ကျွန်မ ကြောက်တယ်"

"ဟာ… ဒါဆို ငါက ဘယ်လိုလုပ်ရမှာလဲ"

မောင်ဝ လေသံက စိတ်မရှည်ဟန် ပေါက်လာပြန်သည်။ ရွှေကြည် စိုးရိမ်သွားရ၏။ မောင်ဝက ယုံရတာ မဟုတ်။ တော်ကြာနင်တို့ မိန်းမတွေ ခု တစ်မျိုး၊ တော်ကြာ တစ်မျိုး ရှုပ်ကို ရှုပ်တယ် ဆိုပြီး ပြန်ထွက်သွားလျှင် ခက်ရချည့်ရဲ့… ထို့ကြောင့်…

"ဒါဆိုလည်း ကိုမောင်ဝ သဘောပါပဲ"

ဒီတော့မှ မောင်ဝလည်း 'ဟဲ ဟဲ…' ဟု ရယ်လိုက်ပြီး ဖယောင်းတိုင်မီးကို မှုတ်လိုက်၏။ တဲကလေးထဲမှာ မှောင်သွားသည်။ သို့တိုင်အောင် စောစောက ခဲလုံးဒဏ်ကြောင့် ပေါက်ပြဲသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



ခနိမိုးကြားမှ ဖြာကျလာသော လရောင်ကြောင့် တစ်ယောက်ကို တစ်ယောက် ခပ်ရေးရေးတော့ မြင်နေရဆဲ…။

ဒီလရောင်လောက်ကိုဖြင့် ရွှေကြည် ရှက်မနေနိုင်အားတော့ပါ…။

□ □ □

မင်းလူ

၂၁-၁-၂၀၀၉

၀၄း၅၉

www.burmeseclassic.com